ပါမောက္ခ ဒေါက်တာတင်စိုး

ဘာလဲဟဲ့ ဒေါက်တာဘွဲ့



အခွင့်အလမ်း စာအုပ် (၉)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၄၀၀၅၇၅၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၅၅၉၀၆၀၈
ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်
မင်္ဂလာဒုံ၊ ရန်ကုန်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ရွှေပြည်အောင်ပုံနှိပ်တိုက်
၁၃၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
၉ရပ်ကွက်၊ ပုဇွန်တောင်။
မျက်နှာဖုံးပန်းချီ
ဖေစိုးအောင်
စာအုပ်အပြင်အဆင်
ခင်မြမြတ်ထွေး
အုပ်ရေ
၁၀၀၀
တန်ဖိုး
၂၅၀၀ကျပ်

စီစဉ်သူ
မောင်သန်းစိုး(DMA)

အခွင့်အလမ်း စာအုပ်တိုက်

မာတိကာ

၁။ ဘာလဲဟဲ့ ဒေါက်တာဘွဲ့
၂။ စာပေးစာယူဒေါက်တာဘွဲ့
၃။ ပရီလင်းဝင်ခွင့်စာမေးပွဲ
၄။ ပရီလင်း
၅။ ဘွဲ့ကျမ်းကြီးအတွက် ခေါင်းစဉ်ရွေးချယ်ရေး
၆။ ကြီးကြပ်သူ
၇။ ကြီးကြပ်သူ၊ ခေါင်းစဉ်၊ စာရင်းအင်းပြဿနာနဲ့ကျန်းမာရေး
၈။ ကြီးကြပ်သူ၊ ခေါင်းစဉ်၊ စာရင်းအင်း၊ ကွန်ပျူတာပြဿနာနဲ့ကျန်းမာရေး
၉။ ကြီးကြပ်သူပြောင်းတဲ့ပြဿနာ
၁၀။ ကြီးကြပ်သူ အကျပ်အတည်းပြဿနာ
၁၁။ ကြီးကြပ်သူပြဿနာအထွတ်အခေါင်အတွင်း ထိုးဖောက်နိုင်ခဲ့ခြင်း
၁၂။ အားတက်လိုက်၊ စိတ်မောလိုက်နဲ့ ကြီးကြပ်သူတွေကြား
ပိပြားနေအောင် ကြိုးစားခဲ့ရခြင်း
၁၃။ ကြီးကြပ်သူရဲ့ စီမံချက်နဲ့ညွှန်ကြားချက်များ
၁၄။ ဒေါက်တာဘွဲ့အတွက် နောက်ဆုံးရန်းကန်ရက်များ
၁၅။ ဌာနမှ အံ့အားသင့်နှုတ်ဆက်ပွဲနေ့လယ်စာနဲ့
မိတ်ဆွေအပေါင်းအသင်းတွေရဲ့ နှုတ်ဆက်ပွဲပါတီများ
၁၆။ ဘွဲ့မျှော်အိမ်ပြန်ခရီး
၁၇။ အမျှော်ကြီးမျှော်ခဲ့ရတဲ့ ဒေါက်တာဘွဲ့ရပြီ
၁၈။ နိဂုံးကောက်ချက်များနှင့် သင်ခန်းစာများ

ဘာလဲဟဲ့ ဒေါက်တာဘွဲ့

'ဆရာ့ဒေါက်တာဘွဲ့က ဘယ်အမျိုးအစားထဲပါသလဲဆရာ' လောလော ဆယ် တက္ကသိုလ်ဆရာလုပ်နေတဲ့တပည့်ဟောင်းတစ်ယောက်ရဲ့အမေးကို ရုတ်တရက်ဘာပြောရမှန်းမသိလို့ သူ့ကိုပြန်မေးရတယ်။ 'ဘာကိုဆိုလိုတာလဲ၊ ခင်ဗျားမေးခွန်းကို ကျွန်တော်မရှင်းဘူး' ဒီတော့မှကိုယ်တော်ချောပြောပုံက 'ဆရာရထားတဲ့ ဒေါက်တာဘွဲ့ဟာ ဘယ်အမျိုးအစားထဲပါသလဲလို့မေးတာပါ၊ တချို့က ပြည်တွင်းကရတဲ့ ဒေါက်တာဘွဲ့၊ တချို့က ပြည်ပကရကြပေမဲ့ ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံတွေကရတဲ့ ဒေါက်တာဘွဲ့၊ အနောက်တိုင်းနိုင်ငံတွေက ရတဲ့ ဒေါက်တာဘွဲ့၊ အာရှကရတဲ့ ဒေါက်တာဘွဲ့၊ အာဆီယံနိုင်ငံတွေဆီကရတဲ့ ဒေါက်တာဘွဲ့၊ တချို့က ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့စသည်ဖြင့် အမျိုးမျိုးရှိကြတယ်မဟုတ်လား၊ ဒေါက်တာဘွဲ့ရခဲ့တဲ့နိုင်ငံ၊ တက္ကသိုလ်တွေအလိုက် ပြိုင်ဆိုင်နေကြတယ်မဟုတ်လား' တဲ့။ သူက တစ်ဆင့်တက်ပြီး 'ဆရာတို့လို နိုင်ငံခြားကရတဲ့ ဒေါက်တာဘွဲ့နဲ့ ပြည်တွင်းဖြစ်ဒေါက်တာဘွဲ့ ဘာကွာသလဲ ဆရာ' လို့ မေးလာပြန်တယ်။ ဒေါက်တာဘွဲ့ပေးဖို့ လိုအပ်ချက်အဖြစ် သတ်မှတ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေ၊ စွမ်းဆောင်မှုတွေကို သတ်မှတ်စံချိန်စံညွှန်း အတိုင်း ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ဒေါက်တာဘွဲ့နဲ့ထိုက်တန် ကြောင်း သက်ဆိုင်ရာကြီးကြပ်သူနဲ့ စာစစ်(အတွင်းစာစစ်+ပြင်ပစာစစ်)

အဖွဲ့ကသဘောတူလက်ခံရင် ဒေါက်တာဘွဲ့ရတာပဲ။ နိုင်ငံခြား ဒေါက်တာက သက်ဆိုင်ရာနိုင်ငံခြားတက္ကသိုလ်က သတ်မှတ်ပြဋ္ဌာန်းချက်တွေပြည့်မီအောင် ဖြည့်ဆည်းပေးလို့ ရရှိတာဖြစ်သလို ပြည်တွင်းဒေါက်တာကလည်း ပြည်တွင်း သက်ဆိုင်ရာတက္ကသိုလ်ကသတ်မှတ်ပြဋ္ဌာန်းချက်တွေပြည့်မီအောင် ဖြည့်ဆည်းပေးလို့ရရှိတာဖြစ်တယ်။ အဲဒီသဘောအရတော့ အတူတူပါပဲ။ ဒါပေမဲ့ မတူတာက အဲဒီပြဋ္ဌာန်းသတ်မှတ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ပုံ၊ အကောင်အထည်ဖော်ဆောင်သူ(များ)၊ ပံ့ပိုးကူညီမှု၊ ပတ်ဝန်းကျင်(atmosphere)နဲ့ ထောက်ကူကိရိယာတန်ဆာပလာများ(facilities)မတူညီခြင်းဖြစ်ပါတယ်။

'ကျွန်တော်လည်း ပြည်တွင်းဒေါက်တာဘွဲ့သင်တန်းတက်ဖို့ဆုံးဖြတ်ထားသူမို့ကျွန်တော်တို့လိုလူတွေအတွက် အကျိုးရှိအောင်နည်းနည်းချဲ့ထွင်ရှင်းပြပါလားဆရာ၊ ဒေါက်တာဘွဲ့ဆိုတာ ဘာလဲဆိုတာက စပြောပေးနိုင်ရင်ပိုကောင်းပါတယ်'

ဒေါက်တာဘွဲ့နဲ့ပတ်သက်ပြီး ကျွန်တော့်အတွေ့အကြုံနဲ့လေ့လာမိသလောက်အရ နိုင်ငံအလိုက်၊ တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် သတ်မှတ်ချက်တွေ၊ ပြဋ္ဌာန်းချက်တွေ မတူတာတွေရှိပါတယ်။ ပြီးတော့ အစဉ်အလာတွေ၊ စနစ်တွေ(ဘာသာရပ်ဂိုဏ်းတွေ)ကွဲပြားမှုအပေါ် မူတည်ပြီးခြားနားတာတွေလည်းရှိပါတယ်။ ဥပမာ-British Tradition, American Tradition, Dutch Tradition (ဗြိတိသျှ အစဉ်အလာစနစ်၊ အမေရိကန်အစဉ်အလာစနစ်၊ ဒတ်ချ် အစဉ်အလာစနစ်နဲ့ဆိုရှယ်လစ်အစဉ်အလာစနစ်)စသည်ဖြင့် စနစ်တွေကွဲပြားသလို၊ ပေးတဲ့ဘွဲ့နာမည်တွေ၊ ဘွဲ့အဆင့်အတန်းတွေ ခြားနားကြပါတယ်။

ဘွဲ့အမည်တွေနဲ့ဟိုတုန်းက ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံတွေက C.Sc.(Candidate of Science) ဆိုတဲ့ ဘွဲ့ကိုပေးတယ်။ မြန်မာထဲကလည်း C.Sc. ဘွဲ့ရတွေရှိပါတယ်။ သူတို့လည်း ဒေါက်တာလို့တပ်၊ ဒေါက်တာလို့ခေါ်နေကြတာပဲ။ ယခင် ဆိုဗီယက်ယူနီယံမှာတော့ D.Econ. (Doctor of Economics) ခေါ်တဲ့ ဒေါက်တာဘွဲ့ပေးတယ်။ D.Econ နဲ့ C.Sc. အဆင့်တော့မတူကြဘူးလို့သိရပါတယ်။ C.Sc. က Prelim: လို့ခေါ်တဲ့ပဏ္ဏာမအကြိုသင်တန်းတက်၊ ရေး၊ ပြော စတာတွေအောင်

မြင်ပြီးရင်ပြီးသလောက်ပဲ။ တစ်စိတ်တစ်ဒေသလိုအပ်ချက်အဖြစ် ဘွဲ့ကျမ်းကြီးခေါ်တဲ့ Dissertation or Thesis ရေးရပေမဲ့ ဒီကျမ်းကြီးအပေါ်အလေးပေးမှု (Weight)သိပ်မရှိဘူး။ Term-paper (စာတမ်း)သဘောလောက်သာရှိတယ်လို့ အဲဒီဘွဲ့ရတစ်ဦးပြောတာ မှတ်သားဖူးပါတယ်။ D.Econ. ရဖို့တော့ ပဏ္ဏာမလိုအပ်ချက်တွေ၊ Thesis တွေပြီးရုံနဲ့မပေးဘူး။ သက်ဆိုင်ရာဘာသာရပ်အကျိုးပြုစာအုပ်၊ စာတမ်းတွေပုံနှိပ်ထုတ်ဝေရသေးတယ်။ ဘယ်နှခုပြည့်မှ၊ အသက်အရွယ်အရရော ရင့်ကျက်မှုအရပါပြည့်ဝဖို့လိုတယ်လို့ဆိုတယ်။

ဒါနဲ့ပတ်သက်တဲ့ကျွန်တော့်အတွေ့အကြုံတစ်ရပ်ကို ဖောက်သည်ချချင်ပါတယ်။ ကျွန်တော် တိုကျိုတက္ကသိုလ်မှာ ပညာသင်နေစဉ်ကာလ(၁၉၇၇-၈၀)မှာ C.Sc. ဘွဲ့ရပြီးသူ ပိုလန်ကတစ်ယောက်နဲ့ချက်ကိုစလိုဗက်က တစ်ယောက် တိုကျိုတက္ကသိုလ်မှာ Master(မဟာတန်း)ပြန်တက်နေတာတွေ့ခဲ့တယ်။ သူတို့နဲ့ကျွန်တော် အဆောင်တစ်ဆောင်တည်းနေလို့ မိတ်ဆွေတွေအဖြစ် ရင်းနှီးကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေမေးကြည့်တော့ သူတို့အဆိုအရ C.Sc.ဟာ ဒေါက်တာမဟုတ်ဘူးတဲ့။ Candidate of Science လို့ခေါ်တဲ့ 'သိပ္ပံအဖွဲ့ဝင်' တွေတဲ့။ သူတို့ဆီမှာ ဒေါက်တာဘွဲ့ရဖို့ဆိုတာမလွယ်ဘူးတဲ့။ အဲဒီလိုပြောကြတယ်။ အဲဒီလိုပြောတာကို ပိုလန်နိုင်ငံက C.Sc ဘွဲ့ရ ကျွန်တော့်မိတ်ဆွေ ဒေါက်တာတစ်ဦးလည်းကြားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီပိုလန်နိုင်ငံသားနဲ့ ချက်နိုင်ငံသား C.Sc. ဘွဲ့ရနှစ်ယောက်က သူတို့ကိုယ်သူတို့ ဒေါက်တာမတပ်ဘူး။ တစ်ယောက်ယောက်က ဒေါက်တာလို့ခေါ်ရင်လည်း ဒေါက်တာမခေါ်ပါနဲ့။ ကျွန်တော့်နာမည်ကိုသာ ခေါ်ပါလို့ ပြင်ပေးတယ်။ ဒါက ကိုယ်တွေ့ပါ။

Dutch Tradition အရတော့ အတိုကောက် Drs.အပြည့်အစုံက Doctorendous လို့ခေါ်ပါတယ်။ နယ်သာလန်နိုင်ငံ၊ ဟိတ်ဂ်မြို့ရှိ ISS (International School Of Social Science)က Drs. ဘွဲ့ပေးတယ်။ မြန်မာနိုင်ငံမှာလည်း ISS က Drs. ဘွဲ့ရတွေ ရှိပါတယ်။

ဟိုးအရင်တုန်းကမြန်မာပညာသင်တွေဟာ အောက်စ်ဖို့၊ ကင်းဘရစ်၊ MIT၊ ယေးလ်၊ ဆစ်ဒနီ၊ မဲလ်ဘုန်းစတဲ့ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တွေက Ph.D. ဒေါက်တာဘွဲ့ယူခဲ့ကြတယ်။ စစ်ကြိုခေတ်ကနေ စစ်ပြီးခေတ် ၁၉၆၀ပြည့်နှစ်များနှောင်းပိုင်း၊ ၁၉၇၀ပြည့်နှစ်များအစောပိုင်းကာလအထိပါပဲ။ မြန်မာပညာ

သင်လူငယ်တွေ၊ လူလတ်တွေ၊ အတော်လေးနာမည်ရခဲ့ကြ၊ ထူးချွန်ခဲ့ကြ၊ နာမည်ကောင်းရခဲ့ကြတယ်။ သူတို့တစ်တွေ မြန်မာနိုင်ငံအကျိုးလည်းပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ၁၉၆၄ခုနှစ်ကစခဲ့တဲ့ ဆိုရှယ်လစ်ပညာရေးစနစ်ရဲ့အကျိုးဆက်တစ်ခုဖြစ်တဲ့ ပညာရည်အဆင့်အတန်းနဲ့ အရည်အသွေးကျဆင်းမှုကို ၁၉၇၀ ပြည့်နှစ်များလောက်မှာ စတင်မြင်တွေ့ခံစားလာရတော့တယ်။ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်တွေဖြတ်၊ တံခါးပိတ်ထားခဲ့တဲ့ဒဏ်တွေလည်း ပါတာပေါ့လေ။ ဒီလိုနဲ့ပညာရေးလောကမှာ ခါးပြတ်တာတွေဖြစ်လာတယ်။ မျိုးဆက်သစ်တွေက နိုင်ငံအကျိုးပြုသုတေသနတွေ မလုပ်တတ် မကိုင်တတ်ဖြစ်လာတယ်။ စာဖတ်အားတွေလျော့လာတယ်။ အရည်အသွေးတွေကျလာတယ်။ စိုးရိမ်စရာအခြေအနေတွေဖြစ်လာလို့ ၁၉၇၀ပြည့်နှစ်များနှောင်းပိုင်းကာလလောက်ကစပြီး တဖြည်းဖြည်းချင်း တံခါးပြန်ဖွင့်တယ်။ နိုင်ငံခြားကိုပညာသင်တွေပြန်လွှတ်တယ်။ အရင်ကပို့ခဲ့တဲ့ အမေရိကန်တို့၊ အင်္ဂလန်တို့၊ ဩစတြေးလျတို့ကိုပေါ့။

ဒါပေမဲ့ဝမ်းနည်းစရာက ၁၀ယောက်မှာ ၇ယောက်စယောက်နီးပါး ဝင်ခွင့်စာမေးပွဲသို့မဟုတ် Prelim: တလိမ့်ခေါက်ကွေးကျပြီး ပြန်လာခဲ့ကြရတယ်။ တခြားဘာသာရပ်အခြေအနေတွေကိုတော့ ကျွန်တော် အသေအချာမသိပါဘူး။ စီးပွားရေးပညာရပ်များရဲ့အခြေအနေကိုတော့ကျွန်တော်အတော်လေးသိပါတယ်။ စာမလိုက်နိုင်တဲ့ပြဿနာ၊ ပြင်ပလောကနဲ့အထိအတွေ့နည်းတဲ့ exposure ပြဿနာကအကြီးဆုံးပြဿနာတွေပါ။ လူကြီးတွေအလေးအနက်စဉ်းစားကြရတော့တယ်။ ဒီလိုနဲ့ အင်္ဂလန်၊ အမေရိကန်၊ ဩစတေးလျစတဲ့ နိုင်ငံတွေအစား နယ်သာလန်၊ အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ ဂျပန်စတဲ့နိုင်ငံတွေကိုရွေးပို့တာတွေဖြစ်လာတယ်။ (ဂျပန်မှာ ပညာသင်ရတာ တခြားနိုင်ငံတွေနဲ့မတူတဲ့ထူးခြားချက်တွေပါဝင်နေလို့ နောက်မှသီးသန့်ဆွေးနွေးပါမယ်။)

တစ်ချိန်က နိုင်ငံကျော်ပညာရှင်ဖြစ်ခဲ့၊ လန်ဒန်ကဒေါက်တာဘွဲ့ရ၊ ဒုတိယဝန်ကြီးဖြစ်၊ အဲဒီကတစ်ဆင့် နောက်ထပ်အဆင့်တက်ရာထူးနဲ့ နိုင်ငံအကျိုးဆောင်ရွက်နေတဲ့ဆရာကြီးတစ်ဦးက အဲဒီအချိန်ကပြောတာ မှတ်သားမိပါတယ်။ 'အခြေအနေအရ ပညာသင်တွေကို အင်္ဂလန်တို့ဘာတို့ကို တိုက်ရိုက်လွှတ်လို့မဖြစ်တော့ဘူး။ exposure ရအောင် ISS တို့လိုကျောင်းမျိုးကို အရင်

လွှတ်ရမယ်။ ISS ကတတိယကမ္ဘာ့နိုင်ငံငယ်တွေက ကျောင်းသူ၊ ကျောင်းသားတွေ exposure ရအောင်၊ experience ရအောင် တစ်ထောက်နားဖို့၊ လေ့လာဆည်းပူးဖို့ဦးတည်ပြီးဖွင့်ထားတာဖြစ်တယ်။ အဲဒီက အတွေ့အကြုံတွေ ရ၊ exposure ရပြီးမှနောက်တစ်ဆင့် ဆက်လေ့လာချင်ရင်ဥရောပ၊ ဩစတြေးလျစတဲ့ နိုင်ငံတွေသွားကြပါစေ' တဲ့။ ကျွန်တော့်အတွေ့အကြုံအရ ဆရာကြီးရဲ့ပြောစကားကိုလက်ခံသဘောတူပါတယ်။ စီးပွားရေးဘာသာရပ်မှာ ISS ကပေးတဲ့ Drs. ဘွဲ့ကျမ်းတွေ ကျွန်တော် ၆ခုလောက် ဖတ်ကြည့်ဖူးပါတယ်၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီတက္ကသိုလ်၊ မဲလ်ဘုန်းတက္ကသိုလ် စတာတွေက ဘွဲ့ကြိုဘွဲ့ကျမ်းအဆင့်ကိုပင်မမီကြောင်း အကဲဖြတ်ရပါတယ်။

အာရှမှာ ဂျပန်ပညာရေးအဆင့်မြင့်ပေမဲ့ ဂျပန်ဘာသာနဲ့ရေးသားပြောဆိုဆက်သွယ်ရတာများလို့ နိုင်ငံခြားကျောင်းသားတွေအတွက် အဟန့်အတားကြီးတစ်ခုဖြစ်နေတယ်။ ကြီးကြပ်၊ အကြံပေး၊ လမ်းညွှန်တဲ့ပါမောက္ခအပါအဝင်ဆရာတွေ(တက္ကသိုလ်မှာသူနာပြုနဲ့ပညာရေးကလွဲရင် ဆရာမပါမောက္ခမရှိသလောက်ရှား)ကလည်း အင်္ဂလိပ်စာထက် ဂျာမန်၊ ပြင်သစ်စတာတွေ ပိုကျွမ်းတယ်။ ဒါကြောင့် သူတို့ရဲ့ဆွေးနွေးအကြံပြုချက်တွေ ထိရောက်သင့်သလောက်မထိရောက်ဘူး။ Seminar တို့၊ Prsentation တို့၊ Brain Stroming Discussion တို့စတဲ့ တကယ်အားကြိုးမာန်တက်၊ တွန်းတွန်းတိုက်တိုက် ဆွေးနွေးရမယ့်အပိုင်းတွေကျပြန်တော့လည်း အများစုက ဂျပန်ကျောင်းသား၊ အင်္ဂလိပ်လိုဆက်သွယ်ရေးအလွန်အားနည်း၊ ဂျပန်လိုပဲဆွေးနွေးကြ၊ နိုင်ငံခြားကျောင်းသားတွေက ပြည့်ပြည့်ဝဝနားမလည်၊ ဒါကြောင့် ရသင့်သလောက်မရ၊ တိုးတက်သင့်သလောက် မတိုးတက်၊ အချိန်ကာလအားဖြင့်လည်း ကြာသမှ သိပ်ကြာ၊ ဒေါက်တာဘွဲ့ရဖို့ ၇နှစ်ကနေ၁၀နှစ်၊ ပိုပြီးရင့်ကျက်မှုရှိလာအောင် အချိန်ဆွဲတာတဲ့။ ပိုပြီးသုတေသနလုပ်နိုင်၊ ပိုမိုရှာဖွေတွေ့ရှိနိုင်တာပေါ့တဲ့။ ဂျပန်ကရှေးရိုးဆန်လွန်းတယ်။ အခုတော့ ဒါတွေကိုပြင်နေပါပြီ။ အင်္ဂလိပ်လို သင်၊ အင်္ဂလိပ်လို ရေး၊ ပြော တင်ပြခွင့်ရှိလာပါပြီ။ ဒါပေမဲ့ အခုထိ အကန့်အသတ်နဲ့သာ သင်ခွင့်ရတာမို့ တတ်မြောက်မှုမှာလည်း အကန့်အသတ်ရှိနေတယ်။ ဂျပန်မှာ မဟာဘွဲ့ရဖို့မြန်တယ်။ ၁၈လမှ ၂၄လပဲကြာတယ်။ ဒေါက်တာဘွဲ့ကတော့ကြာလွန်းတယ်။ ဒါကြောင့် ဂျပန်ကျောင်းသားတွေတောင်မှ မဟာဘွဲ့ကို ဂျပန်

မှာယူပြီး ဒေါက်တာဘွဲ့ကိုတော့ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေမှာ သွားယူကြတယ်။

စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ စတဲ့နိုင်ငံတွေကတော့သီအိုရီပိုင်းကို အခြေခံလောက်၊ အလုပ်ဖြစ်ရုံလောက်သင်ပြီး လက်တွေ့အသုံးချပိုင်းကိုဇောင်း ပေးလေ့ကျင့်သင်ကြားတယ်။ ဒါကြောင့် ဒေါက်တာဘွဲ့ရဖို့ အချိန်သိပ်မကြာ သလို လက်တွေ့အသုံးလည်းတည့်တယ်။ ဒါပေမဲ့သီအိုရီသဘောအရ နက်နက် နဲနဲ ဆင်ခြင်ရမယ့်ကိစ္စ၊ သီအိုရီမူဘောင်ချမှတ်ပြဋ္ဌာန်းပေးရမယ့်ကိစ္စမျိုး တွေကျတော့မရပြန်ဘူး။ အမေရိကန်မှာ ပထမဘွဲ့က ချောင်တယ်၊ လွယ် တယ်၊ ဘွဲ့လွန်ဘွဲ့ရဖို့ခက်တယ်၊ ကြိုးစားရတယ်။ အင်္ဂလန်နဲ့ ဩစတြေးလျ တို့က ပထမဘွဲ့ရော၊ ဘွဲ့လွန်ဘွဲ့ရော ကျပ်တယ်၊ ခက်တယ်၊ စည်းကမ်းကြီး တယ်၊ စံချိန်ထိန်းတယ်။

ဒေါက်တာဘွဲ့ဆိုတာ ဘာလဲ၊ ဘာဖြစ်လို့ ဒီဘွဲ့ကိုနိုင်ငံခြားမှာသွားယူချင်ရ တာလဲ၊ မြန်မာနိုင်ငံမှာလည်း ဒေါက်တာဘွဲ့ ပေးနေပြီပဲဟာ၊ ဒီမှာမတက်ဘဲ နိုင်ငံခြားမှာ သွားတက်ချင်တယ်ဆိုတော့ မြန်မာဒေါက်တာနဲ့နိုင်ငံခြား ဒေါက်တာမတူလို့လား၊ ဘာကွာလဲ။

ဒေါက်တာဘွဲ့ဆိုတာ ဘာလဲဆိုတာနဲ့ပတ်သက်ပြီး တစ်ကမ္ဘာလုံး တစ်ပြေး ညီကျင့်သုံးဖို့၊ လိုက်နာဖို့တိတိကျကျအဓိပ္ပာယ်ဖွင့်ဆိုထားချက်၊ ပြဋ္ဌာန်းသတ် မှတ်ထားချက်မျိုးတော့မရှိပါဘူး၊ သို့မဟုတ် ကျွန်တော်မတွေ့မိသေးပါဘူး။ နိုင်ငံတစ်နိုင်ငံစီအလိုက် သို့မဟုတ် တက္ကသိုလ်အလိုက် သို့မဟုတ် အစဉ် အလာဂိုဏ်းအလိုက် ပြဋ္ဌာန်းသတ်မှတ်ထားတာတွေ၊ အဆင့်အတန်းသတ်မှတ် ထားတာတွေပဲရှိပါတယ်။ ဒါပေမဲ့ အနိမ့်ဆုံးအဆင့်၊ အနိမ့်ဆုံးလိုအပ်ချက် ဘယ်လောက်ရှိရမယ်ဆိုတာတော့ အားလုံးတူပါတယ်။

ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုစ္စ ခဏထားပြီး academic လို့ခေါ်တဲ့ ပညာနဲ့ ပတ်သက်တဲ့ဒေါက်တာဘွဲ့အတွက် ဆည်းပူးရင် ယေဘုယျအားဖြင့် Course work Ph.D.(သင်ရိုးပြဋ္ဌာန်းချက်အတိုင်းလုပ်ဆောင်ရတဲ့ ပါရဂူဘွဲ့)နဲ့ Dissertation Ph.D.(ကျမ်းကြီးပြုစုတင်ပြပြီး ရယူတဲ့ ပါရဂူဘွဲ့)ဆိုပြီး နှစ်မျိုး ရှိပါတယ်။ ပထမအမျိုးအစားအရဆိုရင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ သင်ရိုး ဘာသာရပ်တွေကို အတန်းတက်သင်ယူပြီး ဖြေရပါတယ်။ ပဏာမအကြို

တန်း(Preliminary အတိုကောက် Prelim)ခေါ်ပါတယ်။ သတ်မှတ်ထားတဲ့ ရေးဖြေစာမေးပွဲတွေကိုဖြေရပါတယ်။ ကျရင် ထပ်ဖြေပေ့ါ။ ထပ်ဖြေတဲ့အခါ လည်း တချို့တက္ကသိုလ်တွေက ကျတဲ့ဘာသာရပ်တွေသာ ပြန်ဖြေရတယ်၊ တချို့တက္ကသိုလ်ကအားလုံးပြန်ဖြေခိုင်းတာလည်းရှိတယ်။ Prelim: တစ်ခါကျ တာနဲ့ လုံးဝပြန်ဖြေခွင့်မရှိတော့ဘဲထွက်သွားရတဲ့တက္ကသိုလ်လည်းရှိတယ်။ ကျွန်တော် ဆစ်ဒနီတက္ကသိုလ်မှာ Ph.D. လုပ်နေတုန်းက အမေရိကန် ကျောင်းသားတစ်ယောက်၊ ကိုရီးယားကကျောင်းသားတစ်ယောက် အဲဒီအဖြစ် မျိုး ကြုံတာတွေ့ခဲ့ရတယ်။ သက်ဆိုင်ရာကြီးကြပ်ပါမောက္ခအပေါ် အများဆုံး မူတည်ပါတယ်။ စာမေးပွဲရလဒ်ကြည့်ပြီး ဒီကျောင်းသားဟာ ပါရဂူဘွဲ့နဲ့ မတန် လောက်အောင် ညံ့တယ်လို့မှတ်ချက်ပြုရင်(ဝါ)သတ်မှတ်ရင် ဆက်ဖြေခွင့်မပေး တော့ဘူး။

Prelim:အချိန်ကာလနဲ့ပတ်သက်ရင်လည်း တက္ကသိုလ်တစ်ခုနဲ့တစ်ခု မတူပြန်ဘူး။ မြန်မာနိုင်ငံမှာတော့ ယေဘုယျအားဖြင့် တစ်နှစ်ပေးထားတယ်။ ကျရင်တော့ ပြန်ဖြေခွင့်ပြုတယ်။ ဒါပေမဲ့ စုစုပေါင်း၅နှစ်တာကာလအတွင်းမှာ Ph.D. ပြီးရမယ်လို့သတ်မှတ်ပြဋ္ဌာန်းထားတယ်။ ဒါကြောင့် Prelim:မှာ အချိန် ကြာရင်ကျမ်းကြီး(Thesis or Dissertation)ပြုစုချိန်လျော့သွားမယ်။ နိုင်ငံခြား တက္ကသိုလ်ကြီး အတော်များများမှာတော့ semester နဲ့သတ်မှတ်တယ်။ ဒီ semester ဆိုရာမှာလည်း ပညာသင်နှစ်တစ်နှစ်မှာ semester နှစ်ခု ပြဋ္ဌာန်း ထားတဲ့တက္ကသိုလ်၊ semester သုံးခုပြဋ္ဌာန်းထားတဲ့တက္ကသိုလ်စသည်ဖြင့် ရှိကြပါတယ်။ ဥရောပ၊ အမေရိကန်နဲ့ဩစတြေးလျတို့မှာ semester သုံးခုရှိတာ များပါတယ်။ ယေဘုယျအားဖြင့် semester တစ်ခုကို ၃လမှ ၄လအထိ ဖြစ်ပါ တယ်။ Prelim:ကို တချို့တက္ကသိုလ်တွေမှာ semester နှစ်ခုလုပ်ရတယ်။ တချို့ကျတော့ semester ခြောက်ခုအထိလုပ်ကြရပါတယ်။ ကျွန်တော့်တုန်းက Prelim: ကို semester နှစ်ခုတက်၊ သတ်မှတ်ဘာသာရပ်တွေ ဖြေ၊ အောင် စာရင်းထွက်တော့ ကြီးကြပ်ပါမောက္ခကခေါ်တွေ့ပြီး ကျမ်းကြီးအတွက် သုတေ သနလုပ်ဖို့ပြင်ဆင်တော့လို့ဆိုတယ်။Prelim: အောင်မြင်ပြီးဆုံးပြီပေ့ါ။ ဒါပေမဲ့ ကျွန်တော် Prelim: ခြောက်ဘာသာဖြေရတဲ့အထဲမှာပါတဲ့ 'စီးပွားရေးအတိုင်း အတာပညာ' (Econometrics)ဘာသာရပ်ကို အခြေခံအဆင့်သာ သင်ယူခဲ့ရ

ပါတယ်။ အဲဒါကို အဆင့်မြင့်အဆင့်(advanced level)အထိ သို့မဟုတ် အနည်းဆုံး အလယ်အလတ်အဆင့်လောက်ဖြစ်ဖြစ်တတ်ချင်တယ်။ စာမေးပွဲနဲ့ဆုံးဖြတ်မှ ကိုယ်ဘယ်လောက်တတ်ပြီဆိုတာသိမှာမို့ အဲဒီအတန်းဆက်တက်ပြီး ဖြေချင်တယ်။ Prelim: လို့ မသတ်မှတ်ဘဲဖြေလို့ ရမလားလို့ ကြီးကြပ်ပါမောက္ခကိုမေးတော့ 'ရပါတယ်၊ ဒါပေမဲ့ ခင်ဗျား Thesis အတွက် ဖတ်ရမှတ်ရမှာက တစ်ဖက်နဲ့ဆို ဖြစ်ပါ့မလား' တဲ့။ ဖြစ်ပါတယ်ဆိုပြီး ကျွန်တော်တက်ခဲ့တယ်။ နှစ်ခုစလုံးဖြစ်ထွန်းခဲ့ပါတယ်။

တချို့တက္ကသိုလ်ကျတော့ Prelim: ကို စုစုပေါင်း credit ဘယ်လောက်ရရင်ပြီးတယ်လို့သတ်မှတ်တယ်။ ဘယ်ဘာသာဆိုရင် credit ဘယ်လောက်၊ သုတေသနစာတမ်းပြုစုပြီး ကွန်ဖရင့်တစ်ခုခုမှာတင်ပြရင် credit ဘယ်မျှ၊ စာတမ်းကို အဆင့်မီပညာရပ်ဂျာနယ်မှာ ပုံနှိပ်ဖော်ပြရင် credit ဘယ်လောက်စသည်ဖြင့် သတ်မှတ်ပေးထားတယ်။ semesterအလိုက် တက်ရပေမဲ့ သတ်မှတ် credit စုစုပေါင်း ပြည့်ဖို့တော့ semester သုံးခုမှ ခြောက်ခုအထိ ကြာတတ်ပါတယ်။ အချိန်ကာလနဲ့ပြောရင် ၁၂လမှ ၁၈လအထိကြာတတ်ပါတယ်။ တိုကျိုတက္ကသိုလ်မှာ အဲဒါမျိုး ကြုံခဲ့ဖူးပါတယ်။

ပါမောက္ခက အခရာပါပဲ။ Prelim: လုပ်တဲ့ကျောင်းသားရဲ့ပညာရည်ကို စာမေးပွဲရလဒ်တစ်ခုတည်းသာမက စာတမ်းပြုစုတင်ပြတာ၊ ဆွေးနွေးတာ၊ စာတမ်း ပုံနှိပ်ဖော်ပြတာတွေအားလုံးအပေါ် ခြုံငုံစဉ်းစားပြီး Prelim:ကာလကို ပါမောက္ခကဆုံးဖြတ်ပေးတာပါ။

Prelim: ပြီးရင်တော့ ကျမ်းကြီးပြုစုဖို့ သုတေသနအပိုင်း စပြီပေါ့။ အမှန်တကယ်ခက်၊ အမှန်တကယ် ကြာတာက အဲဒီသုတေသနအပိုင်း၊ ကျမ်းကြီးပြုစုတဲ့အပိုင်းပါပဲ။ Ph.D.ဒေါက်တာဘွဲ့ရအောင်လုပ်တဲ့ ဒုတိယတစ်နည်းက Prelim:လည်း မတက်ရ၊ စာမေးပွဲလည်း ဖြေစရာမလိုဘဲ သုတေသနလုပ်ပြီး တွေ့ရှိချက်တွေ တင်ပြလို့ရတဲ့ Ph.D.ဒေါက်တာဘွဲ့ဖြစ်တယ်။ Research Ph.D. သို့မဟုတ် Dissertation Ph.D. လို့လည်းခေါ်ပါတယ်။

နှစ်မျိုးစလုံးမှာ Research/Dissertation(သုတေသန/ကျမ်းကြီး)ပါဝင်နေတာ သတိပြုမိပါလိမ့်မယ်။ Course work Ph.D. က Course work တစ်ပိုင်း၊ သုတေသန/ကျမ်းကြီးတစ်ပိုင်းဆိုပြီး နှစ်ပိုင်းပါဝင်တယ်။ Prelim:နဲ့

ကျမ်းပြုအပိုင်းပေါ့။ ဒါကြောင့် ကျမ်းကြီးအပေါ် အလေးတင်းမှုဟာ Research Ph.D./Dissertation Ph.D. မှာလောက်မပြင်းထန်ဘူး။ ဒါပေမဲ့ သုတေသနနဲ့ ကျမ်းပြုအပိုင်းက ပါရဂူဒေါက်တာဘွဲ့ရဲ့အသက်ဖြစ်လို့ ဘယ်နည်းနဲ့ Ph.D. လုပ်လုပ် ခက်တာချည်းပါပဲ။

Thesis သို့မဟုတ် Dissertation ဆိုတာ တကယ်တော့ ငြင်းချက်(argument) (ဝါ)အဆို(hypothesis)တစ်ခုခုကို ရေပက်မဝင်အောင် သိပ္ပံနည်းကျ ဆန်းစစ်သက်သေထူခြင်းပါပဲ။ ငြင်းချက် သို့မဟုတ် အဆိုကို စဉ်းစားရွေးချယ်တဲ့အခါမှာသာ လူသားအကျိုးပြုတဲ့ငြင်းချက် သို့မဟုတ် အဆိုဖြစ်ရမယ်။ သုတေသနပြုနိုင်တဲ့(ဝါ)သုတေသနပြုရလောက်တဲ့ငြင်းချက် သို့မဟုတ် အဆိုဖြစ်ရမယ်။ (ငြင်းချက် သို့မဟုတ် အဆိုဟာ သေးမွှားလွန်းခြင်း၊ ကြီးမားကျယ်ပြန့်လွန်းခြင်းမဖြစ်ရဘူးလို့ဆိုလိုတာပါ။)အရင်က ဘယ်သူမှ မထုတ်ဖော်ဘူးတဲ့၊ ငြင်းချက်မထုတ်ဘူးတဲ့၊ အဆိုမပြုဘူးတဲ့ ငြင်းချက်/အဆိုအသစ်ဖြစ်ရမယ်။ ငြင်းချက်/အဆိုကိုသဘောတူထောက်ခံတဲ့ဘက်ကနေပြီး လေ့လာဆန်းစစ်သက်သေထူခြင်းဖြစ်နိုင်သလို သဘောမတူ၊ လက်မခံဘဲ ပယ်ချဖို့ လေ့လာဆန်းစစ် သက်သေထူတာမျိုးလည်းဖြစ်နိုင်တယ်။ တွေ့ရှိချက်တွေလည်း အသစ်အဆန်းဖြစ်ရမယ်။ အရင်က ဘယ်သူမှ တွေ့ရှိဖော်ထုတ်နိုင်ခြင်းမရှိသေးတဲ့(ဝါ)မတွေ့မဖော်ထုတ်နိုင်သေးတဲ့တွေ့ရှိချက်အသစ်ဖြစ်ဖို့လိုပါမယ်။

အနောက်ဥရောပ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျစတဲ့ ဒေသများရှိ ထိပ်တန်းတက္ကသိုလ်တွေမှာတော့ အရည်အသွေးသတ်မှတ်ချက်စံတွေထိန်းတယ်။ အဲဒီစံတွေပြည့်မီမှပေးတယ်။ တစ်ခုတော့ရှိတယ်။ အဲဒီဒေသ၊ အဲဒီနိုင်ငံတွေမှာလည်း အပေါစား၊ အညံ့စားတက္ကသိုလ်တွေအများကြီးရှိပါတယ်။ ငွေပေးနိုင်ရင် ပေါချောင်ညံ့ဘွဲ့တွေ ရနိုင်ပါတယ်။ ဒါကြောင့်နိုင်ငံခြားတက္ကသိုလ်ဆိုတိုင်း အားလုံးကောင်းကြတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ စံထိန်းပြီး သတ်မှတ်စံပြည့်မီမှ ဘွဲ့ပေးတဲ့ထိပ်တန်းတက္ကသိုလ်ကြီးတွေကတော့ ဒီနေ့အထိ ထည်ဝါနေဆဲပါပဲ။

နိုင်ငံခြားဒေါက်တာနဲ့ပြည်တွင်းဒေါက်တာ ဘာကွာသလဲမေးရင်တော့ စံသတ်မှတ်ချက်တွေမှာတော့ သိပ်မကွာခြားလှပါဘူး။ လက်တွေ့အကောင်အထည်ဖော်တဲ့အပိုင်းနဲ့ပတ်ဝန်းကျင်အနေအထား၊ ပံ့ပိုးထောက်ကူမှု၊ ပွင့်လင်း

မှုတွေမှာတော့ တော်တော်လေးခြားနားတယ်လို့ပြောရမှာပဲ။ ပထမဆုံးခြားနားချက်က ပညာဝန်းကျင်(academic atmosphere)ပါ။ နိုင်ငံခြားကထိပ်တန်းတက္ကသိုလ်တွေမှာ ထိပ်သီးနဲ့ထိပ်တန်းပညာရှင်တွေခန့်ထားမှု၊ ပညာရပ်ဆိုင်ရာစာအုပ်စာတမ်းစာစောင် အမျိုးအမယ်စုံ နောက်ဆုံးပေါ်အယူအဆတွေအထိအလွယ်တကူသိနိုင်အောင် ရှာဖွေသိမ်းထားတဲ့စာကြည့်တိုက်ပေါင်းစုံ (သုတေသနစာကြည့်တိုက်၊ ကျမ်းကိုးစာကြည့်တိုက်စသည်)စာကူးစက်၊ စာအုပ်ချုပ်စက်၊ ကွန်ပျူတာ၊ စကင်နာစတဲ့ပံ့ပိုးထောက်ကူပစ္စည်းကိရိယာ(facilities)အစုံအလင်ထားရှိပေးမှုနဲ့ အလွယ်တကူသုံးစွဲနိုင်အောင် စီမံပေးထားမှု၊ နေ့စဉ်နံနက် ၈နာရီလောက်မှစ၍ ညဉ့်၉နာရီ၊ ၁၀ နာရီအထိ စာကြည့်တိုက်များဖွင့်ပေးထားပြီး စာငှား၊ စာကူး၊ စာဆွေးနွေးမှုများ လုပ်ကိုင်ဆောင်ရွက်နိုင်မှုစတဲ့ပညာဝန်းကျင်အခြေအနေကွာခြားလွန်းပါတယ်။

ဒုတိယအချက်က ဒေါက်တာဘွဲ့ သင်တန်းသား၊ သင်တန်းသူများရဲ့ မတူညီကြတဲ့အခြေအနေဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာက အကြောင်းကြောင်းကြောင့် တက္ကသိုလ်မှာ တကယ့်ဝါရင့်ကျွမ်းကျင်ပညာရှင်တွေ ခါးပြတ်သွားလို့တက္ကသိုလ်အတွက် ပညာရှင်မွေးထုတ်ဖို့ ဦးတည်ရည်ရွယ်ချက်နဲ့ ဒေါက်တာဘွဲ့သင်တန်းဖွင့်တာဖြစ်တယ်။ ဒါကြောင့် ဒီဦးတည်ချက်နဲ့အညီ သတ်မှတ်စည်းကမ်းများ၊ အရည်အသွေးများနဲ့ပြည့်မီတဲ့ တက္ကသိုလ်ဆရာ၊ ဆရာမတွေသာဒေါက်တာဘွဲ့သင်တန်းတက်ခွင့်ရှိတယ်။ ပြင်ပက တစ်ဦးချင်းသော်လည်းကောင်း၊ တက္ကသိုလ်ကမဟုတ်ဘဲ အခြားဌာနဆိုင်ရာ ပုဂ္ဂိုလ်များကိုသော်လည်းကောင်း ဒေါက်တာဘွဲ့သင်တန်းတက်ခွင့်မပြုပါ။ တက္ကသိုလ်ဆရာ၊ ဆရာမတွေကို ဒေါက်တာဘွဲ့သင်တန်းတက်ခွင့်ပြုပေမဲ့ အလုပ်တစ်ဖက်နဲ့တက်ရတာမို့ သူ့ရဲ့အချိန်တွေ၊ လုပ်အားတွေကို ဒေါက်တာဘွဲ့အတွက် စာဖတ်ဖို့၊ သုတေသနလုပ်ဖို့၊ တတ်ကျွမ်းသူပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ဖို့၊ ကွင်းဆင်းလေ့လာဖို့၊ ခရီးထွက်ဖို့၊ စာရင်းအင်းကိန်းဂဏန်း သတင်းအချက်အလက်တွေစုဆောင်းဖို့၊ စာတမ်းပြုစုတင်ပြဖို့စတဲ့မြားမြောင်တဲ့အလုပ်တွေကို ဘယ်လိုမှထိထိရောက်ရောက်၊ ပြည့်ပြည့်ဝဝမလုပ်နိုင်တော့ဘူး။ ဆရာ၊ ဆရာမ မလုံလောက်တဲ့အခက်အခဲကြောင့် စာသင်တန်းတွေ၊ လက်တွေ့တန်းတွေ ဆက်ဝင်ရတယ်။ သက်ဆိုင်ရာလူကြီးတွေက ဘယ်လိုပဲ သက်ညှာစွာစဉ်းစားတယ်ဆို

ဦးတော့ နယ်အပြောင်းအရွှေ့(transfer)တွေကိုရှောင်လို့မရသလို သင်ကြားရေးအပြင် အခြားတာဝန်များကိုပါ ထမ်းဆောင်ရတဲ့အတွက် ပညာရှင်အလုပ်ဖြစ်တဲ့ဒေါက်တာဘွဲ့နဲ့ပတ်သက်တဲ့အလုပ်တွေမှာ အားနည်းချက်တွေ၊ လစ်ဟင်းမှုတွေရှိနေပါတယ်။

ဒီအခက်အခဲပြဿနာတွေ နိုင်ငံခြားတက္ကသိုလ်တွေမှာ(အထူးသဖြင့်မြန်မာနိုင်ငံကသွားတဲ့အစိုးရပညာသင်တွေအတွက်)လုံးဝမတွေ့ရပါဘူး။ ကိုယ့်ပညာ၊ ကိုယ့်ဘွဲ့နဲ့ဆိုင်တဲ့အလုပ်အပေါ်သာ အချိန်ပြည့်အာရုံစိုက် ဇောင်းပေးပြီးလုပ်နိုင်တယ်။ အနေအထိုင်၊ အစားအသောက် ဆင်းရဲကောင်းဆင်းရဲမယ်၊ နောက်ဆံတင်းစရာ သိပ်မရှိဘူး။ ပထမအချက်မှာပြောခဲ့တဲ့ ပညာဝန်းကျင်မှာ အနည်းဆုံး လေး၊ ငါးနှစ်မက မိမိရဲ့အထူးပြုဘာသာရပ်ကိုစူးစိုက်ဇောက်ချပြီး လေ့လာမှတော့ မတတ်ဘဲ၊ မကျွမ်းဘဲ ဘယ်နေတော့မလဲ။

တတိယအချက်က ငွေကြေးကိစ္စ။ ဒေါက်တာဘွဲ့ကို ဘယ်လိုပုံစံနဲ့လုပ်လုပ်၊ အဓိကကတော့ အဆင့်မြင့်သုတေသန လုပ်နေရခြင်းပါပဲ။ ဒီအတွက် စာအုပ်စာတမ်းတွေ ဖတ်၊ မှတ်၊ ထုတ်နုတ်ရတယ်၊ ပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးရတယ်။ ခရီးထွက်၊ ကွင်းဆင်းလေ့လာရတယ်။ ပြည်တွင်း၊ ပြည်ပစာတမ်းဖတ်ပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေတက်ရတယ်။ တစ်ဖက်က စားဝတ်နေရေးစရိတ်တွေ၊ ခရီးစရိတ်တွေ၊ ကျန်းမာရေးစရိတ်တွေလည်း ကျခံရသေးတယ်။ ဒီတော့ ပိုက်ဆံအကုန်အကျ သိပ်များတယ်။ တစ်နှစ်၊ နှစ်နှစ်လည်း မဟုတ်၊ လေး၊ ငါး၊ ခြောက်နှစ်။ ဒါပေမဲ့ မြန်မာနိုင်ငံအစိုးရကစေလွှတ်တဲ့ပညာသင်တွေဟာသက်ဆိုင်ရာနိုင်ငံ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ပညာသင်ဆုတစ်မျိုးမျိုးနဲ့ပညာသင်သွားကြရတာဖြစ်လို့ ငွေရေးကြေးရေးအတွက် ပူပင်စရာမလိုဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဒေါက်တာဘွဲ့သင်တန်းတက်တာတွေလည်းရှိတယ်။ သူတို့လည်းအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် တက္ကသိုလ် သို့မဟုတ် သက်ဆိုင်ရာအစိုးရပညာသင်ဆုတွေရကြတာများတယ်။ အဲဒီလိုမရရင်တောင် အချိန်ပိုင်းအလုပ်လုပ်ပြီး ငွေရှာရတာလွယ်တယ်။ စရိတ်စက အတိအကျမသိရပေမဲ့ ဒီမှာ ဒေါက်တာဘွဲ့တစ်ခုခု ပြီးမြောက်အောင်မြင်တဲ့အထိဆိုရင် အနည်းဆုံးကျပ်သိန်း ၂၀၊ ၂၅သိန်းလောက် ကုန်မယ်ထင်ပါတယ်။ ကာယကံရှင်ကချမ်းသာရင်ဖြစ်ဖြစ်၊ ချမ်းသာတဲ့မိဘတွေရဲ့သား၊ သမီးတွေဆိုရင်ဖြစ်ဖြစ် ပြဿနာ

မရှိပေမဲ့ မရှိမရှား သင်တန်းသူ ဆရာ၊ ဆရာမတွေ၊ သူ့လစာအပေါ် မိသားစုတစ်စုလုံး မှီခိုနေရသူတွေအတွက်တော့ အင်မတန်ကြီးမားတဲ့အခက်အခဲကြီးပေါ့။ အလုပ်တာဝန်တွေကတစ်ဖက်၊ ငွေကြေးနောက်ဆံတင်းစရာက တစ်ဖက်နဲ့ဆို စဉ်းစားသာ ကြည့်ပါတော့။

စတုတ္ထအချက်က ကြီးကြပ်သူ(supervisor or promoter) များရဲ့အခန်းကဏ္ဍနဲ့ထိရောက်မှုမတူညီဘဲ ကွဲပြားခြားနားခြင်းပါပဲ။ နိုင်ငံခြားကထိပ်တန်းတက္ကသိုလ်တွေမှာ ပါရဂူဘွဲ့ကြီးကြပ်သူဖြစ်ဖို့ပါမောက္ခဖြစ်ရုံ၊ တွဲဖက်ပါမောက္ခဖြစ်ရုံ၊ ဒေါက်တာဘွဲ့ရဖြစ်ရုံနဲ့တောင်မရသေးဘူး။ ရာထူးအားဖြင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခဖြစ်ရုံမက၊ ပညာအားဖြင့် ဒေါက်တာဘွဲ့ရဖြစ်ရုံမက သက်ဆိုင်ရာဘာသာရပ်မှာ တစ်ဖက်ကမ်းခတ်တဲ့ 'ဂုရု' ဖြစ်ပြီး အတွေ့အကြုံနဲ့ဝါရင့်လို့ နိုင်ငံတကာအတွေ့အကြုံ၊ ဒေသအတွေ့အကြုံနဲ့မိမိကြီးကြပ်ရမယ့် ကျောင်းသားဟာ နိုင်ငံခြားကျောင်းသားဆိုရင် အဲဒီကျောင်းသားရဲ့ နိုင်ငံအခြေအနေအနေအထားတွေကိုသိတဲ့ပညာရှင်ဖြစ်ဖို့လိုပါတယ်။ ဒေါက်တာဘွဲ့ရမဟုတ်ရင်တောင် စောစောကပြောတဲ့ တခြားအရည်အချင်းတွေမှာ ဒေါင်ဒေါင်မြည်နေရမယ်။ သူတို့ဆီမှာတော့ တက္ကသိုလ်ပါမောက္ခဆိုရင် ဒေါက်တာဘွဲ့ရချည်းပါပဲ။ ဒေါက်တာဘွဲ့ရမဟုတ်တဲ့ ပါမောက္ခရှိရင်တောင် တစ်ထောင်မှာ တစ်ယောက် ရှိပါ့မလားပဲ။ အားလုံးဒေါက်တာဘွဲ့ရတွေဖြစ်လို့လား ဒါမှမဟုတ် သူတို့ယဉ်ကျေးမှုဓလေ့အရလားတော့မသိဘူး၊ နာမည်ရှေ့က ဒေါက်တာ ဘယ်သူဘယ်ဝါ တပ်ခေါ်လေ့မရှိဘူး။ နာမည်ရှေ့က ပါမောက္ခ တပ်ခေါ်တယ်ဆိုရင် ပဲလုံလောက်ပြီ၊ ဂုဏ်ရှိပြီ၊ လူ့အဖွဲ့အစည်းက နေရာထားပြီဖြစ်တယ်။ ဥပမာ- Dr.Brown ဆိုပါစို့။ သူ့ကို Professor Brown လို့ပဲခေါ်တယ်။ Professor Dr.Brown လို့မခေါ်ဘူး။ ဒေါက်တာတပ်ခေါ်ပြီဆိုရင်လည်း အလွန်အမင်းထူးချွန်ကျော်ကြားတဲ့ပညာရှင်ဖြစ်လို့ ရိုသေလေးစားသမှု၊ ဂုဏ်ယူသမှုနဲ့ခေါ်တာဖြစ်တယ်။တက္ကသိုလ်လောကက ပညာရှင်တွေ၊ ပါမောက္ခတွေမဟုတ်ဘဲ ပြင်ပလောကက လုပ်ငန်းရှင်တွေ၊ မန်နေဂျာတွေ၊ တစ်သီးပုဂ္ဂလတွေကိုတော့ ဒေါက်တာတပ်ခေါ်လေ့ရှိပါတယ်။

သူတို့ဆီမှာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခစတဲ့ရာထူးတွေဟာ များသောအားဖြင့် ရာသက်ပန်ခန့်မဟုတ်ပါ။ နည်းပြကနေ အဆင့်ဆင့်ရာထူးတက်

လာလို့ ပါမောက္ခဖြစ်လာတာလည်းရှားပါတယ်။ စဝင်ကတည်းက ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကစတဲ့ရာထူးတစ်ခုခုကိုလျှောက်ပြီး ဝင်တာဖြစ်တယ်။ သူ့ပညာရပ်ဆိုင်ရာ စာဘယ်နှအုပ်ရေးခဲ့၊ ထုတ်ဝေခဲ့ပြီလဲ၊ ပညာရပ်ဆိုင်ရာစာတမ်း၊ သုတေသနစာတမ်း ဘယ်နှစောင်တင်ပြဖူးပြီလဲ၊ နိုင်ငံတကာ အသိအမှတ်ပြု ဘာသာရပ်ဂျာနယ်တွေမှာ ဘယ်နှစောင် ပုံနှိပ်ဖော်ပြပြီးပြီလဲ၊ ဘာသာရပ်တိုးတက်မှုအတွက် ဘာတွေအထောက်အကူပြုခဲ့ပြီးပြီလဲ၊ လူ့အဖွဲ့အစည်းအတွက်ကော ဘာတွေအထောက်အကူပြုခဲ့ပြီးပြီလဲ စတဲ့ contributions, calibre,competencyတွေကိုကြည့်ပြီး ဘယ်နှနှစ်အတွက်ဆိုတဲ့ပဋိညာဉ်စာချုပ်(contractual tenureship agreement) နဲ့ခန့်တာပါ။ ဒါကြောင့် အပြိုင်အဆိုင်များတယ်။ 'တော်သူနေ၊ မတော်သူ သေ' ပဲ။ စံချိန်ကျရင်တော့ စာချုပ်သက်တမ်းစေ့ရင် သွားတော့ပဲ။

ကျွန်တော်တို့ဆီမှာက အားလုံးသိကြတဲ့အတိုင်းပဲ အချိန်တန်ရင် ရာထူးတက်ဆိုတဲ့ time scale နဲ့တက်တာ။ တစ်ခါခန့်ထားပြီဆိုရင်(အပြစ်မရှိသရွေ့) ရာသက်ပန်မဖြုတ်တန်းခန့်တာ။ မဟာဘွဲ့တစ်ခု ရထားပြီးဆိုရင် ပါမောက္ခ၊ ပါမောက္ခချုပ်အထိ တက်နိုင်၊ ခန့်နိုင်တယ်လို့သတ်မှတ်ထားတာဖြစ်တယ်။ မကြာသေးမီကစပြီး ဒေါက်တာဘွဲ့ရဖြစ်မှ ကထိကအထက်ရာထူးတွေမှာ ခန့်မယ်လို့သတ်မှတ်ထားကြောင်းသိရတယ်။ ဒီတော့ ပညာနဲ့အရည်အသွေးတက်ဖို့ အပြိုင်အဆိုင်မရှိဘူး။ လိုလည်း မလိုဘူးလို့ ယူဆသူတွေတောင်ရှိကြတယ်။ ဒေါက်တာဘွဲ့ရဆိုတာ ရှာမှရှား။ ဒေါက်တာဘွဲ့ရဖြစ်မှ ကထိကအထက် ရာထူးတွေ တိုးမြှင့်ပေးမယ်ဆိုတော့မှ နည်းနည်းအပြိုင်အဆိုင်လုပ်လာတာ တွေ့ရပါတယ်။ ဒါတောင် ဖြတ်လမ်းလိုက်သူတွေ ရှိနေသေးကြောင်း သတိပြုမိပါတယ်။

ဒီလိုအခြေခံကစ မတူညီကြတဲ့ အခြေအနေနှစ်ရပ်မှာ သူတို့ဆီကကြီးကြပ်သူ ဘယ်သူ့ခန့်ခန့် ပေမီ၊ ဒေါက်မီပညာရှင်တွေဖြစ်လို့ သူတို့ရဲ့တပည့်အသီးသီးကို ထိထိရောက်ရောက် ထက်ထက်မြက်မြက် လမ်းညွှန်နိုင်တယ်၊ ဦးဆောင်မှုကောင်းကောင်းပေးနိုင်တယ်။ တကယ်အရည်အချင်းပြည့်မီတဲ့ဒေါက်တာဘွဲ့ရတွေ မွေးထုတ်ပေးနိုင်တယ်။

ဘာသာရပ်အပေါ်၊ ပညာအပေါ် ဘဝကိုနှစ်မြှုပ်လုပ်ကိုင်မှု(dedication) လည်း သူတို့နဲ့ကျွန်တော်တို့ကွာပါတယ်။ သူတို့မှာက များသောအားဖြင့်

ဝါသနာပါလို့လုပ်တာ။ ကျွန်တော်တို့ဆီမှာက များသောအားဖြင့် ဂုဏ်ရှိတယ် ထင်လို့(ဝါ)ယုံကြည်လို့လုပ်တာ။ ပြီးတော့ သူတို့ဆီမှာ တက္ကသိုလ်ပါမောက္ခ၁၀ ယောက်မှာ ၈ ယောက်လောက်က ဒေါက်တာဘွဲ့မရမီဖြစ်စေ၊ ရပြီးဖြစ်စေ၊ အစိုးရဌာနဆိုင်ရာမှာ ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများမှာဖြစ်စေ၊ ပြည်ပနိုင်ငံများမှာဖြစ်စေ၊ မိမိတို့ကျွမ်းကျင်ရာနယ်ပယ်အသီးသီးမှာနှစ်ပေါင်း အတော်အတန်အလုပ်လုပ်လာပြီး လုပ်ငန်းအတွေ့အကြုံရင့်၊ ဒေသန္တရ၊ ဘာသန္တရ အတွေ့အကြုံတွေ၊ ကမ္ဘာ့နိုင်ငံအတော်အတန်မှာ သွားရောက်နေထိုင် သုတေသနလုပ်၊ စာအုပ်ရေး၊ စာတမ်းပြုတင်ပြတဲ့အတွေ့အကြုံတွေ၊ နိုင်ငံခြား တိုင်းပြည်နဲ့အစိုးရတွေမှာ အကြံပေးတို့၊ အတိုင်ပင်ခံတို့ စတဲ့အလုပ်တွေ စုံအောင်လုပ်ပြီးမှ တက္ကသိုလ်ပါမောက္ခရာထူးလက်ခံပြီး အရိုးထုတ်ကြတာ များတယ်။ အတွေ့အကြုံရအောင်ဆိုပြီး တက္ကသိုလ် မကြာခဏဆိုသလို တစ်ခုပြီးတစ်ခုပြောင်းရွှေ့လုပ်ကိုင်ကြတာလည်းရှိတယ်။ ဒီတော့ သူတို့ဆီက ဝါရင့် ပါမောက္ခတစ်ယောက်ဖြစ်လာပြီဆိုရင် တကယ့်ပညာဘဏ်တိုက်ကြီးတစ်ခုပဲ။ အတွေ့အကြုံ ပိဋကတ်တိုက်ကြီးတစ်ခုပဲ။

ဥပမာ-အမေရိကန်ပြည်ထောင်စုရဲ့နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့တဲ့ (ဒေါက်တာ)ဟင်နရီကစ်ဆင်ဂျားဟာ နိုင်ငံရေးလောကကနားပြီး တက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံ ပါမောက္ခဝင်လုပ်နေတယ်။ ကျွန်တော်ကံကောင်းပုံလေးကိုလည်း ကြားညှပ်ပြောရရင် ကျွန်တော် တိုကျိုတက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတက်စဉ်က ကျွန်တော့်ကြီးကြပ်သူက ပါမောက္ခဒေါက်တာယာမာဒါး၊ ဆစ်ဒနီတက္ကသိုလ်မှာဒေါက်တာဘွဲ့အတွက် ဆည်းပူးခဲ့စဉ်က ကြီးကြပ်သူကပါမောက္ခ ဒေါက်တာဖစ်ရှား။ နှစ်ယောက်စလုံး ကမ္ဘာကျော်၊ နိုင်ငံကျော်။ ယာမာဒါးက အာရှနိုင်ငံအတော်များများ သွားရောက်နေထိုင် သုတေသနတွေလုပ်ခဲ့၊ စာအုပ်စာတမ်းတွေတစ်ပုံတစ်ပင်ကြီးရေးသားခဲ့ထုတ်ဝေခဲ့ပြီး၊ ဒေါက်တာဖစ်ရှားဆိုတာလည်း ဥရောပ၊ အမေရိကတိုက်ကနိုင်ငံတွေကိုပဲ ပြပြစင်အောင် ရောက်ဖူး၊ လေ့လာဖူး၊ စာအုပ်စာတမ်းတွေထုတ်ဖူးတဲ့အတွေ့အကြုံ ဝါ၊ သမ္မာရင့်ပညာရှင်တွေဖြစ်ကြတယ်။

ကျွန်တော်တို့ဆီမှာက ပြောင်းပြန်။ ဘွဲ့ရပြီး အရည်အချင်းစစ် အောင်မြင်ရင် တက္ကသိုလ်နည်းပြလုပ်မယ်၊ မဟာတန်းတက်မယ်၊ နည်းနည်းအစွမ်းအစ

ပြပြီး နာမည်လေးရလာရင် အခြားဝန်ကြီးဌာန ပြောင်းမယ်၊ ရာထူးယူမယ်။ အခြားဝန်ကြီးဌာနများရဲ့ နောက်ကိုလိုက်နေသူ ဖြစ်လာရတော့တယ်။ ဒီတော့ တတ်ထားတဲ့ပညာတွေ၊ သင်ထားတဲ့ပညာတွေပြန့်ပွားအောင်မလုပ်နိုင်တော့ဘူး။

ပဌမအချက်က စာရင်းအင်းကိန်းဂဏန်း၊ သတင်းအချက်အလက်ရရှိရေး အခက်အခဲပြဿနာ၊ သုတေသနအပေါ် သဘောထားနဲ့တန်ဖိုးထားမှုမတူညီတဲ့ ပြဿနာဖြစ်တယ်။ ဒေါက်တာဘွဲ့အတွက် သုတေသနလုပ်တယ်ဆိုတာ တကယ့်အဆင့်မြင့်သုတေသနကိုလုပ်ရတာပါ။ စာရင်းအင်း ကိန်းဂဏန်းနဲ့ သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံရဖို့၊ ရတဲ့စာရင်းအင်းကိန်းဂဏန်းနဲ့ သတင်းအချက်အလက်တွေဟာ စိတ်ချအားထားရလောက်အောင် ခိုင်လုံတိကျမှန်ကန်ဖို့၊ ဒီကိန်းဂဏန်းစာရင်းအင်းအချက်အလက်တွေကို ရှာဖွေစုစည်းခွင့်၊ ကူးယူခွင့်၊ သုံးစွဲခွင့်ရှိဖို့ သို့မဟုတ် ကိုးကားခွင့်ရဖို့ အင်မတန်အရေးကြီးပါတယ်။ ဒါမှလည်း လူသားအကျိုးပြုတဲ့၊ သိပ္ပံနည်းကျတဲ့၊ ဘာသာရပ်အကျိုးပြုတဲ့၊ စိတ်ချယုံကြည်ရတဲ့အသစ်အဆန်းတွေ့ရှိဖော်ထုတ်ချက်တွေ၊ ရလဒ်တွေ ရလာမှာပေါ့၊ အရည်အသွေးမြင့်တဲ့သုတေသနတွေလုပ်နိုင်မှာပေါ့။ စင်စစ် သုတေသနလုပ်တာဟာ သစ္စာတရား(အမှန်တရား)ကိုဖော်ထုတ်စောင့်ထိန်းခြင်းပဲ မဟုတ်လား။

သူတို့ဆီမှာ ဒီအချက်တွေကိုသဘောပေါက်လို့ သုတေသနတွေကို အားပေးကူညီတယ်၊ ချုပ်ချယ်ကန့်သတ်မှုမလုပ်ဘူး။ စာရင်းအင်း ကိန်းဂဏန်းသတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ရနိုင်တဲ့ဇာစ်မြစ်တွေ အများကြီးဖွင့်ပေးထားတယ်။ စာကြည့်တိုက်တွေ၊ အင်တာနက်တွေမှာကြည့်ပြီး ထုတ်နုတ်ယူနိုင်သလို ရုံးတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေ၊ ဌာနတွေမှာ မေးမြန်းကူးယူတာလည်း လွယ်တယ်။ တွေ့သင့်၊မေးသင့်တဲ့လူပုဂ္ဂိုလ်တွေကို တွေ့ဆုံမေးမြန်းရတာလည်း လွယ်တယ်။ ကွင်းဆင်းစစ်တမ်းကောက် လေ့လာရတာလည်းလွယ်တယ်၊ ကူညီကြတယ်။ ဒါကြောင့် သူတို့ဆီမှာ သုတေသနလုပ်ရတာ အဆင်ပြေသလို ထိရောက်မှုလည်းရှိတယ်။

ကျွန်တော်တို့ဆီမှာ ဖော်ပြခဲ့တဲ့အချက်အားလုံးခက်ခဲတာချည်းပဲ။ သုတေသနရဲ့တန်ဖိုးကိုပြည့်ပြည့်ဝဝ သဘောပေါက်သူနည်းသေးတယ်။ ရုံး၊ ဌာန၊

အဖွဲ့အစည်းတွေက စာရင်းအင်း ကိန်းဂဏန်းသတင်းအချက်အလက်တွေကို တင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားကြတယ်။ လျှို့ဝှက်ထားကြတယ်။ သုတေသီတွေကို စိတ်မချဘူး၊ မယုံဘူး။ စိတ်မချစရာ၊ မယုံစရာတွေလည်း သုတေသီတွေဘက်မှာရှိနေတာကိုး။ တစ်ပါးသောသုတေသီတွေ ကြိုးစားပမ်းစား သုတေသနလုပ်ပြီး တွေ့ရှိထားတာတွေကိုကျေးဇူးစကားလေးတောင်မဆိုဘဲ ခိုးချတယ်။ ကြီးကြပ်သူက စာဖတ်အားနည်းလို့ မသိလိုက်ဘဲ ခေါင်းညိတ်လိုက်ရင်တော့ ကျမ်းပြုသူစာသူခိုးစာရင်းဝင်သလို ကြီးကြပ်သူလည်း သိက္ခာကျရောပဲ။ ဒီလိုအဖြစ်မျိုးတွေ တစ်ကမ္ဘာလုံးမှာရှိတယ်။ ဒါပေမဲ့ နိုင်ငံခြားတက္ကသိုလ်ကြီးတွေမှာရှိတဲ့ ကြီးကြပ်သူပါမောက္ခတွေက စာဖတ်အားကောင်းတယ်၊ ဒါကြောင့် စာသူခိုးကိုမိတာများတယ်။ ကျွန်တော်တို့ဆီမှာတော့ စာအုပ်စာတမ်းတွေ ဖတ်၊ အင်တာနက်တွေကြည့်ပြီး စာခိုး၊ မခိုး စစ်ဆေးဖို့အချိန်လည်း မပေးနိုင်၊ ငွေလည်းမတတ်နိုင်ကြဘူးလေ။

ဒီတော့ စိတ်ချအားထားနိုင်တဲ့စာရင်းအင်းကိန်းဂဏန်း သတင်းအချက်အလက်ပြည့်ပြည့်စုံစုံမရတာရယ်၊ သုတေသနရဲ့တန်ဖိုးကိုမသိတာရယ်၊ သုတေသနကိုအားမပေးတာရယ်၊ သုတေသီနဲ့ကြီးကြပ်သူတွေဘက်က အားနည်းတာရယ်တွေရဲ့ရလဒ်ကတော့ အရည်အသွေးကျဆင်းခြင်းပဲပေါ့။

ဆဋ္ဌမနဲ့အရေးကြီးဆုံးအချက်တစ်ချက်က သုတေသနတွေ့ရှိချက်ဖြစ်ဖြစ်၊ ကျမ်းကြီးတစ်စိတ်တစ်ပိုင်းဖြစ်ဖြစ်တင်ပြတဲ့ပုံစံ၊ အပြန်အလှန်ဆွေးနွေးတဲ့အကြံပြုလမ်းညွှန်တဲ့ပုံစံနဲ့နည်းလမ်းတွေ၊ ပတ်ဝန်းကျင်တွေမတူညီခြင်းပါပဲ။ seminar, syposium, presentation, conference စတဲ့ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲများရဲ့အဓိကဦးတည်ချက်က ပညာနဲ့အတွေ့အကြုံတွေတိုးတက်အောင် ဖလှယ်ကြခြင်းဖြစ်ပါတယ်။ ကိုယ့်ဘက်က တစ်ခုခုတင်ပြတာ မှား၊ မှန်၊ အားသာချက်၊ အားနည်းချက်၊ အသုံးဝင်၊ မဝင်၊ အဓိပ္ပာယ်သက်ရောက်မှု စတာတွေနဲ့ပတ်သက်တဲ့ထောက်ခံမှု၊ ဆန့်ကျင်မှုစတဲ့တုံ့ပြန်မှုတွေ လိုချင်လို့ပဲ။ တစ်ခါတလေတော့လည်း ဘာဆက်လုပ်ရမှန်းမသိအောင် လမ်းစပျောက်သွားလို့တစ်ယောက်ယောက်ဆီက ပျောက်နေတဲ့လမ်းကို ရှာဖွေဖော်ထုတ်ပေးနိုင်မလား သို့မဟုတ် လမ်းသစ်တစ်ခုခုကို လမ်းညွှန်ပေးနိုင်မလားစတဲ့ မျှော်လင့်ချက်တစ်ခုခုနဲ့ တင်ပြရတာပါ။ ဒါကို တက်ရောက်လာတဲ့ပရိသတ်၊ ဝေဖန်ဆွေးနွေးမယ့်

ပရိသတ်တွေဟာ တင်ပြချက်တွေကို နားလည်သဘောပေါက်တတ်ကျွမ်းရုံမက ပွင့်ပွင့်လင်းလင်းနဲ့ ရဲရဲတင်းတင်းပြောဆိုဆွေးနွေးနိုင်မှသာ အားနည်းချက်တွေပြင်၊ အမှန်ကို မြှင့်တင်ခိုင်မာစေနိုင်မှာပေါ့။ brain storming ဆွေးနွေးမှုမျိုးပေါ့။ ဝေဖန်ဆွေးနွေးသူတစ်ဦးရဲ့တာဝန်ဟာ မသေးလှပါဘူး။ ဝေဖန်ဆွေးနွေးမယ့်အကြောင်းအရာကို နှံ့နှံ့စပ်စပ်သိရမယ်။ အားသာချက်၊ အားနည်းချက်တွေကို အကြောင်းအကျိုးဆက်စပ်ပြီး သုံးသပ်ထုတ်နုတ်ပေးနိုင်ရမယ်။ ပိုမိုတိုးတက်အောင်၊ ပိုမိုကောင်းမွန်လာအောင် ဘာလုပ်သင့်တယ်ဆိုတဲ့ ထိရောက်တဲ့အကြံပေးလမ်းညွှန်မှုပြုနိုင်ရမယ်။ အနည်းဆုံး ဒီအရည်အသွေးသုံးချက်ပြည့်မီရမယ်။ ဒါမှသာ ဝေဖန်သုံးသပ်မှုမှ ရလဒ်ကောင်း၊ အကြံကောင်း၊ ဉာဏ်ကောင်းတွေရပြီး တင်ပြသူအတွက်ရော၊ တက်ရောက်လာသူ အခြားပရိသတ်များအတွက်ပါ လက်တွေ့အကျိုးရှိမှာပါ။ တက်ရောက်လာသူပရိသတ်ဟာ ပညာရည်သိပ်မမြင့်၊ အတွေ့အကြုံလည်း နည်း၊ ဘာသာရပ်လည်း မနှံ့စပ်ရင်တော့ အသုံးဝင်ထိရောက်တဲ့ဝေဖန်ဆွေးနွေးမှုမျိုးလုပ်နိုင်မှာမဟုတ်ဘူး။

သူတို့ဆီမှာ ကောင်းတဲ့ပညာဝန်းကျင်ရှိတယ်။ အားထားနိုင်တဲ့ပညာရှင်တွေရှိတယ်။ ပညာကိုတန်ဖိုးထားတယ်။ ဒါကြောင့် ဆွေးနွေးပွဲတွေမှာ အရမ်းတက်ကြွမှုရှိတယ်၊ အလေးအနက်ထားကြတယ်၊ တစ်ယောက်နဲ့တစ်ယောက်အကြိတ်အနယ် ငြင်းကြ၊ ခုံကြတယ်။ သို့သော် ပုဂ္ဂိုလ်ရေးမပါ၊ အာဃာတမထား၊ ပညာရပ်အပေါ်မှာပဲ ဇောင်းပေးဆွေးနွေးကြခြင်းဖြစ်တယ်။

ကျွန်တော်တို့ဆီမှာ အဲဒါတွေအား နည်းတယ်။ အကြောင်းအရာ၊ ဘာသာရပ်အပေါ် နှံ့နှံ့စပ်စပ်ရှိပြီး အလေးအနက်ထားဆွေးနွေးသူ၊ နက်နက်ရှိုင်းရှိုင်းထိထိမိမိဆွေးနွေးနိုင်သူ အင်မတန်နည်းတယ်။ တချို့က ပြောရပြီးရော၊ ပါရပြီးရောဆိုတာတွေရှိသလို၊ တချို့ကျတော့လည်း အထူးသဖြင့် ပေါ်လစီကိစ္စတွေကိုဆွေးနွေးရမှာကြောက်ကြတယ်၊ ရွံ့ကြတယ်။ တချို့ကျပြန်တော့ ဟိတ်ဟန်တစ်ခွဲသားနဲ့ ဘာမှလည်းမဆွေးနွေးဘဲ ငြိမ်ငြိမ်လေးပဲ ထိုင်နေတတ်သူတွေရှိသလို တချို့ကျပြန်တော့ ပညာစမ်းတဲ့သဘောထားသူတွေလည်းရှိကြတယ်။ အများစုက နားထောင်ရုံသက်သက် လာရောက်ကြတာတွေ့ရပါတယ်။ အားလုံးခြုံလိုက်ရင် ပါရဂူတန်းတွေ၊ ပါရဂူကျမ်းတွေအတွက် တင်ပြတာတွေ၊ ဆွေးနွေးပွဲတွေ(presentational and seminars)မှာ ဝါရင့်ပညာရှင်တွေကလွဲရင် နည်း

ပြ၊ လက်ထောက် ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခနဲ့ပါမောက္ခတွေအထိ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးတာ၊ ငြင်းခုံတာတွေ မရှိသလောက် ရှားပါးကြောင်းတွေ့ရပါတယ်။ ပညာရှင်စာရင်းဝင် ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခတွေတောင် ပါဝင်ဆွေးနွေးမှုမရှိရင် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူတွေ ဘယ်လိုဆွေးနွေးကြတော့မလဲ။ ဒီလို မဆွေးနွေးကြရတဲ့အကြောင်းရင်းတွေ အမျိုးမျိုးရှိနိုင်ပေမဲ့ ကျွန်တော်အကဲခတ်သုံးသပ်မိတာက ပထမတစ်ချက်က exposure ပြဿနာပါ။ ပြင်ပကမ္ဘာ၊ ပြင်ပလောက၊ ပြင်ပပတ်ဝန်းကျင်နဲ့အထိအတွေ့ အဆက်အဆံနည်းတော့ လူစုံတက်စုံပါတဲ့ပွဲဖြစ်ဖြစ်၊ ကျွမ်းကျင်ပညာရှင်တွေချည်းပါတဲ့ပွဲဖြစ်ဖြစ် ပါဝင်ဆွေးနွေးဖို့၊ ပွဲထွက်ဖို့ မဝံ့မရဲ၊ မယုံမရဲဖြစ်ကြတာပါ။ တချို့နိုင်ငံခြားတက္ကသိုလ်တွေမှာ လေ့လာသင်ကြားခဲ့ဖူးတဲ့ဆရာ၊ ဆရာမငယ်လေးတွေဖြစ်ပေမဲ့ exposure ရလာတဲ့အတွက် ဝင်ရောက်ဆွေးနွေးနိုင်ကြရုံမက တက်တက်ကြွကြွလည်းရှိ၊ ဘာသာရပ်ရဲ့သဘောလည်း သိတာမို့ ထိထိမိမိလည်းရှိကြောင်း အားတက်ဖွယ်တွေ့ရပါတယ်။ ဒုတိယအချက်က ပညာ(ဗဟုသုတ)၊ ကျွမ်းကျင်မှုနဲ့အတွေ့အကြုံ(knowledge, skills and experience) ဖြစ်တယ်။ ကျွန်တော်တို့ဆီက ဒေါက်တာဘွဲ့သင်တန်းတက်သူတွေမှာ နိုင်ငံခြားတက္ကသိုလ်တစ်ခုခုက မဟာဘွဲ့ဖြစ်စေ၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြစ်စေ ရခဲ့သူတွေ သို့မဟုတ် အနည်းဆုံး နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှာ သင်တန်းသွားတက်သူ သို့မဟုတ် ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ(seminars, workshops)တက်ခဲ့ဖူးသူတွေနဲ့ပြည်တွင်းမှာပဲ မဟာဘွဲ့ရပြီး ပါရဂူဘွဲ့တန်းတက်နေသူတွေဆိုပြီး နှစ်မျိုးပါဝင်ပါတယ်။ တစ်နည်းအားဖြင့် exposure and experience များသူနဲ့ နည်းသူ နှစ်မျိုးပေါ့လေ။ အဲဒီမှာ ရေးသားမှု၊ တင်ပြမှု၊ ဆွေးနွေးမှုတွေမှာ စွမ်းဆောင်နိုင်မှု(performance)ကွာခြားကြောင်း တွေ့ရပါတယ်။ ဒီလိုပြောလို့ နိုင်ငံခြား မရောက်ဖူးသူ ညံ့တယ်လို့ ပြောတာမဟုတ်ပါ။ စာနဲ့ပတ်သက်တဲ့အရည်အချင်းတူစေကာမူ လုပ်ပုံ၊ ကိုင်ပုံ၊ တင်ပြပုံနည်းစနစ်တွေ၊ ပြဿနာတစ်ခုခုကို ချဉ်းကပ်ပုံ၊ ရင်ဆိုင်ပုံ၊ ဖြေရှင်းပုံတွေ၊ မေးလာတဲ့မေးခွန်းတွေ၊ ဝေဖန်ချက်တွေကို တုံ့ပြန်ပုံတွေ၊ တင်ပြချက်ထဲကဖြစ်စေ၊ ဆွေးနွေးဝေဖန်ချက်ထဲကဖြစ်စေ၊ ကောက်ချက်ဆွဲပုံတွေ စသည်ဖြင့်ပေါ့လေ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲဆိုင်ရာအတွေ့အကြုံတွေ၊ ရင့်ကျက်မှုတွေမှာတော့

ယေဘုယျအားဖြင့် နိုင်ငံခြားပြန်တွေက ပိုကောင်းကြပါတယ်။

ဒေါက်တာဘွဲ့ဟာယေဘုယျအားဖြင့် သုတေသနပြုလုပ်ခြင်းနဲ့ဆိုင်တယ်။ ဒေါက်တာဘွဲ့သင်တန်းကာလတစ်လျှောက်မှာ တင်ပြမှု၊ ဆွေးနွေးမှု၊ ချေပကာကွယ်မှုတွေ(presentations, seminars or discussions, defending) ကို အမြဲရင်ဆိုင်နေရမှာဖြစ်တယ်။ ဒါကြောင့်လည်း သတ်မှတ်စံမီ ဒေါက်တာဘွဲ့ရတစ်ယောက်ဟာ မိမိဇောက်ချလေ့လာတဲ့နယ်ပယ်မှာ မလုပ်တတ်တာ၊ မလုပ်နိုင်တာမရှိခြင်းဖြစ်တယ်။ ဘာကိုဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းနဲ့ နည်းစနစ်(methodology and techniques)တွေကို သူသိထားပြီဖြစ်တယ်။ ကျွမ်းကျင်တဲ့ကြီးကြပ်သူရဲ့လမ်းညွှန်မှုအောက်မှာ၊ အားမနာတမ်းဝေဖန်ဆန်းစစ်သူတွေကြားမှာ အနည်းဆုံး လေး၊ ငါးနှစ်လောက် ထုသား၊ ပေသားကျခဲ့ပြီးဖြစ်တယ်။ ပညာရပ်တိုးတက်အောင်၊ လူ့အဖွဲ့အစည်းတိုးတက်အောင် အထောက်အကူပြုတယ်ဆိုတာ ဒါပါလားဆိုတဲ့နည်းလမ်းနဲ့လမ်းကြောင်းကို သူတွေ့ထားပြီဖြစ်တယ်။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဒါတွေ ပြည့်ပြည့်ဝဝမရနိုင်၊ မဖြစ်နိုင်သေးဘူး။ ဒါကိုရအောင်၊ ဖြစ်အောင်လုပ်နိုင်ဖို့အရေးကြီးပါတယ်။ ဒါကြောင့် ဒေါက်တာဘွဲ့ကို ပြည်တွင်းမှာလည်းထုတ်၊ ပြည်ပသို့လည်းပို့ပြီး ဆည်းပူးစေဆိုတဲ့ နှစ်ခုတစ်ပြိုင်နက် လုပ်သင့်ပါတယ်။ ပြည်တွင်းဒေါက်တာဘွဲ့အတွက် အားလုံးပြည့်စုံအောင်မလုပ်နိုင်သေးရင်တောင် ရှေ့ပိုင်းမှာ ဆွေးနွေးတင်ပြခဲ့တဲ့ အထဲကအရေးကြီးတဲ့အချက် သုံး၊ လေးချက်ကိုပြည့်မီအောင်တော့ လုပ်ရပါမယ်။ ပါရဂူဘွဲ့တက်ရောက်တဲ့ သင်တန်းသား၊ သင်တန်းသူများဘက်ကလည်း ဖြတ်လမ်းနဲ့ဘွဲ့ရဖို့ အားမထုတ်သင့်ပါဘူး။ အရည်အချင်းပြည့်မီပြီး ဘွဲ့ရဖို့ပဲ ဦးတည်ကြိုးစားသင့်တယ်။ ဒေါက်တာဘွဲ့ဟာ ကိုယ်ပိုင်ပစ္စည်းဖြစ်ပေမဲ့ နိုင်ငံတိုးတက်ရေးအတွက် အသုံးချမှာဖြစ်လို့အရေးပါလှပါတယ်။ ဒီရှုထောင့်ကကြည့်ရင် ကိုယ်ပိုင်ရထားတဲ့ဒေါက်တာဘွဲ့ဟာ နိုင်ငံပိုင်ပစ္စည်းလည်းဖြစ်တယ်လို့ နှလုံးသွင်းသင့်ပါတယ်။

စာပေးစာယူဒေါက်တာဘွဲ့

ရှေ့အခန်းမှာဖော်ပြခဲ့တာတွေက ဒီနေ့တက္ကသိုလ်လောကမှာ သုံးနှုန်းနေကြတဲ့စကားနဲ့ပြောရရင် အချိန်ပြည့်နေ့တက် ဒေါက်တာ(Full time Day-Doctor)အကြောင်းဖြစ်ပါတယ်။ Course Work ဒေါက်တာတွေပါ။ အခုဒီဘက်ခေတ်မှာတော့ နိုင်ငံအတော်များများမှာ အချိန်ပြည့်တစ်နေ့လုံးကျောင်း(တက္ကသိုလ်စာသင်ခန်း)သို့မဟုတ် မိမိအလုပ်လုပ်ဖို့ပေးထားတဲ့အလုပ်ခန်း(ဝါ)ရုံးခန်းမှာရှိနေဖို့မလိုဘဲ အချိန်ပိုင်းတက် ဒေါက်တာဘွဲ့သင်တန်း(Part time doctorate course)တွေ၊ ညနေပိုင်းတက်ရတဲ့ ဒေါက်တာဘွဲ့သင်တန်း(evening doctorate course)တွေ ဖွင့်လာကြသလို စာပေးစာယူနဲ့လုပ်ရတဲ့စာပေးစာယူဒေါက်တာဘွဲ့သင်တန်းတွေလည်း ဖွင့်ထားတာတွေ့ရပါတယ်။ Part time နဲ့ evening courses တွေက courses work လို့ခေါ်တဲ့သင်ရိုးဘာသာရပ်တွေ တက်ရ၊ ဖြေရ၊ ပြီးမှ ကျမ်းကြီးအတွက် သုတေသနလုပ်ရတဲ့အတွက် အချိန်ပြည့် နေ့တက်နဲ့ဘာမှသိပ်မကွာခြားပါဘူး။ အချိန်ပြည့်တက်ရတာနဲ့ အချိန်ပိုင်းတက်ရတာပဲ ကွာခြားမှုက အဓိကပါ။ သင်ရိုးဘာသာရပ်ဆိုင်ရာအရည်အသွေးကို credit ပြည့်မီ၊ မမီနဲ့သာ ဆုံးဖြတ်တာမို့ အရည်အသွေးမှာလည်း အပြင်းပွားစရာ သိပ်မရှိဘူး။ cerdit ပြည့်မီဖို့ part time သမားတွေ၊ evening သမားတွေက အချိန်ပြည့် တက်ရတဲ့သူတွေထက်

ကာလတာရှည်တယ်။ ဥပမာ-အချိန်ပြည့်သမားက prelim တစ်နှစ် တက်ရရင် part time နဲ့ evening သမားတွေက တစ်နှစ်ခွဲ၊ နှစ်နှစ် စသည်ဖြင့် တက်ရပါတယ်။ assignments တွေ၊ take-home exercise လို့ခေါ်တဲ့ အိမ်စာ(ဝါ)အိမ်သယ်သွားပြီး လုပ်ခိုင်းတာတွေရဲ့အလေးတင်းမှု(weight)တွေလည်း အတူတူလောက်ပါပဲ။

မတူတာက စာပေးစာယူဒေါက်တာဘွဲ့။ ကျွန်တော်က 'အဝေးရောက်ဒေါက်တာဘွဲ့' လို့မသုံးနှုန်းဘဲ 'စာပေးစာယူ ဒေါက်တာဘွဲ့' လို့သုံးနှုန်းရတာက 'အဝေးရောက်စနစ်' (Distance Learning) မှာက သင်ရိုးပြဋ္ဌာန်းချက်တချို့နဲ့ assignments တချို့လုပ်ရသေးတယ်။ 'စာပေးစာယူစနစ်' (Correspondence Course)မှာတော့ Prelim ဖြေရတာတို့၊ assignment လုပ်ရတာတို့ မရှိဘဲ မိမိလုပ်ချင်တဲ့ Thesis ခေါင်းစဉ်နဲ့ outline တွေကို သုတေသနနဲ့ကျမ်းကြီးအဆိုပြုလွှာ(Research/Thesis proposal)တင်ပြညှိနှိုင်း၊ ကျမ်းကြီးကို လက်ခံစစ်ဆေးပေးမယ့် တက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းက လက်ခံသဘောတူပြီဆိုရင် မှတ်ပုံတင်၊ ကျောင်းလခသွင်း၊ ကျမ်းကြီးစရေးလို့ရပါပြီ။

ဒီလိုအဝေးရောက်ဘွဲ့ခေါ်ခေါ်၊ စာပေးစာယူဘွဲ့ခေါ်ခေါ် ဒီဘွဲ့တွေဟာ စင်စစ်တော့ academic လို့ဆိုတဲ့ စစ်မှန်တဲ့ပညာသဘောထက် စီးပွားဖြစ်ဘွဲ့သဘော(commercial nature)ဆောင်ပါတယ်။ ယဉ်ယဉ်ကျေးကျေးပြောတော့ ပညာရေးဝန်ဆောင်မှုပေးတာ၊ တဲ့တိုးပြောတော့ဈေးနှုန်းသတ်မှတ်ပြီး ဘွဲ့ကို ရောင်းစားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဘွဲ့မျိုးကို နိုင်ငံကြီးတွေရှိ ပုဂ္ဂလိက အပေါစားတက္ကသိုလ်တွေ၊ ပညာသင်အဆောက်အအုံတွေ (educational institutions)ကသာ ပေးကြပါတယ်။ ပုဂ္ဂလိကဖြစ်ဖြစ်၊ နိုင်ငံပိုင်ဖြစ်ဖြစ်၊ ဒေသပိုင်ဖြစ်ဖြစ် စံထိန်း၊ စံမီ၊ အဆင့်အတန်းနဲ့သိက္ခာရှိတဲ့တက္ကသိုလ်ကြီးတွေက ဒီလိုဘွဲ့မျိုးမပေးကြပါဘူး။ ဥပမာ-အောက်စ်ဖို့တက္ကသိုလ်၊ ယေးလ်တက္ကသိုလ်၊ ကင်းဘရစ်တက္ကသိုလ်၊ တိုကျိုတက္ကသိုလ်၊ ဆစ်ဒနီတက္ကသိုလ်တို့လို တက္ကသိုလ်ကြီးတွေမှာ ဒီလိုဘွဲ့မျိုးမပေးပါဘူး။ ဒါပေမဲ့ ဒီလိုစာပေးစာယူဒေါက်တာဘွဲ့ပေးတဲ့ တချို့ပုဂ္ဂလိကပိုင်တက္ကသိုလ်တွေက အကြောင်းမသိသူတွေအဖို့ နာမည်ကြားရုံနဲ့အင်မတန်အထင်ကြီးလောက်တာတွေရှိပါတယ်။ ဥပမာ-Uni-

versity of Washington (ဝါရှင်တန်တက္ကသိုလ်)ဆိုပါတော့။ ဝါရှင်တန်ဆိုတဲ့ နာမည်နဲ့တင် ဖြုံလောက်တယ်။ ဒါပေမဲ့ အမေရိကန်ဒေါ်လာခြောက်ထောင်တတ်နိုင်ရင် တော်ရိလျော်ရိရေးထားတဲ့ Thesis နဲ့ဒေါက်တာဘွဲ့ပေးတယ်။ ကျွန်တော် တိုကျိုမှာရှိနေစဉ်က တိုကျိုမှာ အလုပ်တစ်ဖက်လုပ်ရင်း ဝါရှင်တန်တက္ကသိုလ်မှာစာပေးစာယူနဲ့ဒေါက်တာဘွဲ့ယူခဲ့တဲ့တပည့်ဟောင်းတစ်ယောက်ရဲ့ Thesis ကို ဝိုင်းဝန်းကူညီပေးခဲ့ရာက ကိုယ်တိုင်သိခဲ့ရတာပါ။ နောက်တစ်ယောက်ကတော့ ရန်ကုန်ကနေ Thesis လှမ်းတင်ပြီး ဘွဲ့ရခဲ့ပါတယ်။

ဝါရှင်တန်တက္ကသိုလ်က လုပ်ကိုင်ဆောင်ရွက်ပုံကဒီလိုပါ။ Thesis ကိုတစ်ခန်းပြီးတစ်ခန်းဖြစ်စေ၊ တစ်ပိုင်းပြီးတစ်ပိုင်းဖြစ်စေ ရေးပြီးသလောက်ကို အဲဒီတက္ကသိုလ်ဘက်ကခန့်ထားပေးတဲ့ကြီးကြပ်သူထံသို့ စာတိုက်နဲ့ပို့ပေးရတယ်။ (အင်တာနက်အသုံးများတဲ့ဒီခေတ်မှာတော့ အင်တာနက်မှတစ်ဆင့် ပို့နိုင်တဲ့နည်းလမ်းတွေနဲ့ပို့ပေးပေါ့။ ကျွန်တော့်တပည့်ကျော်က စာတိုက်ချောစာနဲ့ပို့ခဲ့တယ်။ တိုကျိုအပါအဝင် ဂျပန်မှာတော့ printed matter ခေါ် ပုံနှိပ်စာအုပ်၊ စာတမ်း၊ စာစောင်တွေ စာတိုက်ကပို့ရင် အထူးသက်သာတဲ့နှုန်း သတ်မှတ်ပေးထားတယ်) ကြီးကြပ်သူက ဖတ်ပြီးမှ မှတ်ချက်နဲ့တကွလမ်းညွှန်ပြီး ကာယကံရှင်ကို စာတိုက်နဲ့ပဲပြန်ပို့ပေးတယ်။ သူ့မှတ်ချက်တွေ၊ လမ်းညွှန်တာတွေကြည့်ပြီး ပြင်ရမယ့်ဟာ ပြင်၊ ဖြုတ်ရမယ့်ဟာ ဖြုတ်၊ ထပ်ထည့်ရမယ့်ဟာ ထည့်ပေါ့။ ပြင်ပြီးစာမူကိုချည်း ပြန်ပို့ရင် ပို့၊ အသစ်ရေးထားတဲ့အခန်း သို့မဟုတ် အပိုင်းရှိရင် အဲဒီစာမူသစ်နဲ့တစ်ပေါင်းတည်းတွဲပြီး ပို့ရင်ပို့။ ကြီးကြပ်သူက အိုကေဆိုရင် ကျန်တဲ့အခန်းတွေဆက်ရေး၊ ဆက်ပို့ပေါ့။ Thesis တစ်အုပ်လုံး ဘယ်နှစ်(ဝါ)ဘယ်နှကြိမ်နဲ့အပြီးရေးပို့ရမယ်လို့ သတ်မှတ်ထားတယ်။ အချိန်ကိုတော့ကန့်သတ်မထားဘူး။ အကြိမ်ကိုသာ ကန့်သတ်တာဖြစ်တယ်။ ယူထားတဲ့ပိုက်ဆံနဲ့လုပ်ပေးရမယ့် အလုပ်ပမာဏ မျှတအောင်၊ တန်အောင် အကြိမ်ကန့်သတ်ခြင်းဖြစ်မယ်ထင်တယ်။ ကျွန်တော့်တပည့်ကျော်ဟာ ဟိုးဒေသကောလိပ်ခေတ်မတိုင်မီလောက်ကတည်းက ရန်ကုန်ဘွဲ့ရတစ်ယောက်၊ တက္ကသိုလ်မှာ လက်ထောက်ကထိကအထိ လုပ်ခဲ့ဖူးသူတစ်ယောက်ဖြစ်ခဲ့တာမို့ စာမညံ့ပါဘူး။ နိုင်ငံခြားတိုင်းပြည်တစ်ခုက မဟာဘွဲ့ရထားသူလည်းဖြစ်တယ်။ ဒါပေမဲ့ တိုကျိုမှာ အလုပ်တစ်ဖက်လုပ်ရင်း ဒေါက်တာဘွဲ့လုပ်ရတာဆိုတော့ စာဖတ်

ချိန်၊ သုတေသနလုပ်ချိန် သိပ်မရရှာဘူး။ ဒါတောင် သုံး၊ လေးနှစ်နဲ့ပြီးသွားခဲ့တယ်။ ကျွန်တော်က အဲဒီအချိန်မှာတိုကျိုတက္ကသိုလ်ကျောင်းတော်ကြီးအဖွဲ့ဝင်ဧည့်ပါမောက္ခ (Professorial Fellow) တစ်ဦးအဖြစ် တိုကျိုတက္ကသိုလ်ရောက်နေချိန်၊ အင်မတန်ဇိမ်ကျနေချိန်၊ စာရေး၊ စာဖတ်ဖို့အချိန်တွေ အလုံအလောက်ရနေချိန်ဖြစ်တယ်။ တပည့်ကျော်ခမျာ အလုပ်တစ်ဖက်၊ စားဖို့၊ သောက်ဖို့၊ ချက်ပြုတ်ရေးကိစ္စ၊ လျှော်ဖွပ်ကိစ္စတွေတစ်ဖက်နဲ့အလုပ်အင်မတန်များနေတာမြင်ရတော့ တကယ်ပဲ ကရုဏာသက်မိတယ်။ ဒီကြားထဲ သူ့ကြီးကြပ်သူ မှတ်ချက်၊ လမ်းညွှန်ချက်နဲ့ပြန်ရောက်နေတဲ့စာမူကြမ်း နှစ်ခု၊ သုံးခုကိုလည်းမအားတာရယ်၊ တချို့ဖတ်ပြီး နားမလည်လို့ ဘာလုပ်ရမှန်းမသိတာရယ်တွေကြောင့် ကျွန်တော့်ဆီမှာအကူအညီတောင်းတာနဲ့ ကျွန်တော် သူ့စာမူတွေပြန်ဖတ်၊ သူ့ကြီးကြပ်သူ မှတ်ချက်၊ လမ်းညွှန်ချက်ဖတ်ပြီး သူ့ကွန်ပျူတာဖိုင်ထဲမှာပဲ ပြင်ပေးလိုက်တယ်။ သူရေးထားတဲ့နောက်ဆုံးအခန်းစာမူသစ်ကိုပါ တည်းဖြတ်ပေးလိုက်ပြီး ကျမ်းကြီးတစ်အုပ်လုံး ခြုံပို့လိုက်တယ်။ တစ်လမပြည့်မီအချိန်လောက်မှာ အိုကေတဲ့၊ ကျန်တဲ့အရစ် ငွေပို့ပါတဲ့။ ဒေါ်လာငွေခြောက်ထောင်ကို လေးရစ်လား၊ ခြောက်ရစ်လား မမှတ်မိတော့ပါ၊ အရစ်ခွဲပြီး သွင်းရပါတယ်။ တပည့်ကျော်ကငွေပို့လိုက်တယ်။ မကြာမီ ဒေါက်တာဘွဲ့လက်မှတ်ရောက်လာတယ်။ တပည့်ကျော် ဒေါက်တာဖြစ်လာတယ်။

ဒီလောက်ဆိုရင်ပဲ ဒီစနစ်မှာ အားနည်းချက်တွေ တစ်ပုံတစ်ပင်ကြီးရှိတယ်ဆိုတာ ရှေ့ပိုင်းကတင်ပြခဲ့တဲ့ဆောင်းပါးပါအချက်များနဲ့နှိုင်းယှဉ်ကြည့်ရင် သိသာနိုင်ပါတယ်။ assignment မရှိဘူး၊ presentation တို့၊ seminar တို့၊ discussion တို့မရှိဘူး။ survey တို့၊ interview တို့မပါဘူး။ research ကို စနစ်တကျ ပြည့်ပြည့်ဝဝမလုပ်ရဘူး၊ မသိဘူး။ သက်ဆိုင်ရာပါမောက္ခ၊ ပညာရှင်တွေက ကာယကံရှင်ကိုလူတွေ့မေး၊ ကာကွယ်ဖြေဆိုရတာတွေ(viva voce or defend)လုပ်ရတာမပါဘူး။ အဓိကလိုအပ်ချက်နှစ်ချက်တည်းရယ်။ ဒေါ်လာငွေခြောက်ထောင်နဲ့ တော်ရိလျှော်ရိ ကျမ်းတစ်စောင်။ အင်္ဂလိပ်လိုပြောဆိုဆွေးနွေးရတာတွေမပါတော့ အင်္ဂလိပ်လိုအပြောအဆိုတိုးတက်ဖို့ အခွင့်အလမ်းမရှိ၊ စာအုပ်၊ စာတမ်း၊ ကျမ်းကိုးတွေကျယ်ကျယ်ပြန့်ပြန့်ဖတ်ဖို့မလိုတော့ ဘာသာရပ်ကို လေးလေးနက်နက်၊ နက်နက်ရှိုင်းရှိုင်းမသိ၊ exposure မရ၊ ex-

perience နဲ့ skills မတိုးတက်။ ဒီတော့ ဒေါက်တာဘွဲ့ကြီးရထားပြီး သုတေသန စနစ်တကျအဆင့်မြင့်မြင့်မလုပ်တတ်၊ စာတမ်း၊ အစီရင်ခံစာ စတာတွေကို အင်္ဂလိပ်လိုစနစ်တကျမရေးတတ်၊ presentation ကို အင်္ဂလိပ်လိုဖြောင့်အောင်မတင်ပြတတ်၊ အရှက်ကွဲရ၊ သိက္ခာကျရတဲ့အကြိမ်ပေါင်းက မနည်း။ ဒါတွေအားလုံး ဒေါက်တာဘွဲ့ရစ၊ ခေါ်လိုက်တိုင်း ဒေါက်တာ၊ ဒေါက်တာနဲ့ အခေါ်ခံရတာကို ကြည်နူးအားရ၊ 'တယ်ဟုတ်တဲ့ငါပါလား' လို့လက်မထောင်ခဲ့ဖူးတဲ့ တပည့်ကျော်ကဝန်ခံလို့ သိရ၊ စိတ်မကောင်းဖြစ်ရနဲ့ပေါ့။

အရင်ကတည်းက ကျွန်တော်သုံးသပ်အကဲဖြတ်တာလည်း အဲဒီခြောက်ထောင်တန် ဒေါက်တာဘွဲ့တွေဟာ မြန်မာပြည်တွင်းဒေါက်တာဘွဲ့တွေလောက်အဆင့်ရှိပ့ါမလားဆိုတာပါပဲ။ ပြည်တွင်းဒေါက်တာဘွဲ့တွေလည်း သိပ်မလွယ်၊ သိပ်မချောင်ပါဘူး။ presentation တွေ၊ seminar တွေ မလုပ်မနေရ လုပ်ရတယ်။ လုပ်ပြန်တော့လည်း စိစိညက်ညက်ကျေအောင် ဝေဖန်ထုထောင်းခံရတာတွေလည်း ဒုနဲ့ဒေး။ တချို့တွေ မျက်ရည်ကျ၊ ချုံးပွဲချ ငိုရတာတွေလည်းရှိတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ စည်းကမ်းတင်းပြီး စံသတ်မှတ်ချက်တွေပြည့်မီရေး အရည်အချင်းရှိမှု၊ စံမီမှု အအောင်ပေးစတဲ့လမ်းညွှန်ချက်၊ သတ်မှတ်ချက်တွေကြောင့် ပြည်တွင်း ဒေါက်တာဘွဲ့ရဖို့လည်း တကယ်ကြိုးစားနေရပြီဖြစ်တယ်။ ဒါပေမဲ့ ရှေ့ပိုင်းဆောင်းပါးတွေမှာဖော်ပြခဲ့တဲ့အတိုင်း ပြည်တွင်းနဲ့ပြည်ပအခြေအနေမတူတာတွေကြောင့် ပြည်တွင်းသမားတွေပိုပင်ပန်းနေကြရတာတော့ ကိုယ်တိုင်ပါဝင်ပတ်သက်လာလို့ သိနေရပါတယ်။

ပရိလင်းဝင်ခွင့်စာမေးပွဲ

"ဆရာကြီးရေ. . . ဆရာကြီးရေးနေတဲ့ 'ဘာလဲဟဲ့ဒေါက်တာဘွဲ့' စီးရီးက တက္ကသိုလ်ဆရာ၊ ဆရာမလောက၊ အထူးသဖြင့် ဒေါက်တာဘွဲ့သင်တန်း တက်ဖို့ တာစူနေသူတွေ၊ ပရိလင်းတက်နေသူတွေ၊ ပရိလင်းပြီးလို့ ကျမ်းကြီး ပြုစုဖို့အကြောင်းအရာရှာနေသူတွေ၊ ကျမ်းကြီးပြုစုနေသူတွေကြားမှာ တော် တော်လေးအပြောများနေတယ်၊ ကျွန်တော်တို့အတွက် တကယ်ပဲအကျိုးရှိပါ တယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ကျွန်တော်တို့သိသင့်တာတွေ ဆက်ရေးပေး ပါ၊ ဆန့်တငင်ငင်ကြီးနဲ့တော့ ရပ်မပစ်လိုက်ပါနဲ့"

"တော်တော့ ကိုယ်တော်လေး၊ သိပ်လည်းမြှောက်မနေနဲ့၊ အတော်လေး လည်း ပြောပြီး၊ ရေးပြီးပြီလေ၊ သိချင်တာကျန်သေးလို့လား"

"ကျန်ပါသော်ကော ဆရာကြီးရယ်၊ ဥပမာ-ပရိလင်းက ဘာဖြစ်လို့တက် ရတာလဲ၊ ပရိလင်းမှာ သင်တာတွေ မေးကြည့်တော့လည်း အရင်ကသင်ခဲ့တာ တွေ၊ တတ်ခဲ့တာတွေချည်း ပြန်သင်တာပဲတွေ့ရတယ်၊ ပရိလင်းမပါလို့မရ ဘူးလား"

ပြည်တွင်း ဒေါက်တာဘွဲ့နဲ့နိုင်ငံခြားဒေါက်တာဘွဲ့ ဘာကွာသလဲအစချီတဲ့ မေးခွန်းတွေ စမေးခဲ့တဲ့ ဒေါက်တာဘွဲ့သင်တန်းတက်ဖို့ တာစူနေတဲ့တပည့် ကျော် ဆရာလေးနဲ့ကျွန်တော်တို့ အပြန်အလှန်ပြောဆိုချက်တွေဖြစ်ပါတယ်။

ပရီလင်းမပါလို့မရဘူးလားတဲ့။ ရုတ်တရက်တော့ 'တော်တော် ရေသာခို ဖြတ်လမ်းကလိုက်ချင်တဲ့အကောင်' လို့ စိတ်ထဲတွေးရင်း အပြစ်တင်မိတယ်။ ဒါပေမဲ့ ဒေါက်တာဘွဲ့ သင်တန်းတက်မယ့်လူတစ်ယောက်၊ မဟာဘွဲ့လည်း ရထားပြီးတဲ့သူတစ်ယောက်က ဘာဖြစ်လို့ ပရီလင်းဆိုပြီး စာဟောင်းတွေ ပြန်သင်နေရတာလဲလို့ သူ့အတွေးကိုလည်း အပြစ်တင်ရ ခက်ပြန်တယ်။ ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသားမေးတာမို့လို့ သိသလောက် ပြန်ဖြေရတော့တာပေါ့။

♦ ♦ ♦

ပရီလင်းက အင်္ဂလိပ်လို Preliminary Class or Course ရဲ့အတိုကောက် Prelim: ကိုခေါ်တာဖြစ်ပြီး ဒေါက်တာဘွဲ့သင်တန်းရဲ့အစလို့ဆိုနိုင်ပေမဲ့ ဒီပရီလင်းမတိုင်မီ တစ်ဆင့်ရှိသေးတယ်။ အဲဒါက ပရီလင်းဝင်ခွင့်စာမေးပွဲ (entrance exam:) ဖြစ်တယ်။ အဲဒီဝင်ခွင့် စာမေးပွဲဖြေခွင့်ပြု၊ မပြုဆိုတာ ရှိသေးတယ်။ တက္ကသိုလ်တွေဟာ အဆင့်မြင့်ပညာဘွဲ့တွေပေးတာ၊ သုတေသနတွေလုပ်တာ၊ ပညာရှင်၊ ပညာတတ်တွေမွေးထုတ်ပေးတာ၊ ပညာဘဏ်၊ သုတဘဏ်(power house of knowledge)ဖြစ်တာတွေမှာ ယေဘုယျ တူညီကြပေမဲ့ ပြဋ္ဌာန်းသတ်မှတ်ချက်တွေ၊ စည်းကမ်းကလနားတွေ၊ စံသတ်မှတ်ချက်တွေမှာတော့ မတူဘဲ ကွဲပြားကြပါတယ်။

ကျွန်တော်တက်ခဲ့တဲ့ တိုက်ကြီးတက္ကသိုလ်နဲ့ဆစ်ဒနီတက္ကသိုလ်နှစ်ခုမှာတောင် တစ်ခုနဲ့တစ်ခုမတူကြဘူး။ ဆစ်ဒနီတက္ကသိုလ်မှာ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့စတဲ့ဂုဏ်ထူးဘွဲ့တစ်ခုခုကို အဲဒီတက္ကသိုလ်ကရမယ်၊ ပထမတန်း ပထမအဆင့်၊ ပထမတန်း ဒုတိယအဆင့်တွေနဲ့ အောင်မယ်ဆိုရင် ဝင်ခွင့်ဖြေစရာမလိုတော့ဘဲ ပရီလင်းတိုက်ရိုက်တက်ခွင့်ပြုတယ်။ ဆစ်ဒနီတက္ကသိုလ်က မဟာဘွဲ့ရပြီးသူဆိုရင်တော့ အထူးပြောစရာမရှိဘူးပေါ့။ ဒါပေမဲ့ တခြားဘယ်နိုင်ငံ၊ ဘယ်တက္ကသိုလ်ကလာလာ၊ ဘာဘွဲ့ရခဲ့ရခဲ့ ဝင်ခွင့်ဖြေရတယ်။ အင်မတန်ထူးခြားတဲ့ဖြစ်စဉ်တွေဆိုရင် တစ်ဦးချင်း၊ တစ်ခုချင်းသုံးသပ်ပြီး ဝင်ခွင့်ဖြေဖို့ လို၊ မလို သက်ဆိုင်ရာ ကြီးကြပ်သူပါမောက္ခကဆုံးဖြတ်တယ်။ (သူတို့ဆီမှာက ကြီးကြပ်သူပါမောက္ခကို သင်တန်းမစခင်၊ မဝင်ခင်ကတည်းက ရွေးချယ်ခန့်ထားပေးပါတယ်)ကျွန်တော့်ကိစ္စ ထူးခြားပုံလေးကိုတင်ပြချင်ပါတယ်။ ကျွန်တော် ၁၉၈၆ခုနှစ်၊ ဇွန်လမှာ ကိုလံဘိုစီမံကိန်းပညာသင်ဆုနဲ့

ဆစ်ဒနီတက္ကသိုလ်ရောက်သွားတယ်။ အဲဒီမရောက်ခင် ကျွန်တော် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ မဟာဘွဲ့ရပြီး တိုက်ကြီးတက္ကသိုလ်မှာလည်း ဘွဲ့လွန်သင်တန်းတက်ထားပြီးပြီ။ ဘွဲ့လွန်သုတေသီလက်မှတ်လည်း ရထားတယ်။ ရာထူးကလည်း ရန်ကုန်စီးပွားရေးတက္ကသိုလ်က လက်ထောက်ကထိက၊ လွှတ်တာကလည်း G to G လို့ခေါ်တဲ့အစိုးရချင်းညှိနှိုင်းရွေးချယ်စေလွှတ်ချက်အရ သွားရတာ။ ကျွန်တော့်ကိုယ်ရေးရာဇဝင်(C.V)အသေအချာကြည့်ပြီး ပရီလင်းတန်းတက်ဖို့ ဝင်ခွင့်စာမေးပွဲဖြေဖို့ လို၊ မလိုဆုံးဖြတ်ရခက်နေပုံရတယ်။[နောက်မှသိရတာက ကျွန်တော်ကစီးပွားရေးတက္ကသိုလ်ကဆရာ၊ ဘွဲ့က M.Econ မဟုတ်ဘဲ M.A(Economics) ဖြစ်နေတာတွေ့တယ်။ ပြီးတော့မှ ရန်ကုန်တက္ကသိုလ်၊ ဟိုတုန်းက အင်္ဂလိပ်လို University of Rangoon ကဘွဲ့ရတာဆိုပြီး အထင်ကြီးတယ်။ ပြောရမှာတော့ အားနာပါရဲ့၊ အဲဒီအချိန်က စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်(Institute of Economics, Yangon) ဆိုတာကို ဆစ်ဒနီတက္ကသိုလ်က အသိအမှတ်မပြုခဲ့ဘူး။ အခုတော့မသိပါ။ စနစ်ဟောင်း ရန်ကုန်တက္ကသိုလ် (University of Rangoon)ကိုတော့ အထင်ကြီးတယ်။ အသိအမှတ်ပြုတယ်။ ကံကောင်းချင်တော့ ကျွန်တော်တို့ဝိဇ္ဇာဂုဏ်ထူးတန်းသမားတစ်သိုက်က ရန်ကုန်တက္ကသိုလ်စနစ်ဟောင်းရဲ့နောက်ဆုံးအသုတ်ဖြစ်ခဲ့တယ်။ ၁၉၆၄ ခုနှစ်မှာ တက္ကသိုလ်တွေအထူးပြုအလိုက်ခွဲလိုက်တဲ့အခါ ကျွန်တော်တို့အသုတ်က ဒုတိယနှစ် ဂုဏ်ထူးတန်းကိုစီးပွားရေးတက္ကသိုလ်မှာ စတက်ရတယ်။ ဘွဲ့ရအထိပဲ။ ဒါပေမဲ့ စနစ်ဟောင်း ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ဖြစ်လို့ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်တက်ခဲ့ရပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ ပေးတဲ့ဘွဲ့ကိုယူခဲ့ကြရတယ်။ ဒီနေ့အထိ အမှတ်စာရင်းတောင်းတာကအစ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်မှာ သွားထုတ်ရတယ်။ ဒါကစကားချပ်။]

နောက်ဆုံး ကျွန်တော့်ကြီးကြပ်ပါမောက္ခကကျွန်တော့်ကိုခေါ်တွေ့ပြီး သာမန်အားဖြင့် ကျွန်တော်တို့ကစီးပွားရေးတက္ကသိုလ်ကဘွဲ့ကို အသိအမှတ်မပြုဘူး။ ဒါကြောင့် ဝင်ခွင့်စာမေးပွဲဖြေခွင့်မပြုဘဲ Undergo လို့ခေါ်တဲ့ ဘွဲ့ကြိုနောက်ဆုံးနှစ်သင်တန်းတက်ရမှာဖြစ်တယ်။ အဲဒါအောင်မှ Prelim: ဝင်ခွင့်ဖြေ၊ Prelim: တက်ပေါ့။ ဒါပေမဲ့ ခင်ဗျားရဲ့ C.V မှာပါတဲ့ ထူးခြားချက်တွေကြောင့် ခင်ဗျား Seminar တစ်ခုပေးပါ။ အဲဒီ Seminar ကို အကဲဖြတ်ပြီး

ခင်ဗျားကို ဝင်ခွင့်၊ ဖြေခွင့် ပြုသင့်၊ မသင့်ဆုံးဖြတ်မယ်တဲ့။ ဆိုရှယ်လစ် ပညာ
ရေးစနစ်သစ်ကြောင့် မျက်နှာငယ်လိုက်ပုံများ။ ခင်ဗျားလည်း အချိန်မီပြင်ဆင်
နိုင်အောင် ခင်ဗျားရဲ့ Master Thesis ကိုပဲ Seminar ပေးပါတဲ့။ ဒီတော့မှ
ကျွန်တော်သက်ပြင်းချနိုင်တော့တယ်။

သတ်မှတ်တဲ့နေ့ရက်၊ အချိန်မှာ အများတက်ရတဲ့ Seminar(Public
Seminar)ပေးတယ်၊ ကြိုက်ကြတယ်၊ ကြီးကြပ်ပါမောက္ခကလည်း သဘောကျ
တယ်။ ဒါကြောင့် ပရီလင်းဝင်ခွင့်စာမေးပွဲမဖြေခိုင်းတော့ပဲ ပရီလင်းအတန်းကို
တိုက်ရိုက်တက်ခွင့်ပြုလိုက်ပါတယ်။ ဒီလိုနဲ့ ပရီလင်းတက်ခဲ့ပါတော့တယ်။

ဒါပေမဲ့ ဒီဆောင်းပါးမှာ ပရီလင်းအကြောင်း မတင်ပြ၊ မဆွေးနွေးခင်
နိုင်ငံခြားတက္ကသိုလ်တွေရဲ့ဖွဲ့စည်းပုံ၊ ဆုံးဖြတ်ပုံ၊ လုပ်ကိုင်ပုံ၊ ပါမောက္ခများရဲ့
လုပ်ပိုင်ခွင့်စတဲ့အခြေအနေတွေ၊ အနေအထားတွေအကြောင်း ပထမဦးဆက်
လိုပါတယ်။ ဒါမှလည်း ပညာရပ်အကြောင်း၊ သုတေသနအကြောင်း၊ အဆင့်
အတန်းအကြောင်း၊ အရည်အသွေးအကြောင်းတွေပြောဆိုဆွေးနွေးတဲ့အခါ
ပိုမိုသဘောပေါက်လွယ်အောင်လို့ပါ။

♦ ♦ ♦

သူတို့ဆီက တက္ကသိုလ်တွေဟာ နိုင်ငံပိုင်ဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ဖြစ်ဖြစ်
ကိုယ့်တက္ကသိုလ်အလိုက် ပညာရေး၊ သုတေသန စတဲ့ကိစ္စတွေမှာလွတ်လွတ်
လပ်လပ်ဆုံးဖြတ်လုပ်ကိုင်ခွင့်ရှိတဲ့ autonomous body တွေဖြစ်တယ်။
တက္ကသိုလ်ကို power house of knowledge လို့သတ်မှတ်တယ်။ ပါမောက္ခ
တွေကဘုရားပဲ။ ဝင်ခွင့်ဘယ်လိုသတ်မှတ်မယ်၊ ဘယ်သူတွေကိုဝင်ခွင့်ပေးမယ်၊
ဘယ်မူ၊ ဘယ်စံနဲ့ရွေးမယ်၊ အောင်၊ ကျ ဆုံးဖြတ်မယ်စတဲ့ပညာရေးရာ၊ သုတေ
သနရေးရာကိစ္စအားလုံး(ဆရာ၊ ဆရာမခန့်ထားရေးကိစ္စအပါအဝင်)ကို
တက္ကသိုလ်ပညာရေးအဖွဲ့(University's Academic Board)က ဆုံးဖြတ်တယ်။
ဆုံးဖြတ်တဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်ဆုံးဖြတ်တယ်။ အဲဒီပညာရေး
အဖွဲ့ထဲမှာ ဘာသာရပ်ပါမောက္ခတွေချည်းပါဝင်ပြီး ပံ့ပိုးကူညီဖို့၊ မှတ်တမ်း
တင်ဖို့၊ ငွေကြေးကိစ္စနဲ့ပတ်သက်လာရင် ရှင်းလင်းတင်ပြနိုင်ဖို့ မော်ကွန်းထိန်း၊
ငွေစာရင်းမှူးစတာတွေကိုထည့်ထားပါတယ်။ ဒါပေမဲ့ ပါမောက္ခတွေကို လုပ်ပိုင်
ခွင့်အပြည့်အဝပေးထားတယ်။ ဒါကြောင့် တက္ကသိုလ်ပညာရေးအဖွဲ့ဟာ

တက္ကသိုလ်အာဏာပိုင်အဖွဲ့၊ တက္ကသိုလ်အစိုးရပဲ။ စီမံခန့်ခွဲရေးဘုတ်အဖွဲ့
(Administration Board)ဆိုတာရှိပေမဲ့ ဒီဘုတ်ထဲမှာလည်း ထက်မြက်ပြီး
အရေးပါတဲ့ပါမောက္ခကြီးတွေက ထက်ဝက်မကပါတယ်။ ကျန်တစ်ဝက်ကစီမံ
ဌာနမှူးတွေဖြစ်ပါတယ်။ ဒါပေမဲ့ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ရဲ့အဓိကတာဝန်နဲ့ဦး
တည်ချက်ကပညာရေးအဖွဲ့ရဲ့လုပ်ငန်းဆောင်တာတွေချောမွေ့ပြီး ပညာရည်
အဆင့်မြင့်အောင်ထိန်းသိမ်းရေးမှာ ပံ့ပိုးပေးရတဲ့အခန်း(supporting role)က
ပါဝင်ရပါတယ်။

ပါမောက္ခချုပ်ဆိုတာတော့ သူတို့နိုင်ငံတွေမှာ ပညာရေးထက် နိုင်ငံရေး
ရာထူးတွေဖြစ်တယ်။ ပညာရေးဝန်ကြီးဌာနနဲ့ပေါင်းကူးဆက်စပ်ပေးတာများပြီး
ပညာရေးလုပ်ဆောင်ချက်တွေဝင်စွက်တာ မရှိသလောက်ပဲ။ အခေါ်အဝေါ်
တွေလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံမတူကြပါဘူး။ Rector ဆိုတဲ့ပါမောက္ခချုပ်၊
Pro-Rector ဆိုတဲ့ ဒုတိယပါမောက္ခချုပ်စတဲ့ အခေါ်အဝေါ်တွေ အတော့်ကို
နည်းပါးလာကြပြီဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ ဟိုးအရင်က ချန်ဆယ်လာ
(chancellor) လို့ခေါ်တဲ့ အဓိပတိ၊ (vice-chancellor) ဒုတိယအဓိပတိလို့ခေါ်
ကြတာများတယ်။ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတွေမှာတော့ ချန်ဆယ်လာ၊
ဗိုက်စ်ချန်ဆယ်လာလို့ သုံးနှုန်းခေါ်ဝေါ်ပြီး ဗိုက်စ်ချန်ဆယ်လာဟာ ကျွန်တော်
တို့နိုင်ငံမှာ နားလည်တဲ့ ပါမောက္ခချုပ်ဖြစ်တယ်။ သူကacademic(ပညာရေး)နဲ့
ဆက်စပ်ပတ်သက်သလို စီမံရေးရာတွေကိုလည်း ကြပ်မတ်တယ်။ ဩစတြေးလျ
နိုင်ငံမှာတော့ 'ဩစတြေးလျနိုင်ငံ ဒုတိယအဓိပတိများကော်မတီ' (Australian
Vice-Chancellors Committee-AVCC)ဆိုပြီးဖွဲ့ထားတယ်။ တက္ကသိုလ်
ရေးရာနဲ့ပတ်သက်လာရင် အင်မတန်အရေးပါတဲ့၊ အာဏာလည်းရှိတဲ့ ကော်မ
တီတစ်ရပ်ဖြစ်တယ်။ ဒီကော်မတီက ပညာရေးနဲ့သုတေသနတို့နဲ့ဆိုင်တဲ့မူ
ဘောင်တွေ၊ စံတွေသတ်မှတ်ပေးသလို အငြင်းပွားစရာပေါ်လာရင်လည်း ဖြေ
ရှင်းပေးတယ်။

နောက်မှတ်သားစရာတစ်ခုက ဒီ V.C ခေါ် ဒုတိယအဓိပတိအားလုံးဟာ
တက္ကသိုလ်ပါမောက္ခကြီးတွေထဲကရွေးခန့်တာတွေဖြစ်ပြီး V.C တိုင်းဟာ ပညာ၊
သမ္မာဝါရင့်ပညာရှင်၊ သုတေသီတွေ၊ ဒေါက်တာဘွဲ့ရတွေချည်းပဲ။ ဒါမှ
တက္ကသိုလ်ပညာရေးစနစ်အကြောင်း၊ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်တန်းတွေ၊ ပါရဂူဘွဲ့

ခေါ် ဒေါက်တာဘွဲ့ကိစ္စတွေ၊ သုတေသနကိစ္စတွေစသည်ဖြင့် ပညာရေးနဲ့ သုတေသနကိစ္စအကြောင်းအရာတွေ၊ ဆရာ၊ ဆရာမများရဲ့အခြေအနေတွေ့ သင်ကြားရေး၊ စာအုပ်ပြုစုရေး၊ စာတမ်းပြုစုရေး၊ ပုံနှိပ်ထုတ်ဝေရေးအခြေအနေတွေ၊ စာမေးပွဲကိစ္စ၊ စာစစ်ကိစ္စ အရည်အသွေးမြှင့်တင်ရေးကိစ္စတွေအားလုံးကိုထဲထဲဝင်ဝင်သိကြတယ်။ exposure များကြပါတယ်။ အဓိပတိကိုတော့ များသောအားဖြင့် အာဏာရပါတီနဲ့ပြေလည်သူတွေ သို့မဟုတ် ထောက်ခံသူတွေကို ခန့်တဲ့သဘောရှိတယ်။ သူကရုပ်ပြသဘောရှိပေမဲ့ တက္ကသိုလ်ဂုဏ်ကို မြှင့်တင်ပေးနိုင်မယ့်၊ ဂုဏ်ဆောင်ပေးနိုင်မယ့်အဆင့်ရှိသူတွေကိုသာရွေးခန့်တာများပါတယ်။ ဖြစ်ကတတ်ဆန်းမလုပ်ကြပါဘူး။ များသောအားဖြင့်ဝန်ကြီးချုပ်ဟောင်းတွေ သို့မဟုတ် ပညာအရာမှ နိုင်ငံသိ၊ နိုင်ငံတကာသိကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေကို ရွေးခန့်လေ့ရှိပါတယ်။ တိုကျိုတက္ကသိုလ်အပါအဝင် ဂျပန်နိုင်ငံက တက္ကသိုလ်ကြီးအတော်များများမှာတော့ အဓိပတိလို့မခေါ်ဘဲ ဥက္ကဋ္ဌလို့ခေါ်ပါတယ်။ ကျန်တာတွေတော့တော်တော်များများအတူတူပါပဲ။

ပရီလင်း

ဘယ်လိုနည်းနဲ့တက်ခွင့်ရရ ပရီလင်း စတက်ပြီဆိုရင်ပဲ ဒေါက်တာဘွဲ့ ခရီးစတာပါပဲ။ မိမိစူးစိုက်လေ့လာတဲ့ဘာသာရပ်နဲ့ ဆက်စပ်ဘာသာရပ်တွေ၊ ပရီလင်းပြီးလို့ ကျမ်းကြီးပြုစုဖို့၊ သုတေသနလုပ်ဖို့လိုအပ်မယ့်ဆက်စပ် ဘာသာရပ်တွေကိုပုံမှန်ပို့ချတန်းနဲ့ ရံဖန်ရံခါအလုပ်ရုံဆွေးနွေးတန်း(workshop)တွေကိုတက်ရောက်သင်ယူစေပါတယ်။ ကျွန်တော့်တပည့်ကျော်ပြောသလို စာဟောင်းတွေပြန်သင်တယ်ဆိုတာလည်း တစ်ဝက်တစ်ပျက်သာမှန်တာပါ။ အပြည့်အဝတော့ မမှန်ပါဘူး။ သိပြီးသား၊ တတ်ပြီးသားတွေ ဖြစ်ချင်ဖြစ်မယ်။ အကုန် မသိသေး၊ မတတ်သေးရင်တောင် ကြားဖူးနားဝရှိတဲ့အကြောင်းအရာတွေများပါတယ်။ ဒါပေမဲ့ တကယ်လိုအပ်လို့တက်ခိုင်းတာတော့အမှန်ပါ။

ပရီလင်းတက်မယ့်သင်တန်းသား၊ သင်တန်းသူတစ်ဦးချင်းကို အသေအချာ စိစစ်မေးမြန်းလေ့လာပြီးမှ တစ်ဦးချင်းအတွက် အမှန်တကယ်လိုအပ်မယ့်ဘာသာရပ်တွေကိုရွေးချယ်ပြီးတက်ခိုင်းတယ်။ မသိမဖြစ် သိရမယ့်ဘာသာရပ်တွေ၊ အနည်းဆုံးအခြေခံလောက်သိရမယ့်ဘာသာရပ်တွေ အားလုံးတက်ခိုင်းပါတယ်။ ဘယ်ဘာသာရပ်တွေကို ပရီလင်းတက်ခိုင်းမလဲဆိုတာကို သက်ဆိုင်ရာဘာသာရပ်ဌာနရှိ Board of Studies လို့ခေါ်တဲ့ပညာရေးဘုတ်အဖွဲ့ကရွေးချယ်သတ်မှတ်ပြဋ္ဌာန်းပေးပါတယ်။ ဒီလိုသတ်မှတ်ပြဋ္ဌာန်းပေးနိုင်ဖို့

အတွက် ဘာသာရပ်ပါမောက္ခတွေက ရွေးချယ်ထောက်ခံတင်ပြပေးရတာပါ။ (သူတို့ဆီမှာက ဘာသာရပ်တစ်ခုစီမှာပါမောက္ခအနည်းဆုံး တစ်ယောက်၊ တချို့ဘာသာရပ်တစ်ခုတည်းမှာပဲ ဘာသာရပ်ခွဲအလိုက် ပါမောက္ခတစ်ဦးစီ ရှိကြပါတယ်။ ဒါကြောင့် ဌာနတစ်ခုတည်းမှာ ပါမောက္ခအနည်းဆုံး ၁၀ယောက် မကရှိတတ်ပါတယ်။ ရှိသမျှ ပါမောက္ခတွေဟာလည်း သူဇောက်ချလေ့လာ ထားရာ ဘာသာရပ်အလိုက် တကယ့်ဒေါင်ဒေါင်မြည် ဂုရုတွေဖြစ်ပါတယ်။)

ဆစ်ဒနီတက္ကသိုလ်ဟာ semester သုံးခုထားရှိတဲ့ တက္ကသိုလ်ဖြစ်တယ်။ ကျွန်တော် semester နှစ်ခုတက်ပြီးတာနဲ့ ကြီးကြပ်သူပါမောက္ခက ရပြီ၊ ဘွဲ့ ကျမ်းကြီးရေးဖို့သုတေသနစလုပ်ဖို့ ပြင်ဆင်တော့လို့ခေါ် ပြောတယ်။ semester နှစ်ခုနဲ့ ပရီလင်းပြီးသွားတာပေါ့။(အများစုက semester သုံးခု၊ တချို့ဆိုရင် semester ငါးခု၊ ခြောက်ခုအထိ တက်ရတာတွေတွေ့ခဲ့ရပါတယ်။) အဲဒီ semester နှစ်ခုမှာ ကျွန်တော် တကယ့်တင်းပြည့်ဝါရင့်ပါမောက္ခ ၁၀ယောက် လောက်နဲ့ သင်ခဲ့ရဖူးပါတယ်။

သူတို့တွေသင်တဲ့ဘာသာရပ်အကြောင်းအရာတွေမှာ နောက်ဆုံးပေါ် သီအိုရီအယူအဆတွေ၊ လက်တွေ့လေ့လာထားမှုတွေအားလုံးပါဝင်ကြလို့ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံပတ်ဝန်းကျင်မှာ စာအုပ်စာတမ်းမလုံလောက်လို့၊ တတ်ကျွမ်းပညာရှင်အလုံအလောက်မရှိလို့၊ တိုင်ပင်ဆွေးနွေးရမယ့်ပညာရှင် အလုံအလောက်မရှိလို့၊ အဲဒီလောက်ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင်မသိနိုင်ပါဘူး။ ပညာရပ်ဆိုင်ရာ ပြဿနာတစ်ရပ်ရပ်ကို ချဉ်းကပ်လေ့လာပုံ၊ သီအိုရီသဘောတရားရဲ့သဘာဝ၊ သီအိုရီကို ဝေဖန်သုံးသပ်ပုံ၊ လက်တွေ့စမ်းသပ်ပုံနဲ့အသုံးချပုံတို့နဲ့ဆိုင်တဲ့ဗဟုသုတလည်း အများကြီးရပါတယ်။

ကျွန်တော့်အတွေ့အကြုံအရပြောရရင်တော့ ပရီလင်းအတန်းတက်ရောက်သင်ကြားစေတာမှာ ဦးတည်ချက်တွေရှိပါတယ်။ အရေးလည်းကြီးပါတယ်။ ပထမအချက်အနေနဲ့ ပရီလင်းမှာ သင်ကြားတဲ့ဘာသာရပ်တွေဟာ မေ့နေမှာစိုးလို့ ပြန်နွှေးတဲ့သဘောသက်သက်မဟုတ်ပါဘူး။ သက်ဆိုင်ရာ ဘာသာရပ်တစ်ခုစီရဲ့နောက်ဆုံးဖြစ်ပေါ် တိုးတက်နေမှုတွေကိုပါ ဖြန့်ဝေပေးလိုတဲ့သဘော၊ သိစေလိုတဲ့သဘောပါပါတယ်။

ဒုတိယအချက်ကတော့ နောက်ပိုင်းမှာပြုစုမယ့်ကျမ်းကြီးအတွက်ရော ကျမ်းကြီးပြုစုဖို့ သုတေသနလုပ်ငန်းအတွက်ပါ အထောက်အကူရအောင်ဖြစ်တယ်။ ဒီဘာသာရပ်တွေပို့ချနေဆဲမှာ ဘယ်ဘာသာရပ်ရဲ့သဘောကဘယ်လိုရှိတယ်၊ သုတေသနလုပ်ရင် သီအိုရီသဘောတရားပိုင်းအတွက် ဘယ်လို အထောက်အကူပြုမယ်စသည်ဖြင့် အလေးအနက်ထားသင်ယူရင် သဘောပေါက်လာမှာဖြစ်ပါတယ်။

တတိယအချက်က ပရီလင်းသင်ရိုး၊ သင်တန်းမှာပင် assignments နဲ့ presentation, seminar, discussionတွေ ပါဝင်နေခြင်းဖြစ်ပါတယ်။ ဒါတွေကို ပြင်ဆင်ဖို့အတွက်လည်းစာဖတ်ရပါတယ်။ စာဖတ်ဖြစ်တယ်၊ အတွေ့အကြုံနဲ့အမြင်တွေဖလှယ်ခွင့်ရတယ်၊ မေးတဲ့မေးခွန်းတွေ၊ ဝေဖန်သုံးသပ်ချက်တွေ၊ သဘောထားအမြင်တွေ စတာတွေကိုလည်းဖြေရ၊ ပြောရနဲ့မိမိအတွက်လည်း အတွေ့အကြုံ ဗဟုသုတတွေရသလို ရင့်ကျက်မှုလည်းရလာတယ်။ တဖြည်းဖြည်းနဲ့ပြည့်ဝလာတယ်။

ဒါကြောင့် ပရီလင်းဆိုတာ ဘာသာရပ်ဟောင်းတွေကိုပြန်နွှေးရုံသက်သက် မဟုတ်ပါဘူး။ နောက်ဆုံးပေါ်ဖြစ်ပေါ် တိုးတက်မှုတွေ၊ အယူအဆသစ်တွေ၊ သီအိုရီသစ်တွေကိုပါ ထပ်မံဖြည့်စွက်ပေးခြင်းဖြစ်တယ်။ စာဖတ်ဖြစ်အောင် ဆွဲဆောင်လာစေတယ်။ မှတ်တမ်းတင်ထားတဲ့ကျမ်းကြီး ကျမ်းခန့်တွေ၊ စာအုပ်စာတမ်းတွေ၊ စာပေတွေရဲ့တန်ဖိုး၊ သုတေသနရဲ့တန်ဖိုးကိုပိုမိုသိလာစေတယ်၊ မြင်လာစေတယ်။ ပရီလင်း(အကြို)ဆိုတဲ့အတိုင်း ရှေ့ဆက်ရမယ့် ကျယ်ဝန်းနက်ရှိုင်းတဲ့ပညာခရီးအစအရေးပါပုံနဲ့တန်ဖိုးကြီးမားပုံသိလာစေတာပါ။

ပရီလင်းမှာလည်း ကျွန်တော်တို့ပတ်ဝန်းကျင်နဲ့သူတို့ပတ်ဝန်းကျင် မတူတာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တကယ်ပေါက်မြောက်တတ်ကျွမ်းတဲ့ပညာရှင်မလုံလောက်ပါဘူး။ ပရီလင်းမှာသင်တဲ့ ဆရာ၊ ဆရာမအတော်များများကလည်း ဒေါက်တာဘွဲ့ရတွေမဟုတ်၊ ဒေါက်တာဘွဲ့မရလည်း စာဖတ်အင်မတန်ဝါသနာကြီးပြီး စာသိပ်ဖတ်မယ်၊ သုတေသနတွေလုပ်မယ်၊ exposure တွေရှိမယ်ဆိုရင်လည်း မဆိုးပါဘူး။ အခုတော့ စာဖတ်လည်း မသန်၊ ဖတ်လည်းမဖတ်၊ သုတေသနလည်း မည်မည်ရရမလုပ်ဆိုတော့ ပရီလင်းမှာ သင်သာသင်နေရတယ်၊ သင်တဲ့အကြောင်းအရာက အဟောင်း

တွေ၊ နောက်ဆုံးပေါ်ဖြစ်ပေါ်တိုးတက်မှုတွေ မပါဝင်၊ သင်ပြန်တော့လည်း အင်္ဂလိပ်လိုက အိုးနင်းခွက်နင်းဆိုတော့ ပရီလင်းရဲ့အနှစ်သာရပျောက်နေသလိုပဲပေါ့။

ဘာပဲဖြစ်ဖြစ် ပရီလင်းမှာသင်တဲ့စာတွေဟာ အခြေခံတွေဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ လိုအပ်တယ်။ အရေးကြီးတာက ပို့ချသူတွေဘက်က အစွမ်းကုန်ဝီရိယစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရမယ်။ ဘာသာရပ်ရဲ့နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုတွေကိုသိရမယ်။ သင်တန်းသား၊ သင်တန်းသူတွေကို ပြည့်ပြည့်စုံစုံသင်ကြားပေးနိုင်ရမယ်။ ခေါင်းစဉ်ကြီး လေး၊ ငါးပုဒ်လောက် ရွေးသင်၊ အဲဒါကိုပဲမေး၊ အဲဒါပဲဖြေပြီး အောင်တာမျိုးမဖြစ်သင့်ဘူး။ သင်တန်းသား၊ သင်တန်းသူတွေကပိုပြီး တာဝန်ရှိတယ်။ များများဖတ်ရ၊ မှတ်ရမယ်၊ နာနာဖတ်ရမယ်။ သိချင်၊ တတ်ချင်၊ လိုချင်စိတ်နဲ့လေ့လာရမယ်။ စာကြည့်တိုက်မှာတင် အချိန်တော်တော်များများရှိနေ၊ ဖတ်နေရမယ်။ စာကြည့်တိုက်ဘက်ကလည်း တတ်နိုင်သရွေ့ စာအုပ်စာတမ်းအကိုးအကားတွေ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်ထားရှိပေးနိုင်ရမယ်။ စာကြည့်တိုက်ဖွင့်ချိန်တွေကို စာသင်သားတွေအဆင်ပြေအောင် စာသင်သားအကျိုးအတွက် ညှိနှိုင်းသတ်မှတ်ဖွင့်ထားပေးဖို့လိုပါမယ်။ 'အကန့်အသတ်' ဆိုတာတော့ ဘယ်မှာမဆို၊ ဘယ်လိုကိစ္စမှာမဆို ရှိကြမှာပါ။ ဒါတွေကြောင့် ပညာရေးရဲ့အရည်အသွေးကို ထိခိုက်ကျဆင်းသွားစေတာမျိုးမဖြစ်သင့်ပါဘူး။

ဘွဲ့ကျမ်းကြီးအတွက် ခေါင်းစဉ်ရွေးချယ်ရေး

ပရီလင်းဖြေဆိုအောင်မြင်ပြီဆိုရင် ဘွဲ့ကျမ်းကြီးရေးသားပြုစုဖို့ ဦးတည်တဲ့ သုတေသနလုပ်ငန်းကြီး စတင်ရတော့မှာဖြစ်ပါတယ်။ သုတေသနဆိုတာလုပ်ငန်းအဆင့်တစ်ဆင့်မဟုတ်ပါ။ လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပါတယ်။ အထူးသဖြင့် ဒေါက်တာဘွဲ့အတွက် ဦးတည်လုပ်ကိုင်ရတဲ့သုတေသနလုပ်ငန်းဟာပေါ့သေးသေးလုပ်ငန်းစဉ်မဟုတ်ပါ။ သီအိုရီသဘောတရားရော လက်တွေ့အသုံးချပိုင်းပါ နှစ်မျိုးစလုံးအကျုံးဝင်ပြီး နှစ်မျိုးစလုံးကို ကျေညက်ပိုင်နိုင်အောင် မွှေနှောက်လေ့ကျင့်၊ လေ့လာရတဲ့သဘောရှိပါတယ်။

ပရီလင်းအောင်မြင်ပြီး သုတေသနလုပ်ငန်းစတင်တော့မယ့် ဒေါက်တာဘွဲ့သင်တန်းသား၊ သင်တန်းသူတွေ အဦးဆုံးကြုံရတဲ့အခက်အခဲကတော့ 'ဘာအကြောင်းရေးရမလဲနော်၊ ဘာခေါင်းစဉ် ရွေးရမလဲနော်၊ စိတ်ညစ်လိုက်တာ' စတဲ့ သုတေသနခေါင်းစဉ်ရွေးချယ်ရေးပြဿနာ၊ မရွေးခင်၊ မရေးခင် စိတ်ညစ်ပါတယ်ဆိုတဲ့ပြဿနာပါပဲ။ စာတကယ်ဖတ်တဲ့ သင်တန်းသား၊ သင်တန်းသူတွေအတွက်တော့ ရွေးချင်စရာ၊ ရေးချင်စရာတွေများလွန်းလို့ ဘာရွေးရမှန်းမသိအောင်ဖြစ်ရတာတွေ ကြုံရပါတယ်။ များများဖတ်တော့ များများသိလာသလို နောက်ထပ်သိချင်တာတွေ ပိုတွေ့လာမယ်။ ဒါက ဘာကြောင့်ဒီလိုဖြစ်ရတာလဲ၊ ဟိုလိုဘာကြောင့်မဖြစ်ရတာလဲ စသည်ဖြင့် စူးစမ်းလိုစိတ်တွေဖြစ်

လာမယ်။ အခြားပညာရှင်တွေ၊ သုတေသီတွေ ရေးသားပြုစုထားတာတွေ များများဖတ်လာရင် ဒီငြင်းချက်ကဟုတ်ပါ့မလား၊ ဟောဒီ အခြေအနေတွေ၊ မှတ်ယူချက်တွေနဲ့ စဉ်းစားရင် ဒီလိုကော မဖြစ်နိုင်ဘူးလားစတဲ့ စောဒကတွေ၊ ငြင်းချက်တွေ ထုတ်ချင်လာမယ်။ တွေ့ရှိထားချက်တစ်ခုခုကို ဆက်လက်လေ့လာဆန်းစစ်သုံးသပ်သက်သေထူပြီး တိုးချဲ့ခြင်းဟာလည်း သုတေသနပဲ။ အဲဒီလို တိုးချဲ့တွေ့ရှိတာတွေကို ကျမ်းတစ်စောင်ရေးတင်ပြီးလည်း ဘွဲ့ရနိုင်တာပဲ။ တွေ့ရှိထားချက်တစ်ခုခုကို မမှန်ဘူးလို့ အထောက်အထားနဲ့အခိုင်အမာ သက်သေထူငြင်းချက်ထုတ်ပြီး ဖြိုဖျက်၊ ငြင်းချက်အသစ်ဖော်ထုတ်ပေးနိုင်ရင်လည်း သုတေသနပဲ၊ ဒေါက်တာဘွဲ့ရနိုင်တဲ့ ကျမ်းကြီးဖြစ်လာနိုင်တာပဲ။ ဘယ်သူ့ကိုမှလည်း မထောက်ခံဘူး၊ ဘယ်သူ့ကိုမှလည်း မကန့်ကွက်မငြင်းဆိုဘူး၊ မိမိကိုယ်တိုင်လမ်းကြောင်းအသစ်ထွင်ရင်လည်းရတာပဲ။ ဒါပေမဲ့ ခိုင်လုံဖို့၊ ရေပက်မဝင်အောင်ပြည့်စုံဖို့တော့ ခက်ခဲမှာသေချာတာပေါ့။ မိမိတွေးတဲ့၊ ရေးတဲ့ အကြောင်းအရာ၊ မိမိအရင်က ဘယ်သူမှ မတွေး၊ မရေးရသေးဘူးဆိုတာကို မိမိဘက်ကမနှံ့စပ်လို့ဖြစ်နေနိုင်တယ်လေ။ အဲ. . . စာဖတ်အားနည်းတဲ့ သင်တန်းသား၊ သင်တန်းသူတွေအဖို့တော့ စောစောကပြောခဲ့တာတွေ သိပ်သိမှာမဟုတ်ဘူး။ ဘာမှသိပ်မသိတော့ ဘာလုပ်လို့ လုပ်ရမှန်းလည်းမသိတော့ဘူးပေါ့။

တကယ်တော့ သုတေသနခေါင်းစဉ် မရွေးမီ မိမိကဘယ်လိုသုတေသနမျိုးလုပ်ချင်တာလဲဆိုတာ အရင်စဉ်းစားရမယ်။ အမျိုးအစားအနေနဲ့အဓိကအားဖြင့်သုတေသနအမျိုးအစားအုပ်စုကြီးသုံးစုရှိပါတယ်။

(၁) ဦးတည်ချက်အခြေပြုပြီးလုပ်ကိုင်တဲ့ သုတေသနမျိုး(Research according to purpose)

(၂) နည်းနိသရည်း အခြေပြုသုတေသနမျိုး(Research according to method)

(၃) စာရင်းအင်းပါဝင်မှု အခြေပြုသုတေသနမျိုး(Research according to statistical content)တို့ဖြစ်ကြပါတယ်။

အဲဒီတစ်မျိုးစီကို ထပ်ပြီးအများကြီး ခွဲစိတ်ထားတာရှိပါတယ်။ ဦးတည်ချက် အခြေပြုသုတေသနအမျိုးအစားအောက်မှာ-

(က) အခြေခံသုတေသန(Basic Research)

(ခ) အသုံးချသုတေသန(Applied Research)

(ဂ) အကဲဖြတ်သုတေသန (Evaluation Research)

(ဃ) လမ်းညွှန်သုတေသန(Action or Directive Research)နဲ့

(င) သုတေသနနှင့်ဖွံ့ဖြိုးရေး (Research and Development)တို့ရှိကြပါတယ်။

နည်းနိသရည်း အခြေပြုသုတေသန အမျိုးအစားအောက်မှာတော့-

(က) သမိုင်းကြောင်းဆိုင်ရာသုတေသန(Historical Research)

(ခ) ရှင်းလင်းသရုပ်ဖော်သုတေသန(Descriptive Research)

(ဂ) အကြောင်းအကျိုးဆက်စပ်မှုသုတေသန(Correlational Research)

(ဃ) စမ်းသပ်မှုသုတေသန(Experimental Research)တို့ရှိကြပါတယ်။

စာရင်းအင်းပါဝင်မှုအခြေပြုသုတေသနအမျိုးအစားမှာတော့-

(က) အရေအတွက်ဆိုင်ရာသုတေသန (Quantitative Research)နဲ့

(ခ) အရေအတွက်နှင့်မဆိုင်သောသုတေသန(Non-Quantitative Research) သို့မဟုတ် အရည်အသွေးဆိုင်ရာ သုတေသန-(Qualitative Research)လို့လည်းခေါ်ဆိုပြီး အဓိကနှစ်မျိုးရှိပါတယ်။

အဲဒီအမျိုးအစားပေါင်းများစွာထဲက မိမိ ဘယ်အမျိုးအစားကိုရွေးမလဲဆိုတာ ဆုံးဖြတ်ရမှာဖြစ်တယ်။ ဘယ်အကြောင်းအရာ၊ ဘယ်အမျိုးအစားကိုရွေးရွေး ရွေးတဲ့ခေါင်းစဉ်၊ အကြောင်းအရာဟာ အောက်ပါအခြင်းအရာ သုံးရပ်နဲ့ပြည့်စုံဖို့လိုပါမယ်။

(၁) သုတေသနပြုလုပ်နိုင်စွမ်းရှိတဲ့(ဝါ) သုတေသနပြုလုပ်လောက်တဲ့ အကြောင်းအရာ၊ ပြဿနာဖြစ်ရမယ် (The issue must be researchable)

(၂) သီအိုရီသဘောတရားအရဖြစ်စေ၊ လက်တွေ့ဖြစ်စေ အရေးပါသော အကြောင်းအရာ၊ ပြဿနာဖြစ်ဖို့လိုမယ် (The issue has theoretical or practical significance)

(၃) လက်ရှိ(တည်ဆဲ)နည်းပညာ၊ နည်းလမ်း၊ ကိရိယာတန်ဆာပလာ အရင်းအမြစ်များသုံးစွဲဖြေရှင်းနိုင်တဲ့အကြောင်းအရာ၊ ပြဿနာဖြစ်ရမယ်။ (An issue solvable with the existing resources in terms of technical know-

how and equipment)

စာမဖွဲ့လောက်တဲ့အကြောင်းအရာ၊ ပြဿနာ၊ သီအိုရီအရဖြစ်စေ လက်တွေ့အရဖြစ်စေ၊ဘာမှအရေးမပါတဲ့အကြောင်းအရာ၊ ပြဿနာ၊ မြန်မာနိုင်ငံမှာနေပြီး သုတေသနလုပ်မယ်ဆိုရင် လတ်တလော မြန်မာနိုင်ငံမှာ မရှိ မရနိုင်တဲ့စာအုပ်စာတမ်း၊ စက်ပစ္စည်း၊ ကြီးကြပ်သူရှာမရနိုင်တဲ့ဘာသာရပ်စတာတွေနဲ့သက်ဆိုင်မယ့်အကြောင်းအရာ၊ ပြဿနာမျိုးတွေကိုရွေးချယ်မယ်ဆိုရင် လတ်တလော မြန်မာနိုင်ငံအတွက် အကျိုးမပြုနိုင်သလို သုတေသီအတွက်လည်း အကျိုးမရှိနိုင်ပါဘူး။

ဒါကြောင့် ဖော်ပြခဲ့တဲ့အချက်သုံးချက်နဲ့ကိုက်ညီပြီး လက်တွေ့လုပ်ကိုင်တဲ့အခါ အခက်အခဲ နည်းနိုင်သမျှနည်းအောင်၊ ထိရောက်မှု၊ အောင်မြင်မှုရှိအောင် အောက်ပါအချက်၆ချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုပါမယ်။

(၁) သုတေသနပြုမယ့်အကြောင်းအရာနဲ့ပတ်သက်ရင် မိမိမှာ အခြေခံရှိ၊ မရှိ။

(၂) သုတေသနပြုမယ့်အကြောင်းအရာနဲ့ပတ်သက်ရင် မိမိကဝါသနာပါ၊ မပါ၊ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး လုပ်နိုင်၊ မလုပ်နိုင်(dedication)။

(၃) အထောက်အထား အလုံအလောက် ရှိ၊ မရှိ ရနိုင်၊ မရနိုင်။ (ဒါနဲ့ပတ်သက်လို့ ကျမ်းပြုသုတေသနဟာ မူလအထောက်အထား(primary data/source) ရရှိနိုင်ဖို့အရေးကြီးပါတယ်။ တစ်ဆင့်ခံအထောက်အထား(secondary data/source)သာ ရမယ်ဆိုရင်တော့ ကျမ်းပြုသုတေသနလုပ်လို့မဖြစ်ပါဘူး။ အကြောင်းကတော့ တစ်ဆင့်ခံဆိုကတည်းက မိမိရှာဖွေဖော်ထုတ်ထားချက်များမဟုတ်ဘဲ အခြားတစ်ဦးဦးကရှာဖွေဖော်ထုတ်ထားချက်တွေဖြစ်တယ်။ ဒါကြောင့် ရှာဖွေဖော်ထုတ်ချက်ဟာ မိမိရဲ့မူပိုင်၊ ကိုယ်ပိုင်မဟုတ်တော့ဘူးပေါ့။ ကျမ်းကြီးကိုလက်ခံဖို့လိုအပ်ချက်တွေထဲမှာ ကိုယ်ပိုင်တွေ့ရှိချက်(ဝါ)မူရင်းတွေ့ရှိချက်(ဝါ)တွေ့ရှိချက်အသစ်ဖြစ်ရမယ်ဆိုတာ ပါနေလို့ပါ။)

(၄) အထောက်အထားတွေကို လက်လှမ်းမီ၊ မမီ။ (အထောက်အထားရနိုင်တဲ့နေရာ၊ ဇာစ်မြစ် ဖြစ်စေကာမူ အဲဒီနေရာ၊ ဇာစ်မြစ်ကို သွားခွင့်မရှိ၊ သွားခွင့်ရှိစေကာမူ ဖတ်ခွင့်မရှိ၊ ကြည့်ခွင့်မရှိ၊ ကူးယူခွင့်မရှိရင် လက်လှမ်းမမီဘူးလို့ဆိုပါတယ်။)

(၅) (လိုအပ်ပါက) ကွင်းဆင်းလေ့လာနိုင်ခြင်း ရှိ၊ မရှိ။ (အချို့အကြောင်း

အရာတွေဟာ မှတ်တမ်း၊ စာအုပ်စာတမ်း၊ ရုံး၊ ဌာနတွေက စာရင်းအင်းတွေကြည့်ရုံ၊ လေ့လာရုံနဲ့မလုံလောက်လို့ကွင်းဆင်းလေ့လာဖို့ စာအုပ်စာတမ်းပါအချက်အလက်တွေကို သေချာ၊ မသေချာစစ်ဆေးဖို့၊ ကွင်းဆင်းဖို့ လိုအပ်လာရင် လက်တွေ့ကွင်းဆင်းလေ့လာနိုင်ခြေ ရှိ၊ မရှိကလည်းအရေးကြီးပါတယ်။)

(၆) သတ်မှတ်ချိန်အတွင်း ပြီးနိုင်၊ မပြီးနိုင်။ (ဘွဲ့ရဖို့ လိုအပ်ချက်အနေနဲ့တင်ပြရမယ့် ကျမ်းကြီးပြုစုဖို့ဦးတည်ပြီး ပြုလုပ်ရတဲ့သုတေသနဖြစ်လို့ သတ်မှတ်ကာလအတွင်းပြီးဖို့ အင်မတန်အရေးကြီးပါတယ်။ သတ်မှတ်ကာလတိုးချဲ့ပေးဖို့လျှောက်ခွင့်ရှိပေမဲ့ အင်မတန်မသေချာ၊ မရေရာတဲ့ကိစ္စပါ။) ဒါကြောင့် သတ်မှတ်ချိန်အတွင်း ပြီးရမယ့်အခြေအနေမျိုးမှာတော့ အောက်ပါအကြောင်းအရာမျိုးတွေမရွေးမိဖို့လိုပါမယ်။

(၁) အငြင်းအခုံများတဲ့အကြောင်းအရာနဲ့ အငြင်းပွားစေမယ့်အကြောင်းအရာများ(controversial issues)

(၂) အလွန်ရှုပ်ထွေးခက်ခဲတဲ့အကြောင်းအရာများ(complicated issues)

(၃) အရေးမပါ၊ စိတ်ဝင်စားဖို့မကောင်းတဲ့အကြောင်းအရာများ(irrelevant issues)

(၄) စုံစမ်းရှာဖွေဖို့ခက်ခဲတဲ့အကြောင်းအရာများ(issues difficult for queries)

(၅) ကျယ်ပြန့်လွန်းတဲ့အကြောင်းအရာများ(too broad issues)

(၆) ကျဉ်းမြောင်းလွန်းတဲ့ အကြောင်းအရာများ(too narrow issues)

(၇) မရေရာတဲ့အကြောင်းအရာများ (uncertain issues)

(၈) ပဋိပက္ခနှိုးဆွစေမယ့်အကြောင်းအရာများ(issues that can arouse conflicts)

ဒီရှောင်သင့်တဲ့အချက်တွေကိုသတိပြုရှောင်ရှားပြီး ခေါင်းစဉ်တွေ့ပြီဆိုရင်တောင် အောက်ပါအချက်သုံးချက်ကို ကြိုတင်စဉ်းစားသတ်မှတ်ထားနိုင်ရင် ပိုသင့်မြတ်ပါတယ်။

(၁) အကျယ်အဝန်းဘောင် သတ်မှတ်တဲ့ကိစ္စက ပထမအချက်ပါ။

မိမိလေ့လာမယ့် အကြောင်းအရာကို ဘယ်လောက်ချဲ့မယ်၊ ဘယ်လောက်ချုံ့မယ်၊ ဘယ်ဘောင်ထဲက ရေးမယ်စတဲ့ ဘောင်ခတ်ကန့်သတ်ထားဖို့ လိုပါမယ်။ ဒါက ရေးတဲ့အခါရော ကျမ်းကြီးကို အစစ်ဆေးခံတဲ့အခါမှာ အင်မတန်

အသုံးဝင်ပါတယ်။

(၂) ဦးတည်ရည်ရွယ်ချက်သတ်မှတ်ရေးကဒုတိယအချက်ပါ။

ဘယ်အချက်၊ ဘယ်သဘောတရား၊ ဘယ်မူဝါဒကို မီးမောင်းထိုးမယ်၊ ရှေ့တန်းတင်မယ်၊ ထင်ရှားစေမယ်၊ တည်တံ့စေမယ်စတာတွေကို သတ်မှတ်ထားဖို့လိုပါမယ်။

(၃) ဦးတည်ပရိသတ်ကိုသိဖို့က နောက်ဆုံးအချက်ပါ။

မိမိပြုစုတဲ့ကျမ်းကြီးဟာ ဘယ်ပုဂ္ဂိုလ်တွေကိုဦးတည်သလဲ။ အများပြည်သူ၊ စိတ်ဝင်စားသူ၊ မူဝါဒချမှတ်သူ၊ ပညာရှင်၊ စာစစ်သူစတဲ့ပုဂ္ဂိုလ်တွေထဲက ဘယ်သူ့ကိုရည်ရွယ်သလဲ၊ ဘယ်သူ့ကို ဦးတည်သလဲ၊ ဘယ်သူ့ကိုသိစေချင်တာလဲ၊ မိမိဦးတည်တဲ့ပုဂ္ဂိုလ်တွေ(ပရိသတ်များ)အတွက်နဲ့ လိုက်ဖက်တဲ့အဆင့်၊ သဘောတွေပေါ် အခြေခံရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မိမိရဲ့အနီးကပ်ဆုံး ဦးတည်ပရိသတ်က စာစစ်ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာ မမေ့စေချင်ပါ။ စာစစ်ပုဂ္ဂိုလ်များလက်ခံနိုင်တဲ့အဆင့်ဖြစ်ဖို့ ဦးတည်ရမယ်ဆိုတာ မှတ်ထားဖို့လိုပါမယ်။

ဒီလောက်ဆိုရင် ကျမ်းကြီးပြုစုဖို့ ဦးတည်ခေါင်းစဉ်၊ အကြောင်းအရာ၊ ပြဿနာရွေးလို့ရပါပြီ။ ဒါပေမဲ့ မိမိရွေးတဲ့ခေါင်းစဉ်၊ အကြောင်းအရာ၊ ပြဿနာအပယ်မခံရဖို့ ကြီးကြပ်သူနဲ့တိုင်ပင်ညှိနှိုင်းပြီးမှရွေးတာ ပိုကောင်းပါတယ်။ နိုင်ငံခြားတက္ကသိုလ်ကြီးတွေမှာတော့အဲဒီတက္ကသိုလ်ဝင်ဖို့မှတ်ပုံတင်လိုက်ကတည်းက ကြီးကြပ်သူ(supervisor)ရွေးချယ်ခန့်ထားပေးပြီးဖြစ်ရုံမက ဘာသာရပ်ကို နှံ့စပ်ကျွမ်းကျင်သူတွေလည်းဖြစ်ကြတယ်။ ဒါကြောင့် ကြီးကြပ်သူနဲ့တိုင်ပင်ညှိနှိုင်းရတာ မိမိအတွက် သိပ်ကိုအကျိုးရှိပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီအချက်မှာ အားနည်းချက်ကြီးမားပါတယ်။ အထူးပြုဘာသာ၊ သုတေသနလုပ်မယ့်အကြောင်းအရာနဲ့ပတ်သက်ပြီး နှံ့စပ်ကျွမ်းကျင်သူမလုံလောက်ရုံမက ကြီးကြပ်သူခန့်ထားပေးဖို့အချိန်လည်း သိပ်ကြန့်ကြာတတ်လို့ အလုပ်မတွင်တာ၊ သင်တန်းသား၊ သင်တန်းသူဘက်က နစ်နာတာတွေရှိပါတယ်။ ဒါကြောင့် ဒေါက်တာဘွဲ့အစီအစဉ်မှာ ဒီအချက်ကို အလေးပေး၊ ဦးစားပေးဆောင်ရွက်ဖို့၊ ပြင်ဆင်ဖို့လိုအပ်နေတာ အမှန်ပါပဲ။

ကြီးကြပ်သူ

ဒေါက်တာဘွဲ့ စာသင်သားတစ်ဦးကို သေစေ၊ ရှင်စေနိုင်သူ တစ်ဦးကတော့ supervisor လို့ခေါ်တဲ့ကြီးကြပ်သူဖြစ်ပါတယ်။ ကျွန်တော်ကြုံခဲ့ဖူးတဲ့နိုင်ငံခြားတက္ကသိုလ်တွေက ကြီးကြပ်သူများနဲ့ကျွန်တော်တို့နိုင်ငံကကြီးကြပ်သူများဟာ အခြေခံကစပြီး ကွဲပြားချက်တွေအများကြီးရှိပါတယ်။ ပထမဆုံးက အခေါ်အဝေါ်။ ကျွန်တော်ကြုံဖူး၊ ကြားဖူးသမျှတော့ ကြီးကြပ်သူကို supervisor လို့ခေါ်ကြတယ်။ စာစစ်သူကို examiner, ပြင်ပစာစစ်သူကို external examiner လို့ခေါ်ကြတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ကြီးကြပ်သူကို promoter တဲ့။ ပြီးတော့ referee ဆိုတဲ့ နာမည်နဲ့စာစစ်အဖွဲ့ဝင်တစ်ဦးရှိသေးတယ်။ ကျွန်တော်ပဲ မနှံ့စပ်တာလို့ယူဆပါတယ်။ မကြားဖူးတာတော့အမှန်ပဲ။ ကမ္ဘာ့စီးပွားရေးဖိုရမ်(World Economic Forum) က ကမကထပြု ကျင်းပခဲ့တဲ့အရှေ့အာရှ-ဥရောပ ထိပ်သီးစီးပွားရေးဆွေးနွေးပွဲတစ်ခုမှာ မြန်မာနိုင်ငံ စီးပွားရေးစာတမ်းတင်ပြဖို့ ကျွန်တော်ဟာ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်လိုက်ပါပြီး စာတမ်းတင်ပြခွင့်ရခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကြီးကိုဖွင့်တဲ့မိန့်ခွန်းကို သက်ဆိုင်ရာခေါင်းဆောင်တစ်ဦးက အဖွင့်မိန့်ခွန်းပြောပြီးတာနဲ့ 'မြန်မာဆီမီနာ' (Myanmar Seminar) စခဲ့တာပါ။ တစ်နည်းအားဖြင့် ထိပ်သီးအစည်းအဝေးကို Myanmar Seminar နဲ့ဖွင့်ခဲ့တာဆိုရင်

မများပါဘူး။ တက်ရောက်သူတွေထဲမှာလည်း သက်ဆိုင်ရာနိုင်ငံအသီးသီးက ဝန်ကြီးနဲ့ဝန်ကြီးချုပ်တွေနဲ့ ဘုရင်နှစ်ဦး၊ သုံးဦး၊ IMF, ADB, EC စတဲ့ အဖွဲ့အစည်းက တာဝန်ရှိသူတွေနဲ့ပညာရှင်တွေ၊ တက္ကသိုလ်ကြီးပေါင်းများစွာက ပါမောက္ခတွေ (ပါမောက္ခချုပ်မပါ)၊ ဂျော့ဆိုရို့စ်ကဲ့သို့ လုပ်ငန်းရှင်သူဌေးကြီးတွေ၊ သတင်းဌာနပေါင်းစုံက သတင်းထောက်တွေ စတဲ့ဂရိတ်ကြီးတွေ တက်ရောက်ကြလို့ တင်ပြချိန်၊ တင်ပြမည့်ပုံစံ၊ ပြောဆိုသုံးနှုန်းမှုကအစ အတိမ်းမခံ၊ အကျော်မခံနိုင်ဘူး၊ အားလုံးမူကိုက်၊ ချိန်ကိုက်ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် ညှိနှိုင်းသူ moderator ဆိုပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့ကငှားရမ်းထားတဲ့ ဒီလိုပွဲမျိုးတွေ အတွေ့အကြုံရှိသူ ဂုရုကြီးတွေက ကြိုတင်ညှိနှိုင်းပေးတာကြုံခဲ့ဖူးပါတယ်။ ပြီးတော့ မြန်မာနိုင်ငံကိုလာရောက် ရင်းနှီးမြှုပ်နှံဖို့ စီးပွားရေးမြှင့်တင်ရေးဆွေးနွေးပွဲ(Business Promotion Seminar)တစ်ပွဲမှာလည်း အလားတူအဖြစ်မျိုး ကြုံခဲ့ဖူးပါတယ်။ moderator လို့ပဲခေါ်တယ်။ တချို့က promoter လို့ ခေါ်တာကြားခဲ့ပါတယ်။ Thesis Supervision မှာတော့ supervisorသာ ကျွန်တော်ကြားဖူးတယ်။ supervisor, examiner (internal ရော external ပါ)လုပ်ခဲ့ဖူးလို့ အဲဒီအကြောင်းတွေသိတယ်။ ဒါပေမဲ့ referee ဆိုတာတော့ တစ်ခါမှမလုပ်ဖူး၊ မကြားဖူးပဲ ဒီမှာ referee တာဝန်တစ်ခါယူရတော့ ရုတ်တရက်ဘာလုပ်ရမှန်းမသိဘူး။ အလားတူ referee တာဝန်ယူခဲ့ရဖူးသူတွေကို လက်တို့မေးကြည့်တော့ သူတို့လည်း ရေရေရာရာ၊ တိတိကျကျမသိဘူး။ ကျွန်တော့် အထင်ပြောရရင်တော့ 'အကဲဖြတ်ဒိုင်' တော့မဖြစ်တန်ကောင်းပါဘူး။ အတွင်းစာစစ်၊ ပြင်ပစာစစ်တွေက အကောင်းဆုံး အကဲဖြတ်တွေပဲလေ။ ကျွန်တော့်အမြင်အရတော့ ကျွန်တော်ကြုံခဲ့ဖူးတဲ့ moderator ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် moderator နဲ့အနီးစပ်ဆုံး တူမယ်ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မယဉ်ပါး၊ မသိကျွမ်းသေးတဲ့ရာထူးတာဝန်နဲ့ အလုပ်တွေအတွက်ဆိုရင် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်(ဝါ)အလုပ်တာဝန်သတ်မှတ်ချက်လောက်တော့ ယေဘုယျကျကျဖြစ်ဖြစ် ဖော်ပြပေးသင့်တယ်။ ဒေါက်တာဘွဲ့ကျမ်းကြီးစစ်ဆေးမှုမှာ ထိရောက်မှုရှိဖို့နဲ့ ဒေါက်တာဘွဲ့စာသင်သား နစ်နာမှုမရှိဖို့အတွက်ဖြစ်ပါတယ်။

ဒုတိယကွာခြားချက်က ကြီးကြပ်သူ ခန့်အပ်တာဝန်ပေးပုံဖြစ်ပါတယ်။

နိုင်ငံခြားတက္ကသိုလ်တွေမှာ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူတစ်ဦးဦး (အထူးသဖြင့် ဒေါက်တာဘွဲ့ကျောင်းသား၊ ကျောင်းသူတစ်ဦးဦး)သက်ဆိုင်ရာ ဘွဲ့လွန်တန်းကိုဝင်ခွင့်မရမီ အဲဒီတက္ကသိုလ်ဘွဲ့လွန်တန်းတက်ရောက်သင်ကြားခွင့်နဲ့အတူ ကြီးကြပ်သူဘယ်သူ၊ ဘယ်ဝါဆိုပြီး တစ်ခါတည်း၊ တစ်ပါတည်း ခန့်အပ်ပေးလိုက်ပါတယ်။ အဲဒီသက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းတစ်ခုခုကို ဝင်ခွင့်လျှောက်လွှာတင်လိုက်၊ ပို့လိုက်တာနဲ့ ဒီလျှောက်လွှာရှင်လိုချင်တဲ့၊ တက်ချင်တဲ့ အထူးပြုဘာသာရပ်၊ သူ့ဘွဲ့ကျမ်းကြီးအဖြစ် ရေးမယ့်အကြောင်းအရာဆိုင်ရာ ဘာသာရပ်သုတေသနအဆိုပြုလွှာ(Research Proposal)မှာပါတဲ့ ခေါင်းစဉ်တွေကို ထိထိရောက်ရောက်ကြီးကြပ်နိုင်မယ့်သူကို (အဲဒီသက်ဆိုင်ရာနိုင်ငံပညာရေးဝန်ကြီးဌာန သို့မဟုတ် ပညာရေးအဖွဲ့အစည်းကတစ်ဆင့်၊ သက်ဆိုင်ရာပါမောက္ခချုပ်ကတစ်ဆင့် သက်ဆိုင်ရာတက္ကသိုလ်ဘာသာရပ် မဟာဌာနမှူးကို ချပေးပြီး)မေးမြန်းစုံစမ်းတယ်။ အထူးသဖြင့် ဒေါက်တာဘွဲ့အတွက်ဆိုရင် တစ်နိုင်ငံလုံးဖြစ်နိုင်ခြေရှိသမျှ တက္ကသိုလ်တွေ အားလုံးကိုပဲမေးရ မေးရမေးတယ်။ တွေ့ပြီဆိုမှ ကြီးကြပ်သူခန့်ပြီး လျှောက်လွှာရှင် ဘယ်တက္ကသိုလ်၊ ဘယ်ဌာန ဝင်ခွင့်ရတယ်၊ ခင်ဗျားရဲ့ကြီးကြပ်သူက ပါမောက္ခဘယ်သူဘယ်ဝါဆိုပြီး တိတိကျကျအကြောင်းပြန်အသိပေးတယ်စသည်ဖြင့် ကျွန်တော်စုံစမ်းမေးမြန်း၊ မှတ်သား၊ ဖတ်မှတ်လေ့လာမှုတွေအရ သိထားပါတယ်။ ကျွန်တော် ဂျပန်နိုင်ငံကို ပညာသင်သွားခဲ့စဉ်က တိုကျိုတက္ကသိုလ်၊ စိုက်ပျိုးရေးဘောဂဗေဒဌာနကိုတက်ရမယ်၊ ကြီးကြပ်သူက ပါမောက္ခဆာဘူရောယာမဒါ၊ တိုကျိုတက္ကသိုလ်မတက်ခင် အိုဆာကာနိုင်ငံခြားဘာသာသင်တက္ကသိုလ်မှာ ၆လ တာမျှ ဂျပန်စာနဲ့စကားသင်ရမယ်။ တိုကျိုတက္ကသိုလ်ဘွဲ့လွန်တန်းဝင်ခွင့်စာမေးပွဲရှိမယ်၊ အသေးစိတ်ကို ကြီးကြပ်သူ ပါမောက္ခယာမဒါနဲ့ဆက်သွယ်တွေ့ဆုံတဲ့အခါ ပြောပါလိမ့်မယ်ဆိုတာကို ရန်ကုန်ကမထွက်ခင်ကတည်းက သိထားပြီးဖြစ်ပါတယ်။ အလားတူ ဩစတြေးလျပညာသင်သွားစဉ်က ဆစ်ဒနီတက္ကသိုလ်၊ စိုက်ပျိုးရေးဘောဂဗေဒဌာနမှာတက်ရမယ်၊ ကြီးကြပ်သူပါမောက္ခက ဘရိုင်ယန်ဖစ်ရှာဖြစ်တယ်စသည်ဖြင့် အရေးပါတဲ့အသေးစိတ် သတင်းအချက်အလက်တွေကို ကျွန်တော် ရန်ကုန်မှာကတည်းက သူတို့ဘက်က အကြောင်းကြားလို့ သိထားနှင့်နေပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံမှာ အားနည်းချက်တွေရှိနေဆဲပါ။ အဲဒီအားနည်းချက်တွေထဲမှာ ကြီးကြပ်သူခန့်ထားရေးနဲ့ ထိရောက်တဲ့ကြီးကြပ်မှုပေးရေးမှာ အားနည်းချက်က အဓိကအားနည်းချက်တစ်ချက်အဖြစ် ပါဝင်နေသေးတယ်။

ပရီလင်းပြီးလို့ ကျမ်းကြီးခေါင်းစဉ်တင်ပြပြီးတဲ့အထိ ကြီးကြပ်သူမခန့်ပေးနိုင်သေးဘူး။ ကျမ်းကြီးခေါင်းစဉ်ကိုတင်ပြချေပဖို့ ဆွေးနွေးတန်းအတွက် စာတမ်းရေးချိန်မှာ ကြီးကြပ်သူမရှိလို့ သင်တန်းသား၊ သင်တန်းသူက ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ ဖတ်မှတ်ထုတ်နုတ်ပြီး ရေးသားတင်ပြ။ အဲဒီအခါကျတော့မှ နားထောင်အကဲဖြတ်သူဆရာ၊ ဆရာမတွေက ဝေဖန်ကြ၊ တွယ်ကြနဲ့ပေါ့။ ကြီးကြပ်သူမရှိသေးရင် စာတမ်းတင်ပြသူကို ဝင်ကာကွယ်ပေးမဲ့သူလည်းမရှိ။ ကြီးကြပ်သူခန့်ထားပေးပြီ ဆိုပြန်ရင်တောင် ကြီးကြပ်သူက ဝင်ပြီးကာကွယ်ပေးတာ၊ ဖေးမပေးတာမရှိ။ သင်တန်းသား၊ သင်တန်းသူခမျာ သနားစရာ။ ဒေါက်တာ သင်တန်းသား၊ သင်တန်းသူတွေဟာ ပရီလင်းအပါအဝင် စုစုပေါင်းအချိန်၅နှစ်ရတဲ့အထဲမှာ တချို့က ကြီးကြပ်သူမရသေးလို့ စိတ်ဓာတ်ကျနေသူ၊ ရင်ဖွင့်သူ၊ ညည်းညူသူ တွေကြားဖူး၊ တွေ့ဖူးပါတယ်။ ကြီးကြပ်သူခန့်တာဟာ စီမံခန့်ခွဲမှုကိစ္စ(management issue)သေးသေးလေးတစ်ခုပါ။ ဒီအတွက် ဘာကြောင့် ဒီလောက် အချိန်ကြန့်ကြာရတာလဲ။ ဘာကြောင့်သင်တန်းသား၊ သင်တန်းသူကအနစ်နာခံရတာလဲ အကြောင်းတွေတော့ရှိမှာပေါ့လေ။ ဒါပေမဲ့ ဒေါက်တာဘွဲ့အရည်အသွေးမြင့်ရေး၊ သင်တန်းသား၊ သင်တန်းသူတွေအရည်အချင်းတိုးမြင့်ပြီး လူတော်ဖြစ်လာရေးမှာ ဒီကြီးကြပ်သူဟာ အင်မတန်အရေးကြီးလှပါတယ်။ စီမံခန့်ခွဲမှုကိစ္စသေးသေးလေးမှာ စွမ်းဆောင်ရည်မပြည့်ဝတာနဲ့ကြီးမားတဲ့ဆိုးကျိုးတွေ၊ နစ်နာမှုတွေဖြစ်ပေါ်လာတာဖြစ်လို့ ကြီးကြပ်သူကိုပရီလင်းကတည်းက (ဝါ)ပရီလင်းမတိုင်မီကတည်းက ခန့်ထားပေးသင့်ပါတယ်။

ဒီလိုပြောလို့၊ ရေးလို့ ဒေါက်တာဘွဲ့ သင်တန်းသား၊ သင်တန်းသူတွေဘက်က ခြောက်ပြစ်ကင်း သဲလဲစင်လားဆိုတော့လည်းလုံးဝမဟုတ်ပါဘူး။ ကိုယ့်ဘက်အပိုင်းက အားနည်းတာ၊ ချို့ယွင်းတာ လုံးဝနီးပါးလောက် ထည့်မစဉ်းစားဘဲ ဟိုလူ့လက်ညှိုးထိုး၊ ဒီလူ့လက်ညှိုးထိုး ဆင်ခြေအမျိုးမျိုးပေး၊ ဒီကမ္ဘာလောကမှာ သူ့လောက်ဒုက္ခရောက်သူ၊ သူ့လောက်ကံဆိုးသူ မရှိဘိသကဲ့သို့

သေချင်စော်နံလောက်အောင် ညည်းညူစိတ်ပျက်အားလျှော့နဲ့ စိတ်ဓာတ်မခိုင်မာ၊ အသက်ကကြီးပေမဲ့ ရင့်ကျက်မှုက အသက်ကို လိုက်မမီ။

ကြီးကြပ်သူက ဘာလဲ၊ ဘာလုပ်ရတာလဲ၊ ကြီးကြပ်သူရဲ့အခန်းကဘာလဲ။ ဒါက လူတစ်ဦးချင်းပေါ်မူတည်တဲ့ကိစ္စ၊ အခြေအနေပေါ်မူတည်တဲ့ကိစ္စမို့လို့ ပုံသေမရှိပါဘူး။ တစ်ဦးနဲ့တစ်ဦးလည်း အတွေ့အကြုံတွေမတူနိုင်ပါဘူး။ ကျွန်တော့်အတွေ့အကြုံရယ်၊ ကျွန်တော်မြင်တွေ့ ကြားသိခဲ့ရတဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့အတွေ့အကြုံတွေရယ်အပေါ်အခြေခံပြီး တင်ပြဆွေးနွေးပါမယ်။ (မပြည့်စုံရင်သော်လည်းကောင်း၊ မှားယွင်းနေရင်သော်လည်းကောင်း သိသူ၊ မြင်သူများက ဖြည့်စွက်ပြင်ဆင်ဆွေးနွေးပေးကြပါ။ ဒါဟာနိုင်ငံတော်ရဲ့ပစ္စုပ္ပန်နဲ့အနာဂတ်အရေးအရာကြီးတစ်ခုဖြစ်လို့ပါ။)

ကျွန်တော် တိုကျိုတက္ကသိုလ်မှာတုန်းကရော ဆစ်ဒနီတက္ကသိုလ်မှာပါ ကြီးကြပ်သူပါမောက္ခတွေကို စတင်မိတ်ဆက်ဂါရဝပြုတွေ့ဆုံစဉ်မှာ၊ မေးမြန်းစုံစမ်းခဲ့တဲ့အထဲမှာ 'ဒေါက်တာဘွဲ့ကိုအသေအလဲလုပ်လာပြီးမှ ဘွဲ့မရဘဲပြန်ရတာရှိသလား၊ ရှိရင် ဘယ်နှယောက်လောက်ရှိလဲ' ဆိုတဲ့မေးခွန်းတစ်ခုပါဝင်ခဲ့ပါတယ်။ ပါမောက္ခကြီးနှစ်ဦးစလုံးရဲ့တူညီတဲ့အဖြေက 'ရှိတာပေါ့၊ အဆင့်မမီရင်တော့ ဘယ်ဘွဲ့ပေးနိုင်မလဲ' တဲ့။ ဘွဲ့မရသူအရေအတွက်နဲ့ပတ်သက်ပြီး ပါမောက္ခယာမဒါ(တိုကျိုတက္ကသိုလ်)က မေဂျာတစ်ခုနဲ့တစ်ခု၊ မဟာဌာနတစ်ခုနဲ့တစ်ခုမတူဘူးလို့ပဲပြောတယ်။ ပါမောက္ခဖစ်ရှာ(ဆစ်ဒနီတက္ကသိုလ်)ကတော့ ၁၀ယောက် တစ်ယောက်လောက်တော့ရှိမယ်တဲ့။ ကျွန်တော်က နိုင်ငံခြားပညာသင်ကျောင်းသားတွေကိုရည်ညွှန်းမေးခဲ့တာပါ။ စိတ်ထဲက တော်တော်စိုးရိမ်ခဲ့ပါတယ်။ ဒီပါမောက္ခနှစ်ဦးစလုံးက ကမ္ဘာသိ၊ ကမ္ဘာကျော်ကြီးတွေ ဖြစ်လေတော့ သူတို့ဆီ တပည့်ခံရမယ့် ကျွန်တော်အားငယ်မိတာ၊ လန့်တာအမှန်ပဲ။ ကြီးကြပ်သူ ပါမောက္ခက တော်လေလေ၊ ဂုရုကြီးဖြစ်လေလေ သူတို့တပည့်တွေကိုလည်း တော်စေချင်၊ တတ်စေချင်လို့ မျှော်မှန်းချက် မြင့်မြင့်ထားတယ်၊ ဖိအားပေးတတ်တယ်လို့ကြားဖူးတယ်လေ။ သူတို့သိက္ခာ၊ သူတို့ဂုဏ်ရှိန်မကျဆင်းအောင် သူတို့တပည့်တပန်းတွေလည်းထူးချွန်တဲ့၊ ပြောင်မြောက်တဲ့ပညာရှင်တွေဖြစ်လာအောင်ပေါ့။ ကျွန်တော်အဓိကစိုးရိမ်ခဲ့တာက စာမလိုက်နိုင်မှာ၊ သူတို့က ဂုရုအဆင့်က လမ်းညွှန်တာ၊ အကြံပြုတာ၊ ဝေဖန်ဆွေးနွေးတာတွေ

မသိမှာ၊နားမလည်မှာကိုပါ။

ဒါပေမဲ့ ပြဿနာကအဲဒီဘက်ကမလာဘူး။ ကျွန်တော်ရှေ့ပိုင်းဆောင်းပါးတွေမှာ ဖော်ပြဆွေးနွေးခဲ့သလို သူတို့ဆီကသင်ကြားနည်းစနစ်တွေ၊ ပညာပတ်ဝန်းကျင်နဲ့ပံ့ပိုးထောက်ကူမှုတွေကသိပ်ပြီးထိရောက်လို့၊ စွမ်းဆောင်ရည်ပြည့်ဝလို့ စာမလိုက်နိုင်တဲ့၊ နားမလည်တဲ့ပြဿနာလုံးဝမရှိခဲ့ဘူး။ ဘယ်ဘာသာရပ်ကိုဖြင့် ကောင်းကောင်းနားမလည်ဘူး၊ မလိုက်နိုင်ဘူးလို့ ကြီးကြပ်သူဖြစ်ဖြစ်၊ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခကိုဖြစ်ဖြစ် ဖွင့်ဟပြောလိုက်တယ်ဆိုရင်ပဲ သူတို့တွေ ပျာယာခတ်တော့တာပဲ။ ဘယ်အလုပ်ရုံဆွေးနွေးပွဲ(work-shop)တက်၊ ဘယ်ဆွေးနွေးတန်း(seminar)တက် စသည်ဖြင့်အချိန်မဆိုင်းဘဲ ညှိနှိုင်းစီစဉ်ပေးတယ်။

ပြဿနာကဘယ်လိုမှမျှော်လင့်မထားတဲ့ဘက်က ဝင်လာတတ်တယ်။ အဲဒါက ကြီးကြပ်သူပါမောက္ခ တခြားတစ်နေရာရာကိုပြောင်းရွှေ့ထွက်သွားလို့ သို့မဟုတ် ကြီးကြပ်သူပါမောက္ခ အချိန်တိုအတွင်း နာလန်မထူနိုင်တဲ့ မမာမကျန်းမှု တစ်ခုခုဖြစ်သွားလို့(ဥပမာ-လေဖြတ်တာမျိုး)သို့မဟုတ် ကြီးကြပ်သူပါမောက္ခက ဆင်းရဲတဲ့နိုင်ငံငယ်တွေက လာကြတဲ့ပညာသင် ကျောင်းသား၊ ကျောင်းသူတွေကို လုံးဝအထင်မကြီးဘဲ အကြောင်းမဲ့နှိမ်၊ အကြောင်းမဲ့နှိပ်ကွပ်လို့ သို့မဟုတ် ကြီးကြပ်သူပါမောက္ခနဲ့မဟာဌာနမှူးနဲ့မတည့်လို့ သို့မဟုတ် ကြိုတင်မမျှော်လင့်နိုင်တဲ့အခြားအကြောင်းတစ်ခုခု(ဥပမာ-နိုင်ငံရေးအပြောင်းအလဲ၊ အစိုးရအပြောင်းအလဲ)ပေါ်ပေါက်လာလို့ စတဲ့အကြောင်းတစ်ခုခု သို့မဟုတ် အကြောင်းများကြောင့် ကြုံရတဲ့ပြဿနာပါ။

ကျွန်တော့် လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းတွေထဲက ကြီးကြပ်သူပါမောက္ခ မမာမကျန်းဖြစ်သွားလို့ ဒေါက်တာဘွဲ့ရခါနီးမှာမှ ဆက်မလုပ်နိုင်တော့ဘဲ ပြန်လာရတဲ့ ယခု ပါမောက္ခချုပ်(ငြိမ်း)တစ်ဦး၊ ဒု-ပါမောက္ခချုပ်တစ်ဦး၊ တာဝန်ခံပါမောက္ခချုပ်တစ်ဦးရှိပါတယ်။ ကျွန်တော်မသိတဲ့ ဒီလိုဖြစ်ရပ်တွေ အများကြီးရှိမှာပါ။

တိုကျိုတက္ကသိုလ်တုန်းက ကျွန်တော့်အတွေ့အကြုံ

ကျွန်တော့်အတွေ့အကြုံက တစ်မျိုး။တကယ့် တစ်မျိုးပါ။ ဂျပန်က တစ်မျိုး၊ ဩစတြေးလျကတစ်မျိုး။ ၁၉၇၆ခုနှစ်၊ ဖေဖော်ဝါရီ နောက်ဆုံးပတ် ထင်ပါရဲ့၊

ဂျပန်နိုင်ငံ၊ တိုကျိုတက္ကသိုလ်သို့ နိုင်ငံတော်အစိုးရပညာသင်အဖြစ် ကျွန်တော်ရွေးချယ်စေလွှတ်ခံခဲ့ရပါတယ်။ မဟာဘွဲ့မှတစ်ဆင့် ဒေါက်တာဘွဲ့(Master Leading to Ph.D)ဆိုပြီး လွှတ်တာပါ။ ကျွန်တော်အပါအဝင် နိုင်ငံစုံ ရှစ်ယောက်၊ အဲဒီထဲက ဂျပန်တစ်နိုင်ငံတည်းကို လေးယောက်။ ခရီးမထွက်ခွာမီ ပညာရေးဝန်ကြီးကို ဂါရဝပြုတွေ့ဆုံ၊ ဝန်ကြီးထံမှ ဩဝါဒခံယူတာတွေ လုပ်ရပါတယ်။ ဝန်ကြီးလို အင်မတန်အလုပ်များတဲ့လူကြီးက အချိန်အတိအကျချိန်းတာ ခုနစ်ယောက်ပဲ အချိန်မီရောက်တယ်။ ဂျပန်သွားမယ့် လေးယောက်ထဲက ဆရာမတစ်ဦးအချိန်မီရောက်မလာဘူး။ အချိန်အတော်နောက်ကျပြီးမှ ရောက်လာတယ်။ ဝန်ကြီးကစောင့်နေရရှာတယ်။ ဆရာမ ရောက်လာပြီး လူစုံတော့ ဝန်ကြီးအခန်းထဲဝင်တယ်။ ဝန်ကြီးက လုံးဝစိတ်မဆိုးပါဘူး။ ဘာကြောင့်နောက်ကျလဲလို့မေးတယ်။ ဆရာမကလည်း Master Viva(မဟာဘွဲ့ လူတွေ့စစ်ဆေးတဲ့စာမေးပွဲ)ဖြေနေရလို့ နောက်ကျရကြောင်း မကွယ်မဝှက်ဖြေတယ်။ Master ရပြီးသားဆို၊ Master အတွက် ထပ်လွှတ်ရတာ အကျိုးမရှိဘူးပေါ့လို့ ဝန်ကြီးက ပြုံးပြုံးချိုချိုပြောတယ်။ ပြီးတော့ နိုင်ငံခြားမှာ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ အမိနိုင်ငံရဲ့ဂုဏ်သိက္ခာမထိခိုက်စေနဲ့ အစရှိတဲ့ဩဝါဒစကားပြောတယ်။ ကျွန်တော်လည်း အဲဒီအချိန်က ရန်ကုန်က Master ဘွဲ့ရယူထားပြီးသားဖြစ်လို့ ပထမတော့ စိုးရိမ်သွားတယ်။ နောက်တော့ ဝန်ကြီးရဲ့အပြောနဲ့အမူအရာက ချိုသာနူးညံ့လို့စိတ်အေးသွားတယ်။ သတ်မှတ်ချိန်အတိုင်း ဂျပန်ကိုထွက်တယ်။ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှာ ၆လ ဂျပန်ဘာသာစာနဲ့စကားသင်ရတယ်။ အဲဒီမှာ ၃လအကြာ mid-term test ပြီးတော့ ပိတ်ရက်ရတယ်။ တိုကျိုသွားပြီးတိုကျိုတက္ကသိုလ်က ကြီးကြပ်ပါမောက္ခ(ဒေါက်တာ)ယာမာဒါနဲ့တွေ့တယ်။ သူသိချင်တာတွေ မေးတယ်၊ ကိုယ်သိချင်တာတွေ မေးတယ်။ ကျွန်တော် Master ရပြီးသူဖြစ်ကြောင်း သူသိလိုက်တော့ 'ဒါဆို ဘာဖြစ်လို့အချိန်ထပ်ကုန်ခံမလဲ၊ ခင်ဗျားရဲ့မဟာဘွဲ့ကလည်း ရန်ကုန်တက္ကသိုလ်ရဲ့ စနစ်ဟောင်း ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ဒု-အဆင့်၊ ဒု-အတန်းနဲ့အောင်ထားတာပဲ။ ခင်ဗျားဒေါက်တာဘွဲ့ဝင်ခွင့်စာမေးပွဲအတွက် ပြင်ဆင်တော့' လို့ အကြံပြုလမ်းညွှန်တယ်။ ဘာတွေဖြေရမယ်၊ ဘာတွေပြင်ဆင်ရမယ် စတာတွေလည်းရှင်းပြတယ်။ မိခင်ဝန်ကြီးဌာနကလည်း နောက်ထပ်ဘာစာမှ ထပ်မထွက်တော့ အိုကေဆိုပြီး

ကြီးကြပ်ပါမောက္ခကို ဒေါက်တာဝင်ခွင့်စာမေးပွဲဖြေဖို့ သဘောတူ စာရင်းပေးခဲ့တယ်။

အိုဆာကာမြို့ကိုပြန်တယ်။ ဂျပန်သင်တန်း ပြီးဆုံးအောင်မြင်တဲ့အထိနေပြီး တိုကျိုတက္ကသိုလ်ပြန်သွားတယ်။ ကြီးကြပ်ပါမောက္ခကိုသတင်းပို့ တိုကျိုရှိ မြန်မာသံရုံးကိုသတင်းပို့ပြီး ဝင်ခွင့်အတွက်ပြင်ဆင်တယ်။ ဝင်ခွင့်စာမေးပွဲဖြေတယ်၊ အောင်တယ်။ ဒေါက်တာဘွဲ့ ပရီလင်းဆက်တက်တယ်။ အဲဒီလိုတက်နေတာ ၃လလောက်အကြာမှာထင်ပါရဲ့။ မိခင်ဝန်ကြီးဌာနက ရုံးအမိန့် စာတစ်စောင်လက်ခံရရှိတယ်။ စာကတိုတိုတုတ်တုတ်ပဲ။ Master မတက်နဲ့တော့၊ Post-Graduate Research Fellow လို့ခေါ်တဲ့ တိုကျိုတက္ကသိုလ်ကျောင်းတော်ဘွဲ့လွန်သုတေသီအဖွဲ့ဝင်သင်တန်း ၂နှစ်တက်ပြီးရင် ပြန်လာပါတဲ့။ (နောက်စုံစမ်းကြည့်တော့ ကျွန်တော်တို့အတူလာကြတဲ့ လေးယောက်စလုံး ဒီလိုစာမျိုးရတယ်တဲ့။)

ဒီစာကို ကျွန်တော့်ကြီးကြပ်ပါမောက္ခကိုပြပြီး ဘာဆက်လုပ်ရမလဲ တိုင်ပင်တယ်။ သူက 'ခင်ဗျားကို ချက်ချင်းပြန်လာဖို့ခေါ်တာမှမဟုတ်ပဲ။ Master မတက်နဲ့၊ PGRF အဖြစ် ၂နှစ်နေခွင့်၊ သုတေသနလုပ်ခွင့်ပြုထားတာပဲ၊ ခင်ဗျား ပရီလင်းပြီးရင် ထောက်လျှောက်သုတေသနလုပ်ရမှာပဲ။ ကျွန်တော် ကြီးကြပ်ရတဲ့နိုင်ငံခြားကျောင်းသား၊ ကျောင်းသူတွေထဲမှာ မဟာ သို့မဟုတ် ဒေါက်တာဘွဲ့တက်နေသူချည်းပဲ။ PGRF တစ်ယောက် မှမရှိတော့ ကျွန်တော် ခင်ဗျားတစ်ယောက်တည်းအတွက် သီးသန့်လမ်းညွှန်ကြီးကြပ်ဖို့အချိန်ပေးနိုင်မယ်မထင်ဘူး၊ သုတေသနချင်းအတူတူပဲဗျာ၊ ပရီလင်းဆက်လုပ်၊ ပြီးတာနဲ့ သုတေသနဆက်လုပ်ပေါ့' လို့ပြောတယ်။ ကျွန်တော်လည်း ဆက်လုပ်တယ်။ ၆လ(ဝါ) semester နှစ်ခုနဲ့ပရီလင်း ပြီးသွားတယ်။ သုတေသန ဆက်လုပ်တယ်။ ကြီးကြပ်သူပါမောက္ခကအားပေးတယ်။ တင်ပြသမျှ အချိန်မီဖတ်ပြီး မှတ်ချက်နဲ့ပြန်ချပေးတယ်။ ဘယ်လ၊ ဘယ်မှာ နိုင်ငံတကာကွန်ဖရင့်ရှိတယ်၊ ဒေသဆိုင်ရာနှီးနှောဖလှယ်ပွဲရှိတယ်၊ အဲဒီမှာ စာတမ်းတင်ပါဆိုပြီး လမ်းဖွင့်ပေးတယ်။ (အဲဒီလို ကွန်ဖရင့်တွေကလက်ခံလို့ တင်ပြခွင့်ရရင် ခရက်ဒစ်ရတယ်။ ယာမာဒါလို ပညာရှင်ကြီးက ထောက်ခံတင်ပြတော့လည်းလက်ခံတာပါပဲ) ဒီလိုနဲ့ ကျွန်တော်ဟာ(အဲဒီအချိန်က)ဂျပန်နိုင်ငံတစ်ကြော သူတို့ စရိတ်နဲ့ ၄၁ ခရိုင်

ရောက်ဖူးခဲ့ပါတယ်။ ကျမ်းကြီးအတွက် ဖတ်မှတ်ထုတ်နုတ်ရေးလာတာလည်း skeleton(အကြမ်းထည်)ပုံပေါ်လာနေပြီ။ နောက် ၆လလောက် ဆက်နေခွင့်ရလိုက်ရင် ပြီးနိုင်တယ်။ အဲဒီမှာ ပြဿနာတစ်ခုဝင်လာတယ်။ ကျွန်တော်ခွင့်ပြုချက်မရဘဲ ဒေါက်တာဘွဲ့အတွက်လုပ်နေတယ်၊ အရေးယူပေးပါလို့တစ်ယောက်ယောက်က မိခင်ဝန်ကြီးဌာနကိုတိုင်ပါလေရော။ မိခင်ဝန်ကြီးဌာနကလည်း တိုကျို မြန်မာသံရုံးမှ သံအမတ်ကြီးကို(နိုင်ငံခြားရေးရုံးမှတစ်ဆင့်)စုံစမ်းပြီး အစီရင်ခံဖို့ မေတ္တာရပ်ခံတယ်။ သံအမတ်ကြီးကကျွန်တော့်ကိုခေါ်တွေ့ပြီး အကျိုးအကြောင်းရှင်းပြတယ်။ကျွန်တော့်ကြီးကြပ်ပါမောက္ခကို ဆက်သွယ်မေးမြန်းစုံစမ်းတယ်။ သံအမတ်ကြီးက တာဝန်အရ အစီရင်ခံစာပို့တယ်။ ဒီလိုနဲ့ဘယ်လိုအရေးယူခံရမလဲဆိုတာ တမျှော်မျှော်နဲ့စောင့်ပေမဲ့ ဘာမှဖြစ်မလာဘူး။ ဒါပေမဲ့ ကျွန်တော် အချိန်စေ့တာနဲ့ပညာသင်ကာလ သက်တမ်းတိုးခွဲ့ပေးဖို့မတောင်းတော့ဘဲ ပြန်မှဖြစ်မယ်လို့ဆုံးဖြတ်လိုက်တယ်။

ကျွန်တော့်ဆုံးဖြတ်ချက်ကို ကြီးကြပ်ပါမောက္ခကိုဖွင့်ပြောတယ်။ ကျွန်တော့်အပေါ် ကောင်းလိုက်ပုံက ရှာမှရှားပဲ။ 'အေးကွာ၊ မင်းလိုကြိုးစားသူ၊ ထူးချွန်သူတစ်ယောက် လိုချင်တဲ့ပညာကို ဆုံးခန်းတိုင် သင်ခွင့်မရတာတော့ ဝမ်းနည်းစရာကောင်းသလို နှမြောစရာလည်းကောင်းတယ်။ ဒီတော့ ဒီလိုလုပ်၊ ငါတို့တိုကျိုတက္ကသိုလ်အနေနဲ့ သုတေသနလုပ်၊ ကျမ်းပြုနေတဲ့ဘွဲ့လွန်ကျောင်းသားကျောင်းသူတစ်ယောက်ကို၃နှစ်အထိ တရားဝင် ခွင့်ပေးနိုင်တယ်။ မင်းရေးခဲ့တဲ့စာတမ်းတွေ၊ တင်ပြချက်တွေအရ credit လည်းပြည့်တယ်၊ ပရီလင်းလည်းပြီးတယ်၊ ဂျပန်နိုင်ငံမှာ ၂နှစ်ခွဲနေရမယ်ဆိုတဲ့လိုအပ်ချက်လည်း ပြည့်မီတယ်၊ မြန်မာနိုင်ငံပြန်ရောက်ရင် ကျမ်းကြီးဆက်ရေး၊ အကြံဉာဏ်လိုရင် စာတိုက်နဲ့ဆက်သွယ်၊ လောလောဆယ် မောင်ရင်ပြန်ရောက်ရင်PGRF လက်မှတ်ပြဖို့လိုလိမ့်မယ်။ ဒါကြောင့် အဲဒီအတွက်ဦးတည်ပြီး စာတမ်းတစ်စောင်ပြုစု၊ PGRF လက်မှတ်လည်း ထုတ်ပေးမယ်၊ ဒေါက်တာဘွဲ့ကျမ်းကြီးတင်ပြဖို့လိုအပ်ချက်အားလုံးပြည့်စုံလို့ မြန်မာနိုင်ငံပြန်ရောက်ပြီး ကျမ်းကြီးပြုစုတင်ပြရင်လက်ခံမယ်။ ဒီကျမ်းကြီးကိုတင်ပြပြီးရင် စစ်ဆေးတဲ့အခါ ချေပဖြေဆိုဖို့တစ်လလောက်တော့ပြန်လာရမယ်။ စရိတ်ကို မူလစကောလားရှစ်ပေးတဲ့မွန်ဘုးရှိုးကပဲ ကျခံမယ်စတာတွေထောက်ခံစာရေးပေးမယ်' တဲ့။ သူကပြောတဲ့

အတိုင်းလုပ်ပေးတယ်။ ဒေါက်တာဘွဲ့ရတဲ့အထိမနေရဘဲ ရန်ကုန်ပြန်လာတယ်။

ရန်ကုန်က ကျွန်တော့် ပါမောက္ခချုပ်နဲ့ ပါမောက္ခ(ဌာနမှူး)တို့ကို အကျိုးအကြောင်းဖွင့်ပြောပြီး အားတဲ့အချိန်၊ ကိုယ်ပိုင်အချိန်မှာ ကျမ်းကြီးအတွက် လုပ်တယ်၊ ပို့တယ်။ ဒေါက်တာဘွဲ့ကျမ်းကြီး မူကြမ်းပြီးစီးချိန်လောက်မှာ အကျိုးအကြောင်းဖြစ်စဉ်အစအဆုံးရေးပြီး ပါမောက္ခ(ဌာနမှူး)ကတစ်ဆင့် ကျွန်တော်တို့ရဲ့ပညာရေးဝန်ကြီးဌာနကို သွားရောက်ဖြေဆိုခွင့်လျှောက်တယ်။ ထောက်ခံစာတွေ အပြည့်အစုံ ပူးတွဲပေးလိုက်တယ်။ ပါမောက္ခချုပ်ကရော၊ ပါမောက္ခ(ဌာနမှူး)ကပါ လေးလေးနက်နက်ထောက်ခံတယ်။ ဒါပေမဲ့ သွားခွင့်မရခဲ့ပါ။ ဒေါက်တာဘွဲ့နဲ့ လက်တစ်ကမ်းအလိုမှာ ပြုတ်ကျခဲ့တယ်။ ကံစီမံရာလို့ပဲ စိတ်ဖြေခဲ့တယ်။

ကျွန်တော် တိုကျိုတက္ကသိုလ်ကိုတင်ပြတဲ့ ဒေါက်တာဘွဲ့ကျမ်းကြီးကို လူတွေ့စစ်ဆေးခံဖို့၊ ချေပဖြေဆိုဖို့ သွားရောက်ခွင့်ပြုပါရန် အထောက်အထားအပြည့်အစုံ တင်ပြလျှောက်ထားပေမဲ့ မိခင်ဝန်ကြီးဌာနကသွားခွင့်မပြုခဲ့လို့ သေချာပေါက်ရအံ့ဆဲဆဲ ဒေါက်တာဘွဲ့ကိုလက်လွှတ်ခဲ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းဘဝဆိုတော့ ခွင့်ပြုရင် သွား၊ ခွင့်မပြုတော့လည်း မသွားနဲ့ပေါ့။ ဌာနဆိုင်ရာစည်းကမ်းသတ်မှတ်ချက်အရ နောက်ထပ် ၃နှစ်စောင့်၊ ဒေါက်တာဘွဲ့သင်တန်းအတွက် ပြည်ပနိုင်ငံတစ်ခုခုကကမ်းလှမ်းတာကိုစောင့်ပြီး ယှဉ်ပြိုင်ဖြေဆို၊ ရရင်သွား၊ အခွင့်အရေးရှိသေးတယ်၊ ဘွဲ့တစ်ဘွဲ့တည်းအတွက် နှစ်ခါသွားရတာပေါ့လို့ ကျွန်တော့်ဆရာကြီးတွေက အားပေးနှစ်သိမ့်ကြတယ်။

ဒီလိုနဲ့ ဌာနအလုပ်တွေကြိုးစားလုပ်၊ စာရေး၊ စာဖတ်လုပ်စရာတွေလုပ်ရင်း ကျွန်တော် ဂျပန်နိုင်ငံကပြန်ရောက်တဲ့ ၁၉၈၀ပြည့်နှစ်၊ မတ်လကုန်လောက်ကစောင့်လိုက်တာ ၅နှစ်အကြာ ၁၉၈၅ခုနှစ်မှာ ကိုလံဘိုစီမံကိန်းအစီအစဉ်အရ ဩစတြေးလျနိုင်ငံမှာသွားရောက်ပြီး ဒေါက်တာဘွဲ့အတွက် တက်ရောက်သင်ကြားရမယ့် ကမ်းလှမ်းချက်တစ်ခုရောက်လာပါရော။ ကမ်းလှမ်းတာက ဆုတစ်ဆုတည်း။ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြတာ မနည်းလှပါဘူး။ အဲဒီကြားထဲ ဝင်တိုးရတာ လွယ်မှလွယ်ပါ့မလား။ ဌာနတွင်း၊ ဌာနအပ၊ ဩစတြေးလျ သံရုံးစတဲ့စာမေးပွဲအဆင့်ဆင့်ဖြေပြီး နောက်ဆုံးအရွေးခံလိုက်ရ

ပြန်တယ်။

ဆစ်ဒနီတက္ကသိုလ်မရောက်မီ ပီအီးနဲ့စစ်ဆေးခံရခြင်း

ဒီတစ်ခါတော့ စထွက်ကတည်းက ဒေါက်တာဘွဲ့တန်းတက်ဖို့ရွေးလွှတ်တာမို့ ဒေါက်တာဘွဲ့မလွဲမသွေရပြီပေါ့လို့ စိတ်ကူးယဉ်ပျော်ရွှင်စွာနဲ့ဖြည့်ရမယ့် ပုံစံတွေဖြည့်၊ ပြင်စရာတွေပြင်ဆင်နဲ့ပေါ့။ မကြာမတင်မှာပဲ ဆစ်ဒနီတက္ကသိုလ်တက်ရမှာဖြစ်ကြောင်း၊ ကြီးကြပ်သူက ပါမောက္ခဒေါက်တာဖစ်ရှာဖြစ်ကြောင်း စတဲ့စာတွေကိုလက်ခံရပြန်တော့ ပိုပြီးအားတက်လို့ပေါ့။ ဘယ်လ၊ ဘယ်ရက်စဖွင့်မှာ၊ semester အမီလာရမယ်တဲ့။ ဆေးစစ်ပြီးပြီ၊ ပတ်စပို့လည်းရပြီ၊ ဩစတြေးလျဘက်ကပို့မယ့် လေယာဉ်လက်မှတ်အတွက် အမိန့်(ဝါ)ညွှန်ကြားလွှာရောက်ဖို့ပဲကျန်တော့တယ်။ ကျွန်တော့်လိုပဲ ဆစ်ဒနီတက္ကသိုလ်ကိုတက်ခွင့်ရတဲ့သူ တစ်ဦးကရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနကဆရာမကြီး ဒေါ်ပင်နီဖိုးစော(ခ)ဒေါ်ခင်လှဝင်းဖြစ်တယ်။ သူက အင်္ဂလိပ်စာနဲ့ဒေါက်တာဘွဲ့ယူမှာဖြစ်တယ်။ ဌာနမတူပေမဲ့ တက္ကသိုလ်တစ်ခုတည်းတက်ရမှာမို့လို့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းနဲ့မကြာမကြာ စကားပြောဖြစ်တယ်။ မကြာမီမှာ ဆရာမကြီးကလေယာဉ်လက်မှတ်ရပြီလို့သိရတယ်။ ဘယ်နေ့ထွက်မယ်ဆိုတာလည်းအတည်ပြုပြီတဲ့။ ဒါဆို ဒီတစ်ရက်၊ နှစ်ရက်အတွင်း ကျွန်တော့်ဆီလည်း အကြောင်းကြားစာရောက်တော့မှာပေါ့လို့ ဌာနရောက်တိုင်း စာမျှော်ရတာ အမော။

ရောက်လာပါလေရော၊ အစိုးရကိစ္စလို့တံဆိပ်ရိုက်ထားတဲ့စာ။ ကမန်းကတန်းဖွင့်ဖောက်ဖတ်လိုက်တော့ ဆစ်ဒနီလေယာဉ်လက်မှတ်ကိစ္စမဟုတ်ဘဲ လူကြီးမင်းအား ပဏာမစုံစမ်းစစ်ဆေးရန်ရှိပါသဖြင့် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်ကိုလာရောက်သတင်းပို့ပါတဲ့။ ကျွန်တော်လည်း ထူပူပြီး ရုတ်တရက် ဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ ဘာကို ဘာကြောင့်စစ်ဆေးခံရမယ်ဆိုတာလည်းမသိတော့ အံ့အားသင့်မိတာလည်းအမှန်ပဲ။ စာကိုကိုင်ပြီး ပါမောက္ခချုပ်ဆီကို အပြေးအလွှားသွားတွေ့မေးရတော့တယ်။ ပါမောက္ခချုပ်က စာကိုဖတ်ပြီး 'ဪ . . . ဒါလား၊ ကျွန်တော့်ကိုလည်းစုံစမ်းရေးအဖွဲ့ဥက္ကဋ္ဌက လှမ်းမေးလို့ ကျွန်တော်သိသမျှအကျိုးအကြောင်း ရှင်းပြလိုက်တယ်။ ခင်ဗျားလည်း ဝတ္တရားအတိုင်းအတွေ့ခံဖြေရှင်းလိုက်ပေါ့ဗျာ။ ကိစ္စက ဦးတင်စိုး

တစ်ယောက် ဂျပန်နိုင်ငံက ဒေါက်တာဘွဲ့ယူခဲ့ပြီး နောက်တစ်ကြိမ် နိုင်ငံခြား ပညာသင်သွားချင်လို့ မကြေညာဘဲထားတာဖြစ်တယ်။ ဒါဟာ မသမာမှုပဲ၊ အရေးယူပေးပါလို့ တစ်ယောက်ယောက်က ဝန်ကြီးဆီတိုင်တယ်ဗျာ။ ဒါကြောင့် ဝန်ကြီးက P.E ဖွဲ့ စစ်ခိုင်းတာပါဗျာ' တဲ့။ အဲဒီတော့မှ ဖြစ်မှဖြစ်ရလေလို့ သက်ပြင်းချရတော့တယ်။ တိုကျိုတက္ကသိုလ်တုန်းက တစ်ခါအတိုင်ခံခဲ့ရတယ်၊ အခု ဆစ်ဒနီတက္ကသိုလ်မရောက်သေးဘူး အတိုင်ခံရပြန်ပြီ။ ပါမောက္ခချုပ်ကလည်း ကျွန်တော့်ဇာတ်လမ်းကို အသေးစိတ်သိလို့(ကျွန်တော် တရားဝင် အစီရင်ခံစာတင်ထားခဲ့ဖူးလို့)ဖြေရှင်းသင့်သလောက် ဖြေရှင်းထားပြီးဖြစ်သလို ကျွန်တော့်ဇာတ်လမ်းကလည်း ရှင်းနေလို့မစိုးရိမ်တော့ဘူး။ တိုင်သူက ကျွန်တော့် အကြောင်း ကျွန်တော့်လောက်မသိဘူးလေ။

ချိန်းတဲ့နေ့ သွားရောက်အစစ်ဆေးခံတယ်။ အဖွဲ့ဥက္ကဋ္ဌ ပညာရေး တက္ကသိုလ်ပါမောက္ခချုပ်ဦးသောင်းထွန်း(နောင် ပညာရေးဝန်ကြီးဌာနမှာ ဒုတိယ ဝန်ကြီးဖြစ်လာသူ)ကအကျိုးအကြောင်းရှင်းပြတယ်။ ကျွန်တော်က တိုင်စာလား၊ ပစ်စာလား ဆရာကြီး၊ ကျွန်တော်က မတရားအစွပ်စွဲခံရသူဖြစ်လို့ အဲဒီစာကို ကြည့်ပါရစေလို့ခွင့်တောင်းတယ်။ ဥက္ကဋ္ဌကြီးကအဖွဲ့ဝင်တွေရဲ့ဆန္ဒကိုပါရယူပြီး ကြည့်ခွင့်ပေးတယ်။ ကျွန်တော်ကြည့်လိုက်တော့ လား. . . လား. . . ဘောလ် ပင်မင်အစိမ်းရောင်နဲ့လေးထောင့်စာလုံးတွေ တစ်လုံးစီနဲ့ စွပ်စွဲချက်တွေရေး ထားပြီး စာအဆုံးမှာ လက်မှတ်တစ်ခုဖြစ်သလို ထိုး၊ ကွင်းထဲမှာ အတွင်းသိဆို တာရေးထားတယ်။ ဒီတော့ ကျွန်တော်က ဥက္ကဋ္ဌကြီးကိုစာပြန်ပေးပြီး 'ဒါက ပစ်စာပဲ၊ တိုင်စာမှမဟုတ်ဘဲ၊ တိုင်စာဖြစ်ဖို့ ဘယ်အချက်တွေ ပါရမယ်ဆိုတာ နေ့စဉ်သတင်းစာတွေမှာဖော်ပြနေတာပဲ။ ဒါကြောင့် ကျွန်တော့်မှာဖြေဖို့တောင် တာဝန်မရှိပါဘူး။ ဒါပေမဲ့ ဆရာကြီးတို့လည်း တာဝန်အရလုပ်ရတာမို့ အစီရင်ခံ နိုင်အောင် ဒီလိုပါ' ဆိုပြီး ကျွန်တော့် တိုကျိုတက္ကသိုလ် ဇာတ်လမ်းစုံကိုရှင်းပြ ပါတယ်။ ပြီးတော့ ကျွန်တော်ထပြန်တယ်။ ပြီးတော့လည်း ပြီးသွားတာပါပဲ။ ဘာဆုံးဖြတ်ချက်လာမလဲ စောင့်မျှော်ပေမဲ့ တစ်ပတ်လည်းမလာ၊ နှစ်ပတ် လည်း မလာနဲ့ မလာတော့ပါဘူး။

ဒါပေမဲ့ ဒီP.E ကြောင့်အချိန်တွေကုန်ပြီး ကျွန်တော် ဆစ်ဒနီတက္ကသိုလ်ကို ရောက်ရမယ့်အချိန်မမီတော့လို့မသွားရတော့ဘဲ ဆစ်ဒနီခရီးကို စွန့်လွှတ်လိုက်

ရတယ်။ ဆရာမကြီးဒေါ်ခင်လှဝင်းတော့ထွက်သွားပြီ။ ထိဆု အကြီးကြီးပေါက် ပြီးမှ လက်မှတ်ပျောက်ပြန်တဲ့ ကျွန်တော့်အဖြစ်။ တိုင်သူကလည်း အဝေးကြီးက မဟုတ်ဘဲ ကျွန်တော့်နားကတစ်ယောက်။ ခံပြင်းဒေါသနဲ့ စိတ်ပျက်တာနဲ့ ရော ထွေးပြီး ဘာလုပ်ရမှန်းမသိ။ နောက်ဆုံး စိတ်ကိုလျှော့၊ ကံတရားပဲလေလို့ ကံကို ပုံချပြီး စာသင်၊ စာရေး၊ စာဖတ်ထဲမှာပဲစိတ်ကိုမြှုပ်ထားလိုက်တယ်။ တကယ့်ကံ တရားပဲ။ ဆန်းကြယ်လိုက်တဲ့ကံအကျိုးပေး။ သွားပြီ၊ ဆုံးပြီလို့တွက်ပြီး အလုပ် မှာနှစ်မြှုပ်ထားချိန်မှာ ဘယ်လိုမှမျှော်လင့်မထားတဲ့ ဆစ်ဒနီတက္ကသိုလ် မော် ကွန်းထိန်းဆီက စာတစ်စောင်ရောက်လာတယ်။ စာထဲမှာ ဘယ်နေ့၊ ဘယ် ရက်ရောက်မလာလို့ ဘယ် semester တော့မမီတော့ဘူး။ ကျောင်းဆက်တက် မယ်၊ မတက်ဘူး အကြောင်းပြန်ပါ။ ဆက်တက်မယ်ဆိုရင် နောက်semester အမီ ဘယ်နေ့၊ ဘယ်ရက်အရောက်လာပါ။ အရင်ကပို့ထားတဲ့ လေယာဉ်လက် မှတ်နဲ့ လေယာဉ်ခရီးစဉ်ဆိုင်ရာ ညွှန်ကြားချက်က အတည်ဖြစ်ဆဲပါ စတာတွေ ပါတယ်။ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ပါမောက္ခချုပ်နဲ့ ကျွန်တော့်ဌာနမှူး၊ ပါမောက္ခ တို့ကိုအကျိုးအကြောင်းပြောပြတော့ သူတို့လည်း ဝမ်းသာကြတယ်။ မြို့ထဲရှိ ဩစတြေးလျသံရုံးကို အပြေးအလွှားသွား၊ ကျောင်းဆက်တက်ပါ့မယ်၊ ဘယ်နေ့ ဘယ်ရက် အရောက်လာခဲ့ပါ့မယ်ဆိုတာတွေသတင်းပို့ရင်း ဆစ်ဒနီတက္ကသိုလ် အရောက် ဆက်ဆက်ပို့ပေးဖို့မေတ္တာရပ်ခံခဲ့တယ်။ သူတို့ကလည်းစိတ်ချ ပို့ပေး ပါ့မယ်၊ ပြင်ဆင်စရာရှိတာပြင်ဆင်ပါဆိုတယ်။

ဒီလိုနဲ့ အမျှော်ကြီးမျှော်၊ အစောင့်ကြီး စောင့်ခဲ့ရတဲ့ဒေါက်တာဘွဲ့ခရီးကို ၁၉၈၆ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ရန်ကုန်ရွှေမြို့တော်မှစတင်ထွက်ခွာခဲ့ပါ တယ်။ ဆစ်ဒနီမြို့ကို နောက်နေ့ ဇွန်လ ၆ရက်နေ့ဆိုက်ရောက်ပါတယ်။

၂၂-၆-၁၉၈၆ခုနှစ်၊ တနင်္ဂနွေနေ့မှာ ဆစ်ဒနီရောက်ပြီး စပွန်ဆာအဖွဲ့ အစည်းဖြစ်တဲ့ Australian Development Assistance Bureau (ADAB) မှ Paul ဆိုသူကလေဆိပ်လာကြိုတယ်။ Gleebe မြို့နယ်ရှိ Hereford Lodge မှာယာယီနေရာချပေးတယ်။ ADAB နဲ့လုပ်စရာ၊ ရှင်းလင်းစရာ၊ စီစဉ် စရာတွေလုပ်ပြီးတာနဲ့ ၂၅-၆-၈၆ခုနှစ်၊ ဗုဒ္ဓဟူးနေ့မှာ စီမံပိုင်းနဲ့ဆက်သွယ်ရေး ကိစ္စတွေဆောင်ရွက်ဖို့ ADAB မှကျွန်တော့်အတွက်ခန့်ထားပေးတဲ့ ကြီးကြပ်သူ Mr.Michael Leary ဆိုသူက ဆစ်ဒနီတက္ကသိုလ်၊ စိုက်ပျိုးရေးဘောဂဗေဒဌာနမှ

ကျွန်တော့်ပညာသင်ကာလအတွက် ခန့်ထားပေးတဲ့ ပညာပိုင်းကြီးကြပ်သူ ပါမောက္ခဘာရိုင်ယန်ဖစ်ရှာဆီခေါ်သွားပြီး မိတ်ဆက်ပေးတယ်။ ADAB ရုံးမှာ ဖြည့်စွက်လက်မှတ်ထိုးခဲ့ရတဲ့ကျွန်တော့်နဲ့ပတ်သက်တဲ့စာရွက်စာတမ်း၊ ပုံစံတွေကိုလည်း Mr.Leary ကပါမောက္ခဖစ်ရှာလက်ထဲလွှဲပေးတယ်။ အဲဒီမှာ ပါမောက္ခဖစ်ရှာက course နှင့်အခြားရှင်းပြစရာ၊ မှာစရာရှိတာ ရှင်းပြ မှာကြားပြီး ၂၇-၆-၈၆ခုနှစ်၊သောကြာနေ့seminarစတက်ရန်၊ နောင် သောကြာနေ့တိုင်း seminar ရှိလို့မပျက်မကွက်တက်ရန် ညွှန်ကြားတယ်။ Mr.Leary သူ့လက်ထဲပေးတဲ့စာရွက်စာတမ်းတွေကိုလည်း ငွေစာရင်းရုံး (cashier's office) ဝင်ပေးရန်၊ ကျောင်းသားဌာန (student centre)မှာ ကျောင်းသားကတ်(I.D card)နှင့်ကျောင်းသားလျှော့ပေါ့နှုန်းကတ်(student concession card)တွေ လုပ်ရန်တို့ကိုမှာကြားတယ်။ Mr.Leary က ကျွန်တော့်ကို ပါမောက္ခဖစ်ရှာလက်ထဲအပ်နှံပြီး ပြန်ပြီ။ ကျန်တာ ကျွန်တော့်ဘာသာ ဆက်လုပ်တော့ပေါ့။

ခဏပဲစောင့်ရတယ်။ ချက်ချင်းကတ်တွေရတယ်။ ကျွန်တော့်ကို ပရိလင်းတွေ၊ ဘာတွေအကြောင်း ဘာမှမပြောဘူး။ ကျောင်းသားကတ်ကြည့်လိုက်တော့ မဟာစိုက်ပျိုးရေးဘောဂဗေဒ(M.Agr.Ec.)တန်းကတ်ဖြစ်နေလို့ မော်ကွန်းထိန်းကိုမေးကြည့်တော့ ကြီးကြပ်သူပါမောက္ခမှတ်ချက်အတိုင်းလုပ်ရတာပါတဲ့။ ပါမောက္ခလည်းပြန်မမေးတော့ဘူး။ ဒါလည်း ပရိလင်းတစ်မျိုးပါပဲ။ တော်ရင်၊ အစွမ်းပြနိုင်ရင် semester နှစ်ခု၊ သုံးခုတက်ပြီးတာနဲ့ ပြီးသွားနိုင်ကြောင်းသိထားတယ်။ ညံ့ရင်တော့လည်း မဟာတန်းပြီးအောင်လုပ်ခိုင်းလို့လည်း ရတာပေါ့။

အခုလောလောဆယ် ဦးစားပေးလုပ်ရမှာက အိမ်ခန်းရှာဖို့ပဲ။ အခု ယာယီနေတဲ့ Hereford Lodge ကအခန်းခ တစ်နေ့ ဩစတြေးလျဒေါ်လာ(A$) ၂၀၊ တစ်လအနည်းဆုံး ၆၀၀၊ ခရီးစရိတ်နဲ့အစားအသောက်စရိတ်မပါသေး။ ရတဲ့ ကိုလံဘိုစကောလားရှစ်ပညာသင်ဆုက တစ်လလုံးကိုမှ A$ ၆၂၃။ ဒါကြောင့် အခန်းကို အပူတပြင်းရှာလိုက်တာ ရန်ကုန်က ကမာရွတ်လို တက္ကသိုလ်မြို့ဖြစ်တဲ့ ဆစ်ဒနီတက္ကသိုလ်အနီးအနားကနယူးတောင်းမြို့(New Town)မှာရတယ်။ အိမ်ရှာတာကိုတော့ ဆစ်ဒနီတက္ကသိုလ်ကျောင်းသားရေးရာဌာနက ကူညီတယ်။ ၂၈-၆-၈၆၊ စနေနေ့မှာ Gleebe ကနေ နယူးတောင်းပြောင်းတယ်။

အိမ်ပြောင်းရွှေ့တော့လည်း supervisor Mr.Leary က သူ့ရုံးမှ ပေါလ်ဆိုသူကို လွှတ်ပြီး ဝိုင်းကူသယ်ရွှေ့ပေးပါတယ်။ ဒီ supervisor Leary ကပဲ ကျွန်တော် ဆစ်ဒနီရောက်ပြီး နောက်နေ့ ၂၃-၆-၈၆၊ တနင်္လာနေ့နဲ့ ၂၄-၆-၈၆၊ အင်္ဂါနေ့ နှစ်ရက်တိတိ Orientation လုပ်ပေးတယ်။ ပထမရက် မနက်၉နာရီမှ နေ့ခင်း ၁နာရီအထိ ADAB ရုံးခန်းမှာပဲ ကျွန်တော်အပါအဝင် အခြားအသစ်ရောက်လာတဲ့နိုင်ငံခြားကျောင်းသားတွေကို သူတို့ဆီကပညာရေးစနစ်၊ သင်ကြားနည်းစနည်းမျဉ်းစည်းကမ်းတွေ၊ စံသတ်မှတ်ချက်တွေ၊ စာမေးပွဲစနစ် စသည်ဖြင့် တစ်ချိန် မိနစ်၅၀၊ စုစုပေါင်း ၄ချိန်တိတိရှင်းပြတယ်။ အဲဒါလည်း ပြီးရော City tour and orientation ဆိုပြီး မြို့တွင်းထွက်၊ စားသောက်ဆိုင်ဝင် ထမင်းကျွေး၊ ပြီးတော့ shopping centre ကြီးတွေ၊ မြို့ထဲကလူစည်ကားတဲ့ Martin Place၊ ဆစ်ဒနီဗဟိုစာတိုက်ကြီး၊ မြေအောက်ရထားလက်မှတ်ဝယ်နည်း၊ ရထားစီးနည်းကအစ သိသင့်၊ ရောက်သင့်၊ သွားသင့်တဲ့နေရာတွေ၊ လုပ်ရမယ့်အလုပ်တွေ သွားတတ်အောင်၊ လုပ်တတ်အောင် ADAB က လူမှုဝန်ထမ်း (social worker)မိန်းကလေးတွေနဲ့လိုက်ပို့ ရှင်းပြစေတယ်။ ကျွန်တော့်အတွက် တာဝန်ပေးတဲ့မိန်းကလေးကမစ်ရှဲလ်တဲ့။ အားလုံး ဘွဲ့ရဝန်ထမ်းတွေပဲ။

Orientationပြီးမှ Supervisor Leary က ကျွန်တော်တို့ရမယ့်လစာနဲ့ ခံစားခွင့်တွေအကြောင်းရှင်းပြတယ်။ လစာက နှစ်ပတ်တစ်ခါ A$ ၃၁၁ ဒသမ ၅၄၊ စာအုပ်ဖိုး(တစ်နှစ်စာ) A$ ၄၇၇(နှစ်ဝက်တစ်ခါ-နှစ်ခါခွဲထုတ်)၊ အဝတ်အထည်ခံစားခွင့်(တစ်ကြိမ်တည်း) A$ ၅၈၄နဲ့ဘွဲ့ကျမ်းကြီးပြီးသွားတဲ့အခါ ဘွဲ့ကျမ်းကြီး(ချုပ်ခ၊ ရိုက်ခ စသည်)စရိတ် A$ ၄၀၀ အသီးသီးဖြစ်ကြောင်း သိရတယ်။ ကဲ. . . သိချင်စရာလည်းမကျန်တော့ဘူး။ ကျောင်းတက်ဖို့ပဲကျန်တော့တယ်။

ဘာကြောင့် ဒီလောက်အသေးစိတ်ရှင်းပြနေရတာလဲ။ ကြွားချင်တာလား၊ မဟုတ်ပါဘူး။ သူတို့ဆီက supervisor ဆိုတာ ဘယ်လိုလူတွေဆိုတာ တစေ့တစောင်းအကဲခတ်နိုင်အောင်နဲ့ အထူးသဖြင့် သူတို့အလုပ်လုပ်တာမကွယ်မဝှက် ပွင့်ပွင့်လင်းလင်းရှိပုံ၊ အစီအစဉ်နဲ့စနစ်တကျရှိပုံ၊ အလုပ်နဲ့ပတ်သက်လာရင် ရာထူးအပေါ် သာယာမိန်းမောပြီး တစ်ဖက်လူအပေါ် စီးပိုးခြင်းမရှိဘဲ တာဝန်ကျေပွန်အောင်လုပ်ပုံ၊ အောက်ကျနောက်ကျတယ်လို့မခံယူ၊ မသတ်မှတ်

ပုံတွေသိစေချင်တာပါ။ Mr.Leary က အရာရှိ၊သူ့လက်အောက်က ပေါလ်တို့၊ မစ်ရှဲလ်တို့ဆိုတာလည်း ဘွဲ့ရရုံးဝန်ထမ်းတွေ။ ခိုမယ်၊ ချိုမယ်၊ တိုမယ်၊ ကတ်မယ်ဆိုရင် လုပ်နိုင်သားပဲ။ ဘာတတ်နိုင်မှာလဲ။ ဒါပေမဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမလုပ်ဘူး။ မာနမရှိဘူးမထင်နဲ့။ တာဝန်အရမဟုတ်ဘဲလမ်းမကြီးပေါ်မှာတွေ့လို့ကတော့ သူကနူတ်ဆက်ချင်မှနူတ်ဆက်တာ။ ကိုယ်က နူတ်ဆက်ရင်လည်းတာဝန်ချိန်တုန်းက ဆက်ဆံရေးမျိုးမမျှော်လင့်နဲ့။ ဆယ်ယောက်တစ်ယောက်လောက်ပဲဟက်ဟက်ပက်ပက်ရှိတယ်။

ဒါက စပွန်ဆာဘက်အပိုင်းက supervisor အကြောင်း အမြွက်သဘောပါ။ နောက်ပိုင်း ပညာရေးပိုင်း supervisor အကြောင်းရေးရင်း အလျဉ်းသင့်သလိုထည့်ဆွေးနွေးပါ့မယ်။

၂၆-၆-၁၉၈၆ခုနှစ်(ကြာသပတေးနေ့)မှာ ဆစ်ဒနီတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာနမှာ မဟာစိုက်ပျိုးရေးဘောဂဗေဒ(M.Ag.Ec.)သင်တန်းသားအဖြစ် စတင်မှတ်ပုံတင်တယ်။ ဇူလိုင်လကစပြီး သတ်မှတ်အတန်းတွေတက်ရတယ်။ ဆစ်ဒနီတက္ကသိုလ်မှာ semester အစား term ဆိုတာသုံးတယ်။ term သုံးခုရှိတယ်။ အခေါ်အဝေါ်တွေလည်းသတ်သတ်မှတ်မှတ်ရှိတယ်။ အစီအစဉ်အတိုင်း Lent-Term, Trinity-Term နဲ့ Michaelmas-Termတဲ့။ သူတို့အသုံးအနှုန်းတွေနဲ့ဆိုရင် ကျွန်တော်တို့ဆီကစာသင်သားတွေမျက်စိလည်ပြီးရှုပ်ထွေးမယ်။ ဒါကြောင့် ရှင်းရှင်းလင်းလင်းပဲဆွေးနွေးပါမယ်။ ဇူလိုင်လမှာ သင်တန်းတွေ စတက်ရတယ်။ တက်ရတဲ့ဘာသာရပ်တွေကလည်း မနည်းမနောပဲ။ စာမေးပွဲဖြေတဲ့အခါ Paper I, II, III, IV ဆိုပြီး အဓိကဘာသာ paper လေးခုသာ ပြထားပေမဲ့ paper တစ်ခုတစ်ခုမှာ အနည်းဆုံး နှစ်ဘာသာ၊ တချို့ paper က လေးဘာသာပေါင်းထားတာရှိတယ်။ တစ်ဘာသာစီ သပ်သပ်လည်းရှိတယ်။ တစ်ဘာသာစီသပ်သပ်တွေထဲမှာ Research Method, Comprehensive Paper, Topical Topics တို့ပါဝင်ပါတယ်။ ဘောဂဗေဒဌာနသွားတက်ရတဲ့ Econometrics ဘာသာနဲ့လက်တွေ့ခန်း သွားတက်ရတဲ့ကွန်ပျူတာဘာသာတို့လည်း တစ်ဘာသာစီဖြေရတယ်။ စိုက်ပျိုးရေးဘောဂဗေဒဌာနမှာတက်ရဖြေရတဲ့ဘာသာရပ်တွေကိုတန်းစီရေးရရင်တော့ Agricultural Development, Resource Economics, Agricultural Finance, Public Enterprise Economics, Farm Management, Production Economics, Price

and Markets တို့ ပါဝင်ပါတယ်။

အဲဒီအထဲက တချို့က full credit course ခေါ်တဲ့ 4-credit course ဖြစ်ပြီး တချို့က 2-credit course ဖြစ်တယ်။ သင်ရိုးအရ မယူမနေရသင်ယူရတာတွေပါသလို အရင်က စနစ်တကျမသင်ယူခဲ့ရတဲ့ဘာသာ၊ နောက်ပိုင်းသုတေသနလုပ်တဲ့အခါ လိုအပ်မယ့်ဘာသာတချို့(ဥပမာ- Econometrics Research Methods ကွန်ပျူတာစသည်)ကိုတော့ ကြီးကြပ်ပါမောက္ခက ရွေးချယ်သတ်မှတ်ပေးတာဖြစ်တယ်။ ဒီလိုနဲ့ ဇူလိုင်မှာစခဲ့တဲ့ Michaelmas-Term အတွက် term-end စာမေးပွဲကို ၁၄-၁၁-၈၆ခုနှစ်(သောကြာနေ့)စဖြေရတယ်၊ ၂၀-၁၁-၈၆ခုနှစ်(ကြာသပတေးနေ့)ပြီးတယ်၊ ၅-၁၂-၈၆ခုနှစ်(သောကြာနေ့)မှာ ကြီးကြပ်သူပါမောက္ခဖစ်ရှာက အောင်စာရင်းပြောတယ်။ 'အခု ဒီterm စာမေးပွဲကိုကျေနပ်တဲ့အဆင့်နဲ့အောင်မြင်တဲ့အတွက် မဟာတန်းဆက်တက်ဖို့ မလိုတော့ဘူး။ ပါရဂူတန်း(Ph.D)ဝင်ခွင့်ပုံစံဖြည့်ပါ၊ ပညာရေးအဖွဲ့ကို ပါရဂူဘွဲ့တန်း တိုက်ရိုက်ဝင်ခွင့်ပြုဖို့ ထောက်ခံတင်ပြပေးမယ်။ မဟာတန်းမှာ မှတ်ပုံတင်ပြီးတက်ခဲ့တဲ့ကာလကိုလည်း Ph.D Prelim: လို့ သတ်မှတ်ပေးမယ်။ Full credit course တွေအတွက် ဆက်တက်ဖို့ကျန်တဲ့ Lent- Term မှာတက်ရမယ့်ဟာဆက်တက်၊ ဆက်ဖြေ၊ Trinity-Term မှာ တက်ရမယ့်ဟာဆက်တက်၊ ဆက်ဖြေပါ၊ ဒါပေမဲ့ အဓိက paper တော်တော်များများပြီးပြီဖြစ်လို့ ပရီလင်းလည်းပြီးပြီလို့သတ်မှတ်ပေးလိုက်တယ်။ ကျမ်းကြီးအတွက် စာတွေကိုတစ်ပြိုင်တည်းစဖတ်ပေတော့။ literature review အတွက်စတင်ပေတော့။ အခု ပိတ်ရက်ရှည်လာတော့မယ်။ Ph.D ဝင်ခွင့် ပညာရေးအဖွဲ့တင်ပြ၊ ဆုံးဖြတ်၊ ပြန်ချမှာနဲ့ဆိုရင် ၁၉၈၇ခုနှစ်၊ မတ်လ Term မှမှ တရားဝင် ဝင်ခွင့်စမှာဖြစ်တယ်။ ရေးမယ့်ကျမ်းကြီးအတွက် စာရင်းအင်းသတင်းအချက်အလက်စုစည်းဖို့၊ ကောက်ခံဖို့လည်း စဉ်းစားတာပေါ့။ congratulation' တဲ့။

ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ သူများတွေ တစ်နှစ်လုပ်ရတဲ့ ပရီလင်းကို ကျွန်တော်က သုံးလ၊ သုံးလခွဲလောက်သာကြာတဲ့ term နှစ်ခုတည်းနဲ့ ပြီးသွားတဲ့သဘောပါပဲ။ ဘာကြောင့်လဲဆိုတော့ အဓိက paper တွေအကုန်ပြီးပြတ်ပြီး ကျမ်းကြီးအတွက် သုတေသနလုပ်ရင် အထောက်အကူရမယ့် Research Methods(သုတေသနနည်းနိသရည်းများ)၊ Econometric 1-B နဲ့ ပါမောက္ခ

ဖစ်ရှာကိုယ်တိုင်သင်တဲ့ Price and Markets ဆက်ဖြေဖို့ပဲကျန်တယ်။ Econometric 1-A က Michaelmas-Term စာမေးပွဲမှာ ဖြေပြီးသွားပြီ။ အခု ကျန်တဲ့ သုံးဘာသာကိုလည်း ၁၉၈၇ခုနှစ်၊ ဩဂုတ်လအထိ ကာလအတွင်း ကြိုက်သလို ခွဲပြီးဖြေနိုင်တယ်။ ဒီဘာသာရပ်တွေဟာ subsidiary subject လို့ခေါ်တဲ့ နောက်ဆက်တွဲ ပံ့ပိုးထောက်ကူဘာသာရပ်တွေဖြစ်ရုံမက ပရီလင်း ပြီးပြီလို့ ကြီးကြပ်ပါမောက္ခကပြောထားပြီးဖြစ်လို့ စိတ်လက်တော်တော်ပေါ့သွားပါပြီ။

အလုပ်သဘောအရတော့ အားလုံးအဆင့်ဆင့်နည်းလမ်းတကျ (formal) တင်ပြရတယ်၊ ဆုံးဖြတ်ချက်ခံယူရတယ်။ ဒါကြောင့် ကျွန်တော် Master course နဲ့ စဝင်၊ စတက်တယ်၊ one-term တက်ဖြေပြီး၊ အောင်စာရင်းကြည့်ပြီး Ph.D. Prelim အဖြစ် ပြောင်းလဲသတ်မှတ်ပေးဖို့၊ ပရီလင်းပြီးပြီလို့ ဆုံးဖြတ်ဖို့၊ ကျမ်းကြီးပြုစုဖို့ လုပ်ငန်းစလို့ရပြီ စတာအားလုံးပညာရေးအဖွဲ့ကို တင်ပြ အတည်ပြုချက်ယူရပါတယ်။ ဒါပေမဲ့ အခရာကကြီးကြပ်သူပါမောက္ခဖြစ်ပါတယ်။ သူကထောက်ခံတင်ပြခြင်းဖြစ်တယ်။ သူကအရမ်းကာရော ထောက်ခံမှာမဟုတ်သလို တော်ရင်လည်း မလိုအပ်ဘဲ အချိန်ဆွဲမထားဘဲ ထောက်ခံပေးတာက ကြိုးစားချင်စိတ်အတွက် အင်မတန်ကြီးမားတဲ့တွန်းအားဖြစ်တယ်၊ မက်လုံးဖြစ်တယ်။ ကျွန်တော်တို့ အတုယူစရာကောင်းတဲ့အချက်ပဲ။

ဒီလိုနဲ့ ဖြေဖို့ကျန်တာတွေအတွက် ဖတ်မှတ်ပြင်ဆင်ရင်းကျမ်းကြီးအတွက် ဦးတည်ပြီး Literature review အတွက်ပါ ဖတ်တယ်၊ မှတ်တယ်။ ၂၆-၂-၈၇ ခုနှစ်(ကြာသပတေးနေ့)မှာမော်ကွန်းထိန်းဆီက စာတစ်စောင်ရတယ်။ ပါရဂူဘွဲ့အတွက် အချိန်ပြည့်ကျောင်းသားအဖြစ် ဝင်ခွင့်လက်ခံကြောင်း အကြောင်းကြားတဲ့စာဖြစ်တယ်။ စာထဲမှာ ပါရဂူဘွဲ့သင်တန်းသားနဲ့ပတ်သက်ပြီး ထပ်မှတ်စရာ ၆ချက်ပါတယ်။ Particular of Candidature ဆိုပြီး-

(1) Subject of proposed study and research: Economic Develop - ment in Burma (အဲဒီတုန်းကခေါ်တဲ့ နာမည်ဖြစ်ပါတယ်၊ ကျွန်တော် မြန်မာပြည်ကမထွက်ခွာမီ တင်ပြခဲ့တဲ့ခေါင်းစဉ်ဖြစ်ပါတယ်)။

(2) Supervisor: Professor B.S. Fisher (အရင်ကတည်းက ကြီးကြပ်သူအဖြစ် ခန့်ပြီးသားပါ။ ဒါပေမဲ့ အခုမဟာကနေ ပါရဂူတန်းကို ကူးပြောင်းပြီးဖြစ်လို့ နောက်ထပ်မေးမနေရအောင် သေချာအောင် ထပ်ဖော်ပြခြင်းဖြစ်

မယ်ထင်ပါတယ်)။

(3) Commencement of Candidature: Lent Term 1987.

(4) Earliest date for completion of degree requirements:Lent Term 1989.

(5) Latest date for completion of degree requirements: Lent Term 1991.

(6) Additional particular: You have been granted credit for 2 terms spent as a candidate for the M.Ag. Ec.degree တဲ့။

ဘယ်လောက်ရှင်းသလဲ၊ တိကျသလဲဗျာ၊စာသင်သားဘက်ကပြန်မေးစရာ မကျန်အောင် စေ့စပ်သေချာတိကျတယ်ဗျာ။ စဉ် ၄နဲ့၊ စဉ် ၅ အရ သိပ်တော်လို့ ကျမ်းကြီးကို ကြိုတင်လုပ်ထားဦးတော့၊ စောပြီး ပြုစုပြီးတယ်ဆိုဦး ၁၉၈၉ခုနှစ် Lent Term ထက် စောပြီးတင်လို့မရဘူး၊ တင်ခွင့်မရှိဘူး။ ၁၉၉၁ခုနှစ် Lent Term ထက်လည်း နောက်မကျရဘူး။ Lent Term က အကြမ်းဖျင်း ဖေဖော် ဝါရီလကုန်လောက်ကနေ ဇွန်လလယ်လောက်ဖြစ်တယ်။

၁၉၈၆ခုနှစ် Michaelmas-Term မှာ အရေးကြီးတဲ့ပရီလင်းအပိုင်းပြီးခဲ့ပြီမို့ ကျန်တဲ့ subsidiary ဘာသာရပ်တွေကို Lent-Term နဲ့ Trinity-Term တွေမှာခွဲ ဖြန့်ပြီး သက်သောင့်သက်သာနဲ့ဖြေလိုက်တာ ၂၆-၈-၈၇ရက်(ဗုဒ္ဓဟူးနေ့)အောင် စာရင်းနဲ့သိရပြီး အားလုံးပြီးပြတ်သွားတယ်။ good pass ဂုဏ်ထူးနဲ့အောင် တယ်။ ရေးဖြေစာမေးပွဲမကျန်တော့ဘူး။ အဲဒီအချိန်မှာ ကျမ်းကြီးအတွက် Literature review အနေနဲ့ စာဖတ်တာလည်း အတော်ခရီးရောက်နေပါပြီ။

စာမေးပွဲဖြေပြီးလို့ အောင်စာရင်းမထွက်မီစပ်ကြား(အောင်မှာလည်း သေချာပေါက်ယုံကြည်လို့)ကျမ်းကြီးကိစ္စဆွေးနွေးဖို့ ကြီးကြပ်သူပါမောက္ခနဲ့ ၁၄-၈-၈၇ခုနှစ်(သောကြာနေ့)မှာတွေ့တယ်။ အဲဒီမှာ ပြဿနာတစ်ခုစပါလေ ရော။ ကျွန်တော် မူလကြိုက်ပြီး စိတ်ကူးထားခဲ့တာက ဂျပန်နိုင်ငံ၊ တိုကျို တက္ကသိုလ်မှာတုန်းကရေးတင်ပြီးမှ မကာကွယ်မဖြေဆိုလိုက်ရတဲ့ဒေါက်တာ ဘွဲ့ကျမ်းကြီးကိုပဲ နည်းနည်းပါးပါးထပ်ဖြည့်မွမ်းမံပြီးတင်ဖို့။ အဲဒါဆို ကျွန်တော် အချိန်လည်းအများကြီးသက်သာမယ်၊ လူလည်းအများကြီးသက်သာမယ်ပေါ့။ တကယ်လည်း ဖွင့်ဆွေးနွေးရော ကျွန်တော့်ကြီးကြပ်သူပါမောက္ခဖစ်ရှာက ကျွန်တော်ရေးချင်တဲ့ agricultural development (စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု)နယ်ပယ်ဟာ သူဇောက်ချ၊ ကျွမ်းကျင်မှုနယ်ပယ်မဟုတ်ဘူး။ ဒါကြောင့်

မူလအဆိုပြုတင်ပြထားတဲ့ခေါင်းစဉ်ကပြောင်းရလိမ့်မယ်' တဲ့။ ကျွန်တော် ခေါင်းနားပန်းကြီးသွားတယ်။ တကယ့်ကို တစ်ကပြန်စရမယ့်သဘောဖြစ်သွားပြီ။ ပရီလင်းတက်တုန်းက Dr.Bruce Davidson ဆိုတဲ့ အင်္ဂလိပ်လူမျိုး ဝါရင့် ကထိကအဘိုးကြီးက Agricultural Development ဘာသာသင်ခဲ့တယ်။ ဒါကြောင့် Dr.Davidson နဲ့လုပ်လို့မရဘူးလားလို့မေးကြည့်တယ်။ မဖြစ်နိုင်ဘူးတဲ့။ Dr.Davidson ကမကြာမီအနားယူတော့မှာတဲ့။ အနားမယူတောင်မှ သူက ဥရောပစိုက်ပျိုးရေးနဲ့ ဩစတြေးလျစိုက်ပျိုးရေးတိုးတက်မှုကျွမ်းကျင်သူတဲ့။ အာရှစိုက်ပျိုးရေးတိုးတက်မှုစပါယ်ရှယ်လစ်မဟုတ်ဘူးတဲ့။ ပြီးတော့ Bruce ကပါမောက္ခလည်းမဟုတ်ဘူးတဲ့။ စိတ်မော၊ လူမောဖြစ်ရတော့တယ်။ ပရီလင်းမှာပဲ ကြာမယ်လို့စိုးရိမ်ခဲ့တာ။ ကျမ်းကြီးတော့ ဖြတ်လမ်းလိုက်လို့ရပြီလို့ ထင်မှတ်ထားခဲ့တာ။ အခုတော့ သွားပြီ။ ဩော်. . . ကြီးကြပ်သူပြဿနာ။

ဒီထက် ပိုမောသွားတာက ပါမောက္ခဖစ်ရှာ ဆက်ပြီးပြောတဲ့တိုက်တွန်းချက်ပဲ။ သူက စီးပွားရေးအတိုင်းအတာပညာရှင်(Econometrician)ဖြစ်တယ်တဲ့။ ဒါကြောင့် econometrics နဲ့သက်ဆိုင်တဲ့ econometricsနဲ့တိုင်းတာတွက်ချက်တဲ့ခေါင်းစဉ်မျိုး၊ အကြောင်းအရာမျိုး စဉ်းစားပါလားတဲ့။ ဥပမာကွာ An Econometric Study of Food Demand in Burma (ထိုစဉ်က Burma နာမည်မပြောင်းသေး)ရေးပါလားတဲ့။ ပြီးတော့ အခု ဂျာမန်ဘောဂဗေဒပညာရှင်နှစ်ဦး ဖော်ထုတ်ထားတာ ၁၀နှစ်လောက်သာရှိသေးတဲ့နာမည်ကြီး econometric model (စီးပွားရေးအတိုင်းအတာပုံစံ)တစ်ခုရှိတယ်။ Almost Ideal Demand System(AIDS)model လို့ခေါ်တယ်။ အဲဒီပုံစံကိုဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေရဲ့ဝယ်လိုအား၊ စားသုံးမှုတွေအတွက်ပဲ တိုင်းတာလေ့လာဖူးတယ်။ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် မစမ်းသပ်ရသေးဘူး၊ မြန်မာနိုင်ငံအတွက် စမ်းကြည့်ပါလား၊ တကယ့် unique and original contribution (နှိုင်းရာမဲ့ မူရင်းတွေ့ရှိချက်) ဖြစ်မှာတဲ့။ စိတ်ထဲက ဘုရားတမိတော့တယ်။ သူက econometrics ဘုရား၊ ကျွန်တော်က econometrics မှာ ကိုရင်အဆင့်တောင်မရှိသေး။ ကျွန်တော် ရန်ကုန်မှာ စီးပွားရေးဂုဏ်ထူးတန်းတက်စဉ်က ဆရာကြီးဒေါက်တာဗိုလ်လေးက econometrics သင်လို့တက်ဖူးတယ်။ ကျွန်တော် ဘာတစ်လုံးမှ ဂဃနဏ မတတ်ဘူး။နားမလည်ဘူး။ ဒေါက်တာဗိုလ်လေးအတန်းထဲမှာတော့ ကျွန်တော်

အညံ့ဆုံးထင်တာပဲ။

ဒါကြောင့် ပါမောက္ခဖစ်ရှာက ကျွန်တော့်ကို econometrics ဘာသာရပ်ကို Term နှစ်ခုတောင်တက်ခိုင်းခဲ့တာကိုး။ ဒါပေမဲ့ အခုမှအခြေခံသဘောကို နားလည်တာ။ ဒေါက်တာဘွဲ့ကျမ်းကြီးရေးတဲ့အထိ ဖြစ်ပါ့မလား။ မဖြစ်ရေး ဘက်ကများတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်းမရှိဘူး။

'ကျွန်တော်က econometrics မကျွမ်းကျင်ဘူး။ သင်္ချာနဲ့စာရင်းအင်းပညာမှာလည်း အလွန်အားနည်းတယ်။ နိုင်ငံတော်ကအချိန်ကန့်သတ်ပြီး ပညာသင်စေလွှတ်တာဖြစ်လို့ အချိန်မီပြီးဖို့ အင်မတန်အရေးကြီးပါတယ်။ ပညာသင်ကာလတိုးမြှင့်လျှောက်ထားဖို့အခက်အခဲရှိတယ်။ မလုပ်တတ်လုပ်တတ် စမ်းတဝါးဝါးနဲ့ အချိန်မီမပြီးရင်ဖြစ်ဖြစ်၊ လိုချင်တဲ့အဖြေမထွက်ရင်ဖြစ်ဖြစ် ရည်မှန်းချက်မပေါက်မြောက်ဘဲ ဒုက္ခတွေ့မှာစိုးရိမ်ပါတယ်' လို့ ကျွန်တော်တင်ပြတယ်။ ဒီတော့ ဖစ်ရှာက 'ကျောင်းသား စမ်းတဝါးဝါးဖြစ်တာ ပြင်ရလွယ်တယ်၊ **ကြီးကြပ်သူ စမ်းတဝါးဝါးမဖြစ်ဖို့ ပိုအရေးကြီးတယ်။** ဒီနယ်ပယ်က ငါကျွမ်းတဲ့နယ်ပယ်မို့ လမ်းညွှန်၊ လမ်းပြပေးဖို့၊ နည်းပြပေးဖို့ ငါ့တာဝန်ထား၊ စာဖတ်ဖို့၊ စာလုပ်ဖို့ မင်းတာဝန်ယူ၊ အဖြေမထွက်ဘူးတော့ မရှိဘူး၊ ထွက်မှာပါ၊ မျှော်မှန်းတဲ့အဖြေဟုတ်၊ မဟုတ်ဆိုတာသာဖြစ်မှာပါ။ အဲဒီထွက်တဲ့အဖြေကို အဓိပ္ပာယ်ဖွင့်ပေးနိုင်ရင် contribution ပဲလေ။ မင်း ပရီလင်း အတော်စောပြီးတာမို့ အချိန်တွေအများကြီးရှိသေးတယ်။ Literature review လုပ်ကြည့်ပါဦး၊ ဖတ်ကြည့်ပါဦး၊ နောက်နှစ်ပတ်လောက်မှာ ပြန်ဆုံကြတာပေါ့' လို့ဆိုပြီး ဖတ်စရာစာအုပ်၊ စာတမ်းတချို့ထုတ်ပေးတယ်။ ဖတ်ကြည့်ပါတဲ့။

ကျွန်တော့်ကြီးကြပ်သူဟာ ကမ္ဘာကျော် econometrician တစ်ယောက်ဖြစ်ကြောင်း ကျွန်တော် သူ့ကိုမမြင်ဖူးခင်ကတည်းက သိထားပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာလိုတွေးပြီး သူပါမောက္ခပဲ၊ စိုက်ပျိုးရေးဘောဂဗေဒကပဲ၊ ဒါဆို စိုက်ပျိုးရေးဘောဂဗေဒရဲ့ဘာသာရပ်ခွဲတွေ ဘာမဆို သိမှာပဲ၊ ကြီးကြပ်မှုပေးနိုင်မှာပဲလို့တွေးခဲ့မိတယ်။ ထင်ခဲ့မိတယ်။ ကျွန်တော် ပါစင်အောင်လွဲသွားတယ်။ ကျွန်တော် အင်မတန်အားနည်းပြီး အင်မတန်ဝါသနာမပါတဲ့ econometrics နဲ့ဒေါက်တာဘွဲ့ကျမ်းကြီး ပြုစုရလိမ့်မယ်လို့ တကယ်မတွေးမိခဲ့ပေမဲ့ အခုတော့ ဒီနွံထဲနစ်တော့မယ်ထင်ပါရဲ့။

ဒါပေမဲ့ စိတ်ဖြေစရာတစ်ကွက်က ကြီးကြပ်သူဖစ်ရှာက ကျွန်တော့်ကို ဇွတ်အဓမ္မမတိုက်တွန်းဘူး။အကျိုးအကြောင်းနဲ့အားပေးတယ်။ ကြိုးစားကြည့်ဖို့ အားပေးတယ်။ မဟန်ရင်လည်း တက်သာ၊ ဆုတ်သာအခြေအနေရှိတယ်။ ဖစ်ရှာကစိုက်ပျိုးရေးမဟာဌာနရဲ့ဘွဲ့လွန်မဟာဌာနမှူးတစ်ဦးလည်းဖြစ်တာမို့ ကျွန်တော် econometrics နဲ့စမ်းကြည့်၊ ကြိုးစားကြည့်လို့ ဘယ်လိုမှအဆင်မပြေရင် အချိန်မီကြီးကြပ်သူ ပြောင်းပေးမယ်လို့ယုံကြည်တယ်။ စိုက်ပျိုးရေးဘောဂဗေဒဌာနမှာတင်ပါမောက္ခတွေ အများကြီးပဲဟာ။ ဒါပေမဲ့ လောလောဆယ် ဖစ်ရှာကို ကျွန်တော့်အတွက် ကြီးကြပ်သူခန့်ထားပေးလို့ သူငြိုငြင်အောင်လုပ်လို့မဖြစ်သေးဘူး။ ကြိုးစားကြည့်တာပေါ့။

ကျွန်တော်ကြိတ်ပြီး စိတ်ကူးထားတဲ့ ကျမ်းကြီးခေါင်းစဉ်ကကြီးကြပ်သူပါမောက္ခဖစ်ရှာရဲ့ကျွမ်းကျင်မှုလိုင်းမဟုတ်လို့ စိုက်ပျိုးရေးထုတ်လုပ်မှု သို့မဟုတ် ရောင်းဝယ်ဖြန့်ချိမှုပုံစံတစ်ခုခု(Production and marketing model)နဲ့ပတ်သက်တာရေးဖို့စဉ်းစားပါ။ မြန်မာနိုင်ငံရဲ့စိုက်ပျိုးထုတ်လုပ်မှုနဲ့ဈေးကွက်အဆောက်အအုံပုံသဏ္ဍာန်(Myanmar Agricultural Production and Market Structure)ကိုသိရှိဖို့နဲ့ မူဝါဒရဲ့အကျိုးသက်ရောက်မှု(policy impact) ကို ဟိုးယခင် အတိတ်ကာလထက် လက်ငင်းကာလကိုအလေးပေးပြီး review လုပ်သုံးသပ်ကြည့်ပါလို့အကြံပြုတိုက်တွန်းတယ်။ ဒါပေမဲ့ ပြဿနာက စာရင်းအင်းအချက်အလက်ရရှိရေးပြဿနာဖြစ်တယ်။ ကျွန်တော် ပညာသင်သွားခဲ့တဲ့ကာလဟာ မြန်မာနိုင်ငံမှာဆိုရှယ်လစ်ကာလဖြစ်ပြီး မြန်မာနိုင်ငံအဝင်၊ အထွက်နဲ့ပတ်သက်ရင်ဖြစ်ဖြစ်၊ အထူးသဖြင့် မြန်မာပြည်ပြန်ပြီး စာရင်းအင်းအချက်အလက်ကောက်ခံရေး၊ ကွင်းဆင်းလေ့လာရေးတို့နဲ့ပတ်သက်ရင်ဖြစ်ဖြစ် အင်မတန်စည်းကမ်းတင်းကျပ်တယ်။ အခန့်မသင့်ရင် မြန်မာနိုင်ငံကပြန်ထွက်ဖို့တောင် အခက်အခဲကြုံနိုင်တယ်။ ဒီအကြောင်းတွေကိုကြီးကြပ်သူပါမောက္ခကိုတင်ပြဆွေးနွေးတယ်။ ဒီအခါ ကြီးကြပ်သူပါမောက္ခကအခြေအနေကိုသဘောပေါက်ပါတယ်တဲ့။ မြန်မာနိုင်ငံ ပြန်မသွားဘဲ၊ ကွင်းမဆင်းဘဲ စာရင်းအင်းဆိုင်ရာ မှတ်တမ်းမှတ်ရာတွေ၊ စာစောင်တွေ (statistical yearbooks, bulletins etc)ကို စာကြည့်တိုက်တွေမှာရှာဖွေကြည့်ပါ။ အချိန်ကိန်းစဉ်ဂဏန်းတွေ(time series data)အနှစ် ၃၀၊ ၄၀စာလောက် ရနိုင်မလား ရှာ

ကြည့်ပါ။ နှစ်စဉ်ကိန်းဂဏန်း (annual data) ဖြစ်ဖြစ်၊ လေးလပတ် ကိန်းဂဏန်း(quarterly data)ဖြစ်ဖြစ်ရတယ်။ ကွင်းဆင်းပြီး စာရင်းမကောက်နိုင်ရင် ဒီနည်းပဲရှိတော့တယ်။ စားသုံးမှု(ဝါ)ဝယ်လိုအားတုံ့ပြန်မှုဆိုင်ရာခန့်မှန်းတိုင်းတာမှုကို မြန်မာနိုင်ငံအတွက် လုပ်ဖူးကြဦးမယ်မထင်ဘူး။ စာရင်းအင်းကိန်းဂဏန်းသာရနိုင်ရင် အဲဒါခန့်မှန်းတိုင်းတာကြည့်ချင်တယ်။ မိုဒယ်ပုံစံအသစ်တစ်ခုပေါ်နေတာ ၁၀နှစ်မပြည့်သေးဘူး။ သိပ်ပေါ်ပြူလာဖြစ်နေတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးတော်တော်များများရဲ့စားသုံးမှုတွေခန့်မှန်းတိုင်းတာပြီးပြီ။ ရှင်းပြနိုင်အား တော်တော်ကောင်းတယ်လို့ဆိုတယ်။ အဲဒါဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အချိုးအစားပျက်ပြားနေတဲ့ဈေးကွက်တွေအတွက် မစမ်းသပ်ရသေးဘူး။ စမ်းကြည့်ချင်တယ်။ အသုံးတည့်ရင်တော့နိုင်ငံစီးပွားရေးတိုးတက်ရေးဆိုင်ရာမူဝါဒချမှတ်ရေး၊ စီမံကိန်းရေးဆွဲရေးတို့မှာ အင်မတန်အသုံးဝင်မှာဖြစ်ပါတယ်။ ဒါကြောင့် စာရင်းအင်းကိန်းဂဏန်း အချက်အလက်ကိုစွ အရင်ရှာကြည့်၊ စုဆောင်းကြည့်ပါ။ ရတဲ့စာရင်းအင်းအချက်အလက်တွေက အလုပ်ဖြစ်နိုင်ခြေရှိရင် စောစောကပြောတဲ့မိုဒယ်ပုံစံနဲ့ပတ်သက်ပြီးဖတ်မှတ်ခိုင်းမယ်။ လောလောဆယ် data ရှာပေတော့လို့ညွှန်ကြားတယ်။

အဲဒီတော့ လိုအပ်မယ့်စာရင်းအင်း သတင်းအချက်အလက်အမျိုးအစားတွေစာရင်း၊ ဆစ်ဒနီမြို့ပေါ်မှာရှိသမျှ နိုင်ငံတကာနဲ့အကျုံးဝင်တဲ့စာကြည့်တိုက်တွေ(ဥပမာ-ဆစ်ဒနီတက္ကသိုလ်စာကြည့်တိုက်အပါအဝင် ဆစ်ဒနီရှိ တက္ကသိုလ်အသီးသီး၏စာကြည့်တိုက်များ၊ UNDP, WTO, ADAB, USIS, စာကြည့်တိုက်များ၊ အင်တာနက်စာကြည့်တိုက်များစသည်)စာရင်း၊ ကင်ဘာရာမြို့ရှိ မြန်မာသံရုံးစာကြည့်တိုက်၊ Australian National University(ANU) စာကြည့်တိုက်အပါအဝင် တက္ကသိုလ်များရှိ သုတေသနစင်တာများစာရင်းတွေလုပ်တယ်။ အနီးဆုံး ဇာစ်မြစ်တွေ စသွားတယ်။ ဘာတွေရနိုင်သလဲဆိုတာပဲကြည့်တယ်၊ မှတ်တယ်။ ဆစ်ဒနီမြို့နဲ့အနီးတစ်ဝိုက်ရှိ စာကြည့်တိုက်တွေ၊ သုတေသနစင်တာတွေကို တစ်ပတ်၊ ဆယ်ရက်လောက် နေ့စဉ်ရက်ဆက်သွားရောက်စုံစမ်းတယ်၊ လေ့လာကြည့်ရှုတယ်။ ရနိုင်သရွေ့ စာအုပ်၊ စာတမ်း စာရင်းပြုစုတယ်။

အဲဒါပြီးတော့ ကင်ဘာရာမြို့တော်မှာရှိတဲ့ မြန်မာသံရုံးသွားတယ်။ တော်တော်အားတက်သွားတယ်။ ဗဟိုစာရင်းအင်းဌာန(CSO)ထုတ် Statistical

Yearbook တွေ၊ Monthly Selected Economic Indicators တွေနဲ့ ထိုစဉ်အခါ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနထုတ် ပြည်သူသို့အစီရင်ခံစာ စာအုပ်တွေ၊ အခြားကိန်းဂဏန်းစာရင်းအင်းတွေပါဝင်တဲ့စာအုပ်၊ စာတမ်း၊ စာစောင်တွေအချိန် ကိန်းစဉ်အလိုက်တွေ့ရတယ်။ သံအမတ်ကြီးရော၊ သံရုံးအရာထမ်း၊ အမှုထမ်းတွေကပါ အားပေးကူညီတယ်။ ထိုင်ဖတ်ခွင့်၊ ကူးယူခွင့်ပြုတယ်။ နောက်ပိုင်းမှာ ငှားခွင့်တောင် ပြုခဲ့တယ်။

ပြီး ANU မှာနာမည်ကြီး Menzies Library ရှိတယ်။ အဲဒီမှာလည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မတိုင်မီက ဗဟိုစာရင်းအင်းနှင့်စီးပွားရေးဌာန (CSED)ကထုတ်တဲ့ Statistical Yearbook ၁၉၆၁ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ၊ Quarterly Bulletin of Statistics တွေ ၁၉၅၂ခုနှစ်မှ ၁၉၆၇ခုနှစ်အထိ၊ Statistical Pocket Book နဲ့ Burma Census ၁၉၅၃ စာအုပ်တွေအပြင် အင်မတန်ရှားပါးတဲ့အိမ်ထောင်စုအသုံးစရိတ်စစ်တမ်း(Household Expenditure Survey)တွေပါတွေ့ရှိခဲ့တယ်။ (အဲဒီစာရင်းအင်းအချက်အလက်အတော်များများကို ဆစ်ဒနီတက္ကသိုလ်ရှိ နာမည်ကြီး Fisher Library မှာလည်း ရတယ်။ ဒါပေမဲ့ ကြားမှာပြတ်နေတဲ့ခုနှစ်တွေ၊ ကာလတွေအတွက် အခု Menzies စာကြည့်တိုက်က ရတာနဲ့ဖြည့်လိုက်တော့ တော်တော်စုံသွားပါတယ်။) ဒီကြားထဲ ANU ဘောဂဗေဒဌာနပါမောက္ခ(ဌာနမှူး)ဆရာကြီး ဒေါက်တာဆွန်ဒရွမ်(ရန်ကုန်တက္ကသိုလ်၊ စာရင်းအင်းပညာဌာနတွင် နှစ်ပေါင်းများစွာ ဆရာလုပ်သွားသူ)နဲ့ သုတေသနနဲ့ဆက်စပ်ပြီးသိကျွမ်းခဲ့သူပညာရှင် Dr.Hall Hill, Dr.Choudhuri နဲ့ Mr.Sisira Jayasuriya(အားလုံး ANU က ပညာရှင်တွေ)ကလည်းကောင်း၊ ပုသိမ်-မုံရွာလမ်းမကြီးဖောက်စဉ်က(မြန်မာနိုင်ငံအစိုးရက တာဝန်ပေးချက်အရ မြန်မာဘက်အပိုင်း အတိုင်ပင်ခံပညာရှင်အဖြစ် ပါဝင်ကူညီဆောင်ရွက်ခဲ့ရာက)သိကျွမ်းခဲ့တဲ့ ANU မှ ပါမောက္ခဒေါက်တာဂျယ်ရီဝဒ်ရဲ့ဇနီး ဒေါက်တာမေရီယံဝဒ်စတဲ့ပညာရှင်တွေကလည်း ကောင်းကောင်းကူညီကြပါတယ်။

တော်တော်လေး ကျေနပ်စရာကောင်းအောင်စာရင်းအင်းအချက်အလက်တွေရပြီမို့ ဆစ်ဒနီပြန်ပြီး စုဆောင်းရခဲ့သမျှ စာရင်းအင်းကိန်းဂဏန်းကို ခေါင်းစဉ်တပ်၊ စနစ်တကျစာရင်းပြုစုတယ်။ ကြီးကြပ်သူကို သွားတွေ့ပြီး

တင်ပြအစီရင်ခံတယ်။ သူက 'ထားခဲ့၊ နောက်ဘယ်နေ့လာ' လို့ မပြောပါဘူး။ သူလုပ်နေတဲ့အလုပ်တွေကို ခဏရပ်နားထားပြီး ကျွန်တော်တင်ပြတဲ့စာရင်းကို စိတ်ဝင်တစားနဲ့ အသေအချာလေ့လာတယ်၊ သိချင်တာတွေ ထပ်မေးတယ်။ ဘယ်စာရင်းအင်းတွေ အသုံးဝင်တယ်၊ ကောင်းတယ်၊ ဘယ်စာရင်းအင်းတွေဖြင့် လိုဦးမယ်စသည်ဖြင့် မှတ်ချက်ပေးတယ်။ တချို့လိုအပ်တာတွေလည်း ကျွန်တော် မြန်မာနိုင်ငံမှ လာစဉ်က ပါလာတဲ့စာရင်းအင်းကိန်းဂဏန်းတွေထဲမှ တချို့ကိုလည်း သုံးလို့ရပါတယ်လို့ တင်ပြဆွေးနွေးတယ်။

ကျွန်တော့်ရဲ့အားထုတ်မှုနဲ့စာရင်းအင်းကိန်းဂဏန်းတွေရှာဖွေစုစည်းနိုင်မှုကို ကြီးကြပ်သူကကျေနပ်အားရပုံရတယ်။ စီးပွားရေးအတိုင်းအတာပညာ(econometrics)သုံးပြီး စားသုံးမှု(ဝါ)ဝယ်လိုအား ခန့်မှန်းတွက်ချက်တာ၊ မူဝါဒအတွက်သုံးစွဲတာတွေနဲ့ပတ်သက်တဲ့စာအုပ်၊ စာတမ်းတချို့ကိုကြီးကြပ်သူက ကျွန်တော့်ကိုထုတ်ပေးတယ်။ အဲဒါတွေဖတ်ပါ။ မလုံလောက်ရင် အဲဒီစာအုပ်၊ စာတမ်းတွေမှာ ဖော်ပြပါရှိတဲ့ ကျမ်းကိုးစာရင်းပါ စာအုပ်၊ ဂျာနယ်၊ စာတမ်းတွေကိုစာကြည့်တိုက်ကငှားဖတ်ပါ။ အခြေခံအယူအဆသဘော၊ သီအိုရီသဘောကိုသိရှိသဘောပေါက်ပြီဆိုရင် မိမိရေးချင်တဲ့ခေါင်းစဉ်နဲ့ အကြောင်းအရာအနှစ်ချုပ်(gist outline)ငါးမျက်နှာလောက်ရေးပြီး သူ့ကိုတင်ပြပါတဲ့။ ကြီးကြပ်သူပါမောက္ခက ကျွန်တော့်ကို အကြံပြုညွှန်ကြားတဲ့အတိုင်း ကျွန်တော် ဖတ်တယ်၊ မှတ်တယ်၊ ဆိုလိုရင်းတွေကို သဘောပေါက်အောင်လေ့လာတယ်။ အခြေခံသဘောအယူအဆတွေကိုခြုံငုံနားလည်မိလာတဲ့အခါ 'An Econometric Study of Demand for Food in Burma' ဆိုတဲ့ခေါင်းစဉ်နဲ့ရေးဖို့ဆုံးဖြတ်လိုက်တယ်။(အဲဒီအချိန်ကာလက အင်္ဂလိပ်ဘာသာဖြင့် မြန်မာနိုင်ငံကို Burma ဟု တရားဝင်ခေါ်ဆိုရေးသားပါတယ်။ ဒါကြောင့် ကျမ်းကြီးအမည်မှာ 'Burma' လို့ ရေးရတာဖြစ်တယ်။ ဘွဲ့လည်းရပြီး ဒီကျမ်းကြီးကိုကမ္ဘာအနှံ့ အင်တာနက်ပေါ်လည်း Burma နဲ့ပဲ တင်ထားပါတယ်။ ဒါကြောင့် Myanmar လို့မရေးရခြင်းကိုနားလည်သဘောပေါက်လက်ခံပေးမယ်လို့မျှော်လင့်ပါတယ်)။ ခေါင်းစဉ်ဆုံးဖြတ်ပြီးတာနဲ့ gist outline အသေအချာစဉ်းစားရေးပြီး ၁၄-၈-၈၇ခုနှစ်(သောကြာ)နေ့မှာခေါင်းစဉ် နဲ့ gist outline ကိုကြီးကြပ်သူပါမောက္ခဖစ်ရာထံတင်ပြခဲ့ပါတယ်။ ကြီးကြပ်သူ ပါမောက္ခက

၁၈-၈-၈၇ခုနှစ်(အင်္ဂါ)နေ့မှာ ကျွန်တော့်ကိုခေါ်တွေ့ပြီး ခေါင်းစဉ်ရော gist outline ပါ သဘောတူလက်ခံတယ်။ ကျမ်းကြီးအတွက် စာစဖတ်တော့၊ Theory Review စလုပ်တော့လို့ မီးစိမ်းပြအချက်ပေးလိုက်တယ်။

ဒီတော့ ဘွဲ့ကျမ်းကြီးအတွက် ဦးတည်ပြီး အလုပ်ကိုလေးလေးနက်နက် ဇောက်ချလုပ်ဖို့စတင်ရတော့တယ်။ အချိန်ကိုကန့်ပြီး Theory review အတွက် စာအုပ်၊ ဂျာနယ်၊ စာတမ်းစာရင်းပြုစုဖို့၊ ဖတ်မှတ်ဖို့၊ မှတ်စုထုတ်ဖို့အချိန်၊ စာရင်းအင်းအချက်အလက်တွေကို စာရင်းကြမ်းကနေ စာရင်းချော(from raw data to process data)ဖြစ်အောင် စိစစ်တွက်ချက်ဖို့ အချိန်၊ လိုအပ်တဲ့(ဝါ) ထပ်မံဖြည့်စွက်ဖို့ လိုအပ်တဲ့စာအုပ်၊ ဂျာနယ်၊ စာတမ်းနဲ့စာရင်းအင်းသတင်းအချက်အလက်တွေ နောက်ထပ်ရှာဖွေစုစည်းဖို့အချိန် စသည်ဖြင့်အချိန်ကို ခန့်ခွဲကန့်သတ်ရတယ်။

ဆစ်ဒနီတက္ကသိုလ်မှာ ဒေါက်တာဘွဲ့ သင်တန်းသားအားလုံး တစ်ပြေးညီ ဟုတ်၊ မဟုတ်တော့မသိဘူး။ ကျွန်တော်တက်တဲ့ စိုက်ပျိုးရေးမဟာဌာန၊ စိုက်ပျိုးရေးဘောဂဗေဒဌာနမှာတော့ ဒေါက်တာဘွဲ့သင်တန်းသားတွေကို ဌာနက ခွင့်ပြုထားတဲ့သုံးစွဲခွင့်ထဲမှာတော့(ကျွန်တော်ရခဲ့တာရေးရရင်) ၁၂ပေ×၂၀ပေ ကိုယ်ပိုင်သုံးရုံးခန်းတစ်ခန်း၊ အခန်းထဲမှာအဝတ်အစားနဲ့ကိုယ်သုံးပစ္စည်းတွေသိမ်းဖို့ လော့ကာ(locker)တစ်လုံးနဲ့ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာ၊ စာရင်းအင်းကိန်းဂဏန်းဖိုင် စတဲ့အလုပ်သုံး၊ သုတေသနသုံးပစ္စည်းတွေသိမ်းဖို့ လော့ကာတစ်လုံး၊ ရေခဲသေတ္တာတစ်လုံးနဲ့(သောက်ရေသန့်ပုလင်း နေ့စဉ်ထည့်ပေး)၊ ကွန်ပျူတာ(မော်နီတာ)နှစ်လုံး(တစ်လုံးက စာရိုက်ဖို့၊ နောက်တစ်လုံးက ညီမျှခြင်းအစုံအတွဲတွေ၊ ကိန်းရှင်ပေါင်းများစွာပါတဲ့ဗက်တာ စတာတွေတွက်ချက်ဖို့)၊ လေအေးစက်တပ်ဆင်ထားပေမဲ့ မတ်တတ်ပန်ကာ (stand fan)လည်း တစ်လုံး၊ အရာရှိသုံး စားပွဲနဲ့ကုလားထိုင်အစုံအပြင် ဧည့်သည်လာရင် ထိုင်စကားပြောဖို့လက်တန်းပါ ကုလားထိုင်အပိုနှစ်လုံးပါဝင်ပြီး ခန်းလုံးပြည့် ကောဇောခင်းထားပါတယ်။ ဆောင်းတွင်းရောက်ရင်သုံးဖို့ လျှပ်စစ်ဟီတာ (electric heater)ထုတ်ပေးတယ်။ ဒေါက်တာဘွဲ့သင်တန်းသားတစ်ဦးဟာ ပညာသင်နှစ်တစ်နှစ်မှာ ဌာနစာကူးစက်နဲ့ A-4 ဆိုက် စက္ကူရွက်ရေ၅၀၀၀ (ငါးထောင်) အခမဲ့ကူးခွင့်ရှိတယ်။ ၅၀၀၀ ထက်ပိုရင်တော့ တစ်မျက်နှာစာ

ကူးခ ၅ဆင့်(နောက်ပိုင်းမှာ ၁၀ဆင့်)ပေးရတယ်။ အပြင်မှာကူးရင် ဆင့်၂၀-၂၅ ပေးရတယ်။

ကြွားချင်လို့ ဒါတွေရေးနေတာ မဟုတ်ပါဘူး။ ဘွဲ့နဲ့ထိုက်တန်အောင် ကြိုးစားဖို့ဆိုတာ ပံ့ပိုးမှုလိုပါတယ်။ အဆင်ပြေဖို့လိုပါမယ်။ စင်စစ် ဒေါက်တာဘွဲ့သင်တန်းသားတွေဟာ ဘွဲ့ကျမ်းကြီးအတွက် သုတေသနစပြီဆိုရင်ကျမ်းကြီးပြီးတဲ့အထိ မနက် ၇နာရီ၊ ၈နာရီလောက်ကစပြီး ည ၁၀နာရီ၊ ၁၁နာရီ၊ ၁၂နာရီအထိ(တစ်ခါတစ်ရံ မိုးအလင်း)အဲဒီအလုပ်ခန်း(ခေါ်)ရုံးခန်းမှာပဲ ဖတ်မှတ်၊ တွက်ချက်၊ ကွန်ပျူတာရိုက်၊ regression run လုပ်စရာရှိတာလုပ် စသည်ဖြင့် ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန်ကလွဲရင် အချိန်ပြည့်အလုပ်လုပ်နေရတာ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ် ဘွဲ့မရမချင်း။ အနည်းဆုံး၃နှစ်မှ တစ်ခါတစ်ရံ ၆နှစ်၊ ၇နှစ်။ ငှားထားတဲ့အခန်းဆိုတာ လက်တွေ့မှာအိပ်ဖို့၊ ထမင်း၊ ဟင်းချက်ပြုတ် စားဖို့လောက်ပါပဲ။ ဌာနရုံးခန်းမှာနေရတဲ့အချိန်က ပိုများတယ်။

ကျွန်တော်နေခဲ့တာက ပထမ ဆစ်ဒနီရဲ့ New Town ဆိုတဲ့မြို့၊ နောက် Chippendale ဆိုတဲ့မြို့၊ နှစ်နေရာစလုံးက ဆစ်ဒနီတက္ကသိုလ်နဲ့နီးနီးလေး။ လမ်းလျှောက်သွားပြန်နဲ့ကျန်းမာရေးလေ့ကျင့်ခန်းတောင်ဖြစ်တယ်။ မိနစ် ၂၀၊ ၃၀လောက်လမ်းလျှောက်ရတယ်။ မနက်၆ နာရီထ၊ မြန်မာကျောင်းသားမိတ်ဆွေနှစ်ဦးနဲ့အတူ ဆစ်ဒနီတက္ကသိုလ်နဲ့နေအိမ်အကြားမှာရှိတဲ့ ပြည်သူ့ဥယျာဉ်မှာပြေး၊ လေ့ကျင့်ခန်းလုပ်၊ ၆း၄၅နာရီ ပြန်လာ၊ ရေချိုး၊ မနက်စာ (breakfast)စား၊ ၇း၃၀နာရီ တက္ကသိုလ်ဌာနရှိ အလုပ်ခန်း(ရုံးခန်း)သွား၊ အလုပ်စလုပ်၊ နေ့လယ် တစ်ခုခုဝယ်စား၊ ညနေ ၅း၃၀နာရီလောက်အထိလုပ်ပြီး အိမ်ပြန်၊ ထမင်းဟင်းချက်၊ ရေချိုး၊ ညစာစား၊ အလုပ်ခန်းပြန်သွား၊ ည ၁၀နာရီ၊ ၁၁ နာရီအထိ အလုပ်လုပ်။ ဒါဟာ နိစ္စဓူဝ လုပ်နေကျအလုပ်ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကဒေါက်တာဘွဲ့သင်တန်းသားများယှဉ်ပြိုင်စဉ်းစားနိုင်အောင်၊ အဆင့်မြင့်ပညာရေးကို တာဝန်ယူဖော်ဆောင်နေသူများ ယှဉ်ပြိုင်စဉ်းစားနိုင်အောင်အသေးစိတ်ရေးပြတာပါ။ ကျွန်တော်တစ်ယောက်တည်းလုပ်တာ မဟုတ်ဘူးနော်။ ဘွဲ့လွန်သင်တန်းသားအားလုံး၊ အထူးသဖြင့် ဒေါက်တာဘွဲ့သင်တန်းသားအားလုံးလုပ်နေကြရတာပါ။ ဆစ်ဒနီတက္ကသိုလ်ပရဝဏ်ထဲမှာ

ညမိုးအလင်း မီးထိန်ထိန်လင်းနေသလို အဆောက်အအုံတွေကိုကြည့်လိုက်ရင် အထပ်တိုင်းလိုလိုမှာ အချို့အခန်းတွေ ည ၁၁နာရီ၊ ၁၂နာရီအထိ မီးလင်းနေတာတွေ့ရမယ်။ အဲဒါ မေ့ပြီးထွန်းထားခဲ့တာမဟုတ်ပါ။ ဒေါက်တာဘွဲ့သင်တန်းသားတွေ အလုပ်လုပ်နေကြတာပါ။ တက္ကသိုလ်ပရဝဏ်ထဲ အင်မတန်ကြည့်လို့လှတဲ့ယူနီဖောင်းနဲ့အဆင်တန်ဆာတွေဝတ်ဆင်ထားတဲ့လုံခြုံရေးပတ္တရောင်တွေကညလုံးပေါက်ရှိသလို ၂၄နာရီဖွင့် လုံခြုံရေးရုံးခန်းတွေလည်းရှိတယ်။ တက္ကသိုလ်ပြင်ပမှာလည်း မီးထိန်ထိန်လင်း၊ ဘတ်စ်ကား၊ ရထား၊ တက္ကစီ စတဲ့ယာဉ်တွေကလည်း ၁၂နာရီ၊ ၁နာရီအထိ ပြေးဆွဲနေတာမို့ အိမ်ပြန်ရေးလည်း စိုးရိမ်စရာမရှိပါဘူး။ (ကျွန်တော် တိုကျိုတက္ကသိုလ်တက်ခဲ့တုန်းကလည်း ဒီလိုပဲ တွေ့ခဲ့တာပါပဲ)။

ဒီလိုနဲ့ကျမ်းကြီးအတွက် စာဖတ်၊ စာရေး၊ တွက်ချက်စတဲ့အလုပ်တွေ ပုံမှန်စလုပ်ရင်း တဖြည်းဖြည်းနဲ့အရှိန်ရလာပါတယ်။ မကြာမကြာ မိသားစုလွမ်း၊ အိမ်လွမ်းတာကလွဲရင် ဘာပြဿနာမှလည်း ကြီးကြီးမားမားမရှိဘူး။ စိတ်လည်းအေးချမ်း၊ ယုံကြည်မှုလည်းအပြည့်နဲ့အရှိန်မပျက်ကြိုးစားလုပ်ဆောင်နေဆဲ ဘယ်လိုမှမျှော်လင့်မထား၊ ကြိုတင်အရိပ်နိမိတ်လက္ခဏာလည်း ဘာတစ်ခုမှမပြဘဲ ကြီးကြပ်သူပါမောက္ခကကျမ်းကြီးခေါင်းစဉ်နဲ့ gist outline လက်ခံပြီး စဖတ်တော့၊ လုပ်တော့လို့ပြောတဲ့ ၁၈-၈-၈၇ခုနှစ်(အင်္ဂါ)နေ့မှ တစ်လပြည့်တဲ့ ၁၇-၉-၈၇ခုနှစ်(ကြာသပတေး)နေ့မနက် ကျောင်း(တက္ကသိုလ်)အသွား ရိုဇဲလ်ဆေးရုံ(Rozelle Hospital)ထိပ်က ဘတ်စ်ကားမှတ်တိုင်မှာ မိုက်ခနဲဖြစ်ပြီးလဲကျသတိမေ့ ဆေးရုံရောက်သွားပါလေရော။ နောက်မှသိရတာက ဘတ်စ်ကားမှတ်တိုင်ရှိ ခရီးသည်တွေထဲက တစ်ယောက်က တာဝန်သိသိနဲ့ ဖုန်းဆက်လိုက်တယ်။ သူနာတင်ယာဉ်က လာရောက်သယ်ယူသွားတယ်။ ဆစ်ဒနီတက္ကသိုလ်နဲ့ကပ်လျက် ဆစ်ဒနီမှာ နာမည်အကြီးဆုံး Royal Prince Alfred Hospital (တော်ဝင် အဲလ်ဖရက်မင်းသားဆေးရုံကြီး)ကိုပို့လိုက်တယ်။ ဦးနှောက်သွေးကြောပေါက်တာတဲ့ဗျာ။

အွန်အလင်း စာအုပ်တိုက်

ကြီးကြပ်သူ၊ ခေါင်းစဉ်၊ စာရင်းအင်းပြဿနာနဲ့ ကျန်းမာရေး

ကြီးကြပ်သူပါမောက္ခဖစ်ရှာရဲ့ညွှန်ကြားချက်အရ 'An Econometric Study of Demand for Food in Burma' ခေါင်းစဉ်နဲ့ gist outline ငါး မျက်နှာခန့်ကို ၁၄-၈-၈၇(သောကြာနေ့)မှာတင်ပြခဲ့တယ်။ ၁၈-၈-၈၇(အင်္ဂါနေ့) မှာ အဲဒီခေါင်းစဉ်နဲ့ gist outline အတိုင်းရေးဖို့ သဘောတူလက်ခံပြီး အခန်း၂ စရေးဖို့ ညွှန်ကြားခဲ့တယ်။ (ဘွဲ့လွန်ကျမ်းပြုသုတေသနလုပ်ပြီး ရေးတော့မယ် ဆိုရင် အခန်း၁နဲ့ နိဂုံးအခန်းတို့ကို နောက်ဆုံးမှရေးရတယ်။ ဒီအတွက် အကြောင်းရှိပါတယ်။ အလျဉ်းသင့်တဲ့အခါ ဖော်ပြဆွေးနွေးပါမယ်) ဒီလိုနဲ့ ၁၈-၈-၈၇ခုနှစ်မှ ၁၆-၉-၈၇ခုနှစ်အတွင်း တစ်လနီးပါး ဖတ်မှတ်ရမယ့် စာအုပ် စာရင်းပြုစု၊ ကောက်ခံစုစည်းထားတဲ့ စာရင်းအင်းအချက်အလက်တွေကို စိစစ်(data processing)နဲ့အလုပ်စတော့မယ်လို့အရှိန်ယူတုန်း ၁၇-၉-၈၇ ခုနှစ်(ကြာသပတေးနေ့)ကျောင်းအသွား ရိုဇဲလ်ဆေးရုံထိပ် ဘတ်စ်ကားမှတ် တိုင်မှာ မူးမေ့လဲကျရာကဆေးရုံရောက်ခဲ့ရကြောင်းတွေ အရင်တစ်ပတ် ဆောင်းပါးမှာရေးခဲ့ပြီးပါပြီ။

ဘာကြောင့် ဘယ်လို ဦးနှောက်သွေးကြောပေါက်တယ်ဆိုတာ ကျွန်တော် မသိဘူး၊ ဒါပေမဲ့ မနက် ၁၀း၃၀နာရီ ခွဲခန်းသွင်းပြီး ည၁၁နာရီကျော်မှပြီးတဲ့ တကယ့် မေဂျာအော်ပရေးရှင်းကြီးတစ်ခုအဖြစ် ခွဲစိတ်ကုသခဲ့ရပါတယ်။

အသေးစိတ်မရေးတော့ပါဘူး။ ၁၇-၉-၈၇ခုနှစ်(ကြာသပတေးနေ့)မှ ၂၅-၁၁-၈၇ခုနှစ်(ဗုဒ္ဓဟူးနေ့)အထိ နှစ်လနဲ့ရှစ်ရက်တိတိ ဆစ်ဒနီမြို့ရှိ 'တော်ဝင်အဲလ်ဖရက်မင်းသားဆေးရုံကြီး' (Royal Prince Alfred Hospital-RPAH) မှာအတွင်းလူနာအဖြစ်နေခဲ့ရတယ်။ ကျမ်းကြီးကိစ္စဝေးလို့ ကာတွန်းစာအုပ် တောင်မဖတ်ရဘူးလို့ ဆရာဝန်ကြီးက တားထားလို့ ဘာမှမလုပ်ဘဲနေခဲ့ရတယ်၊ လူမမာလာမေးကြတဲ့ ညှိသည်မိတ်ဆွေတွေ၊ သိသူရော၊ မသိသူပါ မြန်မာတွေ၊ ဆစ်ဒနီတက္ကသိုလ်ကကြီးကြပ်သူနဲ့ဆရာ၊ ဆရာမတွေ၊ မိတ်ဆွေဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူတွေများသလားမပြောနဲ့၊ အဲဒီလို လာအားပေးတဲ့အထဲမှာ ကြီးကြပ်သူပါမောက္ခလည်းပါတယ်။ သူ့ခမျာမအားမလပ်အောင်အလုပ် များတဲ့အထဲ ကျွန်တော့်ကို လာကြည့်ရှုအားပေးရုံမက လိုအပ်လာတဲ့ ခွင့်တင် ရမယ့်ကိစ္စ၊ ဆေးဖိုးဝါးခရှင်းလင်းရမယ့်ပုံစံ၊ ဖြည့်စွက်ထောက်ခံတင်ပြရေးကိစ္စ စာသင်ကာလ(study period)ကိစ္စ စတာတွေပါမကျန် ဆောင်ရွက်ပေးရှာ တယ်။ ဒါတွေဟာ သူ့အလုပ်တဲ့။

၂၅-၁၁-၈၇ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ကျွန်တော့်ကိုခွဲစိတ်ကုသတဲ့ဆရာဝန်အဖွဲ့ ခေါင်းဆောင်သမားတော်ကြီးDr.Dorsch ဦးဆောင်ပြီးလိုအပ်တဲ့ကျန်းမာရေး စစ်ဆေးမှုတွေလုပ်တယ်။ အရင်ရက်တွေက စစ်ဆေးထားခဲ့တဲ့အဖြေတွေ၊ ဒီနေ့ စစ်ဆေးတဲ့ရလဒ်တွေအားလုံးကိုခြုံငုံသုံးသပ်ပြီး သမားတော်ကြီးက သုတေသန အလုပ် ဆက်လုပ်လို့ရပြီ၊ ဒါပေမဲ့ ဖိအား၊ တင်းအား ဒဏ်သိပ်မခံနဲ့၊ စိတ်ကို လျှော့ပြီး နားနားနေနေလုပ်ပါတဲ့။ သူ့ဆီက ဆေးစာ၊ လက်မှတ်ယူပြီး ကြီး ကြပ်သူပါမောက္ခဖစ်ရှာဆီ သွားသတင်းပို့တယ်။ ကြီးကြပ်သူပါမောက္ခက ရေး မှတ်စရာ၊ လက်မှတ်ထိုးစရာရှိတာတွေလုပ်ပြီး Thesis Plan လို့ခေါ်တဲ့ ကျမ်းကြီးစီမံချက်ကို နည်းနည်းအသေးစိတ်ရေးပြီး ထပ်တင်ခိုင်းပြန်တယ်။ ၁၈-၈-၈၇ရက်နေ့က gist outline လက်ခံပြီဆိုလို့ ပြီးပြီလို့ စိတ်အေးနေတာ။ အခု Plan အသေးစိတ် ရေးတင်ဆိုတော့ အလုပ်စရှုပ်ပြန်တော့တယ်။

တကယ်အသေးစိတ်စဉ်းစားတော့မှ ကျွန်တော်ကောက်ခံထားတဲ့စာရင်း အင်းအချက်အလက်တွေမပြည့်စုံမှန်း သဘောပေါက်တယ်။ မပြည့်စုံရုံမက ဒီစာရင်းအင်းတွေနဲ့ လုပ်လို့ဖြစ်မှ ဖြစ်ပါ့မလားလို့တောင် သံသယဖြစ်တယ်၊ ဒါကြောင့် စာရင်းအင်းကိစ္စ ခရီးဆန့်ရပြန်တယ်။ ၂၄-၁၂-၈၇ ခုနှစ်(ကြာသ

ပတေးနေ့)ခရစ္စမတ်အကြိုနေ့မှာ မြို့တော်ကင်ဘာရာရှိ ဩစတြေးလျအမျိုး သားတက္ကသိုလ်(ANU)ကပါမောက္ခဒေါက်တာဂျယ်ရီဝှါဒ်က ခရစ္စမတ်ကာလ သူ့အိမ်မှာညှိသည်လုပ်ဖို့ သူ့ကားနဲ့လာခေါ်တယ်။ ခရစ္စမတ်နားပြီးရင် ANU မှာ တွေ့သင့်တဲ့ ပါမောက္ခတွေနဲ့တွေ့၊ ဆွေးနွေးမှုလည်းလုပ်စရာရှိတာလုပ်ဖို့နဲ့ စာရင်းအင်းကောက်ခံမှုလည်းလုပ်စရာရှိလို့ ဂျယ်ရီနဲ့လိုက်သွားတယ်။ အဲဒီနေ့ မှာပဲ ANUဘောဂဗေဒဌာနပါမောက္ခ/ဌာနမှူး(သူတို့အခေါ် ဥက္ကဋ္ဌ)ဆရာကြီး ဒေါက်တာဆွန်ဒရမ်နဲ့ သူ့ရုံးခန်းမှာသွားတွေ့ပြီး ကျမ်းကြီးခေါင်းစဉ်နဲ့ စာရင်း အင်းအချက်အလက်ကိစ္စတွေ တိုင်ပင်ဆွေးနွေးအကြံတောင်းတယ်။

ဒေါက်တာဆွန်ဒရမ်က ကျွန်တော် အခုရွေးထားတဲ့ခေါင်းစဉ်က သိပ်ပြီး exciting (စိတ်လှုပ်ရှားစရာ)မဖြစ်ဘူးတဲ့။ စာရင်းအင်းအချက်အလက်နဲ့ပတ် သက်ရင်လည်း(အဲဒီအချိန်ကာလတုန်းက)မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ လွတ် လပ်တဲ့ဈေးကွက်စီးပွားရေး(free market economy)မဟုတ်လို့ ဝယ်လိုအား၊ ရောင်းလိုအား စတဲ့ဈေးကွက်အင်အားစုများရဲ့တုံ့ပြန်မှုတွေကပုံမှန်မဟုတ် ကြောင်း၊ ဗဟိုဦးစီးစီမံကိန်းစနစ်အရ ဈေးနှုန်းပြဋ္ဌာန်းသတ်မှတ်တာဖြစ်လို့ မြို့ပြ နဲ့ကျေးလက်ဈေးနှုန်းများ(urban price and rural price)ဟာ ကွဲပြားမှု သိပ် မရှိဘဲ ပျမ်းမျှကိန်းဂဏန်းတွေဖြစ်နေကြောင်း၊ စာရင်းအင်းတွေကလည်း သိပ် စိတ်ချအားထားရတာမဟုတ်ကြောင်း၊ ဒါကြောင့် ဝယ်လိုအားလေ့လာမှုအတွက် အားရစရာမရှိကြောင်း၊ မလွဲသာလို့ ဝယ်လိုအားကိုပဲ လေ့လာမယ်ဆိုရင်တောင် အောက်ခြေမိုက်ကရိုအဆင့်အစား တစ်နိုင်ငံလုံးခြုံ မက်ကရိုအဆင့်အတွက် စဉ်းစားရန်အကြံပြုလိုကြောင်းတို့ပါရှိပါတယ်။ ANU ကို ပြောင်းလာပါလားတဲ့ ဖိတ်ခေါ်လိုက်သေးတယ်။ အတော်လေး စိတ်ဓာတ်ကျမိတယ်။ တစ်ကပြန်စ လို့တော့မဖြစ်ဘူး။ တက္ကသိုလ်ပြောင်းဖို့လည်း စိတ်မကူးဘူး။ ဩစတြေးလျမှာ ဆစ်ဒနီတက္ကသိုလ်ဟာ ထိပ်တန်းမှာရှိပြီး ဩစတြေးလျရဲ့အောက်စ်စဖို့ဒ် တက္ကသိုလ်လို့တောင် တင်စားခေါ်ဝေါ်ကြတယ်လေ။ ဒါကြောင့် ANU မပြောင်း ဘူး။ ဒါတွေက ကိုယ့်ဘာသာ ကိုယ်စိတ်ထဲကပြောနေ၊ တွေးနေတာပါ။

ပြီးတော့ ဆရာကြီး ဆွန်ဒရမ်က သူ့လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ Dr.Hal Hill(ဩဇီ)၊ ဒေါက်တာဇေယျာသူရိယ (Jayasuriya)(သီရိလင်္ကာ)နဲ့ Dr. Choudhuri(အိန္ဒိယ)တို့နဲ့ မိတ်ဆက်ပေးတယ်။ သူတို့တွေဟာ ANU က

သုတေသီပညာရှင်တွေဖြစ်ကြပြီး အရှေ့တောင်အာရှနိုင်ငံတွေရဲ့ စီးပွားရေး သုတေသနလုပ်နေသူတွေဖြစ်ကြတယ်။ ဒေါက်တာချောင်ဒရီက ကျွန်တော့်ကို ကြီးကြပ်သူ ဒေါက်တာဖစ်ရှာနဲ့သာဆက်လုပ်ပါ။ သူက အင်မတန်ကျော်ကြားတဲ့ ပညာရှင်ပါ။ သူနဲ့လုပ်ရတာ ကံကောင်းပါတယ်။ ဒါပေမဲ့ မိုက်ကရိုရှုထောင့် အစား မက်ကရိုရှုထောင့်ကရေးဖို့ ဖစ်ရှာနဲ့ဆွေးနွေးပါ။ သူတို့ဘက်ကလည်း ကူညီနိုင်တာ ကူညီမယ်တဲ့(ဒေါက်တာချောင်ဒရီဟာ နောက်ပိုင်းမှာ ဆစ်ဒနီ တက္ကသိုလ်၊ စိုက်/ဘောဂဌာနမှာ seminar လာပေးဖူးတယ်။ ကျွန်တော့် ကြီးကြပ်သူ ဒေါက်တာဖစ်ရှာနဲ့လည်းရင်းနှီးကြပါတယ်။ ကျွန်တော်နဲ့ ANU မှာ ဆုံချိန်မှာ ချောင်ဒရီက မြန်မာကျောင်းသား(ဦး)ရှုပရဲ့ ကြီးကြပ်သူလုပ်နေ ကြောင်းလည်း သိရပါတယ်။)

ခရစ္စမတ်နဲ့နှစ်သစ်ကူးကာလ ရုံး၊ ဌာန၊ တက္ကသိုလ်တွေအားလုံး ပိတ် ထားလို့ ဒေါက်တာဂျယ်ရီဝဲ့ဒ်မိသားစုနဲ့အတူ တောင်ပင်လယ်ကမ်းခြေ(South Coast)မှာအပန်းဖြေခဲ့တယ်။ သူတို့ဆီက ပါမောက္ခကပင်လယ်ကမ်းခြေမှာ အပန်းဖြေနားနေတဲ့ beach houseလို့ခေါ်တဲ့ ကိုယ်ပိုင်အပန်းဖြေနေအိမ် တွေဘာတွေနဲ့။ ဩစတြေးလျအတွင်းပိုင်းမှာ ကြီးမားကျယ်ပြောတဲ့သဲကန္တာရ အပါအဝင် ကုန်းမြေတွေချည်းဆိုပေမဲ့ ဩစတြေးလျတိုက်တစ်တိုက်လုံးဟာ ပင်လယ်ဝိုင်းနေလို့ ကမ်းခြေလည်း အင်မတန်များတဲ့တိုက်ဖြစ်တယ်။ တောင် ပင်လယ်ကမ်းခြေတစ်ကြောမှာ အပန်းဖြေကမ်းခြေ အင်မတန်ပေါများပြီး အလှ ဆုံးအပန်းဖြေကမ်းခြေစာရင်းဝင်တွေလည်းဖြစ်တယ်။ ပြီးတော့ ဩစတြေးလျ နိုင်ငံဟာ Southern Hemisphere လို့ခေါ်တဲ့ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံ ဖြစ်လို့ တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ဥရောပနိုင်ငံတွေမှာ ဆောင်းလယ်ခိုက်ခိုက် တုန်ချမ်းတဲ့ဒီဇင်ဘာ ခရစ္စမတ်နဲ့နှစ်သစ်ကာလမှာ ဩစတြေးလျမှာ အပူဆုံး နွေရာသီကာလဖြစ်တယ်။ ခရစ္စမတ်ကအပူဆုံးနွေရာသီမှာကျရောက်နေလို့ ကမ်းခြေတွေမှာ လူတွေကြိတ်ကြိတ်တိုးပဲ။ အဲဒီကမ်းခြေတွေမှာ နေ့ဘက်ရေ ကူး၊ ရေလွှာလျှောစီး၊ ရွက်တိုက်၊ ညဘက်မှာ သဲသောင်တွေမှာ မီးပုံပွဲ၊ အရက် ဝိုင်းဖွဲ့၊ ကကြ၊ ခုန်ကြ၊ သီချင်းဆိုကြ စသည်ဖြင့် စည်ကားသလားမပြောနဲ့။ ဒီကာလဆို ကင်ဘာရာတစ်မြို့လုံးဆိုင်တွေပိတ်ထားလို့ ခြောက်ကပ်နေတာပဲ။ စားသောက်ဆိုင် အတော်ရှာရတဲ့ကာလလည်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်

ကင်ဘာရာမှာ နေရစ်ခဲ့ရင်လည်း အလုပ်မဖြစ်မယ့်အတူတူ ဆေးရုံကဆင်း တာလည်း မကြာသေးလို့ ဒေါက်တာဝဲ့ဒ်တို့မိသားစုနဲ့အတူ တောင်ပင်လယ် ကမ်းခြေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ လီလီပီလီအပန်းဖြေကမ်းခြေ(Lilli Pilli Beach) ရှိသူတို့ကိုယ်ပိုင် ကမ်းခြေအိမ်(Beach House)မှာ အပန်းဖြေနားနေ ခရီးလိုက်သွားတယ်။ ၄-၁-၈၈ခုနှစ် (တနင်္လာနေ့)မှာ ကင်ဘာရာ မြန်မာသံရုံး မှာကျင်းပမယ့် 'မြန်မာ့လွတ်လပ်ရေးအောင်ပွဲနေ့' အခမ်းအနားအမီ ပြန်လာပြီး အခမ်းအနားတက်တယ်။

၅-၁-၈၈ခုနှစ်(အင်္ဂါနေ့)ကစပြီး ANUမှာရှိတဲ့ မင်ဇီးစာကြည့်တိုက်နဲ့ သုတေသနစင်တာတွေ၊ အခြားဌာနဆိုင်ရာစာကြည့်တိုက်တွေ၊ နာမည်ကြီး 'ဩစတြေးလျစိုက်ပျိုးရေးနှင့်သယံဇာတဘောဂဗေဒဗျူရို' (Australian Bureau of Agricultural and Resource Economics-ABARE)၊ 'ဩစတြေးလျ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုထောက်ပံ့ကူညီရေးဗျူရို' (Australian International Development Assistance Bureau-AIDAB) 'ဩစတြေးလျ ဂျုံကောင်စီ' (Australia Wheat Council) ရုံးနဲ့ စာကြည့်တိုက်တွေကိုလှည့်လည် သွားလာပြီး စာရင်းအင်းတွေ၊ အချက်အလက်တွေ ရှာဖွေစုဆောင်းခဲ့တယ်။ အလုပ်ကို ထိထိရောက်ရောက် လုပ်နိုင်အောင် ကင်ဘာရာမှာနေစဉ်အတွင်း ANUလက်အောက်ခံ Graduate House လို့ခေါ်တဲ့ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအဆောင်မှာနေခဲ့တယ်။ အဲဒီမှာနေစဉ်ကာလမှာပဲ ကျမ်းကြီး အတွက် သုတေသနစီမံချက်နဲ့ အသေးစိတ် outline ကိုလည်း ရေးဆွဲပြင်ဆင် ထားခဲ့တယ်။

၁၁-၁-၈၈ခုနှစ်(တနင်္လာနေ့)မှာ ဆစ်ဒနီပြန်ပြီး ကြီးကြပ်သူနဲ့တွေ့၊ စာရင်း အင်းကောက်ခံရရှိမှုအခြေအနေရှင်းပြပြီး သုတေသနစီမံချက်နဲ့အသေးစိတ် outline ကိုတင်ပြတယ်။ ဒါကို သူကအကြမ်းဖျင်းကြည့်ပြီး အသေအချာဖတ် ရဦးမှာမို့ထားခဲ့ပါ၊ လောလောဆယ်တော့ 'အိမ်ထောင်စုအစားအစာ စားသုံးမှု အကြောင်း' နဲ့ပတ်သက်ပြီး ရီဗျူးအခန်း(review chapter)တစ်ခန်းကို အခန်း၂ အဖြစ်ရေးခဲ့ပါလို့ညွှန်ကြားတယ်။

ရန်ကုန်က ပါလာတဲ့မှတ်တမ်း၊ မှတ်ရာ၊ စာအုပ်စာတမ်းတွေနဲ့ ဆစ်ဒနီနဲ့ ကင်ဘာရာမှာ ရှာဖွေရရှိထားတာတွေထဲက စပ်ဆိုင်တာတွေ ဖတ်မှတ်ထုတ်

နုတ်ပြီး အခန်း၂အဖြစ် 'A Review of Theory and Empirical Research on Household Food Consumption' ခေါင်းစဉ်နဲ့ စရေးတယ်။ အခန်းတစ်ခန်းထဲကို တစ်လကျော်ကြာပြီး ၁၇-၂-၈၈ခုနှစ် (ဗုဒ္ဓဟူးနေ့)မှာ မူကြမ်းပြီးလို့ လက်ရေးမူအတိုင်းပဲ ကြီးကြပ်သူကို သွားပြတယ်။ သူကကြည့်ပြီး ဒါကို အခန်း၂အစား အခန်း၃အဖြစ် ဖော်ပြမှသင့်တော်မယ်။ ဒါကြောင့် ကွန်ပျူတာထဲမှာ ပြင်စရာရှိတာ ပြင်ထားပါ။ ဝယ်လိုအားသီအိုရီ သို့မဟုတ် စားသုံးမှုသီအိုရီကိုသုံးသပ်ဆန်းစစ်ချက်ကို အခန်း၂အဖြစ်ရေးပါ။ အခုရေးလာတဲ့ မူကြမ်းက မြန်မာနိုင်ငံမှာ အိမ်ထောင်စုတွေရဲ့စားသုံးမှုနဲ့ပတ်သက်ပြီး အရင်က ပြုလုပ်ခဲ့တဲ့လေ့လာမှုတွေ၊ သုတေသနလုပ်ငန်းတွေအကြောင်းနဲ့ အဲဒါတွေရဲ့ တွေ့ရှိချက်တွေ၊ အားနည်းချက်၊ အားသာချက်တွေကို သုံးသပ်ဆန်းစစ်ရီဗျူးလုပ်ထားတာဖြစ်တယ်(Review of household food consumption research studies in Burma)၊ အသုံးဝင်ပါတယ်၊ အရေးလည်းကြီးပါတယ်။ ဒါပေမဲ့ ဒါမလာခင် ဝယ်လိုအားသီအိုရီကို သုံးသပ်ဆန်းစစ်ရီဗျူးလုပ်ဖို့လိုမယ် (Review of demand theory analysis)။ ဒီနှစ်ခု မရောစေပါနဲ့။ သပ်သပ်စီ၊ တစ်ခန်းစီ ခွဲရေးပါတဲ့။

အခန်း၃ လို့ သူသတ်မှတ်ပေးလိုက်တဲ့ အိမ်ထောင်စုတွေရဲ့စားသုံးမှုဆိုတဲ့လေ့လာမှုတွေကို review လုပ်ထားတဲ့လက်ရေးမူကို ကွန်ပျူတာရိုက်၊ တည်းဖြတ်၊ ပြင်ဆင်စရာရှိတာပြင်ဆင်တယ်။ ၁၁-၃-၈၈ခုနှစ်(သောကြာနေ့)မှာ print-out ကော်ပီထုတ်ပြီး ကြီးကြပ်သူပါမောက္ခလက်ထဲအပ်တယ်။ သူက အသေအချာအချိန်ယူဖတ်တာလား၊ အလုပ်များနေလို့ အချိန်ယူရတာလား မသိပါ။ ၁၈-၄-၈၈ ခုနှစ်(တနင်္လာနေ့)မှာ ကျွန်တော့်ကိုပြန်ပေးတယ်။ အယူအဆသဘောတရားနဲ့အချက်အလက်တွေ(concept and facts)နဲ့ပတ်သက်ပြီး သိပ်ပြင်စရာမတွေ့ဘူး။ ဒါပေမဲ့ အင်္ဂလိပ်စာအရေးအသားနဲ့အချက်အလက်တွေကိုဖွဲ့စည်းပုံ၊ တင်ပြပုံတွေတော့လိုသေးတယ်၊ အဲဒီအတွက် ဆက်လက်လေ့လာဖို့၊ လေ့ကျင့်ဖို့လိုမယ်လို့မှတ်ချက်ပေးတယ်။

ပါရဂူဘွဲ့ကျမ်းကြီးဆိုင်ရာ သုတေသနလုပ်ပုံ၊ ရေးသားတင်ပြပုံစတဲ့ သဘောနဲ့နည်းလမ်းတွေကို သိသယောင်ယောင်နဲ့ ရှင်းရှင်းလင်းလင်း ဂဃနဏ မသိသေးတာရယ်၊ ကျမ်းကြီးဆိုင်ရာစာတွေကို လေးလေးနက်နက်၊ ကျယ်ကျယ်

ပြန့်ပြန့်မဖတ်ရသေးဘဲ မပြည့်မစုံနဲ့ ပြီးစလွယ်လုပ်လိုက်တာရယ်တွေကြောင့် အခုလိုဖြစ်ရတာပဲလို့သုံးသပ်မိတယ်။ နောက်ဆိုရင် တင်ပြသမျှ အလေးအနက်ထား၊ ဂရုစိုက်ပြီး သေချာအောင်လုပ်ဖို့လိုမယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် သတိပေးမိတယ်။

မြန်မြန်ပြီးဖို့ မလောပါနဲ့။ မှန်ဖို့နဲ့ ပြီးပြည့်စုံဖို့အရေးကြီးတယ်။ ကျမ်းကြီးအတွက် အဓိကကျတဲ့ လစဉ် သို့မဟုတ် လေးလပတ် ကိန်းစဉ်စာရင်းအင်းတွေ အရင်ပြည့်စုံအောင်လုပ်၊ အဲဒါတွေကို စိစစ်၊ လိုတာတွေ၊ ကွပ်လပ်တွေရှာဖြည့်စွက်၊ အချောတွက်ချက်လို့ရတာတွေတွက်ချက်၊ စာရင်းအင်းအသီးသီးအတွက် စပ်ဆိုင်တဲ့ ခေါင်းစဉ်တပ်၊ ကွန်ပျူတာ Excel Spreadsheet ထဲ ဖိုင်နာမည်လေးတွေနဲ့ စနစ်တကျရိုက်ထည့်ပြီးသိမ်း၊ လိုချင်တဲ့အချိန်၊ လိုတဲ့ဖိုင်ပြန်ရှာထုတ်ရလွယ်အောင် စာရင်းလေးလုပ်ထား၊ အားလုံးစနစ်တကျနဲ့သပ်သပ်ရပ်ရပ်ရှိပါစေ၊ အဲဒါတွေပြီးမှ ရီဗျူးဆက်လုပ်ပေါ့ဆိုပြီး ကြီးကြပ်သူက အသေးစိတ်အကြံပြုလမ်းညွှန်တယ်။ ဒီလမ်းညွှန်အကြံပြုချက်တွေကို အလေးအနက်မှတ်သားပြီး လုပ်စရာရှိတာတွေကို လေးလေးနက်နက် ဆက်လုပ်ရပါတော့တယ်။

ကြီးကြပ်သူ၊ ခေါင်းစဉ်၊ စာရင်းအင်း၊ ကွန်ပျူတာပြဿနာနဲ့ ကျန်းမာရေး

ဒီမှာကျွန်တော်ရလိုက်တဲ့သင်ခန်းစာ(ကျွန်တော့်လိုပဲ ပြည်တွင်းပြည်ပမှာ ဒေါက်တာဘွဲ့သင်တန်းတက်နေရင်းနဲ့ အခက်အခဲတွေကြုံ စိတ်ရှုပ်နေကြရတဲ့ မြန်မာသင်တန်းသား၊ သင်တန်းသူတွေအတွက် မှတ်သားစရာ)တွေကတော့-

(၁) အလောတကြီး အလျင်စလိုမလုပ်မိဖို့ အရေးကြီးတယ်။ (အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ မြန်မာကျောင်းသားတွေဟာ လောတတ်ကြတယ်။ မြန်မြန်ပြီးချင်ကြတယ်။)

(၂) ကြီးကြပ်သူက မိမိကို ဘာလုပ်ခိုင်းတာလဲသိဖို့လိုတယ်။ ကိုယ်သိတာနဲ့ သူလုပ်ခိုင်းတာ တစ်ထပ်တည်းကျရဲ့လား သေချာဖို့လိုတယ်။ ဒါမှ လေ့လာမှု ထိရောက်ပြီး ရလဒ်ကောင်းထွက်မယ်၊ အချိန်တွေနဲ့အားစိုက်မှုတွေ အလဟဿ မဖြစ်ဘူး။

(၃) ရေးရမယ့်အကြောင်းအရာကို သိယောင်ကား၊ တတ်ယောင်ကားနဲ့ စမရေးနဲ့။ တကယ်နှိုက်နှိုက်ချွတ်ချွတ်သိအောင် အလေးအနက်ထားလေ့လာပါ။ တစ်ပါးသူတွေရေးထားတဲ့အလားတူအကြောင်းအရာပါ စာတမ်းတွေ၊ ကျမ်းကြီးတွေ၊ ဆောင်းပါးတွေ များများရှာဖွေဖတ်ရမယ်။

(၄) အကြောင်းအရာကို နှိုက်နှိုက်ချွတ်ချွတ်သိပြီဆိုရင် ရီဗျူးလုပ်တာဆိုရင်လည်း ဘယ်လိုစမလဲ၊ ဘယ်အချက်အလက်တွေကို အဓိကပါဝင်စေမလဲ၊

ဘာကိုမီးမောင်းထိုးမလဲ၊ ဘယ်လိုဖွဲ့စည်းပြီး ဘယ်လိုတင်ပြမလဲ၊ ဘယ်မှာဘယ်လိုအဆုံးသတ်မလဲဆိုတဲ့ ဖွဲ့စည်းမှုပိုင်း၊ ရေးသားတင်ပြမှုပိုင်းကို ရှင်းလင်းအထိရောက်ဆုံးဖြစ်အောင် စီစဉ်ရမယ်။ ဒါက ရီဗျူးအခန်းတွေပဲရှိသေးတယ်နော်။

(၅) မူကြမ်းရေးပြီးသမျှ ပြန်ဖတ်ပါ။ ပြန်မဖတ်ဘဲ ပြီးပြီဆိုပြီး ကြီးကြပ်သူလက်ထဲအပ်လိုက်လို့ အမှားအယွင်းတွေများရင်၊ အဆီအငေါ်မတည့်ရင် ကြီးကြပ်သူရဲ့အထင်အမြင်သေးတာခံရဖို့များမယ်။ အင်ပရက်ရှင် အောက်တာပေါ့။

အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ပြီး ကျွန်တော်က ကိန်းဂဏန်းစာရင်းအင်းအချက်အလက်တွေကိုစိစစ်၊ ဖြည့်စွက်၊ တွက်ချက်၊ ဇယားဖွဲ့လို့ရတာဖွဲ့၊ ဇယားတစ်ခုစီရဲ့ခေါင်းစဉ်နဲ့ဇာစ်မြစ်တွေ အသေအချာရေးမှတ်၊ ကွန်ပျူတာထဲထည့်ရိုက်သိမ်းဆည်းတာတွေ စတင်လုပ်တယ်။ အဲဒါနဲ့ တစ်ပြိုင်တည်း စာဖတ်ဖို့၊ ထုတ်နုတ်ဖို့ အချိန်သတ်မှတ်ပြီး ကျွန်တော်လုပ်ရမယ့် ရီဗျူးနဲ့စပ်ဆိုင်မှုရှိတဲ့တခြားပုဂ္ဂိုလ်တွေရေးထားတဲ့ကျမ်းကြီးတွေ၊ စာတမ်းတွေ၊ ဂျာနယ်တွေ အလေးအနက်ဖတ်မှတ်ထုတ်နုတ်ပါတော့တယ်။ ဒီတော့မှ ကိုယ်ဘယ်လောက်ညံ့မှန်း၊ ဘယ်လောက်အသုံးမကျမှန်းသိလာတယ်။ ဘာမှ မတတ်သေး၊ မသိသေးပါလား၊ တစ်နည်းအားဖြင့် သိထား၊ တတ်ထားတာ ဘာမှမဟုတ်သေးပါလားဆိုတာ သဘောပေါက်လာတယ်။ ဒါတောင် ကျွန်တော့်နိုင်ငံ၊ ကျွန်တော့်အသိုင်းအဝိုင်းမှာ ကျွန်တော့်ကို လူတော်တစ်ယောက်လို့ ဝိုင်းဝန်းထောမနာပြုထားကြတာနော့။ အဲဒီအခါမှာ ကျွန်တော်တစ်ခုသဘောပေါက်မိတာက ညံ့မှန်းသိမှ တော်နိုင်မယ်ဆိုတာပါပဲ။

ကြီးကြပ်သူပါမောက္ခဖစ်ရှာလမ်းညွှန်တဲ့အတိုင်း စာရင်းအင်းကိန်းဂဏန်းတွေစိစစ်၊ အချောပြင်ပြီး စနစ်တကျ ကွန်ပျူတာထဲသိမ်းဖို့အလုပ်ကို အရင်စလုပ်ပါတယ်။ သူတို့နိုင်ငံတွေမှာ အဲဒီအချိန်၊ အဲဒီကာလမှာ ကွန်ပျူတာ၊ အင်တာနက်၊ အီးမေးလ်၊ ဖက်စ်စတဲ့အိုင်တီပညာတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လူတန်းစားအားလုံးသုံးနေကြပါပြီ။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေလည်း ဘာမေဂျာယူယူ ကွန်ပျူတာသင်တန်းကိုတော့ အနည်းဆုံး one semester တက်ရတယ်၊ စာမေးပွဲဖြေရတယ်၊ လက်မှတ်ရအောင်လုပ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ပထမနှစ်သင်တန်းမှသည် ပါရဂူဘွဲ့သင်တန်းအထိ၊

စာရေးစာချီမှသည် ပါမောက္ခ၊ အဓိပတိအထိ ကိုယ်နဲ့ဆိုင်တာ ကိုယ့်ဘာသာကိုယ် ကွန်ပျူတာရိုက်ရတယ်။ ကွန်ပျူတာတွေနဲ့ အခြား facilities တွေ အလုံအလောက်ပေးထားတယ်။

ကျွန်တော်လည်း ရန်ကုန်မှာတုန်းက ကွန်ပျူတာမကိုင်ဖူးပေမဲ့ တိုကျိုတက္ကသိုလ်တက်စဉ်ကာလ(၁၉၇၆-၈၀)တုန်းက အခြေခံကွန်ပျူတာသင်တန်းတက်ဖူးလို့ word processing ခေါ်တဲ့ စာစီစာရိုက်နဲ့ Excel spreadsheet စတဲ့အခြေခံတွေတတ်တယ်။ ဒါပေမဲ့ မြန်မာပြည်ပြန်ပြီး ဒါတွေနဲ့မထိမတွေ့ဘဲအဆက်ပြတ်နေပြန်တော့ မေ့သလောက်ဖြစ်နေတယ်။ ဆစ်ဒနီတက္ကသိုလ်မှာ one semester တက်လိုက်တဲ့အတွက် အခြေခံပြန်တတ်လာတယ်။ ဒါပေမဲ့ စာစီစာရိုက်တောင် ခပ်နှေးနှေး၊ ခပ်လေးလေးပဲ။ Excel spreadsheet မှာရိုက်တာတို့၊ ဇယားရိုက်တာတို့ဆို မကျွမ်းဘူး။ တုန်ချည့်တုန်ချည့်နဲ့။ regression runလုပ်တာတို့၊ ပရိုဂရမ်းမင်း(programming)လုပ်တာတို့ အစတော့လုံးဝမတတ်ဘူး။ နောက်ပိုင်းမှာမှ ကြိုးစားပမ်းစားလေ့လာသင်ယူခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘာသာကိုယ် ရိုက်ပဲ။ ဈေးကြီးလွန်းလို့ ကွန်ပျူတာရိုက်သူမငှားနိုင်ဘူး။ အားလုံး ကိုယ့်အားကိုယ်ကိုးပဲ။

ဒီလိုနဲ့ပဲ ကိုယ်ပိုင်သုံးဖို့ပေးထားတဲ့ ကွန်ပျူတာနှစ်လုံးထဲက တစ်လုံးမှာ Excel spreadsheet ထဲ ကုန်စည်စားသုံးမှုဆိုင်ရာအရေအတွက်နဲ့ ဈေးနှုန်းကိန်းစဉ်စာရင်းတွေကို ကုန်စည်အမည်လိုက် ရိုက်ထည့်တယ်။ ငါးလပိုင်း ပထမပတ် (၁၉၈၈ခုနှစ်)ထဲမှာ စာရင်းရိုက်ထည့်တာ ပြီးလုနီးဖြစ်နေပြီ။

အဲဒီမှာ ပြဿနာတစ်ခုကြုံပြန်တယ်။ စားသုံးကုန်စည်အရေအတွက်စာရင်း၊ ကုန်စည်အလိုက် ဈေးနှုန်းစာရင်းတွေက လစဉ်စာရင်းတွေဖြစ်နေပြီး လူဦးရေစာရင်းကျတော့ နှစ်စဉ်စာရင်းတွေဖြစ်နေတယ်။ အဲဒါတွက်ချက်တဲ့အခါ ပြဿနာဖြစ်နိုင်မှာမို့ ဘာလုပ်ရမလဲလို့ ကြီးကြပ်သူပါမောက္ခဖစ်ရှာကိုတင်ပြပြီးအကြံတောင်းတယ်။ သူက နှစ်စဉ်စာရင်းကို လစဉ်စာရင်းအဖြစ်ခွဲဖြန့်တွက်ယူတာနဲ့ပတ်သက်တဲ့ဖော်မြူလာပုံသေနည်းရှိတယ်။ အဲဒါ ရိုဘင်(Robyn)သိတယ်၊ ရိုဘင်ဆီက အကူတောင်းပါလို့ပြောတယ်။ ရိုဘင်ဆိုတာက ကနေဒါနိုင်ငံကလာပြီး မဟာဘွဲ့တန်းတက်နေတဲ့တစ်ဌာနတည်း ကျောင်းတက်ဖက် မိတ်ဆွေတွေဖြစ်တယ်။ ရိုဘင်ကရှင်းပြပေမဲ့ သူ့ဖော်မြူလာက

မပြည့်စုံဘူးတဲ့။ ကွိဂင်(Quiggin)က ပို့ကျွမ်းတယ်။ သူ့ကိုမေးပါတဲ့။ ကွိဂင်ဆိုတာ ဆစ်ဒနီတက္ကသိုလ်၊ စိုက်ပျိုးရေးဘောဂဗေဒဌာနက ကထိကတစ်ဦးဖြစ်ပြီး စီးပွားရေးအတိုင်းအတာပညာ(econometrics)သိပ်ကျွမ်းတယ်။ ဒီနယ်ပယ်နဲ့ပတ်သက်ပြီး နိုင်ငံတကာအဆင့် ပညာရပ်ဆိုင်ရာ ဂျာနယ်တွေမှာ စာတမ်းတွေ ပုံနှိပ်ဖော်ပြတာတွေကြောင့် လူသိလည်းများတယ်။ သူက တွက်နည်းဖော်မြူလာတွေပေးရုံမက တွက်နည်းကိုလည်း ရှင်းပြတယ်။ လူက လူငယ်ဖြစ်ပေမဲ့ ကားလ်မာက်စ်ပုံစံမျိုး၊ ဆံရှည်၊ မုတ်ဆိတ်မွေးရှည်ဗရဗျစ်နဲ့ အင်္ကျီလည်းဘယ်တော့မှ မီးပူထိုးပုံမပေါ်ဘူး။ အဝတ်လျှော်စက်ထဲထည့်လျှော်ပြီး ခြောက်အောင် ဒရိုင်ယာထဲထည့်လှည့်ပြီး ခြောက်တာနဲ့ ဆွဲယူဝတ်လာသလားထင်ရအောင် ကြေမွလို့။ ဝတ်စားမှုကလည်း သပ်သပ်ရပ်ရပ်မရှိ။ ပုံက တကယ့် 'ဂျလေဘီ' ပုံ။ ဒါပေမဲ့ အင်မတန် သဘောကောင်းတယ်၊ စိတ်ရှည်တယ်။ အထူးသဖြင့် ပညာသိပ်ကျွမ်းသလို သူ့ဘာသာရပ် တိုးတက်ရေးကလွဲရင် ခေါင်းထဲဘာမှမရှိတဲ့ပုံမျိုး။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းတို့ စတိုင်မျိုး။ အင်္ဂလိပ်လူမျိုးလား၊ စကော့တစ်လား တစ်ခုခုပဲ။ ကျွန်တော့်ကို တော်တော်ကူညီခဲ့တယ်။ အခုနှစ်စဉ် (လူဦးရေ)စာရင်းတွေကို လစဉ်စာရင်းအဖြစ်ခွဲဖြန့်တွက်ပုံနဲ့ပတ်သက်ပြီး တွက်နည်းကိုပါ ရှင်းပြတယ်။ ဒါပေမဲ့ ရီဘင်ပေးတဲ့ဖော်မြူလာနဲ့ရော ကွိဂင်ပေးတဲ့ နည်းလမ်းတွေနဲ့ပါ တွက်ကြည့်တယ်၊ စမ်းကြည့်တယ်။ မရဘူး၊ မအောင်မြင်ဘူး။

သူတို့နှစ်ယောက်ဆီ တစ်ခေါက်ထပ်သွားပြီးအကူအညီတောင်းဖို့လည်း အားနာတယ်။ သူတို့လည်း သူတို့အလုပ်ကိုယ်စီနဲ့ မအားကြဘူးလေ။ ကျွန်တော်လည်း မလုပ်တတ်၊ မတွက်တတ်ဘူး။ သင်္ချာနဲ့ အတွက်အချက်မှာ ကျွန်တော် အခြေခံမရှိဘူး။ ညံ့တယ်လို့ ရှေ့ပိုင်းမှာ ပြောခဲ့ပြီးပါပြီ။ ဒီလိုနဲ့ နောက်ဆုံး မလွှဲသာတော့ ဌာနမှာ ဝါအရင့်ဆုံး ဝါရင့်ကထိက(သူတို့ဆီမှာ ကထိကကို Senior Lecturer ဝါရင့် ကထိကနဲ့ Lecturer ကထိကဆိုပြီး ရာထူးနှစ်မျိုးခွဲထားပါတယ်။ လစာကအစမတူပါဘူး)ဒေါက်တာဘက်တာဟမ် (Dr.R.L. Batterham)ဆီမှာ အကူအညီတောင်းကြည့်တယ်။ သူက ဌာနမှာ Farm Management(စိုက်ပျိုးရေးစီမံခန့်ခွဲမှု)ဘာသာရပ်ပို့ချတယ်။ လယ်ပိုင်တစ်ဦးလည်းဖြစ်တယ်။ မြေဟက်တာ ငါးထောင်လောက်ပိုင်ဆိုင်ပြီး မန်နေဂျာနဲ့အဆင့်ဆင့်

စီမံဝန်ထမ်းကတစ်ဆင့် အလုပ်သမား၊ စက်မောင်း၊ စက်ပြင်စသည်ဖြင့် လခစားဝန်ထမ်းတွေခန့်ထားပြီး စက်ရုံပုံစံမျိုးလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်တယ်။ ဂျုံစိုက်ပါတယ်။ သူခေါ်လို့ သူ့လယ်ကွင်းကို ရောက်ဖူးတယ်။ အမိုးဖွင့်ဂျစ်ကားနဲ့မောင်းပြီးလိုက်ပြတယ်။ ကျယ်ဝန်းလွန်းလို့ လမ်းလျှောက်ကြည့်ဖို့လည်း မဖြစ်ဘူး။ လယ်ကလည်း စက်မှုလယ်မှ အကြီးကြီး။

ကျွန်တော်တောင်းတဲ့အကူအညီကို ဒေါက်တာဘက်တာဟမ်ကစဉ်းစားပြီး compound rate(ထပ်တိုးနှုန်း)နဲ့တွက်နိုင်တဲ့ဖော်မြူလာပုံသေနည်းတွေကို ရေးချတယ်။ အဲဒီအထဲကမှ သင့်တော်မယ့်ပုံသေနည်းနှစ်ခု၊ သုံးခုကိုပေါင်းစပ်ပြုပြင်ပြီး ပုံသေနည်းအသစ်တစ်ခုရအောင် ထုတ်နုတ်တယ်။ ပုံသေနည်းအသစ်တစ်ခုရတယ်။ အဲဒီပုံသေနည်းကဘာလဲလို့ရှင်းပြပါဆိုရင် ကျွန်တော်မရှင်းပြတတ်ဘူး။ ဒေါက်တာဘက်တာဟမ်က ကျွန်တော့်data(စာရင်းအင်း)တချို့တစ်ဝက်ကို ကွန်ပျူတာပေါ်တင်ပြီး သူ့ပုံသေနည်းအသစ်နဲ့စမ်းသပ်တွက်ချက်တယ်။ သုံး၊ လေးမျိုးကို သုံး၊ လေးခေါက်လောက် စမ်းတွက်တယ်။ နောက်ဆုံး အိုကေဆိုပြီး ကျွန်တော့်ကိုရှင်းပြတယ်။ ကျွန်တော်က နဝေတိမ်တောင်ဖြစ်နေမှန်း သူရိပ်မိလို့ ထင်ပါရဲ့၊ သူ့ပုံသေနည်းအသစ်နဲ့တွက်နည်းပုံစံတွေကို ဒစ်ကတ်(diskett)ခွေပြားထဲရိုက်ထည့်ပြီး ကျွန်တော့်ကိုပေးတယ်။ အဲဒီခွေပြားကို ကိုယ့်အခန်းထဲက ကွန်ပျူတာထဲထည့် ကော်ပီလုပ်ပြီးခွေပြားပြန်ပေးခိုင်းတယ်။ (အဲဒီအချိန်တုန်းက အခုလို CD-Rom ခွေပြားတို့၊ memory stick (မှတ်ဉာဏ်တုတ်ချောင်းခေါ်မလား)တို့ မပေါ်သေးပါ။ ခွေမှန်ကော်ပြားပုံစံနဲ့ဆင်ဆင်တူတဲ့ ၅လက်မပတ်လည် ခွေပြားပါးပါးလေးနဲ့ ၃လက်မခွဲပတ်လည် ခွေပြားခပ်ထူထူ နှစ်မျိုးသာ ပေါ်သေးတယ်။ အခုတော့ ပထမအမျိုးအစား လုံးဝမသုံးတော့ဘူး၊ ဒုတိယအမျိုးအစားလည်း တစ်နေ့တခြား အသုံးနည်းလာတယ်။ ကွန်ပျူတာဗိုင်းရပ်စ်နဲ့ တခြားအကြောင်းကြောင့် ပျက်လွယ်လို့ CD-Rom ခွေပြားနဲ့ memory stick တွေ ကျယ်ကျယ်ပြန့်ပြန့် သုံးလာတာတွေ့ရပါတယ်။ အပျက်နည်းရုံသာမက သိုလှောင်နိုင်အားလည်း အံ့မခန်းများသလို တစ်နေရာကတစ်နေရာ သယ်ရတာလည်း အလွန်လွယ်ကူလို့ သိပ်အဆင်ပြေတယ်)။

ကျွန်တော်လည်း ဒေါက်တာဘက်တာဟမ်ပေးတဲ့ ဒစ်ကတ်ခွေပြား

ယူပြီး ကျွန်တော့်ရုံးခန်းပြန်၊ သူ့ခာတ်ပြားကို ကွန်ပျူတာထဲထည့်ပြီး ကျွန်တော့် ဒစ်ကတ်ခာတ်ပြားထဲ ကော်ပီလုပ်လိုက်တာ ကွန်ပျူတာမကျွမ်းတဲ့ ပြဿနာကြောင့် copy တို့၊ re-copy တို့ကို သိပ်မလုပ်တတ်၊ အဲဒီလောက် အသေးစိတ် အကူအညီတောင်းဖို့ကလည်း မသင့်တော်ဘူး၊ ကိုယ့်ဘာသာကိုယ်ပဲလုပ်မယ် ဆိုပြီး ဘယ်ခလုတ်တွေ မှားနှိပ်မိလည်းမသိပါ။ ကျွန်တော့်ဒစ်ကတ်ခာတ်ပြားထဲ ထည့်ရိုက်ထားတဲ့ ဖိုင်ငါးခုစလုံး ပျက်ကုန်၊ ပျောက်ကုန်ပါလေရော။ ဒီဖိုင်ငါးခုမှာ ကျွန်တော့်ကျမ်းကြီးအတွက် အင်မတန်အရေးပါတဲ့ လစဉ်စားသုံးမှု ကိန်းစဉ်စာရင်းတွေ (consumption data series)၊ လစဉ်ဈေးနှုန်းကိန်းစဉ်စာရင်းတွေ(price data series)နဲ့ နှစ်စဉ်လူဦးရေကိန်းစဉ်စာရင်းတွေ(yearly population data series)ပါတယ်။ ပါတာမှ ရိုးရိုးစာရင်းတွေ မဟုတ်ဘူး။ စာရင်းကြမ်း(raw data) တွေကို အသေအချာစိစစ်တွက်ချက်ပြီးသား စာရင်းအချောတွေ(processed data)ဖြစ်တယ်။ ကွန်ပျူတာ hard diskရဲ့ သဘောနဲ့ အစွမ်းကိုလည်း မသိသေးတော့ ကွန်ပျူတာထဲ excel file ဖွင့်ပြီး စာရင်းတွေကို နှစ်ပတ်၊ သုံးပတ်နီးပါးကြာအောင် ကိုယ်တိုင်ရိုက်၊ ဖိုင်နာမည်တွေတပ်၊ ဒစ်ကတ်ခာတ်ပြားထဲကူးထည့်ထားမှစိတ်ချရတယ်ထင်ပြီးကွန်ပျူတာထဲက ခာတ်ပြားထဲကူး(save)ပြီး ထည့်ထားတာဖြစ်တယ်။ ကွန်ပျူတာ hard disk ထဲမှာ ရှာကြည့်တော့လည်း လုံးဝရှာမတွေ့တော့ဘူး။ ဒစ်ကတ်ခာတ်ပြားကိုလည်း back-up လို့ခေါ်တဲ့ အပိုတစ်ချပ်မှာ ထပ်ကူးပြီး သိမ်းတာမျိုးလည်း မလုပ်ထားမိဘူး။ ဒီစာရင်းတွေ စာရွက်နဲ့ရေးပြီး ဖိုင်တွဲထားတဲ့လက်ရေးမူတော့ရှိတယ်။ အဲဒါ အစ၊ အဆုံး ပြန်ရိုက်လို့တော့ နှစ်ပတ်၊ သုံးပတ်ကြာမယ်။

ချွေးပြန်တော့တာပဲ။ ဘာလုပ်ရမှန်းလည်းမသိ။ ကြံရာမရတော့လည်း ရရာကြံပြီပေါ့။ ရိုဘင်ဆီပြေးပြီး အကျိုးအကြောင်းပြော အကူအညီတောင်းတယ်။ မိချောက ဧည့်သည်တစ်ယောက်နဲ့စကားပြောနေလို့ ဘာလုပ်၊ ဘယ်လိုလုပ် စသည်ဖြင့်နှုတ်နဲ့ပဲ ပြောပြနိုင်တယ်။ ကျွန်တော်က လူကိုယ်တိုင်လိုက်ပြီး ကူညီပေးဖို့မျှော်လင့်ခဲ့တာ။

ဒါပေမဲ့ သူမလိုက်နိုင်ဘူး။ သူ့လည်းအပြစ်မတင်ဘူးလေ။ အားမှမအားတာကိုး။ ဪ. . . ဒါနဲ့ ပြောဖို့ကျန်သွားတယ်။ အဲဒီအချိန်က ကိုယ့်အတွက် ကိုယ်ပိုင်သုံးကွန်ပျူတာတစ်လုံးပျက်နေလို့ ရိုက်စရာရှိရင် အများသုံးကွန်ပျူတာ

ခန်း သွားရိုက်ရတယ်။ ဒါပေမဲ့ အခုပြဿနာတက်တဲ့ data တွေကိုတော့ အများသုံး ကွန်ပျူတာခန်းထဲက ကွန်ပျူတာတွေမအားလို့ဒေါက်တာကွိဂင် အခန်းထဲကကွန်ပျူတာနဲ့ သူ့ခွင့်ပြုချက်ယူပြီး ရိုက်ခဲ့တာဖြစ်တယ်။ ကျွန်တော့် မှာ တကယ်ပဲ ချွေးပြန်ရုံမက ခေါင်းတွေမူးနောက်နောက်ဖြစ်လာတယ်။ ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ အကူအညီတောင်းရမယ့်လူလည်းမရှိ၊ ကွိဂင်လည်း အပြင်သွားနေတယ်။ စိတ်ရောလူပါ ဂနာမငြိမ်နဲ့ သူ့အခန်းနဲ့စင်္ကြံ ဝင်လိုက်၊ ထွက်လိုက် ယောက်ယက်ခတ်နေတုန်း ကွိဂင်ရောက်လာတယ်။ ကျွန်တော့်ကို ကြည့်ပြီး ဘာဖြစ်နေတာလဲမေးတော့ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းတယ်။

ကွိဂင်ခမျာ အမောတောင်မပြေနိုင်တော့ဘဲ သူ့စားပွဲပေါ်ကကွန်ပျူတာကြီးမှာထိုင်ပြီး ခလုတ်ပေါင်းစုံ ဟိုနှိပ်၊ ဒီခေါက်နဲ့ အလုပ်ရှုပ်တော့တာပဲ။ ကွိဂင်ကို ဌာနမှာ econometrics သာမက ကွန်ပျူတာဘုရင်လို့လည်းခေါ်ကြတယ်။ အဲဒီလောက်ကျွမ်းတဲ့လူတောင်မှ ချွေးပြန်တော့တာပဲ။ ဒါပေမဲ့ တစ်ချက်မှမညည်းညူဘူး။ ကျွန်တော့်ကို တစ်ချက်လေးမှမဆူဘူး၊ မငြူစူဘူး။ နာရီဝက်ကျော်လောက်မနားတမ်းရှာလိုက်တာ ဖိုင်ငါးခုထဲက တစ်ခုရှာတွေ့တယ်။ သူဝမ်းသာသွားတယ်။ ကျွန်တော်က သူ့ထက်ဆယ်ဆမက ပိုဝမ်းသာတာပေါ့။ အဲဒီဖိုင်ကို ကယ်တင်ဖိုင်-၁(rescued file 1)အဖြစ် save လုပ်တယ်။ ဆက်ရှာတယ်၊ နောက်ထပ် တစ်နာရီနီးပါးအတွင်းမှာ နောက်ထပ်ဖိုင်နှစ်ခု ရှာတွေ့တယ်။ အဲဒါတွေကို rescued file 2, 3 စသည်ဖြင့် နံပါတ်တပ်ပြီး save လုပ်တယ်။ သူ့ကိုကြည့်ရတာလည်း တော်တော်ပင်ပန်းနေပါပြီ။ ကျန်တဲ့ ဖိုင်ကို နောက်မှဆက်ရှာမယ်၊ အခုတော့ fed-up ဖြစ်သွားပြီ (ငြီးငွေ့စိတ်ကုန်သွားပြီ) ဆိုပြီးတော့ မဖျက်ရသေး၊ မပျက်သေးတဲ့ဖိုင် (undeleted file)ကို သော့ခတ်(lock)လိုက်တယ်။ကျွန်တော့်အတွက် အင်မတန်အရေးကြီးတဲ့ ဖိုင်သုံးခုတောင် ပြန်ရှာပေးခဲ့တဲ့ ကွိဂင်ကို သိပ်ကျေးဇူးတင်ရတယ်။

စိတ်လည်း အင်မတန် သက်သာရတယ်။ ဒါပေမဲ့ data တွေ ပျောက်သွားတုန်းကလန့်ဖျပ်ပြီး စိုးရိမ်စိတ်နဲ့ စိတ်ဂယောက်ဂယက် ဂနာမငြိမ်ဖြစ်၊ ကွိဂင်က data တွေ ရှာနေစဉ် မတွေ့သေးမီအထိလည်း ရင်တမမနဲ့ စိတ်ထဲတင်းအား၊ ဖိအားကြောင့် ခေါင်းမူးချင်ချင်ဖြစ်တာရှိနေဆဲပဲ။ ဒါကြောင့် ကိုယ့်ရုံးခန်းပြန်ပြီး

ကော်ဖီခါးခါးတစ်ခွက်ဖျော်သောက်ရင်း နားနေရတော့တယ်။ သူတို့ဆီမှာတော့ ဆရာ၊ ဆရာမတွေ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူတွေ လက်ဖက်ရည်ဆိုင် ကင်တင်းထိုင်ခဲတယ်။ အချိန်အကုန်မခံနိုင်လို့ပါ။ အခန်းထဲမှာပဲ instant coffee မှုန့်၊ နို့မှုန့်၊ သကြားခဲတုံး(tube suger) (ဝါ) ရိုးရိုးသကြားဝယ်ထားပြီး ဂေါက်နဲ့အခန်းထဲမှာ ရေနွေးတည်၊ ကိုယ့်ဘာသာကိုယ် ဖျော်သောက်ကြတယ်။ ကော်ဖီသောက်ရင်း စိတ်ကိုလျှော့၊ အကြောအခြင်တွေ လျှော့စေကာမူလည်း ခေါင်းကခွဲစိတ်ထားတဲ့နေရာကမခံမရပ်နိုင်အောင် ကိုက်လာတယ်။ ဘုရားဂုဏ်တော်ကိုအာရုံပြုရင်း dream bed မှာ ခြေဆန့်လက်ဆန့်လှဲပြီး အိပ်နေလိုက်တယ်။ အိပ်ပျော်သွားတယ်ထင်ပါရဲ့။ နိုးလာတော့ မိုးချုပ်နေပြီ။ ဒါပေမဲ့ ခေါင်းကိုက်တာပျောက်သွားတယ်။ ခေါင်းကခွဲစိတ်ထားတဲ့ဝေဒနာဟာ depression (စိတ်ကျ)ဒဏ်၊ shock (ရှော့ခ်)ဒဏ်မခံနိုင်သေးကြောင်း သတိပြုမိ၊ သတိထားရပါတော့တယ်။

ဒေါက်တာဘွဲ့အတွက် လုံးပန်းနေသူတွေ သိပ်ညည်းညူကြတာပဲ။ သူ့လောက်အလုပ်များတာ၊ သူ့လောက် ပင်ပန်းတာ၊ သူ့လောက် ကြိုးစားတာ မရှိသလောက် ဆိုရမလောက်ပဲ။ တကယ်ဟုတ်ပါရဲ့လား။

ကျွန်တော်ရလိုက်တဲ့အတွေ့အကြုံနဲ့သင်ခန်းစာတွေဟာ ပြည်တွင်းပြည်ပတွေမှာ ဒေါက်တာဘွဲ့ သို့မဟုတ် မဟာဘွဲ့အတွက် ပညာသင်နေသူများအတွက် အသုံးဝင်လိမ့်မယ်။ အကျိုးပြုနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ အဲဒါတွေကတော့-

(၁) မကျွမ်းကျင်၊ မပိုင်နိုင်သေးတဲ့အလုပ်ကို စိတ်စောပြီး ဇွတ်မလုပ်မိဖို့ တတ်ယောင်ကားမလုပ်ဖို့ အရေးကြီးပါတယ်။ အသေအချာတတ်အောင်၊ ကျွမ်းအောင် သင်၊ လေ့ကျင့်ဖို့ လိုပါတယ်။ အဲဒီလိုလုပ်ဖို့ အချိန်မပေးနိုင်ရင် လတ်တလောချက်ချင်းလုပ်ဖို့လိုရင် တတ်ကျွမ်းသူထံမှ စနစ်တကျ အကူအညီတောင်းပြီးလုပ်ဖို့လိုမယ်။

(၂) အရေးကြီးတဲ့အလုပ်နဲ့အရေးမကြီးတဲ့အလုပ် တစ်ပြိုင်တည်း တစ်နေရာတည်း တွဲမလုပ်ဖို့ အရေးကြီးတယ်။

(၃) အရေးကြီးတဲ့အလုပ်လုပ်တဲ့အခါ မြန်မြန်ပြီးဖို့ တစ်ခုတည်း ဦးစားမပေးဖို့၊ စိတ်မစော၊ စိတ်မလောဖို့အရေးကြီးတယ်။

(၄) စာသင်သား အထူးသဖြင့် ဒေါက်တာဘွဲ့ သင်တန်းသားတွေဟာ ကျန်းမာရေးဒေါင်ဒေါင်မြည်နေဖို့၊ ကျန်းမာရေးဂရုစိုက်ဖို့ အင်မတန်အရေးကြီးပါတယ်။ မျှော်လင့်မထားဘဲ ဖြစ်လာတာတော့ မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ရက်ရှည်လများ နာရီပေါင်း၊ လပေါင်းများစွာ စာရေး၊ စာဖတ်၊ ကွန်ပျူတာရိုက်၊ တွက်ချက်၊ စဉ်းစား၊ ဆွေးနွေး၊ တင်ပြစတာတွေ ထိထိရောက်ရောက်လုပ်နေနိုင်ဖို့ ကြံ့ခိုင်မှု (stamina)ကောင်းဖို့လိုမယ်။ အိပ်ပျက်ဒဏ်ခံနိုင်ဖို့ အစားမှန်ရမယ်။ အစားပျက်ဒဏ်ခံနိုင်ဖို့ အအိပ်မှန်ရမယ်။ ကိုယ်လက်လှုပ်ရှားကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခု ပုံမှန်လုပ်ဖို့လိုပါမယ်။

(၅) 'တစ်နေ့ ငါဒေါက်တာဘွဲ့ယူမယ်' လို့ စိတ်ကူးထားရင် ပရီလင်းမတိုင်မီ၊ မတက်မီကတည်းက ကြိုတင်လုပ်ထားနိုင်တာတွေလုပ်ထား၊ ပြင်ဆင်ထားသင့်တယ်။ ဥပမာ-ကွန်ပျူတာသုံးနည်းသင်ထားတာတို့၊ သုတေသနလုပ်နည်းလေ့လာထားတာတို့၊ စာတမ်း(paper)ရေး လေ့ကျင့်တာတို့၊ presentation ခေါ်တဲ့ တင်ပြဆွေးနွေးတာတို့ဖြစ်ပါတယ်။

(၆) အရေးကြီးဆုံးက စာဖတ်ဖို့ပဲ။ စာအုပ်ချည်းပဲမဟုတ်ဘူး။ စာတမ်း၊ အစီရင်ခံစာ၊ ကျမ်းကြီး၊ ကျမ်းငယ်၊ ပညာရပ်ဂျာနယ်တွေ၊ ဆောင်းပါးတွေ၊ academic လို့ခေါ်တဲ့ ပညာနဲ့ဆိုင်တဲ့စာအားလုံးဖတ်သင့်တယ်။ အဲဒီလို ဖတ်ထားလေလေ ကျမ်းကြီးခေါင်းစဉ်ရွေးတာကအစ outline ဆွဲတာအလယ်၊ ကျမ်းပြုအဆုံး သိပ်အသုံးဝင်လေလေဖြစ်ပါတယ်။

(၇) မြန်မာကျောင်းသား ၁၀၀မှာ ၉၈-၉၉ ယောက်လောက်ဟာ ပရီလင်းပြီးမှ ခေါင်းစဉ်ကို စဉ်းစားကြတယ်။ နိုင်ငံခြားပညာသင်သွားဖို့ လျှောက်ရတဲ့အခါ ကျမ်းကြီးခေါင်းစဉ်နဲ့သုတေသနအဆိုပြုလွှာ(Thesis Topic and Research Proposal)ကြိုတင်တင်ပြရတဲ့အခါမျိုးမှာလည်း သိပ်အလေးအနက်မရှိဘဲ ပြီးပြီးရောသဘောနဲ့ရေးတင်လိုက်ရော။ တကယ်လုပ်ရတဲ့အခါကျတော့ data မရနိုင်တာနဲ့၊ ကိုယ်မပိုင်တဲ့နယ်ပယ်ဖြစ်နေတာနဲ့၊ ကျယ်ဝန်းလွန်းတာနဲ့၊ ကြီးကြပ်သူမရနိုင်တာနဲ့ စတဲ့ပြဿနာတွေပေါ်ရော။ မပြီးမပြတ်နဲ့ မျောပါလေရော။ ဘွဲ့လည်းမရ၊ လူလည်း နွမ်းလျပြီး စိတ်ဓာတ်တွေ ကျနဲ့ပေါ့။

တကယ်တော့ ဘယ်အရာမဆို အဆိုးချည်းပဲမဟုတ်ပါဘူး။ အဆိုးထဲမှာလည်းအကောင်းပါတတ်တယ်။ ကွန်ပျူတာနဲ့ပတ်သက်ပြီး ကျွန်တော်ရှော့ခ်

နီးပါးဖြစ်ခဲ့ပေမဲ့ ကွိဂင်ကူညီကယ်တင်ပေးတာကြည့်ပြီး ဖိုင်တစ်ခုခုကို မှားယွင်းပြီး ဖျက်မိ(delete)ရင်တောင် ချက်ချင်းဆိုရင် undelete အမိန့်ပေးပြီး ကယ်တင်လို့ရသလို delete မလုပ်ရသေးတဲ့ file တွေ တစ်နေရာရာမှာရှိရင် အဲဒါတွေကို lock လုပ်ထားလိုက်ရင် နောက်မှပြန်လည်ရှာဖွေဖော်ထုတ်လို့ရတဲ့အသိပညာမျိုးပေါ့။ ကွန်ပျူတာကျွမ်းကျင်သူတွေအတွက် ဒါတွေက မပြောပလောက်ပေမဲ့ မကျွမ်းသူတွေအတွက်တော့ တစ်သက်မမေ့နိုင်စရာတွေပါပဲ။ တစ်ချိန်တည်းမှာပဲ အရာရာ ကွန်ပျူတာအားကိုး၊ ကွန်ပျူတာအစွဲကြီးလွန်းပြန်ရင်လည်း လူဟာ ယန္တရားဆန်လာပြီး အနုစိတ်တွေးခေါ်မြော်မြင်အားတွေလျော့ပါးသွားနိုင်တဲ့အန္တရာယ်လည်းရှိကြောင်း နောင်အလျဉ်းသင့်တဲ့အခါတင်ပြပါမယ်။

မိုဒယ်ရွေး၊ ဒေတာစစ်ဆေး အချောသတ်၊ စမ်းသပ်အဖြေရှာ

ဒေါက်တာကွိဂင်အကူအညီနဲ့ ကွန်ပျူတာထဲမှာ ပျောက်သွားတဲ့ဖိုင်တွေအားလုံးပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့တယ်။ ဝမ်းသာရပေမဲ့ ကွန်ပျူတာကိုင်တွယ်သုံးစွဲပုံအခြေခံလေးတွေ ကျေညက်ကျွမ်းကျင်အောင် အလေးထားလေ့ကျင့်ရတော့တယ်။ စာရင်းအင်းကိန်းဂဏန်းတွေကို Excel မှာထည့်ရိုက်ရုံနဲ့မပြီးဘူးလေ။ ရှေ့ဆက်ပြီး ဒီစာရင်းအင်းကိန်းဂဏန်းတွေသုံးပြီး regression တွေတွက်ရမယ်၊ ဈေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်း စတဲ့အလျော့အတင်းတွေတွက်ရမယ်၊ ဇယားဖွဲ့ရမယ်၊ ကားချပ်တွေ၊ ပုံတွေအမျိုးမျိုးဆွဲရတော့မယ်၊ စာရင်းအင်း ကိန်းဂဏန်းတွေနဲ့အမျိုးမျိုးစမ်းသပ်ရမယ်။ ဒါတွေအားလုံးဟာ ယန္တရားဆန်တဲ့နည်းပညာပိုင်းအလုပ်တွေဖြစ်ပေမဲ့ ကိုယ်တိုင်လုပ်တတ်မှဖြစ်မယ်။ အားလုံး ကိုယ့်ဘာသာကိုယ် လုပ်ရမှာလေ။

ဒေါက်တာဘွဲ့အတွက် ကျွန်တော်ပြုစုတဲ့ကျမ်းကြီးနဲ့ တခြားသူတွေပြုစုတဲ့ကျမ်းကြီးခေါင်းစဉ်၊ အကြောင်းအရာ၊ အကျယ်အဝန်း၊ သုံးစွဲတဲ့နည်းလမ်းစတာတွေမတူနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်လုပ်သမျှ၊ ကျွန်တော်ကြုံသမျှ အခြားသူတွေနဲ့ တိုက်ရိုက်စပ်ဆိုင်မှုရှိချင်မှရှိပါမယ်။ ဒါပေမဲ့ လုပ်ရတဲ့အစီအစဉ်နဲ့အဆင့်တွေ(procedures and steps)တော့ အနည်းနဲ့အများတူကြမှာပါ။ အခု ကျွန်တော်ဟာကျမ်းကြီးပြုစုဖို့အတွက် စာရင်းအင်းအချက်အလက်

တွေရှာဖွေစုစည်းတဲ့အဆင့် ပြီးခဲ့ပြီ။ စာရင်းကြမ်းတွေ၊ စာရင်းချောအဖြစ် စီစဉ်အချောကိုင်လို့လည်း ပြီးသင့်သလောက်ပြီးပြီ။ ဇယားဖွဲ့သင့်တာတွေဖွဲ့ပြီး ပြီ။ ကြီးကြပ်သူရဲ့လမ်းညွှန်ချက်အရ ကျွန်တော့်စာရင်းအင်းကိန်းဂဏန်းတွေ အသုံးတည့်၊ မတည့်၊ ဘယ်လောက်အထိ စိတ်ချအားထားပြီး သုံးနိုင်မလဲ စတာတွေကို မိုဒယ်လို့ခေါ်တဲ့ ပုံစံတွေနဲ့ တွက်ချက်စမ်းသပ်ရမယ့်အဆင့်ရောက် နေပါပြီ။ ကျွန်တော့်ကျမ်းကြီးဟာ 'မြန်မာနိုင်ငံတွင် အစားအစာဝယ်လိုအားကို စီးပွားရေးအတိုင်းအတာပညာဖြင့် တိုင်းတာလေ့လာဆန်းစစ်ချက်' လို့အဓိပ္ပာယ် ရတဲ့ An Econometric Study of Food Demand in Burma ဖြစ်ကြောင်း၊ အဲဒါကို တိုင်းတာဖော်ထုတ်ဖို့ လက်နက်ကိရိယာအဖြစ် Almost Ideal Demand System(AIDS) လို့အမည်ရတဲ့မိုဒယ်ပုံစံကို သုံးစွဲရမှာဖြစ်ကြောင်း ရှေ့ပိုင်းကဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်တဲ့အခါ ဒီမိုဒယ် တစ်ခုတည်းနဲ့မပြီးဘူး။ ဒီမိုဒယ်နဲ့တွက်ချက်လို့ရတဲ့အဖြေတွေရဲ့ရှင်းပြနိုင်စွမ်း၊ အားသာချက်၊ အားနည်းချက်စတာတွေကိုထင်ရှားပေါ်လွင်စွာသိနိုင်ဖို့အတွက် အခြားမိုဒယ်တစ်ခု သို့မဟုတ် နှစ်ခုနဲ့နှိုင်းယှဉ်ပြဖို့လိုပါတယ်။ ဒီအတွက် regression တွက်ချက်ရာမှာ အသုံးများတဲ့ Double Log Model နဲ့ OLS model တို့ကို စမ်းသပ်သုံးစွဲဖို့ ကြီးကြပ်သူက အကြံပြုပါတယ်။ ဒီလိုရွေးချယ်ရတဲ့ အကြောင်းရင်းတွေရှိပါတယ်။ ပညာရပ်ပိုင်းသဘောသက်ရောက်နေရုံမက ဆောင်းပါးရှည်မှာစိုးလို့ အသေးစိတ်၊ အကျယ်မချဲ့တော့ပါ။ OLS နဲ့ စတင်စမ်းသပ်ပါလို့ ကြီးကြပ်သူက ညွှန်ကြားတယ်။

ဒီမှာလည်းမိုဒယ်တစ်ခုခုနဲ့တွက်ချက်တော့မယ်(run လုပ်တော့မယ်) ဆိုရင် model specification လို့ခေါ်တဲ့ model တည်ဆောက်ပုံ၊ အသေးစိတ် အဓိပ္ပာယ်သတ်မှတ်ပေးရမယ်။ ပါဝင်မယ့်ကိန်းရှင်တွေ(variables)ကို မှီခိုကိန်း ရှင်တွေ(dependent variables)နဲ့ လွတ်ကိန်းရှင်တွေ(independent variable) ခွဲခြားသတ်မှတ်အဓိပ္ပာယ်ဖွင့်ဆိုပေးရမယ်။ Model ကို ညီမျှခြင်းပုံစံမျိုးနဲ့ ကွန်ပျူတာကဖတ်နိုင်၊ နားလည်နိုင်တဲ့ format(ပုံစံဖွဲ့စည်း)ပေးရမယ်။ အဲဒီလို formatting လုပ်ပြီးရင် ကိန်းရှင်အလိုက် စာရင်းအင်းကိန်းဂဏန်းတွေကို ပုံစံတကျ စီကာစဉ်ကာ ကွန်ပျူတာထဲရိုက်ရမယ်။ ယေဘုယျခြုံပြောတာပါ။ လက်တွေ့မှာ အသေးစိတ်ရတာအများကြီးပါ။ ကြိုတင်လိုအပ်ချက်အားလုံးပြင်

ဆင်ပြီးရင် ကွန်ပျူတာကို လိုသလိုခိုင်းပေတော့။ ကျွန်တော့်ကျမ်းကြီးအတွက် SHAZAM Format ကိုသုံးခဲ့ပါတယ်။ ဒါပေမဲ့ နဂိုကတည်းက သင်္ချာညံ့၊ econometric အားနည်း၊ ကွန်ပျူတာမကျွမ်းတဲ့ကျွန်တော်ဟာ ဒီအပိုင်း (Model specification and formatting) မှာလည်း ခေါင်းထဲကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်းမရှိဘူး။ ဝိုးတဝါးပဲ။ ဒါပေမဲ့ အမြဲပဲ သူများအားကိုးနေလို့ မသင့်၊ မဖြစ်ပြန်တော့ ကိုယ့်ဘာသာကိုယ်ပဲ စမ်းတဝါးဝါးနဲ့စလုပ်တယ်။ လုပ်သင့်တယ်ထင်တဲ့အလုပ်တွေ၊ အဆင့်တွေ အကုန်လုပ်တယ်။ OLS regression format ပြီးတော့ ကွန်ပျူတာခလုတ်နှိပ်ပြီး တွက်ဖို့အမိန့်ပေးတယ်။ ကွန်ပျူတာက နားမထောင်ဘူး။ ဘာမှမတုံ့ပြန်ဘူး။ အမျိုးမျိုး ကြိုးစားကြည့်တယ်။ ချွေးပြန်တယ်။ ဒါပေမဲ့ မရဘူး။ ကားသာမောင်းတတ်ပြီး သာမန်ဆီပျောက်၊ မီးပျောက်တောင် နားမလည်လို့ ကားစက်ရပ်သွားရင် ဘာလုပ်လို့ လုပ်ရမှန်း မသိတဲ့ ဒရိုင်ဘာလိုအဖြစ်မျိုး။

နောက်ဆုံးတော့လည်း မလွှဲသာပဲအကူအညီတောင်းရတော့တယ်။ လူကြီးတွေကိုအားနာလို့ ပထမတော့ မိတ်ဆွေရိုဘင်ဆီမှာ အကူအညီတောင်းတယ်။ သူ ကူညီလုပ်ပေးရှာတယ်။ ဒါပေမဲ့ မရဘူး။ မတတ်နိုင်တော့ဘူး။ ကြီးကြပ်သူဖစ်ရှာဆီကအကူအညီတောင်းခံတယ်။ သူလည်းအလုပ်များတဲ့ကြားက ဝိုင်းဝန်းကူညီပေးရှာတယ်။ ဒါပေမဲ့ မရဘူး။ data entry (စာရင်းအင်းတွေ ရိုက်သွင်းထည့်တာ)မှာ တစ်ခုခုလွဲနေတယ်ထင်တာပဲ။ ဒါကြောင့် အစကနေ ပြန်စစ်ဖို့လိုမယ်ဆိုပြီး သူ့အလုပ်တွေလည်း တန်းလန်းနဲ့မို့ ဒေါက်တာဘက်တာဟမ်ကို လွှဲပေးပြီးကူညီခိုင်းတယ်။ ဒေါက်တာဘက်တာဟမ်က စိတ်ရှည်ရှည်နဲ့ အသေအချာရှာလိုက်တော့ အမှား(ဝါ)ချို့ယွင်းချက်နှစ်ချက်တွေ့တယ်။ ပထမတစ်ချက်က အတန်းလိုက်ရိုက်ထည့်ထားတဲ့ variables ကိန်းရှင်တွေရဲ့အတန်းအရှည်ဟာ Shazam Format က ဖတ်နိုင်စွမ်းတဲ့ capacity(စွမ်းအား)ထက် ပိုရှည်နေတယ်။ (ဒါကို ဒေါက်တာဘက်တာဟမ်က ကိန်းရှင်တန်းတွေကို ကွန်ပျူတာဖတ်နိုင်စွမ်းတဲ့အရှည်ထက် ပိုတာကိုဖြတ်ပြီး အောက်မှာအတန်းအသစ်အဖြစ် ပြန်ရွှေ့ပေးလိုက်တယ်။ အတန်းအရေအတွက်က ကွန်ပျူတာက ဖတ်နိုင်စွမ်းတဲ့ဘောင်ထဲ ရှိနေသေးလို့ ပြဿနာမရှိဘူး)၊ ဒုတိယအမှားက observation လို့ခေါ်တဲ့ လေ့လာကိန်းရှင်အရေအတွက်နေရာမှာ observation

၅၁ခု ရှိတဲ့အတွက် ကွန်ပျူတာနားလည်တဲ့ပုံစံနဲ့ 51 လို့ ရိုက်ထည့်ထားပေမဲ့ အဲဒီအောက်မှာ စီပြီးရိုက်ထားတဲ့ observation က ၄၆ခုပဲရှိတာတွေ့ရတယ်။ ရိုက်ထည့်တုန်းက ၅ခု ကျန်သွားတာပါ။ ဘာတွေ ကျန်သလဲဆိုတာ ရှာဖွေပြီး ထပ်ရိုက်ထည့်ရမှာဖြစ်တယ်။ ဒါကိုရှာဖို့ စစ်ဆေးဖို့ အချိန်ယူရမှာမို့ အခုလက်ရှိသုံးထားတဲ့ format ပုံစံမှန်၊ မမှန်စစ်ဆေးတဲ့အနေနဲ့ ဒေါက်တာဘက်တာဟမ်က observation နေရာမှာ 51 အစား 46 လို့ပြင်ရိုက်ပြီး run လုပ်ကြည့်လိုက်တာ အောင်မြင်သွားတယ်။ (ကွန်ပျူတာစက်က တော်တော်တိကျပြီး တော်တော်လည်း သစ္စာရှိပါလား။) ဒေါက်တာဘက်တာဟမ်က 'ကဲ. . . format တော့ မှန်ပြီ၊ model specification လည်းမှန်တယ်။ ဒီတော့ observation မှာ ကျန်နေတဲ့ကိန်းရှင် ၅ခုက ဘာတွေလဲ ရှာပြီးထပ်ဖြည့်၊ observation နေရာမှာ မူလအတိုင်း 51 လို့ရေးပြီး run လုပ်တော့ ကျန်တဲ့ model တွေကိုလည်း သူ့မိုဒယ်နဲ့စပ်ဆိုင်မှန်ကန်အောင် format လုပ်၊ specification လုပ်၊ ဒီ data တွေနဲ့ပဲ စမ်းသပ်လို့ရပြီ' လို့ဆိုပါတယ်။ သူ့ကိုအားနာပေမဲ့ အထူးကျေးဇူးတင်ရပါတယ်။ ကျွန်တော့်အတွက် ကြီးမားတဲ့အခက်အခဲတစ်ခုကို ကျော်လွှားနိုင်ခဲ့ရုံမက ဒီအဆင့်၊ ဒီအပိုင်းမှာ အဖြေမှန်ထွက်ဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီအရေးကြီးတဲ့အဆင့်အတွက် လုပ်ကိုင်တတ်သွားတဲ့အကျိုးအမြတ်လည်းရလိုက်တယ်။

မိုဒယ်ရွေး၊ ဒေတာစစ်ဆေး အချောသပ်၊ စမ်းသပ်အဖြေရှာ

တစ်ချိန်တည်းမှာ ကျွန်တော်တို့အတွက် အတုယူစရာ၊ သင်ခန်းစာယူစရာတွေလည်းတွေ့ရပါတယ်။ အခက်အခဲရှိလို့ အကူအညီတောင်းရင် ပါမောက္ခကြီးကြပ်သူရော ဌာနတွင်းက ကထိက၊ တွဲဖက်ပါမောက္ခတွေပါမကျန် စိတ်ပါလက်ပါကူညီတယ်။ မတွန့်တိုဘူး၊ မအော်ဘူး၊ မငေါက်ဘူး၊ ပြီးပြီးရော မလုပ်ဘူး၊ မတတ်တတ်အောင်လုပ်ရင်း သင်၊ သင်ရင်း လုပ်ပေးတယ်။ ကျွန်တော်ပဲ ကံကောင်းလို့လားတော့မသိပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံတက္ကသိုလ်လောကမှာ မြင်နေ၊ ကြားနေရတာကတော့ သင်တန်းသားတစ်ယောက်ယောက် မသိလို့၊ မတတ်လို့ လာမေးရင်၊ အကူအညီတောင်းရင် ကြီးကြပ်သူတွေက 'ဒါလေးတောင် မသိဘူးလား၊ သိတဲ့သူတစ်ယောက်ရှာပြီး မေး၊ အဲဒီလောက် အသေးစိတ်တော့ ငါဘယ်လုပ်

ပေးနိုင်မလဲ၊ ငါ မအားဘူး’ စတဲ့သဘောမျိုးနဲ့ခါထုတ်တာများတယ်။ ကိုယ်တိုင် မတတ်လို့လား၊ စိတ်မဝင်စားလို့လား၊ တကယ်ပဲ မအားလပ်လို့လားတော့ မသိပါ။ ကြီးကြပ်သူအားလုံးကို သိမ်းကျုံးမရမ်းလိုပါ။ တကယ်တော်တဲ့၊ စေတနာပါတဲ့ ကြီးကြပ်သူတွေရှိကြပါတယ်။ နည်းတာတစ်ခုပါ။ များဖို့ကြိုးစား ရဦးမှာပါ။

ဒေါက်တာဘက်တာဟမ်သင်ပြပေးတဲ့အတိုင်း OLS regression ကို Shazam package နဲ့ data တွေကို အမျိုးမျိုးစမ်းသပ် run လုပ်တယ်။ အဖြေ တွေထွက်လာတယ်။ ဒါပေမဲ့ အဖြေတွေက လုံးဝအားရစရာမကောင်းဘူး။ ဒါကြောင့် double-log model ကိုစမ်းသပ်ကြည့်တယ်။ ထွက်လာတဲ့အဖြေ (ရလဒ်)တွေကမဆိုးဘူး။ OLS ထက်အများကြီး ပိုကောင်းတာတွေ့ရတယ်။ ဆက်ပြီး AIDS model ကိုစမ်းသပ်တယ်။ ဒီမှာအခက်အခဲတွေ့ပြန်ရော။ တကယ်တော့ ကျမ်းကြီးအားပြုထားတာ အဲဒီ AIDS model အပေါ်မှာဖြစ် တယ်။ ဒီ model သုံးမရရင် နောက်ထပ် model အသစ်တစ်ခုခုရှာဖွေရမယ်။ ဒီအတွက် အများကြီးဖတ်ရ၊ မှတ်ရဦးမယ်။ အခု ဒီ model ကထွက်လာတဲ့ အဖြေတွေက consistency (ညီညွတ်မှု)မရှိဘူးဖြစ်နေတယ်။ OLS, Double-log, AIDS model သုံးမျိုးနဲ့ regression စမ်းသပ်လို့ရတဲ့အဖြေရလဒ်တွေ ကွန်ပျူတာ print-out ထုတ်ပြီး ကြီးကြပ်သူကိုတင်ပြတယ်။ အကြံဉာဏ် တောင်းတယ်။ ကြီးကြပ်သူဖစ်ရှာကကြည့်ပြီး ‘Double-log က OK, OLSကို ခဏရပ်ထား၊ AIDS model ကိုတော့ပြင်ဖို့၊ modify လုပ်ဖို့လိုမယ်ထင်တယ်။ အခု specify လုပ်ထားတာက ဒီ model ရဲ့ မူလ specification အတိုင်းဖြစ် နေတယ်။ အဲဒီမူလ specification က ဖွံ့ဖြိုးပြီး နိုင်ငံတွေရဲ့အစားအစာဝယ်လို အားကိုတိုင်းတာဖို့ လုပ်ထားတာဖြစ်တယ်။ အခုစမ်းသပ်တာက ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်ရုံမက ဈေးကွက်ကလည်း ပုံမှန်မဟုတ်ဘဲအစိတ်စိတ်အမြွာမြွာကွဲပြားနေတဲ့ ဈေးကွက်(fragmented market) ဖြစ်နေတယ်။ ဒါကြောင့် model နဲ့ ပတ် သက်တဲ့မှတ်ယူချက်တွေ(assumptions)ထဲကရော specification ထဲကပါ မအပ်စပ်တာတွေကို ပြန်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရမယ်။ အဲဒါအရင်လုပ်၊ ဘယ်စာအုပ်တွေ၊ စာတမ်းတွေဖတ်’ ဆိုပြီး စာအုပ်၊ စာတမ်းနာမည်၊ စာအုပ်၊ စာတမ်းရေးသူနာမည်တွေကို လက်တန်းပြောတော့တာပဲ။ ကျွန်တော်မကြား

ဖူး၊ မဖတ်ဖူးသေးတာတွေများတယ်။

ဒီလိုနဲ့ ၁၉၈၈ခုနှစ်၊ ဇွန်လတစ်လလုံးနီးပါး model နဲ့ပတ်သက်တဲ့စာအုပ်၊ စာတမ်းတွေဖတ်၊ ဘာတွေဘယ်လိုပြင်ရမယ်ဆိုတာ စဉ်းစား၊ ရှာဖွေထုတ်နုတ်၊ မူလ specification ကို revise (ပြန်လည်ပြင်ဆင်)လုပ်၊ specification ပြန် လုပ်၊ data တွေနဲ့ regression အစမ်း run လုပ်။ ထွက်လာတဲ့အဖြေ၊ ရလဒ်တွေကြည့်၊ အားမရသေးသရွေ့ ထပ်ပြင်၊ ထပ်စမ်းသပ်နဲ့ လိုချင်တဲ့အဆင့် မရောက်မချင်း ဇွဲနပဲနဲ့လုပ်ရတာပဲ။ အခုထိ ကျမ်းကြီးရေးတာမလုပ်ရသေးပဲ သုံးမယ့် model ရွေးချယ်ဖို့ model တွေစမ်းသပ်တဲ့အဆင့်မှာပဲရှိသေးတယ်။ အကြိမ်ကြိမ် modify လုပ်၊ test run လုပ်ရင်း နောက်ဆုံးတော့ လက်ခံနိုင် လောက်တဲ့ modified version of AIDS model (ပြန်လည်ပြုပြင်ဖော်ထုတ် လိုက်တဲ့ AIDS ပုံစံ)ကို ရလာတယ်။ data တွေ သုံး၊ လေးမျိုးလောက် အပြောင်း အလဲလုပ်ပြီး စမ်းသပ်တယ်။ အဖြေတွေက အားရစရာကောင်းတယ်။ ကြီးကြပ် သူကို modified model နဲ့စမ်းသပ်ထားတဲ့ print-out ကော်ပီတွေကိုပြတယ်။ သူအသေအချာစစ်ဆေးတယ်။ သူ့မျက်နှာက ကျေနပ်ပြုံးလေးနဲ့မို့ သဘောကျ မှန်းသိလိုက်တယ်။ ‘ကောင်းတယ်၊ ဒီလို modified model ထွက်လာတာကိုက သီအိုရီဆိုင်ရာ contribution တစ်ခုပဲ။ ဒါကို အသေအချာလုပ်ရအောင်။ OLS ထားလိုက်တော့၊ Double-log နဲ့ AIDS (modified) model နှစ်မျိုးပဲသုံးမယ်။ အခု data အရေးကြီးလာပြီ။ data တွေ consistent (ညီညွတ်)ဖြစ်ဖို့၊ reliable (စိတ်ချအားထားရ)ဖို့လိုတယ်။ ဒါမှ model တွေက တွက်ပေးတဲ့အဖြေ တွေ စိတ်ချအားထားရမှာဖြစ်တယ်။ အချိန်ကိန်းစဉ်စာရင်းတွေ(time series data) သုံးမလား၊ ဖြတ်ပိုင်းစာရင်း(cross-section data)သုံးမလား ရွေးချယ် ဆုံးဖြတ်ရမယ်။ အချိန်ကိန်းစဉ်စာရင်းနဲ့ဖြတ်ပိုင်းစာရင်းတွေရဲ့သဘောသဘာဝ နဲ့ အရည်အသွေးတွေမတူတာကြောင့်တွက်လို့ရတဲ့အဖြေလည်း တူမှာမဟုတ် ဘူး။ အဖြေတွေရဲ့ရှင်းပြနိုင်အားလည်းတူမှာမဟုတ်ဘူး။ ဒါကြောင့် model တော့ရပြီ။ data တွေ စစ်ဆေးဖြည့်စွက်ရွေးချယ်ပြီးဆက်လုပ်ပါ’ လို့ ကြီးကြပ်သူ ပါမောက္ခဖစ်ရှာကလမ်းညွှန်တယ်။

သက်ပြင်းချမိပေမဲ့ အဆင့်တစ်ဆင့်တော့ ပြီးခဲ့ပြီလေလို့ ဖြေသိမ့်ရတယ်။ data ကိစ္စဆက်လုပ်တယ်။ ဖတ်သင့်တဲ့ စာအုပ်စာတမ်းတွေဖတ်တယ်။ နောက်

ဆုံး အချိန်ကိန်းစဉ်စာရင်းတွေသုံးဖို့ဆုံးဖြတ်တယ်။ ဒီစာရင်းတွေရဲ့စိတ်ချအားထားရမှု၊ ခိုင်မာမှုစတာတွေကို စာရင်းအင်းနည်းလမ်းတွေနဲ့စမ်းသပ်တယ်။ အလုပ်ဖြစ်ပြီး အသုံးဝင်နိုင်လောက်တဲ့အဆင့် ၈၀ရာခိုင်နှုန်း၊ ၉၀ရာခိုင်နှုန်းလောက် စိတ်ချရတဲ့အဆင့်ဆိုရင်ပဲ ကျေနပ်ရတော့တယ်။ သုံးမယ့် data အမျိုးအစားလည်းရွေးပြီးပြီ။ ဖြည့်စရာရှိတာဖြည့်၊ တွက်စရာရှိတာ တွက်၊ အချောကိုင်ပြီး နိုင်သလောက်ပြီးပြီ။ လိုအပ်တာတွေရှိသေးပေမဲ့ အလုပ်စလုပ်လို့ဖြစ်တဲ့အချောသတ်စာရင်းတွေနဲ့ တွက်လို့ရသမျှတွေကို regression run လုပ်၊ ရလာတဲ့ရလဒ်၊ အဖြေတွေကို ကွန်ပျူတာ print-out ထုတ်၊ စိတ်တိုင်းကျလောက်တဲ့ရလဒ်တွေရပြီဆိုရင် print-out ထုတ်ပြီး ဖိုင်နဲ့သီးသန့်သိမ်း၊ ခေါင်းစဉ်နဲ့ အကြောင်းအရာ အသေအချာမှတ်။ ၁၉၈၈ခုနှစ် ဇွန်လတစ်လလုံး ဒါနဲ့ပဲကုန်သွားတယ်။

လူလည်း ပင်ပန်းလှပြီ။ ဒါပေမဲ့ မိမိအတွက် အများကြီးအကျိုးရှိတယ်။ အတွေ့အကြုံတွေအများကြီးရတယ်။ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင်သုံးတတ်လာတယ်။ regression ပုံစံအမျိုးမျိုး run လုပ်တတ်လာတယ်။ modelling လို့ခေါ်တဲ့ ပုံစံတည်ဆောက်ခြင်းသဘောကို တော်တော်သဘောပေါက်လာတယ်။ regression ပုံစံအမျိုးမျိုးနဲ့ run လုပ်လို့ ထွက်လာတဲ့ရလဒ်တွေကိုကြည့်တတ်၊ ဖတ်တတ်၊ အဓိပ္ပာယ်ဖွင့်တတ်လာတယ်။ ဘယ်ရလဒ်က ဘာကိုပြ၊ ဘာကိုပြောနေတယ်ဆိုတာ နားလည်လာတယ်။ အစပိုင်းကလို ခဏခဏသူများအားကိုးရတာမျိုးမရှိတော့ဘဲ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ်လုပ်နိုင်လာတယ်။ လုပ်တတ်လာတယ်။ data ပြည့်ပြည့်စုံစုံနဲ့နည်းစုံ၊ ဘက်စုံစဉ်းစားပြီး run လုပ်ဖို့၊ တွက်ချက်ဖို့၊ အဖြေ၊ ရလဒ်တွေပါတဲ့ print-out တွေထုတ်နိုင်ဖို့ စတာတွေ၊ အလုပ်တွေအရေးကြီးကြောင်းသဘောပေါက်လာတယ်။ အဲဒါတွေစုံပြီ၊ လုပ်ပြီးပြီဆိုရင် အဓိပ္ပာယ်ဖွင့်၊ ချရေးတာ ဘာမှမခက်တော့ဘူးဆိုတာသိလာတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ရှိလာတယ်၊ အားတက်လာတယ်။

ဆစ်ဒနီရောက်နေတာလည်း ၂နှစ်တိတိရှိသွားပြီ။ တစ်နှစ်မှာ တစ်လ Family Reunion Leave(မိသားစုပြန်လည်ဆုံစည်းခွင့်)နဲ့အိမ်ပြန်ခွင့်ရှိပါတယ်။ အသွားအပြန်လေယာဉ်စရိတ်ကို ဩစတြေးလျအစိုးရကကျခံတယ်။ မနှစ်က

ပြန်မလို့ဟာ မမျှော်လင့်ဘဲ ဆေးရုံရောက် ခွဲစိတ်ကုသခဲ့ရလို့ မပြန်ဖြစ်ခဲ့ဘူး။ ဒီနှစ်တော့ မပြန်မဖြစ် ပြန်မယ်ဆုံးဖြတ်ပြီး ပြန်မယ့်ရက်ဖော်ပြပြီး ခွင့်တင်ထားတာလည်း အချိန်မီကျလာတယ်။ ၁၉၈၈ခုနှစ်၊ ဇွန်လ ၂၈ရက်မှ ဩဂုတ်လ ၁၀ရက်နေ့အထိ တစ်လခွဲနီးပါးခွင့်ပြုတယ်။ အလုပ်တွေကို စနစ်တကျရပ်နားသိမ်းဆည်းပြီး ဇွန်လ ၂၈ရက်နေ့ ဆစ်ဒနီကထွက်တယ်၊ စင်ကာပူဝင်ပြီး ဈေးဝယ်၊ လည်ပတ်၊ အပေါင်းအသင်းဟောင်းတွေ၊ ဆရာသမားတွေနဲ့ဆုံတွေ့ဖို့ နှစ်ရက်နေပြီး ဇွန်လ ၃၀ရက်နေ့မှာ စင်ကာပူမှ ရန်ကုန်ရှိ မိသားစုဆီကို ခွင့်နဲ့ ပြန်ရောက်ခဲ့ပါတယ်။

အကြောက်ဆုံးအရာနဲ့မှ ရင်ဆိုင်ရခြင်း (ကြီးကြပ်သူပြောင်းတဲ့ ပြဿနာ)

ဒေါက်တာဘွဲ့ သင်တန်းသား၊ သင်တန်းသူတွေ အကြောက်ဆုံးအရာတွေထဲမှာ ကျမ်းကြီးပြုစုနေဆဲတန်းလန်း တစ်ဝက်တစ်ပျက်မှာ(မိမိဘက်ကဘယ်လိုမှမတတ်သာတဲ့အကြောင်းကြောင့်)ကြီးကြပ်သူပြောင်းရတဲ့ပြဿနာဟာ ထိပ်ဆုံးကပါပါတယ်။ နိုင်ငံခြားတက္ကသိုလ်ကြီးတွေမှာ ကြီးကြပ်သူဟာ ဆရာပဲ။ ကျမ်းကြီးနဲ့ပတ်သက်တဲ့ခေါင်းစဉ်၊ အကြောင်းအရာ၊ အကျယ်အဝန်းကအစ သီအိုရီ၊ မိုဒယ်နဲ့ သုတေသနနည်းလမ်းရွေးချယ်မှု၊ တွက်ချက်မှုနဲ့ရတဲ့အဖြေ၊ရလဒ်တွေကို အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ရေးသားတင်ပြမှုအစရှိတဲ့ပညာရပ်ပိုင်းဆိုင်ရာ အလုပ်ကိစ္စမှန်သမျှမှာ ကြီးကြပ်သူရဲ့ဆုံးဖြတ်ချက်၊ ထောက်ခံချက်တွေကို ပညာရေးအဖွဲ့ကသော်လည်းကောင်း၊ စာမေးပွဲဘုတ်အဖွဲ့ကသော်လည်းကောင်း ပစ်ပယ်လေ့မရှိဘဲ လက်ခံတာများတယ်။ တစ်နည်းအားဖြင့် ကြီးကြပ်သူရဲ့ဆုံးဖြတ်ချက်၊ ထောက်ခံချက်ကအတည်ပဲ။ စာမေးပွဲအောင်၊ ရှုံးကိစ္စမှာလည်း ကြီးကြပ်သူရဲ့အခန်းကအရေးကြီးတယ်။ ဘွဲ့ကျမ်းကြီးကိုလက်ခံဖို့၊ လက်မခံဖို့အထိ ကြီးကြပ်သူရဲ့ဆုံးဖြတ်ချက်က အခရာပဲ။

ကြီးကြပ်သူက ဘာစာအုပ်၊ စာတမ်းတွေ ဖတ်၊ ဘယ်အချက်တွေကို ပြင်၊ ဘယ်အခန်း ပြန်ရေးစသည်ဖြင့် ညွှန်ကြားသမျှ၊ လမ်းညွှန်သမျှ သင်တန်းသား၊ သင်တန်းသူတွေက မဖြစ်မနေ လိုက်နာလုပ်ဆောင်ရတယ်။ ဆင်ခြေဆင်လက်ကိုလက်မခံဘူး။ ကြီးကြပ်သူက လက်မခံဘူးဆို သွားပေတော့ပဲ။ (တိုက်ဆိုင်လို့ကြားဖြတ်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ရန်ကုန်မှာ ဒေါက်တာဘွဲ့ကျမ်းပြုစုနေတဲ့သင်တန်းသား၊ သင်တန်းသူတချို့ဟာ ကြီးကြပ်သူတွေ့ဖို့ ချိန်းတဲ့နေ့၊

ချိန်းတဲ့အချိန်မလာဘူး။ တချို့ဆို ကြီးကြပ်သူကို လုံးဝနီးပါးသွားမတွေ့ဘူး။ ကြီးကြပ်သူက ဒါဖတ်၊ ဟိုဟာဖတ် စသည်ဖြင့် ဖတ်ခိုင်းတာကို မဖတ်ဘူး။ အပျင်းထူတဲ့ သင်တန်းသား၊ သင်တန်းသူတွေ၊ ဆင်ခြေတွေ တစ်လှေကြီးပေးတဲ့ သင်တန်းသား၊ သင်တန်းသူတွေရှိကြောင်းကြားနေ၊ မြင်နေရတာ တကယ့်ကို စိတ်ပျက်ဝမ်းနည်းစရာပါပဲ။ ရေရှည်မှာ တက္ကသိုလ်အတွက်ရော၊ လူ့အဖွဲ့ အစည်းအတွက်ပါမကောင်းပါဘူး။ ဒီအသက်၊ ဒီအရွယ်၊ ဒီအဆင့်တွေရောက် နေမှတော့ သိမြင်တတ်ဖို့၊ နားလည်သဘောပေါက်ဖို့ကောင်းပါတယ်။ ဒါက စကားချပ်)။

နိုင်ငံခြားတက္ကသိုလ်တွေဆိုရာမှာလည်း ပေါချောင်ညံ့တွေရှိကြောင်း၊ အဲဒီ ပေါချောင်ညံ့တွေကို မဆိုလိုကြောင်း၊ ကမ္ဘာ့အဆင့်မီနာမည်ဂုဏ်သတင်းကောင်း နဲ့ကျော်ကြားတဲ့တက္ကသိုလ်ကြီးတွေကိုဆိုလိုကြောင်း၊ ရည်ညွှန်းကြောင်း ဒီ အခန်းမတိုင်မီ ရှေ့ပိုင်းအခန်းတစ်နေရာမှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အခု ကြီးကြပ်သူကိစ္စဆက်ပြောရရင် ကျမ်းကြီးကို ကြီးကြပ်သူတစ်ဦးရဲ့ ကြီးကြပ်မှုနဲ့ ပြုစုနေဆဲတန်းလန်း ကြီးကြပ်သူပြောင်းရရင်၊ နောက်ပြောင်း ကြီးကြပ်သူရဲ့ အထူးပြုလေ့လာမှုက အရင်ကနဦး ကြီးကြပ်သူရဲ့ အထူးပြုလေ့လာမှုနဲ့တူချင်မှ တူမယ်။ တူဦးတော့ အရင်ကနဦး ကြီးကြပ်သူနဲ့လုပ်တဲ့ခေါင်းစဉ်တို့၊ အကြောင်း အရာတို့ကို နောက်ပြောင်း ကြိုက်ချင်မှ ကြိုက်မယ်။ ခေါင်းစဉ်ပြောင်းခိုင်းချင် ခိုင်းမယ်။ ခေါင်းစဉ်မပြောင်းရင်တောင် ရေးတဲ့အကြောင်းအရာရဲ့ content တို့၊ focus တို့ ပြောင်းချင်ပြောင်းခိုင်းမယ်။ သူ့မူ၊ သူ့ဟန်နဲ့ ကြီးကြပ်မယ်။ ဒါဆို သင်တန်းသား၊ သင်တန်းသူအဖို့ အထူးသဖြင့် မြန်မာနိုင်ငံကသွားပြီး ဒေါက်တာဘွဲ့လုပ်ရတဲ့သင်တန်းသား၊ သင်တန်းသူတွေအဖို့ အချိန်လည်း အကုန်အသတ်နဲ့ တခြားကန့်သတ်ချက်တွေလည်း တစ်ပုံတစ်ပင်ကြီးနဲ့ဆိုတော့ ကျမ်းကြီးပြီးဆုံးပြီး ဒေါက်တာဘွဲ့ရဖို့ လုံးဝမဖြစ်နိုင်တော့ဘူး။ ကျွန်တော့်လုပ် ဖော်ကိုင်ဖက်ထဲက မြန်မာမိတ်ဆွေနှစ်ယောက်ဆိုရင် ပင်ကိုတော်လျက်၊ အရည်အချင်းရှိလျက်နဲ့ ကြီးကြပ်သူအပြောင်းအလဲ ပြဿနာကြောင့် ဘွဲ့မရ လိုက်တာကတစ်ယောက်၊ ကျန်းမာရေးပြဿနာကြောင့် ဘွဲ့မရလိုက်တာက တစ်ယောက်ရှိခဲ့ကြောင်းလည်း ရှေ့ပိုင်းတုန်းကပြောခဲ့ပြီးပြီ။

ကျွန်တော့်အဖြစ်က ကျန်းမာရေးပြဿနာကိုကြုံခဲ့ပေမဲ့ ကံအကျိုးပေး

ကောင်းလို့ ကျော်လွှန်နိုင်ခဲ့ပြီး ကြီးကြပ်သူအပြောင်းအလဲတော့ မကြုံနိုင်ဘူး၊ မကြုံကောင်းဘူးလို့ပဲထင်ခဲ့တာ။ ဆုလည်းတောင်းနေခဲ့ပါတယ်။ ဒါပေမဲ့ ဆု တောင်းမပြည့်ခဲ့ပါဘူး။ ကြုံဖြစ်အောင် ကြုံလိုက်ရပါတယ်။

Family Reunion Leave လို့ခေါ်တဲ့ မိသားစုပြန်လည်ဆုံတွေ့ဖို့ပေးတဲ့ ခွင့်စေ့အောင်တောင် မိသားစုနဲ့အတူ ရန်ကုန်မှာမနေလိုက်နိုင်ပါဘူး။ အဲဒီ အချိန်ကာလ နိုင်ငံရေးမငြိမ်မသက်မှုကြောင့် ပြန်ထွက်ဖို့အခက်အခဲကြုံနိုင်တဲ့ အခြေအနေတွေဖြစ်ပေါ်လာနေလို့ ၁၀-၈-၁၉၈၈ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ရန်ကုန် ကပြန်ထွက်၊ ၁၁-၈-၁၉၈၈ ခုနှစ်(ကြာသပတေးနေ့)မှာ ဆစ်ဒနီပြန်ရောက်ခဲ့ တယ်။ ကံသီပေလို့ပဲ။ အခြေအနေတွေက အဲဒီနေ့ကသာ ရန်ကုန်ကမထွက် ဖြစ်ရင် ရန်ကုန်မှာသောင်တင်ဖို့သေချာတယ်။ ဆစ်ဒနီတက္ကသိုလ်ကိုလည်း ပြန်ရောက်နိုင်မှာမဟုတ်သလို ဒေါက်တာဘွဲ့ကြီးကိုလည်း လက်လွှတ်ဆုံးရှုံး ရမှာ သေချာတယ်။ အခုတော့ ကံအားလျော်စွာ ဆစ်ဒနီပြန်ရောက်ခဲ့ပြီ။ လေး၊ ငါးရက်လောက် ကိုယ့်အခန်းမှာ ကိုယ်နားပြီး ၁၆-၈-၁၉၈၈ခုနှစ်(တနင်္လာနေ့) မှာ ကြီးကြပ်သူပါမောက္ခဖစ်ရှာနဲ့သွားတွေ့ပြီး ပြန်ရောက်ကြောင်းသတင်းပို့ တယ်။ ကြီးကြပ်သူက ကျွန်တော်ဆက်လုပ်ရမယ့်အလုပ်တွေကိုညွှန်ကြားတယ်။ လုပ်ရမှာက နှစ်ခု။ တစ်ခုက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာအစားအစာစားသုံးမှု(ဝါ) အစားအစာဝယ်လိုအားနဲ့ပတ်သက်ပြီး ဒီနေ့အထိလုပ်ခဲ့သမျှ၊ ရေးခဲ့သမျှ သုတေသနတွေ၊ လေ့လာမှုတွေ၊ စာတမ်းတွေ၊ မှတ်တမ်းမှတ်ရာတွေ review လုပ်ပါ။ Literature review ပေါ့။ အဲဒီ review မှာ demand study ရဲ့ သီအိုရီဆိုင်ရာပြဿနာ အရင်ဆွေးနွေးဖော်ထုတ်၊ ဘယ်နိုင်ငံမှာ ဘာတွေလုပ်ခဲ့ တယ်၊ လေ့လာမှုအမျိုးအစားကဘယ်လို၊ ဘာတွေတွေ့ရှိခဲ့တယ်၊ ဘာအခက် အခဲတွေကြုံတယ်၊ ဘယ်လိုကျော်လွှားတယ်၊ ဖြေရှင်းတယ် စတာတွေကို fo- cus လုပ်ပါ။ အဲဒီအတွက် ဘယ်စာအုပ်၊ ဘယ်ဂျာနယ်တွေ ဖတ်ပါဆိုပြီး အသေးစိတ်လမ်းညွှန်တယ်၊ ကူညီတယ်။ နောက်အလုပ်တစ်ခုက အဲဒီ de- mand study တွေအတွက်သုံးတဲ့ data အမျိုးအစား၊ Time Series data လား၊ cross section data လား၊ data ကောက်ခံရရှိပုံ၊ data ကောက်ခံရေး ဆိုင်ရာအခက်အခဲများနဲ့ data ရဲ့အားနည်းချက်သဘာဝ၊ သုံးတဲ့ data အမျိုး အစားကွဲပြားရင် ထွက်လာတဲ့အဖြေတွေလည်း ခြားနားမှာမို့ အဲဒီကိစ္စဘယ်လို

ရှင်းပြသလဲစတဲ့ data ပြဿနာပိုင်းကို review လုပ်ရမှာဖြစ်ပါတယ်။ ဒီအပိုင်းအတွက်လည်း ဖတ်မှတ်လေ့လာရမယ့်စာအုပ်စာတမ်းစာရင်းတချို့ထုတ်ပေးတယ်။ ဒါတွေဖတ်ပြီး ထပ်မံလိုအပ်တာရှိရင် စာကြည့်တိုက်မှာ ရှာဖတ်ပါတဲ့။ ဒီ review ကို သီးသန့်အခန်းတစ်ခန်းအဖြစ် ရေးရမှာဖြစ်ပါတယ်။ ခွင့်မသွားခင်ကရေးခဲ့တဲ့ review က Food Consumption or Food Demand Theory ကို review လုပ်ခဲ့တာနဲ့ မြန်မာနိုင်ငံမှာ အရင်ကလုပ်ခဲ့ဖူးတဲ့ စားသုံးမှုဆိုင်ရာလေ့လာမှုတွေ သုတေသနတွေအကြောင်းreview လုပ်ခဲ့တာဖြစ်တယ်။ အဲဒါက တစ်ခန်းသပ်သပ်ဖြစ်ပါတယ်။

ဒီလောက်ဆို ကြီးကြပ်သူဟာ ဘယ်လောက်စေ့စပ်တယ်၊ ဘယ်လောက်တော်တယ်၊ ဘယ်လောက်အကျိုးပြုနိုင်တယ်၊ ဘယ်လောက်ထိရောက်တယ်၊ ဘယ်လောက်အရေးပါတယ်ဆိုတာ ရိပ်စားမိနိုင်ပါတယ်။ ကြီးကြပ်သူ ညွှန်ကြားတဲ့အတိုင်း ဖော်ပြခဲ့တဲ့ review chapter (အဲဒါကို chapter 3 အဖြစ် နံပါတ်တပ်ပါတယ်)မူကြမ်းပြီးဖို့အတွက် နှစ်လနီးပါး ကြာတယ်။ တော်တော်နှံ့နှံ့စပ်စပ်ရှာဖွေဖတ်မှတ်ထုတ်နုတ်ပြီး ပြည့်စုံလုံလောက်ပြီလို့ သတ်မှတ်နိုင်မှ ချရေးရတာပါ။ ၁၂-၁၀-၁၉၈၈ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ အခန်း၃ မူကြမ်းကို ကြီးကြပ်သူဖတ်ဖို့ သူ့ရုံးခန်းသွားအပ်ခဲ့တယ်။

ကြီးကြပ်သူဖစ်ရှာက ကျွန်တော်ရန်ကုန်ကိုခွင့်မသွားမီ သူ့ဆီတင်ပြထားခဲ့တဲ့ သုတေသနစာတမ်းကို ကျွန်တော့်ကို ပြန်ပေးတယ်။ ဒီစာတမ်းကို ၁၉၈၉ ခုနှစ် နှစ်ဦးပိုင်းမှာ နယူးဇီလန်နိုင်ငံ၊ ခရိုက်စ်ချာ့ချ်မြို့(Christ Church)မှာ ကျင်းပမယ့် ၃၃ ကြိမ်မြောက် ဩစတြေးလျစိုက်ပျိုးရေးဘောဂဗေဒအသင်းကွန်ဖရင့်(Thirty- Third Conference of Australian Agricultural Economics Society- AAES)မှာ တင်ပြဖတ်ကြားဖို့ ကျွန်တော်ရေးခဲ့တာဖြစ်ပါတယ်။ ပါမောက္ခဖစ်ရှာက AAES ရဲ့အလုပ်အမှုဆောင်တစ်ဦးလည်းဖြစ်၊ အယ်ဒီတာတစ်ဦးလည်းဖြစ်ပြီး သူထောက်ခံမှုဖတ်ခွင့်ရမှာဖြစ်လို့ သူ့ဆီမှာတင်ပြထားခဲ့တာပါ။ သူက ကျွန်တော့်စာတမ်းကို ကွန်ဖရင့်မှာဖတ်ဖို့လက်ခံကြောင်း၊ စာတမ်းရဲ့စာကိုယ်(text)ထဲမှာ ပြင်စရာရှိတာတချို့ သူမှတ်ချက်ပြုထားကြောင်း၊ အဲဒါတွေ ပြင်ဆင်ပြီးရင် စာတမ်းကို သူ့အားပြန်ပေးဖို့ ပြောပါတယ်။ အင်္ဂလိပ်စကားပြောတဲ့ကမ္ဘာရဲ့နိုင်ငံတကာအဆင့် ကွန်ဖရင့်မှာ စာတမ်းဖတ်ခွင့်ရတော့မှာမို့

ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊ ကျေနပ်လိုက်တဲ့ဖြစ်ခြင်း။ ဖစ်ရှာကို ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောမိတယ်။ ဒါပေမဲ့. . .

ဖစ်ရှာဆက်ပြီးပြောတဲ့စကားက ကျွန်တော့်ပျော်ရွှင်မှုအားလုံး လေထဲမျောသလိုပျောက်ဆုံးကုန်တယ်။ ဘယ်လိုမှလည်း မျှော်လင့်မထားခဲ့ဘူးလေ။ သူ(ဖစ်ရှာ)က BAE လို့ခေါ်တဲ့ Bureau of Agricultural Economics(ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေးဘောဂဗေဒဗျူရို)ဥက္ကဋ္ဌအဖြစ် ကင်ဘာရာ(မြို့တော်)ကို မကြာမီပြောင်းရွှေ့ရတော့မယ်၊ သူတို့ဆီက တက္ကသိုလ်များရဲ့မူအရ တက္ကသိုလ်ကဆရာမဟုတ်ရင် အဓိကကြီးကြပ်သူ (Principal Supervisor) လုပ်ခွင့်မရှိဘူးတဲ့၊ အခု BAE က တက္ကသိုလ်မဟုတ်တဲ့အတွက် မစ္စတာစိုးရဲ့ အဓိကကြီးကြပ်သူဆက်လုပ်လို့မရတော့ဘူး၊ အဓိကကြီးကြပ်သူတစ်ဦးခန့်ထားပေးရပါမယ်။ ဒါပေမဲ့ သူနဲ့လုပ်လက်စတန်းလန်းဖြစ်နေလို့ သူကကျွန်တော်ရဲ့ပူးတွဲကြီးကြပ်သူ(Co-Supervisor) အဖြစ် ဆက်နေပေးမယ်တဲ့။ ဒါပေမဲ့ သူက ကင်ဘာရာပြောင်းရမှာမို့ သူနဲ့ဆွေးနွေးမှုဖြစ်မယ့်ကိစ္စအတွက် ကျွန်တော်က သူ့ရုံးထိုင်မယ့်ကင်ဘာရာကို သွားလိုက်၊ လာလိုက်လုပ်ရမယ့်သဘောဖြစ်တယ်။ ကျွန်တော်က ဆစ်ဒနီမှာဆိုတော့ အဓိကကြီးကြပ်သူတစ်ယောက်ရှိမှဖြစ်မယ်။ ဒါကြောင့် ဌာနမှာ ကျန်တဲ့အထဲက ကျွန်တော်ရွေးချယ်ချင်တာရှိရင်ရွေးပါ၊ ကြီးကြပ်သူအဖြစ် ခန့်ပေးမယ်တဲ့။ (ဖစ်ရှာက ပါမောက္ခ၊ ဌာနမှူးဖြစ်ရုံမက စိုက်ပျိုးရေးမဟာဌာနရဲ့မဟာဌာနမှူးလည်းဖြစ်တာမို့ လုပ်ပိုင်ခွင့်လည်းရှိတယ်။ အခု BAE ဥက္ကဋ္ဌရာထူးကိုလည်း အစိုးရကခန့်လိုက်တာဖြစ်ကြောင်း၊ BAE ဥက္ကဋ္ဌက စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးမူဝါဒမှန်သမျှနဲ့ပတ်သက်ရင် အစိုးရကိုအကြံပေးရတဲ့ပုဂ္ဂိုလ်လည်းဖြစ်ကြောင်း နောက်ပိုင်းမှာသိရပါတယ်)။

ကျွန်တော် တော်တော်လည်းစိတ်ဓာတ်ကျမိတယ်။ ဖစ်ရှာနဲ့ကျွန်တော်ဟာ တစ်ဦးအကြောင်းတစ်ဦး တော်တော်လေးနားလည်နေကြပြီ။ ရင်းနှီးမှုလည်းရှိနေကြပြီ။ တစ်ဦးလိုအပ်ချက်ကို တစ်ဦးသိသလို ဖစ်ရှာရဲ့ပါးနပ်မှု၊ ကျွမ်းကျင်မှု၊ တော်မှု၊ ထက်မြက်မှုတွေကြောင့်လည်း ကျွန်တော် သူ့ကြီးကြပ်မှုအောက်မှာလုပ်ကိုင်ရတာ ပျော်တယ်၊ ကျေနပ်တယ်။ ဗြုန်းစားကြီး အခုလိုဖြစ်လာတော့ 'ဆယ်ယောက် တစ်ယောက်နှုန်းလောက်တော့ ဒေါက်တာဘွဲ့မရဘဲ ပြန်ရတာရှိတယ်' လို့ ကျွန်တော် ဆစ်ဒနီတက္ကသိုလ်ရောက်စမှာ သူနဲ့တွေ့စဉ် ကျွန်တော်

မေးလို့ သူဖြေခဲ့တာ ပြန်သတိရလာတယ်။ အဲဒီဆယ်ယောက်ထဲက တစ်ယောက်ဟာ ငါများဖြစ်လေမလားလို့ စိတ်ထဲတွေးမိချိန်မှာ ခြောက်ခြားသလို ဖြစ်သွားတယ်။

ဒါပေမဲ့ ကိုယ်တတ်နိုင်တဲ့ကိစ္စမှမဟုတ်တာပဲ။ ရင်ဆိုင်ပြီး ကြိုးစားရုံကလွဲလို့ တခြားနည်းလမ်းမရှိဘူးလေ။ ဒီတော့ ဌာနမှာရှိတဲ့ ကထိကနဲ့အထက်တွေကို စိတ်ထဲစဉ်းစားရွေးချယ်ရင်း ဒေါက်တာဒေးဗစ်ဆန်(Davidson)ဆိုရင် ဘယ်လိုလဲလို့ သူ့သဘောထားကိုပါ တီးခေါက်လိုက်တယ်။ ဒေးဗစ်ဆန်တော့ မဖြစ်ဘူးတဲ့၊ သူကမကြာခင် အငြိမ်းစားယူတော့မှာတဲ့၊ ပြီးတော့ သူက 'ဥရောပစိုက်ပျိုးရေး' ကို လေ့လာသူဆိုတော့ မအပ်စပ်ဘူးတဲ့။ ဒါဆို ဒေါက်တာကွိဂင် ဖြစ်နိုင်မလားလို့ မေးမြန်းတော့ သူလည်း econometrics အတွက် အချက်ပိုင်း ကျွမ်းကျင်ပေမဲ့ မြန်မာနိုင်ငံလိုဖွံ့ဖြိုးဆဲနိုင်ငံဆိုင်ရာ လေ့လာမှု အတွေ့အကြုံမရှိဘူး။ modelling and application(မိုဒယ်နဲ့လေ့လာတာ၊ အသုံးချတာ)မှာ အားနည်းတယ်။ ကျွန်တော်က ဒေါက်တာဘက်တာဟမ်ကလွဲပြီး ဌာနမှာရှိသမျှ ဆရာ၊ ဆရာမ တစ်ဦးပြီးတစ်ဦး ပြောကြည့်ပေမဲ့ တစ်ဦးကိုမှ သူကမထောက်ခံဘူး။ သူ့ကြည့်ရတာ ဒေါက်တာဘက်တာဟမ်ကို ရွေးစေချင်တယ်။ ကျွန်တော်က သူ့ကိုချန်ထားခဲ့ရတာက သူကစကားနည်းတယ်၊ အင်္ဂလိပ်လူမျိုးလည်းဖြစ်ပြန်တော့ တည်တယ်၊ စိတ်ရှည်ပေမဲ့ ကျမ်းကြီးပြီးတဲ့အထိ ဆက်ဆံရေး ပြေလည်နိုင်ပါ့မလားလို့စိုးရိမ်တယ်။ မသိလို့၊ မရှင်းလို့မေးတာ၊ မြန်းတာတွေ ကျွန်တော်သိအောင်၊ ရှင်းအောင် ထဲထဲဝင်ဝင် ရှင်းပြပါ့မလား စိုးရိမ်တယ်။ ကျွန်တော်ဟာ အခု ဒီကျမ်းကြီးခေါင်းစဉ်ကို ဖစ်ရှာအားကိုးနဲ့ရွေးခဲ့တာဖြစ်ကြောင်း၊ မိမိရဲ့အားသာချက်၊ အားနည်းချက်များကို ဖစ်ရှာက အသိဆုံးဖြစ်ကြောင်း၊ ဒါကြောင့် ဖစ်ရှာနဲ့စခဲ့သလို ဖစ်ရှာနဲ့ပဲ ကျမ်းကြီးပြီးတဲ့အထိ လုပ်ချင်တာ အမှန်ဖြစ်ကြောင်း၊ အခု အင်မတန်မလွဲသာလို့ နာမည်တွေ ပြောနေပေမဲ့ စိတ်အားငယ်မိပါကြောင်း စသည်ဖြင့် ရင်ဖွင့်မိတယ်။

ကြီးကြပ်သူဖစ်ရှာက ကျွန်တော့်ခံစားမှုကိုနားလည်ပုံရတယ်။ 'သိပ်ပြီး စိုးရိမ်သောကမဖြစ်ပါနဲ့၊ အားလည်းငယ်စရာမရှိပါဘူး။ ကျွန်တော်(ဖစ်ရှာ)လည်း co-supervisor အဖြစ် ဆက်ရှိနေမှာပါ။ Principal Supervisor ကိစ္စ တစ်နည်းနည်းနဲ့ပြေလည်အောင် ကျွန်တော်(ဖစ်ရှာ) ကူညီဖြေရှင်းပေးမှာပါ' လို့ အားပေးရင်း အဲဒီနေ့တွေ့ဆုံမှုကို အဆုံးသတ်ခဲ့ပါတယ်။ ကျွန်တော် မပျော်နိုင်တော့ပါ။ အကြောက်ဆုံးအရာနဲ့မှ ဆုံကြုံလာရပြီကော။ ကံကြမ္မာက မည်သို့ဖန်လာလေမလဲ။ အင်မတန်လိုချင်တမ်းတခဲ့တဲ့ ဒေါက်တာဘွဲ့ကြီး မျှော်တိုင်းဝေးလေပြီလော။ ကြီးကြပ်သူအသစ်က ဘယ်သူဖြစ်လာမလဲ၊ ဘယ်လောက်ကြာ စောင့်ရမလဲ၊ ဖစ်ရှာကတော့ နောက်တစ်ရက်၊ နှစ်ရက်ဆို ပြောင်းပြီ။

ကြီးကြပ်သူပြောင်းတဲ့ပြဿနာ

ကျွန်တော့်မူလ ကနဦးကြီးကြပ်သူပါမောက္ခဖစ်ရှာက ၁၁-၁၁-၈၈ ခုနှစ်တွင် ကင်ဘာရာမြို့တော်ရှိ BAE ရုံးသို့ ဥက္ကဋ္ဌသစ်အဖြစ် ပြောင်းရွှေ့တော့မှာဖြစ်လို့ အလုပ်များနေပုံရတယ်။ ဒါပေမဲ့ သူ့ဒုက္ခထက် ကျွန်တော့်ဒုက္ခက ပိုကြီးနေတာမို့ ၄-၁၁-၈၈ခုနှစ်(သောကြာ)နေ့ ညနေမှာ သူနဲ့ဝင်တွေ့ပြီး ကြီးကြပ်သူအသစ်ကိစ္စမေးတယ်။ သူက ဒေါက်တာဘက်တာဟမ်ကို ကျွန်တော့်ကြီးကြပ်သူအသစ်အဖြစ် ယာယီသတ်မှတ်ပေးလိုက်ကြောင်း၊ သူ(ဖစ်ရှာ)ကလည်း ပူးတွဲကြီးကြပ်သူ(Co-Supervisor)အဖြစ် ဆက်လက်ရှိနေမှာဖြစ်ကြောင်း၊ ဒါကြောင့် ဆက်ရေးမယ့်အခန်းတွေ ပြီးသမျှကို ဘာဆက်လုပ်ရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ဒေါက်တာဘက်တာဟမ်နဲ့တိုင်ပင်ညှိနှိုင်း၊ ဘက်တာဟမ်ကတစ်ဆင့် သူ့ဆီတင်ရမှာဖြစ်ကြောင်း၊ ကျွန်တော် ဆစ်ဒနီမှ ကင်ဘာရာသို့ ကျမ်းကြီးကိစ္စ သွားဖို့လိုတဲ့အခါ သွား၊ ပြန်ခရီးများအတွက် ကုန်ကျစရိတ်များထုတ်ပေးနိုင်ရန် လက်ထောက် မဟာဌာနမှူးဒေါက်တာလီးကို သူတင်ပြထားပြီးဖြစ်ကြောင်း၊ ၁၉၈၉ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နယူးဇီလန်နိုင်ငံမှာကျင်းပမယ့် ကွန်ဖရင့်တက်ရန်အတွက် ကျွန်တော့်စပွန်ဆာ ADAB နဲ့ မြန်မာသံရုံးတို့ကို ကျွန်တော့်ဘက်မှလည်း ခွင့်ပြုချက်အတွက် တင်ပြတောင်းခံရန်လိုအပ်တာမို့ အဲဒီကိစ္စ ကြီးကြပ်သူထံမှ ထောက်ခံစာလိုကြောင်းတင်ပြတော့ ဘယ်ကိုလိပ်မူ

ရမယ်ဆိုတာ ရေးပေးခဲ့၊ သူကင်ဘာရာမပြောင်းရွှေ့ခင် အကုန်လုပ်ထားပေးမယ့်အကြောင်း စသည်ဖြင့် အကြာကြီး စိတ်ရှည်လက်ရှည် လမ်းညွှန်ရှင်းပြပါတယ်။

ဒေါက်တာဘက်တာဟမ်ကို ကျွန်တော့်ကြီးကြပ်သူအဖြစ် ယာယီအစီအစဉ်အနေနဲ့ညှိနှိုင်းဆောင်ရွက်ပေးတာဖြစ်တယ်။ ပညာရေးအဖွဲ့(ဆီးနိတ်)က စာထုတ်ပြီးခန့်တာမဟုတ်သေးဘူး။ ဒါကြောင့် ဖစ်ရှာက ကျွန်တော့်ရဲ့တရားဝင်ကြီးကြပ်သူအဖြစ် ရှိနေသေးတယ်။ ဆစ်ဒနီတက္ကသိုလ်မှာနေပြီး ကျမ်းကြီးအတွက် လုပ်ကိုင်နေတဲ့ကျွန်တော် နေ့တဓူဝ အခက်အခဲဖြစ်စေ၊ တခြားမေးမြန်းတိုင်ပင်စရာဖြစ်စေ၊ တင်ပြစရာဖြစ်စေ ရှိလာရင် ဆက်သွယ်ညှိနှိုင်းပြီး သူကဖစ်ရှာကိုယ်စား သက်ဆိုင်ရာတွေကို တင်ပြဖြေရှင်းပေးရမယ့်၊ ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်(contact person) သို့မဟုတ် ကိုယ်စားလှယ်သဘော(agent)သာဖြစ်တယ်။ ကျမ်းကြီးကိစ္စ ရေးပြီးသမျှကိုတော့ သူကဆုံးဖြတ်မှာ မဟုတ်ဘဲ ဖစ်ရှာကသာ ဆုံးဖြတ်မှာဖြစ်တယ်။ အဲဒီအချိန်က ဒေါက်တာဘက်တာဟမ်ဟာအကြီးတန်းကထိက သို့မဟုတ် ဝါရင့်ကထိက(Senior Lecturer) တစ်ဦးဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူနဲ့တစ်ဌာနတည်း နေ့တိုင်းတွေ့ဆုံနေရုံမက အရင်က ကျွန်တော်မသိတာ၊ အထူးသဖြင့် ကွန်ပျူတာကိုင်တွယ်တဲ့ကိစ္စတွေမှာ ကူညီခဲ့ဖူးသူလည်းဖြစ်တယ်။ အစိမ်းကြီးတော့ မဟုတ်ပါဘူး။

၈-၁၁-၈၈ခုနှစ်(အင်္ဂါနေ့)မှာ ဒေါက်တာဘက်တာဟမ်ကို ကျွန်တော့်ကြီးကြပ်သူအဖြစ် ပထမဆုံးတွေ့တယ်။ ကျွန်တော် ဘာအကြောင်း ကျမ်းကြီးပြုစုနေတယ်၊ အခု ဘာတွေလုပ်နေတယ်၊ ဘာတွေလုပ်ပြီးပြီ၊ ဘယ်လောက်ရောက်နေတယ်စတာတွေ သူ့ကိုရှင်းပြတယ်။ ပြီးတော့ ဖစ်ရှာနဲ့လုပ်တုန်းက ပေးထားခဲ့တဲ့gist outline တစ်စုံကိုလည်း သူ့လက်ထဲပေးလိုက်တယ်။ သူက ကျွန်တော့်ကို အလုပ်တိုးတက်မှုနဲ့ပတ်သက်ပြီး အလုပ်ဇယား(work schedule)ထားပါ၊ ဘယ်နေ့ ဘာလုပ်တယ်၊ ဘာပြီးတယ်၊ အချိန်ဇယားအတိုင်း ပြီး၊ မပြီးစတာတွေကို ကော်ပီနှစ်စောင်လုပ်၊ သူ့ကို တစ်စောင်ပေး၊ ဖစ်ရှာကို တစ်စောင်ပေးရမယ်။ သူကအမည်ခံကြီးကြပ်သူ(Name Sake Supervisor) သာဖြစ်တယ်။ လက်တွေ့မှာ ပါမောက္ခဖစ်ရှာသာ အဓိကကြီးကြပ်သူအဖြစ် ဆက်ရှိနေဦးမှာဖြစ်ကြောင်းတွေပြောပြပါတယ်။

၂၅-၁၁-၈၈ခုနှစ်(သောကြာနေ့)မှာတော့ ဆစ်ဒနီတက္ကသိုလ်မော်ကွန်းထိန်းရုံးက စာတစ်စောင်လက်ခံရရှိပါတယ်။ အဲဒီစာမှာ ပါမောက္ခဒေါက်တာဖစ်ရှာဟာ ဆစ်ဒနီတက္ကသိုလ်ကနုတ်ထွက်ပြောင်းရွှေ့သွားပြီဖြစ်လို့ ဒေါက်တာဘက်တာဟမ်ကို ကျွန်တော့်ကြီးကြပ်သူအသစ်အဖြစ် သတ်မှတ်ပေးလိုက်ကြောင်း၊ သို့သော် ဒေါက်တာဖစ်ရှာသည် ပူးတွဲကြီးကြပ်သူအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း၊ First Semester အစမှာ re-enrol လုပ်ရမယ့်အချက်အပါအဝင် candidature နဲ့ဆိုင်တဲ့ အခြားအခြေအနေများ အားလုံးယခင်အတိုင်းပင်ဖြစ်၍ အပြောင်းအလဲမရှိကြောင်း အကြောင်းကြားတဲ့စာ ဖြစ်ပါတယ်။ နိုဝင်ဘာလ ၂၃၊ ၁၉၈၈ခုနှစ် ရက်စွဲတပ်ထားပြီး မော်ကွန်းထိန်းကလက်မှတ်ထိုးထားပါတယ်။ စိတ်တွေသွက်လက်ပျော်ရွှင်မှုမရှိတော့ပါ။ ရှေ့လျှောက်ဘာတွေဖြစ်ဦးမည်လဲ မသိနိုင်ပါ။ သို့သော် မတတ်နိုင်သည့်ကိစ္စဖြစ်နေတာမို့ စိတ်ကိုတင်းပြီး လုပ်စရာရှိတာဆက်လုပ်ရမှာဖြစ်ပါတယ်။

၇-၁၂-၁၉၈၈ခုနှစ်(ဗုဒ္ဓဟူးနေ့)နောက်ထပ်ပြုစုပြီးတဲ့ကျမ်းကြီး အခန်း၄မူကြမ်းကို ဒေါက်တာဘက်တာဟမ်ကို တင်ပြတယ်။ ဖစ်ရှာ့ဆီတင်ပြထားခဲ့တဲ့အခန်း၃မူကြမ်းကိုလည်း သူ့စားပွဲပေါ်မှာ တွေ့လိုက်တယ်။ ဖစ်ရှာက ဖတ်ချိန်မရလို့ သူ့ကိုဖတ်ဖို့လွှဲပေးထားခဲ့တာထင်ပါရဲ့။ စိတ်ညစ်စရာတွေ တစ်ခုပြီးတစ်ခုလာတော့မယ်ဆိုတာ ကြိုပြီးမသိသေး။ လက်တွေ့မှာ ဒေါက်တာဘက်တာဟမ်ရဲ့ကြီးကြပ်မှုက လုံးဝမထိရောက်ဘူး။ နာမည်ဖြစ် ကြီးကြပ်သူလည်းသူလုပ်ချင်ပုံမပေါ်ဘူး။ ဒီလိုနဲ့ အချိန်၆လကျော်လောက် ဘာမှမတိုးတက်ဘဲကုန်သွားတယ်။

၁၄-၆-၈၉ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ဒေါက်တာဘက်တာဟမ်က သူ့ကို ဖစ်ရှာလွှဲပေးထားခဲ့တဲ့ ကျွန်တော့်ကျမ်းကြီး အခန်း၃ကိုဖတ်ပြီး ကျမ်းကြီးရဲ့မာတိကာoutline ပြင်ရမယ်တဲ့၊ ဒါပေမဲ့ ပြင်ရမယ့် outline အကြမ်းကို သူကရေးမယ်တဲ့၊ ၁၅-၆-၈၉ခုနှစ်(ကြာသပတေးနေ့)မှာ တွဲဖက်ပါမောက္ခဒေါက်တာရွန်ဗြူလီ(Dr.Ron Bewley)ရယ်၊ ကျွန်တော်ရယ် သုံးယောက်ဆုံပြီး ဆွေးနွေးညှိနှိုင်းအတည်ပြုမယ်တဲ့၊ ရွန်ဆိုတာကို ကျွန်တော်မြင်လည်းမမြင်ဘူးသေး၊ သိလည်းမသိလို့ ဘယ်သူလဲလို့မေးကြည့်တော့ သူက ဥပုသ်လခွင့်(Sabbatical Holiday) ခံစားရင်း ဒီဌာနမှာ ဧည့်သည်အဖြစ် ခဏရောက်နေတာတဲ့၊ ဒီဌာနကို

ပြောင်းရွှေ့အမှုထမ်းဖို့ စိတ်ဝင်စားနေတာမို့ မစ္စတာစိုးရဲ့ကြီးကြပ်သူအသစ်ဖြစ်လာဖို့ အလားအလာလည်းရှိသူပါတဲ့၊ အင်္ဂလိပ်လူမျိုးတဲ့၊ သူ့ကိစ္စ ဖစ်ရှာလည်း သိတယ်တဲ့။

ကြီးကြပ်သူ အရေးတော်ပုံစပြီ

ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ဟုတ်ကဲ့ပေါ့။ ၁၅-၆-၈၉ခုနှစ်မှာ outline ပြင်ဆင်မှုပြီးတယ်။ ကော်ပီပွားပြီး တစ်ယောက်ကော်ပီတစ်ခုစီ ခွဲဝေယူတယ်။ ဒါပေမဲ့ အတည်မဖြစ်သေးဘူး။ ဒေါက်တာဘက်တာဟမ်က ညမှာဖတ်ပြီး နောက်နေ့အကြံပြုမယ်တဲ့။ ပြဿနာက ဒေါက်တာဖစ်ရှာနဲ့လုပ်ခဲ့တဲ့ outline အတိုင်းလုပ်ဖို့၊ အကြံပေးလမ်းညွှန်ဖို့ ဒေါက်တာဘက်တာဟမ်က ဖွင့်မပြောပေမဲ့ အခက်အခဲရှိပုံပေါ်တယ်။ ဒါထက် အရေးကြီးတာက သူတို့ရဲ့ဌာနတွင်း တိုက်ပွဲပဲ။ ဒီကိစ္စလည်း အရေးကြီးတဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါမယ် ထင်ပါတယ်။

မနေ့က ပြန်ပြင်ထားတဲ့ကျမ်းကြီး outline ကိစ္စနဲ့ ဒေါက်တာဘက်တာဟမ်ကိုတွေ့တယ်။ outline ကိစ္စ ဒီလောက်ဆိုရလောက်ပြီတဲ့။ ဒါပေမဲ့ သူဌာနမှာ တွဲဖက်ပါမောက္ခ ရာထူးအတွက် ဝင်ပြိုင်တာမရကြောင်း၊ ရွှန်နဲ့ နောက်တစ်ယောက်ကို လျာထားကြောင်း၊ ကဲရိုလင်း(Carolyn)ကြောင့် သူမရတာဖြစ်မယ်ထင်ကြောင်း၊ သူအလုပ်ပြောင်းသင့် ပြောင်းမှာဖြစ်ကြောင်း၊ လောလောဆယ် သူ့ကလေးတွေ ကျောင်းပြောင်းကိစ္စ၊ မိသားစုပြောင်းရွှေ့ရေး အခက်အခဲတွေရှိနေလို့သာ သူဒီမှာပဲ မြဲနေသေးတာဖြစ်ကြောင်း၊ နို့မဟုတ်ရင် အခုလောက်ဆို ကင်ဘာရာကို အလုပ်ပြောင်းနေလောက်ပြီဖြစ်ကြောင်း၊ အခု သူ ကင်ဘာရာသွားဖို့ရှိကြောင်း၊ ကင်ဘာရာမှာ ဒေါက်တာဖစ်ရှာနဲ့တွေ့မယ်၊ တွေ့မှာလည်း အလုပ်ကိစ္စအဓိကဖြစ်ကြောင်း၊ မစ္စတာစိုးကိစ္စလည်းပါကြောင်း၊ ဒီမှာ မဟာဌာနမှူး သို့မဟုတ် အဓိပတိ(Chancellor)တို့နဲ့ ညှိနှိုင်းဆွေးနွေးလို့ ကျေနပ်မှုမရရင် သူလည်း အလုပ်ပြောင်းတော့မှာဖြစ်ကြောင်း၊ ဒါပေမဲ့ ချက်ချင်းပြောင်းဦးမှာမဟုတ်ဘဲ မစ္စတာစိုး ဘွဲ့ကျမ်းကြီးပြီးဆုံးတဲ့အထိ ရှိနေမယ်လို့ယူဆကြောင်း စသည်ဖြင့် သူ့ကိုယ်ရေးကိုယ်တာတွေပါ ရင်ဖွင့်တယ်။ စကားနည်းတဲ့ဒီလူကြီး ဒီလောက် စိတ်ဓာတ်ကျတာ၊ ရင်ဖွင့်တာမျိုး အရင်က တစ်ခါမှမမြင်ဖူးဘူး။

ကင်ဘာရာမှာ ဒေါက်တာဖစ်ရှာနဲ့ ဆွေးနွေးမယ့်အထဲမှာ သူ့(ဒေါက်တာဘက်တာဟမ်)ကို ကျွန်တော့်ရဲ့ co-supervisor အဖြစ်က ရပ်စဲပြီး Dr.Ron Bewley ကို co-supervisor အဖြစ် လွှဲပြောင်းခန့်ထားပေးဖို့ကိစ္စလည်းပါဝင်မှာဖြစ်ကြောင်း သိရတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ ဒေါက်တာဖစ်ရှာတစ်ယောက်တည်း သဘောနဲ့မပြီးဘဲ ဌာနမှူးနဲ့မဟာဌာနမှူးတို့ရဲ့သဘောတူညီမှုလည်း လိုအပ်မှာဖြစ်ပါတယ်။

အင်း. . . ကြီးကြပ်သူ supervisor တစ်ယောက် ပြောင်းပြီးပြီ၊ ကြီးကြပ်သူအသစ်က ကျမ်းကြီး outline ပြင်ဆွဲခိုင်းပြီးပြီ၊ ဘာမှ မည်မည်ရရ၊ ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ပဲ တိတိကျကျတာဝန်ယူ၊ တာဝန်ခံမယ့်သူမရှိလို့ အချိန် ၆လကျော်လည်း အလဟဿကုန်ခဲ့ပြီ။ အခု ဒီကြီးကြပ်သူအသစ်ဒေါက်တာဘက်တာဟမ်ကလည်း မြဲ၊ မမြဲ မသေချာ။ campus politics လို့ခေါ်တဲ့ ဌာနတွင်း သူ့လူ၊ ငါ့လူ၊ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်း၊ သူ့အုပ်စု၊ ငါ့အုပ်စု စတဲ့ အချင်းချင်းတိုက်ပွဲတွေ၊ ခွက်စောင်းခုတ်ပွဲတွေ၊ ဘက်လိုက်မှုတွေက ဒီမှာလည်း အတော်ပြင်းထန်ပါလားဆိုတာလည်း တွေ့မြင်သိရှိလာရတယ်။ တစ်ကမ္ဘာလုံးရှိ တက္ကသိုလ်အားလုံးမှာလည်း ဒီအတိုင်းပဲ ဖြစ်မှာပါပဲလေလို့တွေးမိတယ်။

ကျွန်တော့်ကုသိုလ်ကံဇာတာပဲဆိုရမလား။ ဘယ်အရာကိုမှ လွယ်လွယ်မရခဲ့ဖူးပါဘူး။ တစ်ခေါက်တည်းနဲ့လည်း မအောင်မြင်၊ မပြီးမြောက်ခဲ့ဖူးဘူး။ ဒီနေ့အထိ ဘဝမှာအောင်မြင်တယ်လို့ဆိုရ၊ သတ်မှတ်ရမယ့်ကိစ္စရပ်တိုင်းကို အနည်းဆုံး နှစ်ကြိမ်ထပ်ပြီး ကြိုးစားခဲ့ရတယ်။ တစ်ခါတစ်ရံ သုံးလေးကြိမ်ထက်မနည်းကြိုးစားပြီးမှအောင်မြင်ခဲ့တယ်။ ရန်ကုန်မှာ မဟာဘွဲ့အတွက် လုပ်ကိုင်ခဲ့တုန်းကလည်း အခုလိုပဲ ကျမ်းကြီးပြုစုနေဆဲ ကြီးကြပ်သူ ပြောင်းခဲ့ရတယ်။ နောက်ဆုံးတော့ အောင်မြင်ခဲ့တယ်။ အခုလည်း အောင်မြင်ချင်လို့များ ကြီးကြပ်သူပြောင်းရပြန်တာလားလို့ ကျနေတဲ့စိတ်ဓာတ်ကို ကြံဖန်ရှာဖွေနှစ်သိမ့်ရတော့တယ်။ ရွှန်နဲ့တိုက်ပွဲကြီးဆင်နွှဲရတော့မယ်ဆိုတာ ကြိုတင်မသိမမြင်ခဲ့ပါဘူး။

ကြီးကြပ်သူအကျပ်အတည်းပြဿနာ

ကျွန်တော် ဆစ်ဒနီတက္ကသိုလ် စတင်ဝင်ရောက်ခဲ့တဲ့ ၁၉၈၆ခုနှစ်၊ ဇွန်လကစပြီး ကျွန်တော့်အတွက် ကနဦးခန့်ထားပေးတဲ့ ပညာရပ်ဆိုင်ရာ ကြီးကြပ်သူ (Academic Supervisor) ကစိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဘရိုင်ယန်၊ အက်စ်၊ ဖစ်ရှာ(Brian S.Fisher) ဖြစ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလအထိ ဘာပြဿနာမှမရှိခဲ့ရုံမက တစ်ဦးအကြောင်း တစ်ဦး ပိုမိုနားလည်မှုရလာလို့ အလုပ်လုပ်ရတာတောင် ပျော်ရွှင်ကျေနပ်ခဲ့ရပါတယ်။ ၁၁-၁၁-၁၉၈၈ခုနှစ်မှာ ပါမောက္ခဖစ်ရှာတစ်ယောက် BAE ဥက္ကဋ္ဌအဖြစ် ကင်ဘာရာမြို့တော် ပြောင်းရွှေ့သွားချိန်ကစပြီး ကြီးကြပ်သူအကျပ်အတည်းနဲ့ ကြုံခဲ့ရပါတော့တယ်။

ကျွန်တော့်ရဲ့ မူလအဓိကကြီးကြပ်သူပါမောက္ခဖစ်ရှာ BAE ဥက္ကဋ္ဌအဖြစ် ကင်ဘာရာကိုပြောင်းသွားပြီးဖြစ်ပေမဲ့ သူ့နေရာမှာ တရားဝင်ကြီးကြပ်သူအသစ် မခန့်ရသေးမီ ဒေါက်တာဘက်တာဟမ်နဲ့ညှိနှိုင်းတိုင်ပင်ပြီး ဆက်လုပ်ပါ၊ သူ့ဆီ ပို့ပေးစရာရှိတာကို ဒေါက်တာဘက်တာဟမ်ကတစ်ဆင့်ပို့ပါ၊ သူဆုံးဖြတ်ပေးမယ်။ ကြီးကြပ်သူအသစ်ခန့်ထားပေးဖို့ကိစ္စလည်း ဘွဲ့လွန်မဟာဌာနမှူးနဲ့ညှိနှိုင်းနေပါတယ်။ မကြာမီ ခန့်ထားပေးမှာပါလို့ ဖစ်ရှာကမှာသွားပေမဲ့ ဒေါက်တာဘက်တာဟမ်ကို တရားဝင်ကြီးကြပ်သူအဖြစ် စာထုတ်ပြီးခန့်ထားတာမဟုတ်လို့

အခွင့်အလမ်း စာအုပ်တိုက်

တစ်ကြောင်း၊ သူက တွဲဖက်ပါမောက္ခရာထူးအတွက် ပြိုင်ဆိုင်လျှောက်ထားတာ အရွေးမခံရလို့တစ်ကြောင်း ကျွန်တော့်ဘွဲ့ကျမ်းကြီး ကြီးကြပ်တဲ့အလုပ်ကို စိတ်ဝင်စားပုံမရဘူး။ ဆစ်ဒနီတက္ကသိုလ်ကနေ အလုပ်ပြောင်းဖို့တောင် စိတ်ကူးနေပြီဖြစ်တယ်။ ၁၆-၆-၈၉(သောကြာနေ့)မှာ ကျွန်တော့်ကိုခေါ်တွေ့ပြီး သူကင်ဘာရာသွားပြီး ဖစ်ရှာနဲ့တွေ့မယ်၊ သူ့အလုပ်ပြောင်းဖို့ကိစ္စလည်း ဆွေးနွေးမယ်၊ ကိုယ့်ကြီးကြပ်သူကိစ္စလည်း တင်ပြမယ်၊ ကျွန်တော့်ရဲ့ co-supervisor အဖြစ် သူ့ (ဒေါက်တာဘက်တာဟမ်)ကို ရပ်စဲပြီး ဒေါက်တာရွန်ဗြူလီ(Dr.Ron Bewley) ကို လွှဲပြောင်းခန့်အပ်ပေးဖို့ပါ တင်ပြမယ့်အကြောင်းတွေပြောတယ်။ ဒေါက်တာဘက်တာဟမ်ကြည့်ရတာ အင်မတန်စိတ်ဓာတ်ကျနေပုံပေါ်တယ်။ သူ့ကို ကျွန်တော်နားလည်နိုင်ပါတယ်။ ဒီဌာနမှာ နှစ်ပေါင်းများစွာ Senior Lecturer အဖြစ် လုပ်လာခဲ့တဲ့သူလိုပုဂ္ဂိုလ်က အခုတွဲဖက်ပါမောက္ခရာထူးပေါ်လာလို့ ယှဉ်ပြိုင်လျှောက်ထားရာမှာ သူ့ကိုမပေးဘဲ တခြားတက္ကသိုလ်က တစ်ယောက်ကိုပေးလိုက်တာဆိုတော့ သူ့ဘက်ကကြည့်ရင် မကျေနပ်စရာပဲ။ သူ့ကို ကျွန်တော်နားလည်နိုင်တာက အရေးမကြီးပါ။ ကျွန်တော့်ဒုက္ခကို ကယ်တင်နိုင်မယ့်သူမရှိ ဖြစ်နေတာက အရေးကြီးနေပါတယ်။

ဒေါက်တာဘက်တာဟမ်ကို အနိုင်ရလိုက်သူက ဒေါက်တာရွန်ဗြူလီဖြစ်နေတယ်။ ရွန်ကလည်း အင်္ဂလိပ်လူမျိုးပဲ။ ဒေါက်တာဘက်တာဟမ်ထက် အသက်လည်းငယ်၊ အတွေ့အကြုံလည်း နည်းနေပုံရတယ်။ ဒါပေမဲ့ ဆိုးဝါးတာက လူပုံကဆောင့်ကြွားကြွားနဲ့၊ ကျွန်တော်တို့လို အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံက လာသူတွေကိုမဆိုထားနဲ့ ဩစီလို့ခေါ်တဲ့ ဩစတြေးလျနိုင်ငံသားတွေကိုတောင် နှိမ်ချင်တဲ့အပြုအမူတွေတွေ့ရတယ်။ ကျွန်တော်နဲ့အသက်အရွယ်မတိမ်းမယိမ်း၊ ကျွန်တော့်ထက် ငယ်ရင်သာ ငယ်မယ်၊ လူကောင် ထွားလို့သာ ကြီးတယ်ထင်ရတာ၊ ရုပ်တော့ ဖြောင့်တယ်၊ အဝတ်အစား စမတ်ကျကျဝတ်တတ်တယ်၊ ဂျိမ်းစ်ဘွန်းမင်းသားစတိုင်ဖမ်းတယ်၊ လူတွေ အထူးသဖြင့် ကောင်မလေးတွေက သူ့အပေါ် အာရုံစိုက်တာ အလွန်သဘောကျသူဖြစ်တယ်။ လက်တော့(Lap top)ကွန်ပျူတာအရောင်းမြှင့်တင်ရေးမှာ မိုဒယ်အဖြစ်တောင် သရုပ်ဆောင်ထားတာတွေ့ရတယ်။ သူက စိုက်ပျိုးရေးဘောဂဗေဒဌာနတစ်ခုလုံးမှာ တစ်ဦးတည်းသောအမျိုးသမီးကထိက ကဲရိုလင်းတင်နာနဲ့

အဖွဲ့ကျတယ်။ ကဲရိုလင်းရဲ့ခင်ပွန်းက သိပ္ပံဌာနတစ်ခုက ပါမောက္ခ ဒေါက်တာတင်နာဖြစ်တယ်။ အဲဒီ ကဲရိုလင်းကလည်း မင်းသမီးရှုံးလောက်အောင် စတိုင်တွေ၊ မလိုင်တွေနဲ့။ ဌာနမှာ ထုတ်လုပ်မှုဘောဂဗေဒ(Production Economics) သင်တယ်။

ဘဝရေစက်ဆိုတာ အခက်သား။ ဒီဆောင့်ကြွားကြွားဗြူလီနဲ့ မဟုတ်မခံမာနသမား ကျွန်တော်တို့ ဆရာနဲ့တပည့်(ကြီး ကြပ်သူနဲ့တပည့်)အဖြစ် ဆုံကြုံရလိမ့်မယ်လို့ အိပ်မက်တောင်မမက်ခဲ့ရိုးအမှန်ပါ။ သူက ဒီတက္ကသိုလ်က မဟုတ်ခဲ့သလို သူ့ကို ကျွန်တော်မသိ၊ ကျွန်တော့်ကို သူမသိဘူးလေ။ Sabbathical holiday အတွင်း သူက Visiting Fellow အဖြစ် ဆစ်ဒနီတက္ကသိုလ်စိုက်ပျိုးရေးဘောဂဗေဒဌာနကို ခဏရောက်လာတယ်။ စီးပွားရေးအတိုင်းအတာပညာ(Econometrics)လက်ချာပေးတယ်။ ဖစ်ရှာရှိနေစဉ်ကမို့လို့ ဖစ်ရှာက တက်ခိုင်းလို့ အဲဒီအတန်း ကျွန်တော်လည်းတက်တယ်။ ထူးထူးခြားခြားတော်ကွက်၊ ကောင်းကွက်တော့မတွေ့မိ၊ မခံစားမိပါဘူး။ သာမန်ပါပဲ။ အကြွားသန်တယ်။ ဘဝင်မြင့်တယ်။ ဌာနမှာရှိတဲ့ ဒေါက်တာကွိဂင်နဲ့တော့ တခြားစီပဲ။

၂၀-၆-၈၉(အင်္ဂါနေ့)မနက် ဒေါက်တာဘက်တာဟမ်ခေါ်လို့ သူ့ရုံးခန်းမှာသွားတွေ့တယ်။ ကင်ဘာရာကပြန်ရောက်ပြီး ကင်ဘာရာမှာဖစ်ရှာနဲ့တွေ့ခဲ့တယ်တဲ့။ ကြီးကြပ်သူ လွှဲပြောင်းခန့်ထားရေးကို ဖစ်ရှာကသဘောတူတယ်၊ ဒါပေမဲ့ ဖစ်ရှာက ပူးတွဲကြီးကြပ်သူ(Co-supervisor)အဖြစ်ရော၊ စာစစ်သူတစ်ဦး(One of the examiners)အဖြစ်ပါ ဆက်လက်ရှိနေဦးမှာပါတဲ့။ အဲဒီကိစ္စကို ဒေါက်တာဘက်တာဟမ်က ကဲရိုလင်းကိုလည်း အသိပေးလိုက်တယ်။ ကဲရိုလင်းကလည်း သဘောကျတယ်တဲ့။ မြန်ချင်တာကျတော့လည်း မြန်လိုက်တာ။ ဒီ ၂၀-၆-၈၉(အင်္ဂါနေ့)ညနေမှာပဲ တွဲဖက်ပါမောက္ခရွန်ဗြူလီကို ကျွန်တော့်ရဲ့တွဲဖက်ကြီးကြပ်သူ(Associate Supervisor)အဖြစ် ခန့်ထားကြောင်း တရားဝင်စာ လက်ခံရရှိခဲ့ပါတယ်။ ပူးတွဲကြီးကြပ်သူ(Co-supervisor) မဟုတ်လို့ တော်သေးရဲ့လို့ စိတ်ထဲဖြစ်မိတယ်။

၂၈-၆-၈၉(ဗုဒ္ဓဟူးနေ့)ကစပြီး ကျွန်တော့်ရဲ့မိသားစု ပြန်လည်ဆုံတွေ့ခွင့်(Family Reunion Leave)နဲ့ ရန်ကုန်ပြန်ဖို့ ကျွန်တော် ဆစ်ဒနီလေဆိပ်ကို ညနေဆင်းရမှာဖြစ်တယ်။ ဒါကြောင့် ခွင့်မသွားခင် မနက်ပိုင်းမှာ ရွန်ဗြူလီနဲ့သူ့

ရုံးခန်းမှာသွားတွေ့တယ်။ ကျွန်တော် ဆက်လုပ်ထားတဲ့ကျမ်းကြီးနဲ့ပတ်သက်တဲ့ အခန်းကိုလည်း သူ့ကိုပြရင်း ရန်ကုန်မှာခွင့်နဲ့နေစဉ်အတွင်း ဘာတွေလုပ်ခဲ့ရမလဲလို့အကြံဉာဏ်လည်း တောင်းရင်းနဲ့တွေ့တာပါ။ ခွင့်သွားမှာမို့ ဝတ္တရားအရ နှုတ်ဆက်တဲ့သဘောလည်း ပါတာပေါ့လေ။ ကြီးကြပ်သူတစ်ယောက်အဖြစ်နဲ့တော့ ပထမဆုံးတွေ့ဆုံခြင်းဖြစ်တယ်။ အဲဒီမှာ ဗြူလီကမဆီမဆိုင် ပထမနှစ်လောက်မှာသင်တဲ့ဝယ်လိုအားအလျှော့အတင်း(demand elasticity) နဲ့ဆိုင်တဲ့ ပေါက်ကရမေးခွန်းတွေလျှောက်မေးလို့ ခံပြင်းဒေါသနဲ့စိတ်ညစ်ရသေးတယ်။ ဒါပေမဲ့ သည်းခံခဲ့ပါတယ်။ သူက တွဲဖက်ကြီးကြပ်သူအသစ်စက်စက်လေ။ ပြီးတော့ သူက ကျွန်တော့်ကို ရန်ကုန်မှာနားနေတုန်း ဒီစာနှစ်အုပ်ကို ဖတ်ခဲ့ပါဆိုပြီး Differential Calculus နဲ့ ပတ်သက်တာ တစ်အုပ်၊ ဝယ်လိုအားဆန်းစစ်လေ့လာမှု(Demand Analysis)နဲ့ ပတ်သက်တာ တစ်အုပ်ထုတ်ပေးတယ်။ ကြည့်လိုက်တော့ ဒီစာနှစ်အုပ်စလုံး ကျွန်တော် ပရီလင်းတုန်းက ဖတ်ပြီးပြီ၊ လေ့လာပြီးပြီ၊ လေ့ကျင့်ခန်းများစွာ လုပ်ခဲ့ပြီးပြီ၊ ရေးဖြေစာမေးပွဲတွေမှာလည်း အောင်ခဲ့ပြီးပြီ။ ဒါတွေကို ဗြူလီကိုပြောပြပေမဲ့ သူက ဂရုမစိုက်တဲ့ဟန်နဲ့ ဖတ်ခဲ့ပါ တစ်ခွန်းတည်းပြောပြီး သူ့အလုပ်သူ ဆက်လုပ်တယ်။ ဒီနေ့တွေ့၊ ဒီနေ့ပေါက်ကွဲလို့မဖြစ်သေးဘူးလို့ စိတ်ကို ကြိုးစားထိန်းပြီး စာနှစ်အုပ်ကို ကောက်ယူပြီး လှည့်ထွက်ခဲ့ပါတယ်။ ဒီလူနဲ့ ရှေ့လျှောက်လက်တွဲဖို့ဖြစ်နိုင်ပါ့မလားဆိုတဲ့ အတွေးနဲ့ပူပန်ခဲ့တာအမှန်ပဲ။ ဒါပေမဲ့ မိသားစုနဲ့တွေ့ရတော့မှာမို့ ပျော်စရာပဲတွေးဖို့ မိမိကိုယ်မိမိ နှစ်သိမ့်ရင်းပြန်ခဲ့တယ်။

ခွင့်တစ်လခွဲရခဲ့လို့ မိသားစုနဲ့အတူ ရန်ကုန်မှာ အေးအေးလူလူ အနားယူမယ်လို့စိတ်ကူးပြီး ပြန်လာခဲ့ပေမဲ့ အခြေအနေမပေးပြန်ဘူး။ ရှစ်လေးလုံး တစ်နှစ်ပြည့်ဆိုပြီး နိုင်ငံရေးရာသီဥတုမကောင်းဘူး။ ကျမ်းကြီးအတွက် နောက်ထပ်လိုအပ်မယ့်စာရင်းအင်းအချက်အလက်တွေ ကောက်ခံစုဆောင်းဖို့လည်း အခြေအနေမပေးဘူး။ ခွင့်စေ့တဲ့အထိ မစောင့်တော့ပဲ ပြန်ထွက်ဖို့ လုပ်ရတော့တယ်။ အဲဒီတုန်းက အခုလောက် ထွက်ရ ပြုရမလွယ်ပါဘူး။ D.Form တွေ၊ P.Form တွေဖြည့်ဖို့ ကမ်းနားလမ်း လဝကရုံး၊ ပြန်လည်ထွက်ခွင့် ရုံးအမိန့်စာယူဖို့ ဝန်ကြီးများရုံးကို တော်တော်ခက်ခက်ခဲခဲနဲ့ဝင်ထွက်၊ လုပ်စရာရှိတာလုပ်ပြီး ၈-၈-၈၉(အင်္ဂါနေ့) မှာပဲ ရန်ကုန်ကနေ ပြန်ထွက်ခဲ့တယ်။

၉-၈-၈၉(ဗုဒ္ဓဟူးနေ့)မနက် ၇း၃၀ နာရီ ဆစ်ဒနီပြန်ရောက်တယ်။ ကိုယ့်အခန်းကိုယ်ပြန်ရောက်တော့ ဆေးစစ်ဖို့သတိပေးစာ(reminder for medical check-up) တစ်စောင်ရောက်နေတာတွေ့လို့ ကြည့်လိုက်တော့ ဆရာဝန်နဲ့တွေ့ရမှာ ဒီနေ့ဖြစ်နေတယ်။ (ကျွန်တော် ၁၉၈၇ခုနှစ်က ဦးနှောက်သွေးကြောပေါက်လို့ ခွဲစိတ်ကုသခဲ့ရတယ်။ ဆေးရုံမှာ အတွင်းလူနာအဖြစ် နှစ်လခွဲကျော်၊ သုံးလနေခဲ့ရတယ်။ နောက်ထပ်သုံးလလောက်မှာ ဆရာဝန်တစ်ဦးရဲ့ ကြပ်မတ်စောင့်ရှောက်မှုနဲ့နေခဲ့ရတယ်။ အဲဒီကာလမှာတော့ ပြင်ပလူနာဌာနမှာ သုံးရက်တစ်ကြိမ်၊ နောက်ပိုင်းမှာ တစ်ပတ်တစ်ကြိမ် ဆရာဝန်ကိုပြရတယ်။ စုစုပေါင်း ခြောက်လကျော်မှ ဆေးရုံကဆင်းခွင့်ပြု၊ စာရေး၊ စာဖတ်၊ သုတေသနလုပ်စတာတွေခွင့်ပြုတယ်။ ဒါပေမဲ့ နှစ်ပတ်တစ်ခါ သုံးနှစ်တိတိ ပြင်ပလူနာဌာနမှာ လာရောက်ပြသရမယ်လို့ ညွှန်ကြားပါတယ်။ ခွင့်နဲ့ရန်ကုန်မပြန်ခင် ဆေးရုံကို ဖုန်းဆက်ပြီး ခွင့်နဲ့ပြန်မယ့်ကာလမှာ ဆေးရုံလာပြနိုင်မှာမဟုတ်လို့ ခွင့်စေလို့ ပြန်ရောက်ရင် လာရောက်ပြသမယ်လို့ပြောထားခဲ့တယ်။ သူတို့ဘက်က တိကျသေချာတယ်။ ဆရာဝန်ပြရမယ့်ရက်ကိုမေ့မှာစိုးလို့ အနီးကပ်ပြီး reminder ပို့တာပါ။) ဒါကြောင့် ရေမိုးချိုး၊ မနက်စာစားပြီးတာနဲ့ မနက် ၈း၃၀နာရီလောက်မှာ ကျွန်တော့်ကိုခွဲစိတ်ပေးခဲ့တဲ့ သမားတော်ကြီး Dr.Dorsch ဒီနေ့တာဝန်ကျတဲ့ Westmead ဆေးရုံကိုသွားပြီးတွေ့တယ်။ဆေးစစ်ခံတယ်။ အခြေအနေ အားလုံးကောင်းတယ်လို့သိရတယ်။

နေ့ခင်း ၁၂း၃၀နာရီလောက်မှာ ဆစ်ဒနီတက္ကသိုလ်၊ စိုက်ပျိုးရေးဘောဂဗေဒဌာနသွားပြီး ပြန်ရောက်ပြီဖြစ်ကြောင်း ဒေါက်တာဘက်တာဟမ်ကို သတင်းပို့တယ်။ ခွင့်ပြန်နေစဉ်ကာလ ရန်ကုန်အခြေအနေကိုပြောပြရင်း ရန်ကုန်မှာ ကျမ်းကြီးကိစ္စဘာမှမလုပ်နိုင်ခဲ့ကြောင်းကိုလည်းရှင်းပြတယ်။ သူသဘောပေါက်တယ်။ ကျမ်းကြီးကိုအမြန်ဆက်လုပ်ဖို့၊ ရွှန်ဗြူလီတစ်ယောက်လည်း ဒီဌာနမှာ ဆက်နေ၊ မနေ မသေချာဘူး။ သူဆက်မနေရင် ကျွန်တော့်ကျမ်းကြီး ကြီးကြပ်ဖို့ကိစ္စ ပိုခက်ခဲလာနိုင်တာမို့ ရွှန်မပြန်ခင် အထူးသဖြင့်စီးပွားရေးအတိုင်းအတာပညာ(econometrics)အပိုင်းပြီးအောင် အရင်လုပ်ထားဖို့တိုက်တွန်းအကြံပေးတယ်။ ဒီနေရာမှာ စကားစပ်လို့ ပြောစရာတစ်ခုရှိပါတယ်။ ဒေါက်တာဘက်တာဟမ်လည်းeconometrics တတ်ပါတယ်။ ဒါပေမဲ့ သူဇောက်ချပြီး သင်နေတာ

က Farm Management လို့ခေါ်တဲ့ စိုက်ပျိုးရေးစီမံခန့်ခွဲမှုပညာဖြစ်နေတယ်။ ရွှန်မြူလီက econometrics နဲ့ဒေါက်တာဘွဲ့ရထားရုံမက သင်တော့လည်း econometrics ကိုပဲ သင်တယ်။ ဒါကြောင့် subject authority လို့ခေါ်တဲ့ ဘာသာရပ်အာဏာပိုင်မှု(ဝါ)ဘာသာရပ်အပေါ် ပိုင်စိုးမှုကျတော့ အလုပ်သဘောအရ ရွှန်မြူလီကသာတယ်။ ဒေါက်တာဘက်တာဟမ်က တရားဝင်တာဝန်မပေးဘဲနဲ့ဝင်ရောက် ဆရာလုပ်ခွင့်မရှိတဲ့အချက်ပါပဲ။ကျွန်တော့်ကျမ်းကြီးကလည်း econometrics က အများဆုံးပါဝင်နေတယ်လေ။

ဒါကြောင့် ကျွန်တော်လည်းကျမ်းကြီးဆက်လုပ်ရေးအတွက် အသေအချာအစီအစဉ်ဆွဲရတော့တယ်။ အလုပ်ဇယားချပြီး လုပ်ရတော့တယ်။ econometric models တွေနဲ့ပတ်သက်တဲ့၊ econometric theory နဲ့ ပတ်သက်တဲ့၊ တွက်ချက်တိုင်းတာမှုနဲ့ပတ်သက်တဲ့စာအုပ်၊ စာတမ်းတွေကို စာကြည့်တိုက်ထဲဝင်ရှာ၊ စာရင်းပြုစု၊ ငှားသင့်တာ ငှားဖတ်၊ စာကြည့်တိုက်ထဲ ဖတ်သင့်တာဖတ်လုပ်ရတော့တယ်။ ရွှန်မြူလီဆီကအကြံဉာဏ်ကောင်းရလေမလားလို့ သွားတွေ့တာ သူကမရှိ။ ဒီပုဂ္ဂိုလ် ဘယ်ပျောက်နေမှန်းမသိပါ။ ဩဂုတ်လ တစ်လလုံး သူ့အခန်းကို အကြိမ်ကြိမ်သွားကြည့်ပေမဲ့ မတွေ့ခဲ့ဘူး။

၁၁-၉-၈၉(တနင်္လာနေ့)မနက်မှာမှ ဒီပုဂ္ဂိုလ်ကိုတွေ့ရတော့တယ်။ ခွင့်က ပြန်ပြီး တစ်လကျော်မှ ပထမဆုံးတွေ့ရခြင်းဖြစ်တယ်။ ကျွန်တော် ကိုယ့်ဘာသာကိုယ် စာအုပ်စာတမ်းတွေဖတ်ပြီး ကျွန်တော်တိုင်းတာတွက်ချက်ရမယ့် စားသုံးကုန်စည်အမည်တွေထဲက အသားနဲ့ငါးအမည်ခြောက်မျိုးရဲ့ ဝယ်လိုအားနဲ့ ပတ်သက်ပြီး Simple Linear Model, Semi-log Model, Double-log Model နဲ့ AIDS Model တွေကိုသုံးပြီး ညီမျှခြင်း ရှစ်ခုပါ အစုံ၊ ညီမျှခြင်း ခုနစ်ခုပါအစုံနဲ့ ညီမျှခြင်း ခြောက်ခုပါအစုံတို့ကို ကွန်ပျူတာမှာ test-run လုပ်ပြီး (စမ်းသပ်တွက်ချက်ပြီး)ရတဲ့အဖြေတွေ ရိုက်ထုတ်ပေးထားတဲ့ computer print-out စာရွက်တစ်ပုံတစ်ပင်ကြီးကို ရွှန်မြူလီကိုပြတယ်။ ဒါပေမဲ့ ကိုယ်တော်ချောက အားတက်သရောမရှိသလို စိတ်ဝင်စားမှုလည်းမပြ။ coefficient တစ်ခု၊ နှစ်ခု လောက်ကြည့်ပြီး ပေါက်ကရမေးခွန်းတွေမေးတယ်။ ပြီးတော့ ကျွန်တော် ပရီလင်းမှာ Econometrics 1 တက်ခဲ့စဉ်က ပြဋ္ဌာန်းစာအုပ်ဖြစ်တဲ့ Daniel Leonard ရေးတဲ့ Mathematical Methods in Accountancy, Economics

and Finance စာအုပ်ကိုထုတ်ပေးပြီး စာအုပ်အခန်း၆ပါ လေ့ကျင့်ခန်းတချို့ ကိုလုပ်ခိုင်းတယ်။ ညနေ ၂နာရီ ပြန်လာပြပါတဲ့။ ခံပြင်းဒေါသထွက်လွန်းလို့ အသားတွေ ဆတ်ဆတ်တုန်လာပေမဲ့ ဒေါသနဲ့ပြောဆိုရင် စကားမှားနိုင်တာမို့ ဘာမှမပြောဘဲ သူ့အခန်းကပြန်ထွက်ခဲ့တယ်။ ဘာအလုပ်မှဆက်မလုပ်ချင်တော့ဘူး၊ ဆက်မလုပ်နိုင်တော့ဘူး။ ဒါဟာ အထင်သေး၊ အမြင်သေးနဲ့ နှိပ်ကွပ်စော်ကားတာပဲလေ။ သူနဲ့ရင်ဆိုင်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ရွှန်မြူလီချိန်းဆိုထားတဲ့အတိုင်း ၁၁-၉-၈၉(တနင်္လာနေ့) ညနေ ၂နာရီ သူ့ရုံးခန်းမှာသွားတွေ့တယ်။ သူလုပ်ခိုင်းတဲ့လေ့ကျင့်ခန်းတွေ တစ်ခုမှမလုပ်ခဲ့ဘူး။ အခု သူ့ကိုလာတွေ့ရတာလည်း လေ့ကျင့်ခန်းအဖြေပြဖို့မဟုတ်။ သူ့အပြုအမူနဲ့ကြီးကြပ်သူကိစ္စ ပြတ်ပြတ်သားသားပြောဆိုဖြေရှင်းဖို့ဖြစ်တယ်။ ဒါကြောင့် သူ့စားပွဲရှေ့ကုလားထိုင်တစ်လုံးမှာထိုင်၊ သူပေးတဲ့စာအုပ်ကို သူ့ကိုထိုးအပ်ပြီး ကျွန်တော်ပြောချင်တာတွေတဲ့တိုးပဲ အခုလိုပြောချလိုက်တယ်။

ကျွန်တော် ပရီလင်းလုပ်တုန်းက ဒီစာတစ်အုပ်လုံး တစ်ခုမကျန်လေ့ကျင့်ခဲ့ပြီးပြီ၊ ဖတ်မှတ်ခဲ့ပြီးပြီ၊ စာမေးပွဲဖြေလို့ အောင်လည်းအောင်ခဲ့ပြီ။ ပါမောက္ခဖစ်ရှာရဲ့ကြီးကြပ်မှုနဲ့ပါရဂူဘွဲ့ကျမ်းကြီးပြုစုလာတာပဲ တစ်ဝက်ကျိုးတော့မယ်။ အခုမှ ဒီလိုလေ့ကျင့်ခန်းတွေ ပြန်လုပ်ခိုင်းတာ၊ ကျွန်တော့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေဖြုန်းတီးရာရောက်သလို ကျွန်တော့်ကိုလည်း စော်ကားသလိုခံစားမိတယ်။ ဒါကြောင့် ဘာလေ့ကျင်ခန်းမှမလုပ်ခဲ့ပါဘူး။ ကျွန်တော်လိုအပ်နေတာ၊ လိုချင်တာက Thesis နဲ့ပတ်သက်ပြီး တိကျတဲ့လမ်းညွှန်မှုဖြစ်ပါတယ်။ ဘာလုပ်ပြီး ဘာဆက်လုပ်၊ လုပ်ထားတဲ့အလုပ်အပေါ် ဝေဖန်သုံးသပ်ပြီး ဘာပြင်၊ ဘယ်လိုလုပ်စတဲ့ဝေဖန်အကြံပြုလမ်းညွှန်မှုမျိုးဖြစ်ပါတယ်။ အခုလို ပေါက်တတ်ကရ နှုတ်မေးခွန်းမေးနေတာတွေ၊ လေ့ကျင့်ခန်းပြန်လုပ်ခိုင်းနေတာတွေကို လုံးဝမနှစ်မြို့ပါ၊ လိုလည်းမလိုအပ်ပါ။ မာနဆိုတာ လူတိုင်းမှာရှိပါတယ်။ ကျွန်တော်က ဖွံ့ဖြိုးဆဲနိုင်ငံကလာတာမို့လို့ ခင်ဗျားကအထင်သေးပုံရတယ်။ ခင်ဗျားအပြုအမူ၊ အပြောအဆိုက ဒါကိုပြနေတယ်။ ဒါပေမဲ့ ခင်ဗျားသိထားဖို့ပြောချင်တာက ခင်ဗျား အင်္ဂလန်ကအင်္ဂလိပ်လူမျိုးဆိုတာတစ်ခုတည်းကြောင့် အထင်ကြီးစရာမရှိဘူး။ ခင်ဗျား ဒီနေ့အထိ ကျွန်တော်အထင်ကြီးလောက်အောင် ဘာတစ်ခုမှ လုပ်မပြနိုင်သေးဘူး။ ခင်ဗျားကို အထင်ကြီးစေ

ချင်ရင် ကျွန်တော့် Thesis ကို ထိရောက်တဲ့ လမ်းညွှန်မှု၊ ကြီးကြပ်မှုပေးပြီး အစွမ်းပြပါ။ ခင်ဗျားတစ်ယောက်ကိုကြည့်ပြီး အင်္ဂလိပ်လူမျိုးတွေ ဒီလိုခပ်တုံးတုံးတွေပဲလားလို့ သိမ်းကျုံးပြီး မရမ်းချင်ပါဘူး။ မာနကို ကိုယ်ရေးကိုယ်တာကိစ္စလို့ သဘောထားပြီး အလုပ်မှာ မရောထွေးစေချင်ပါ။ ဒီဩစတြေးလျနိုင်ငံမှာ ဘယ်လိုပုံစံနဲ့မှ၊ ဘာအကြောင်းနဲ့မှ ခွဲခြားဆက်ဆံတာ(discrimination)ကို ဥပဒေအရ လက်မခံဘူး။ ကျွန်တော့်သည်းခံနိုင်မှုလည်း အကန့်အသတ်နဲ့ပဲ။ အဲဒီအကန့်အသတ်ဘောင်ကျော်လာရင်တော့ သက်ဆိုင်ရာအာဏာပိုင်တွေကို တင်ပြပြီး ကြီးကြပ်သူပြောင်းပေးဖို့ တောင်းဆိုရမှာပဲ။ အဲဒီ ကျွန်တော်စောစောကတင်ပြခဲ့တဲ့ပုံစံမျိုးနဲ့ကြီးကြပ်မှု၊ လမ်းညွှန်မှုပေးနိုင်မလားခင်ဗျားစဉ်းစားပါ။

ကျွန်တော်လည်း ရင်ထဲမျိုသိပ်ထားခဲ့သမျှ၊ မွန်းကျပ်နေခဲ့သမျှ ဖွင့်ချလိုက်တော့တယ်။ ရင်ထဲနည်းနည်း ပေါ့သွားသလိုပဲ။ ဗြူလီက လုံးဝမျှော်လင့်ထားပုံမရဘူး။ ပါးစပ်အဟောင်းသားနဲ့ မင်သက်မိသလို ကျွန်တော့်ကိုငေးစိုက်ကြည့်ပြီး နားထောင်နေတာတွေ့ရတယ်။ ကျွန်တော့်စကားဆုံးသွားတဲ့အချိန်အထိ သူကငေးကြောင်ကြောင် ဖြစ်နေသေးတယ်။ ပြီးမှ အသက်ဝင်လာသလို လှုပ်ရှားစပြုလာတယ်။ မျက်နှာတော့ တင်းတင်းပဲ။

ဒါပေမဲ့ ဩစတြေးလျဥပဒေမှာ ခွဲခြားဆက်ဆံတာ လက်မခံဘူးဆိုတဲ့ စကားက သူ့ကိုထိသွားပုံရတယ်။ စကားပြောနည်းနည်း ပျော့ပျောင်းလာတယ်။ ပေါက်ကရမေးခွန်းတွေ သိပ်မမေးတော့ဘူး။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ ကြီးကြပ်မှုပုံစံမျိုးကိုတော့ သူကြိုက်ပုံမပေါ်ဘူး။ ကျွန်တော့်ဘက်ကလည်း အချိန်အကန့်အသတ်အပြင် ဖိအားတွေအမျိုးမျိုး၊ အခက်အခဲ ပြဿနာတွေ အဖုံဖုံနဲ့ကြိုးစားရုန်းကန်ပြီး ကျမ်းကြီးကိစ္စလုပ်နေရချိန်မှာ ဗြူလီရဲ့အပြုအမူကို သည်းမခံနိုင်တော့လို့ ဖွင့်ချလိုက်ရပေမဲ့ စိတ်ထဲတော့ မကောင်းပါဘူး။ စိုးရိမ်မိတာလည်းအမှန်ပဲ။ အင်မတန်လိုချင်တဲ့ ဒေါက်တာဘွဲ့ကြီးနဲ့အလဲအထပ် အလောင်းအစားလုပ်သလိုဖြစ်နေတာမဟုတ်လား။ ဘွဲ့မရဘဲ ပြန်လာရလို့ကတော့ ကျွန်တော့်တက္ကသိုလ်အသိုင်းအဝိုင်း၊ ဌာနအသိုင်းအဝိုင်းမှာတကယ့်မလွယ်ကြောပဲ။ ချလိုက်မယ့်အတင်း၊ နင်းလိုက်မယ့်ဖြစ်ခြင်း။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ တစ်ခါတလေလည်း နဂါးမှန်းသိအောင် အမောက်ထောင်ပြရင်

ရလဒ်ကောင်း ရတတ်တယ်လေ။

ဗြူလီဆီက အတန်ကြာအထိ စကားသံထွက်မလာပါ။ ကျွန်တော်တွက်ချက်အဖြေထုတ်ရမယ့် ကုန်စည်အမည်တွေအနက်အမည်၆မျိုးအတွက် မိုဒယ်ပုံစံ၄ခုနဲ့ ညီမျှခြင်းအစုံ၃မျိုးစီသုံးပြီး test-run မှာထွက်ရှိလာတဲ့ ကွန်ပျူတာ print-out တွေကို သူ့ဆီတင်ပြထားတာ သူအသေအချာကြည့်တယ်။ ပြီးတော့မှ အမဲသား(beef) နဲ့ ဝက်သား(pork)အမည်နှစ်မျိုးကို AIDS Model နဲ့ Functional Form (မှီချက်ဆိုင်ရာပုံစံ)ပြောင်းပြီး ပြန်စမ်းသပ်ပါ။ Functional Form ကို ဒီလိုပြင်ပါ စသည်ဖြင့်ရှင်းပြတယ်။ အဲဒါကိုစမ်းသပ်(test-run)ပြီးရတဲ့အဖြေ print-out ကို ညနေ ၄း၃၀နာရီမှာ ပြန်လာပြပါလို့ညွှန်ကြားတယ်။ (သူတို့ ဆီမှာ ရုံးချိန်က ညနေ ၅နာရီအထိ ဖြစ်တယ်)။ ကျွန်တော့်ရုံးခန်းပြန်ပြီး ဗြူလီပြောတဲ့အတိုင်း test-run လုပ်တယ်။ အားလုံးအဖြေထွက်တယ်။ ဒါပေမဲ့ အဲဒီကွန်ပျူတာထဲကဖိုင်ကို ကော်ပီကူးဖို့ ဓာတ်ပြား(MS Disc) ကို ကွန်ပျူတာထဲထည့် ကော်ပီလုပ်တဲ့အထိ ဘာပြဿနာမှမဖြစ်ဘူး။ ချောချောမောမောပဲ။ ဒါပေမဲ့ ကွန်ပျူတာ hard disk သေတ္တာထဲထည့်လိုက်တဲ့ဓာတ်ပြားကို ပြန်ထုတ်လို့မရတော့ဘူး။ သာမန်အားဖြင့် သက်ဆိုင်ရာ ခလုတ်လေးကိုလက်နဲ့တို့ရုံ၊ ထိရုံနဲ့ ဓာတ်ပြားထည့်တဲ့အံခွက် လျှာထွက်လာနေကျ၊အခုတော့ခလုတ်နှိပ်လည်း မထွက်၊ hard disk သေတ္တာဘေးနံရံတွေကို လက်ဝါးနဲ့တဗုန်းဗုန်းထု၊ အမျိုးမျိုးလုပ်ကြည့်လည်းဓာတ်ပြားကထွက်မလာ။ ဗြူလီနဲ့ဆက်ဆံရေးတင်းမာနေချိန်မှာမှ ဖြစ်ရလေခြင်း။ မတတ်သာတော့လည်း ဗြူလီဆီပြန်သွားပြီး အခြေအနေကိုသတင်းပို့ရတော့တာပေါ့။ သူ့မျက်နှာကတော့ တည်တည်နဲ့တင်းတင်းပဲ။ ၁၃-၉-၈၉ (ဗုဒ္ဓဟူးနေ့)မနက်လာပါလို့ချိန်းလိုက်တယ်။

အချိန်က ညနေ ၅နာရီခွဲလောက်ရှိနေပြီ။ ရုံးချိန်က ညနေ ၅ နာရီဆိုပေမဲ့ စီမံဝန်ထမ်းတွေနဲ့စာရေးစာချီတွေသာ အဲဒီအချိန် ပြန်ကြတာဖြစ်တယ်။ သင်ကြားရေးဆရာ၊ ဆရာမတွေ၊ သုတေသီတွေ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူတွေတော့ အဲဒီအချိန် ပြန်ရိုးထုံးစံမရှိဘူး။ ကျွန်တော့်စိတ်တွေလည်း လေးလံထိုင်းမှိုင်းနေတယ်။ ဗြူလီနဲ့ရှေ့ဆက်စခန်းသွားလို့မဖြစ်နိုင်ဘူးလို့ခံစားသုံးသပ်မိတယ်။ အခက်အခဲကြုံရင် ဆွေးနွေးတိုင်ပင်စရာ အရင်တုန်းက ဖစ်ရှာရှိခဲ့တယ်။ အခုတော့ ဒေါက်တာဘက်တာဟမ်သာရှိတော့တာမို့ သူ့ရုံးခန်းသွား

တွေ့တယ်။ ဖြူလီနဲ့ကြုံခဲ့သမျှ၊ ဖြစ်ခဲ့သမျှ အကျိုးအကြောင်းတွေရှင်းပြတယ်။ ပြီးတော့ တွဲဖက်ကြီးကြပ်သူပြောင်းရေးကိစ္စ ဆွေးနွေးတယ်။ ဒေါက်တာဘက်တာဟမ်ကလည်း ဖြူလီကိုလိုလားပုံမရဘူး။ တွဲဖက်မဟာဌာနမှူး Sub-Dean နဲ့တွေ့ပေးမယ်၊ ခင်ဗျား ကျွန်တော့်ကိုတင်ပြတာတွေကို Sub-Dean ကို တင်ပြပါ။ ခဏစောင့် Sub-Dean နဲ့သွားတွေ့ပြီး အချိန်တောင်းလိုက်ဦးမယ်ဆိုပြီး ထထွက်သွားတယ်။ ဆစ်ဒနီတက္ကသိုလ်က မဟာဌာနတိုင်းမှာ မဟာဌာနမှူး (Dean)တစ်ယောက်နဲ့ဘွဲ့လွန်သင်တန်းများအတွက် တွဲဖက်မဟာဌာနမှူး (Sub-Dean)တစ်ယောက်၊ ဘွဲ့ကြိုသင်တန်းများအတွက် တွဲဖက်မဟာဌာနမှူး (Sub-Dean)တစ်ယောက်စီ ခန့်ထားပါတယ်။ နိစ္စဓူဝ ကိစ္စတွေ၊ မူဝါဒဆိုင်ရာကိစ္စတွေကို သက်ဆိုင်ရာ Sub-Dean နဲ့ အရင် တင်ပြညှိနှိုင်းရပါတယ်။ မပြေလည်၊ မပြီးပြတ်မှ Dean ဆီ တက်ရပါတယ်။ နာရီဝက်လောက်ကြာတော့ ဒေါက်တာဘက်တာဟမ်ပြန်ရောက်လာတယ်။ မနက်ဖြန်(၁၂-၉-၈၉၊ အင်္ဂါနေ့) မနက် ၁၀း၃၀နာရီနဲ့ ၁၁နာရီကြားမှာ Sub-Deanနဲ့တွေ့ဖို့အချိန်ရတယ်တဲ့။

နောက်နေ့မနက် ၁၀း၃၀နာရီမှာ ဒေါက်တာဘက်တာဟမ်ဦးဆောင်ပြီး ဘွဲ့လွန် Sub-Dean Prof. Dr. Campbell နဲ့ သူ့အခန်းမှာသွားတွေ့တယ်။ တွဲဖက်ကြီးကြပ်သူရှန်ဖြူလီနဲ့ စတွေ့ကတည်းက မနေ့ကအထိ အတွေ့အကြုံတွေနဲ့ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုတင်ပြပြီး တွဲဖက်ကြီးကြပ်သူပြောင်းပေးဖို့မေတ္တာရပ်ခံလိုက်တယ်။ အဓိကအကြောင်း၅ချက်ပြခဲ့တယ်။ (၁)ရှန်ဖြူလီက သူ့အခန်းမှာမရှိတာများလို့ တွေ့ချင်တဲ့အချိန် မတွေ့ရဘူး၊ (၂)သူ့ရဲ့ကြီးကြပ်မှုဟာ မိမိရဲ့လိုအပ်ချက်နဲ့မကိုက်ညီဘူး၊ (၃) မလိုအပ်ဘဲ ပရိုလင်းတုန်းက လုပ်ခဲ့တာတွေ လေ့ကျင့်ခန်းလုပ်ခိုင်းလိုခိုင်း၊ မလိုအပ်တဲ့နှုတ်မေးခွန်းတွေ မေးရင်း အချိန်ဆွဲ၊ အချိန်ဖြုန်းနေတယ်၊ (၄)သူ့ အပြုအမူနဲ့အပြောအဆိုတွေဟာ ကျွန်တော့်ကို နှိမ်သလို၊ ခွဲခြားသလို၊ စော်ကားသလိုခံစားရတယ်၊ (၅)ကျွန်တော်က အစိုးရချင်းသဘောတူစေလွှတ်တဲ့ပညာသင်(G to G State Scholar) တစ်ဦးဖြစ်လို့ နှစ်နိုင်ငံစလုံးက သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေ လိုက်နာနေရတယ်။ အထူးသဖြင့် ပညာသင်ကာလ(period of study)ကန့်သတ်ချက် ရှိနေတယ်။ ပညာသင်ကာလတိုးမြှင့်ပေးရန်လျှောက်ထားဖို့ လက်ရှိအခြေအနေတွေအရမလွယ်ဘူး။ ဒါကြောင့် အချိန်မဖြုန်းနိုင်ဘူး။ ကျွန်တော့်အခြေ

အနေကိုသဘောပေါက်တယ်။ ကိုယ်ချင်းစာတယ်။ Sub-Dean က လိုအပ်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ပြီး အဆင်ပြေအောင်စီစဉ်ပေးမယ်လို့ပြောတယ်။

Sub-Dean ကို ကျေးဇူးတင်စကားပြောပြီး ဒေါက်တာဘက်တာဟမ်နဲ့ အတူ ထွက်လာခဲ့တယ်။ ဒေါက်တာဘက်တာဟမ်ကိုလည်းကျေးဇူး အထူးတင်ကြောင်းပြောရပါတယ်။ ဒေါက်တာဘက်တာဟမ်နဲ့ရှန်ဖြူလီ မပြေလည်တာဟာ ကျွန်တော့်အတွက် အဆိုးထဲကအကောင်းလို့ပြောရမလားပဲ။ ကျွန်တော် ရုံးခန်းပြန်ပြီး အနာဂတ်အတွက် အတွေးနယ်ချဲ့မိတယ်။ ဒေါက်တာဘွဲ့ကြီးမရဘဲ ပြည်တော်ပြန်ဖို့ကလည်းမဖြစ်။ ဒေါက်တာဘွဲ့ရဖို့ကလည်း ကြီးကြပ်သူ ပြဿနာပြေလည်ဖို့လမ်းစရှာမတွေ့သေး။ ယောကျ်ားသား အားကိုးမရှိဘဲ သမီးငယ်၊ သားငယ်တွေနဲ့ထားရစ်ခဲ့ရတဲ့ ဇနီး၊ မိသားစုအတွက် နောက်ဆံတင်းရ၊ တစ်တိုင်းတစ်ပြည်မှာ အရေးရယ်၊ အကြောင်းရယ်ဆိုလည်း အားကိုးစရာနတ္ထိ။ ဖိအားတွေ၊ တင်းအားတွေများလွန်းလို့ ခွဲစိတ်ထားတဲ့ဦးခေါင်းက သက်သာပျောက်ကင်းနေပြီးခါမှ တစ်ချက်တစ်ချက် မူးနောက်နောက်နဲ့။ စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ကြိုးစား။ အကြောအခြင်တွေ လျှော့၊ အားမာန်ကို တင်း၊ နဂို မာနတွေကို ပြန်သွင်းလိုက်တယ်။ ဒီနေ့တော့ ဘာမှ မလုပ်တော့ဘဲ စိတ်အပြောင်းအလဲဖြစ်အောင် ဆစ်ဒနီကမ်းနား(ဆိပ်ကမ်း)မှာ ရှိတဲ့ ကမ္ဘာကျော် အော်ပရာဇာတ်ရုံ(Opera House)ဘက် ထွက်လာမိတယ်။ အဲဒီကမ်းနားလမ်းမှာ ဇာတ်ရုံတစ်ခုတည်းသာမက လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်၊ စားသောက်ဆိုင်၊ အပန်းဖြေဥယျာဉ်တွေ၊ ပျော်ရွှင်စရာကစားစရာခန်းမတွေ၊ ဆိုင်တွေနဲ့စည်ကားတယ်။ ကမ္ဘာလှည့်ခရီးသည်တွေရော ပြည်တွင်းခရီးသည်တွေပါအမြဲပြည့်လို့ပဲ။ မြစ်တစ်ကြော အပျော်စီးသင်္ဘောတွေလည်း ရှိတယ်လေ။ တစ်ညနေလုံး အချိန်ဖြုန်းခဲ့ပေမဲ့ တင်းအားတွေ၊ ဖိအားတွေ၊ နောက်ဆံတင်းစရာတွေ၊ တွေးစရာတွေ၊ စိန်ခေါ်မှုတွေ တစ်ပုံတစ်ပင်ကြီးနဲ့မို့ ထင်သလောက် စိတ်မပြေပျောက်ခဲ့ပါဘူး။

ကဲရိုလင်း ဒေါ်သူပုန်ထ

နောက်နေ့(၁၃-၉-၈၉ခုနှစ်၊ ဗုဒ္ဓဟူးနေ့)မနက် ၁၀း၃၀နာရီလောက်မှာ(test-run result)တွေပြဖို့ ချိန်းထားလို့ တွဲဖက်ကြီးကြပ်သူရှန်ဖြူလီနဲ့ တွေ့ဖို့သွားတယ်။ ဖြူလီအခန်းထဲမှာ ဧည့်သည်ရှိနေလို့ စိုက်ပျိုးရေးဘောဂဗေဒဌာန

ရုံးခန်းထဲခဏဝင်ပြီး အိမ်ကစာတွေဘာတွေ လာသလားကြည့်တယ်။ အဲဒီမှာ ဆရာမကြီးကဲရိုလင်းနဲ့တိုးတယ်။ သူပြောစရာရှိတယ်၊ သူ့ရုံးခန်း ခဏလိုက်ခဲ့ပါ ဆိုလို့လိုက်သွားတယ်။ မနေ့က Sub-Dean နဲ့တွေ့ပြီး ကျွန်တော်တင်ပြတဲ့ကိစ္စ သူလုံးဝမကျေနပ်ဘူးတဲ့။ အဓိကအချက်နှစ်ချက်ကြောင့်တဲ့။ ပထမအချက်က သူ့ကို ကျော်လုပ်တဲ့အတွက်၊ ဒုတိယအချက်က ဌာနတွင်း ညှိညှိနှိုင်းနှိုင်းဆောင်ရွက်ရမယ့်ကိစ္စကိုမညှိနှိုင်းဘဲ အများသိအောင် Sub-Dean ကို တိုက်ရိုက်သွားပြီးတင်ပြတဲ့အတွက်တဲ့။ ဟောဗျာ. . . ဘာတွေလဲ၊ သူနဲ့ဘာဆိုင်လို့လဲ။ ကျွန်တော့်စိတ်ထဲ လုံးဝမရှင်းဘူး။ ဒါကြောင့် ကျွန်တော်က 'ကဲရိုလင်း. . . အခုဖြစ်တာ ကျွန်တော်နဲ့ ရွန်နဲ့ကိစ္စလေ၊ ကဲရိုလင်းနဲ့ဖြစ်တာမှမဟုတ်ဘဲ၊ အဲဒါ ကဲရိုလင်းကို ကျော်လုပ်တယ်ဆိုတာဘာအဓိပ္ပာယ်လဲ။ ကျွန်တော်တော့နားမလည်ဘူး။ ကျွန်တော့်ကို ရှင်းပြပါဦး။ ပါမောက္ခဖစ်ရှာမပြောင်းခင်က ဘာကိစ္စပေါ်ပေါ် ဒေါက်တာဘက်တာဟမ်နဲ့တိုင်ပင်ညှိနှိုင်းလုပ်လို့ မှာခဲ့တာ ကဲရိုလင်းလည်းအသိပဲ၊ အခု ကျွန်တော်ရင်ဆိုင်နေရတဲ့အခက်အခဲပြဿနာကို ဖြေရှင်းပေးနိုင်တာကSub-Dean နဲ့အထက် ပုဂ္ဂိုလ်တွေပဲရှိတယ်လေ၊ ဒါကြောင့် ဒေါက်တာဘက်တာဟမ်ကိုအသိပေး၊ ညှိနှိုင်းတိုင်ပင်ပြီးမှ Sub-Dean ကို တင်ပြတာလေ။ ဒါ ဘာမှားလို့လဲ' လို့ ပြန်ချေပရင်းမေးတယ်။ ကဲရိုလင်းက 'မှားတာပေါ့၊ ကျွန်မက နောက်ထပ် ဌာနမှူး/ဥက္ကဋ္ဌမရောက်မီမှာ ယာယီဌာနမှူး(Acting Head)လုပ်နေတာလေ၊ ဌာနတွင်းကိစ္စ ဘာမဆို ကျွန်မသိသင့်တယ်။ ကျွန်မကတစ်ဆင့်ပဲသွားရမယ်။ ရှင်က အခုဒေါက်တာဘက်တာဟမ်နဲ့ ပေါင်းပြီး ကျွန်မကို တိုက်တာပဲ' တဲ့။ ဘုရားရေ။ သူတို့ဆီမှာလည်း ဒါမျိုးတွေရှိတာပဲလား။ သူ့လူ၊ ငါ့လူ၊ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်း၊ သူ့အဖွဲ့၊ ငါ့အဖွဲ့။ သူ့စွပ်စွဲချက်က ကြောက်ခမန်းလိလိပါလား။

ဒါပေမဲ့ ကျွန်တော်မကြောက်ပါ။ ကြောက်စရာလည်း မကျန်တော့ပါ။ တဲ့တိုးပဲ ရင်ဆိုင်လိုက်တယ်။ 'ကဲရိုလင်း ယာယီဌာနမှူးလုပ်နေတာ ကျွန်တော်လုံးဝမသိဘူး၊ ဘယ်သူမှလည်း မပြောဘူး၊ ဘာစာမှလည်းမရဘူး၊ နို့တစ်ဘုတ်မှာကပ်ထား၊ ပြထားတဲ့စာလည်းမဖတ်မိဘူး၊ ပြီးတော့ ဒေါက်တာဘက်တာဟမ်နဲ့ပေါင်းပြီး ခင်ဗျားကိုတိုက်တယ်ဆိုတဲ့စွပ်စွဲချက်ကိုလည်း ပြန်ရုပ်သိမ်းပါ။ ခင်ဗျားနဲ့ ဒေါက်တာဘက်တာဟမ်တို့အကြား ဘာပြဿနာရှိလဲဆိုတာ ကျွန်

တော်လုံးဝမသိဘူး။ သိလည်းမသိချင်ဘူး။ ကျွန်တော့်အတွက် အခက်အခဲကြုံလာတယ်။ Sub-Dean ကိုတင်ပြမှဖြစ်မယ်လို့ ကျွန်တော်သဘောရတယ်။ ဒါကြောင့် ဒေါက်တာဘက်တာဟမ်နဲ့တွေ့ပြီး Sub-Dean နဲ့တွေ့ဖို့စီစဉ်ပေးပါလို့ ကျွန်တော်ကတောင်းဆိုခဲ့တာဖြစ်တယ်။ Sub-Dean နဲ့တွေ့ဖို့ ဒေါက်တာဘက်တာဟမ်က မြှောက်ပေးတာလည်းမဟုတ်ဘူး၊ တိုက်တွန်းတာလည်းမဟုတ်ဘူး၊ ဒါကြောင့် ဒေါက်တာဘက်တာဟမ်နဲ့မဆိုင်ဘူး၊ သူ့မှာအပြစ်မရှိဘူး' ကျွန်တော့်ချေပရှင်းလင်းချက်ကို သူသဘောပေါက်ပုံရပေမဲ့ ကျေနပ်ပုံတော့မရဘူး။ မျက်နှာသုန်သုန်မှုန်မှုန်နဲ့သူ့ဒေါသမပြေသေးတာလည်းအမှန်ပဲ။ မတတ်နိုင်ဘူးလေ။ သူ့အခန်းကထွက်ပြီး ဗြူလီအခန်းသွားတယ်။ ကိုယ်တော်ချောက အခန်းထဲမရှိ၊ ဇည့်သည်နဲ့ပါသွားပြီ ထင်ပါရဲ့။

ကိုယ့်ရုံးခန်းပြန်ပြီးမနားမီ ဒေါက်တာဘက်တာဟမ်အခန်းကိုသွားတယ်။ ကဲရိုလင်းပြောတာတွေကို ပြန်ဖောက်သည်ချပြီး ဘာတွေလဲလို့ သူ့ကိုပဲမေးရတော့တယ်။ ဒေါက်တာဘက်တာဟမ်ရှင်းပြချက်အရ သိရတာက မနေ့ညနေမှာပဲ မဟာဌာနကော်မတီအစည်းအဝေး(Faculty Committee Meeting) အရေးပေါ်ခေါ်ပြီး မစ္စတာစိုး မနေ့မနက်က တင်ပြခဲ့တဲ့တွဲဖက်ကြီးကြပ်သူကိစ္စကိုSub-Dean ကတင်ပြဆွေးနွေးတယ်၊ အဲဒီအစည်းအဝေးကို ကဲရိုလင်းလည်းတက်ရတယ်၊ သူ့ကိုယာယီဌာနမှူးအဖြစ် Sub-Dean ရဲ့နှုတ်မိန့်နဲ့ခန့်တာဖြစ်တယ်။ အစည်းအဝေးမှာ အတည်ပြုပြီးမှ စာထွက်မှာဖြစ်တယ်။ အဲဒီမှာ သူတို့ပွဲဦးမလှဖြစ်သွားလို့ ယမ်းပုံမီးကျဖြစ်တာတဲ့။ ဗြူလီက ကဲရိုလင်းရဲ့လူဖြစ်တယ်။ ကဲရိုလင်းက လက်တို့ပြီး ဒီဌာနကိုခေါ်လာတာဖြစ်တယ်။ သူတို့အကြံက ဗြူလီကို ဖစ်ရှာ့နေရာ(ဌာနမှူး သို့မဟုတ် သူတို့အခေါ် ဥက္ကဋ္ဌ)ကို ဝိုင်းဝန်းပင့်တင်ရယူဖို့ပဲ။ ကဲရိုလင်းက အကြံအဖန်တော်တယ်၊ သူ့ယောက်ျား(ပါမောက္ခတင်နာ)ရဲ့အရှိန်အဝါကြောင့် အဆက်အသွယ်လည်းရှိတယ်။ သူ့အဖွဲ့က စည်းဝါးရိုက်ပြီး ဗြူလီကိုတွဲဖက်ပါမောက္ခဖြစ်အောင် ပထမလုပ်၊ ပြီးရင် ဌာနမှာ ဥက္ကဋ္ဌ(ဌာနမှူး)နေရာယူစေမှာဖြစ်တယ်။ အခု ပထမတစ်ဆင့် အောင်မြင်ခဲ့ပြီး တွဲဖက်ပါမောက္ခရာထူးအတွက် ပြိုင်ပွဲမှာ သူ(ဗြူလီ)ကရပြီး ကျွန်တော်(ဘက်တာဟမ်)က မရခဲ့ဘူးလေ။ ဘာပြဿနာမှမပေါ်ရင် ဥက္ကဋ္ဌ(ဌာနမှူး)ဖြစ်ရေး နောက်တစ်ဆင့်လည်း မဖြစ်စရာမရှိဘူး။ သူတို့ဘက်က အင်အားကောင်း

တယ်လေ။ ဒါပေမဲ့ အခုတော့ ဖြူလီဖြစ်ဖို့၊ မဖြစ်ဖို့ မရေရာ မသေချာမှုတွေနဲ့ လာပြီ။ အခု မစ္စတာစိုးကSub-Dean ကိုတင်ပြတာဟာ တိုင်တဲ့သဘော (Complaint)ပဲလေ။ အရေးမယူလို့၊ မဖြေရှင်းလို့မရတော့ဘူး။ ဥက္ကဋ္ဌ(ဌာနမှူး) လုပ်မယ့်လူဟာ အတိုင်အတောခံရမှုကင်းရမယ်ဆိုတဲ့မူရှိတယ်။ ဥက္ကဋ္ဌ (ဌာနမှူး)ဖြစ်ပြီးမှ အတိုင်အတောခံရတာကတစ်မျိုးပေါ့။ ဒေါက်တာဘက်တာ ဟမ်ရဲ့ရှင်းပြချက်ကို နားထောင်ရတော့မှပဲ ကဲရိုလင်းတစ်ယောက် ဘာကြောင့် ယမ်းပုံမီးကျ ဖြစ်ရသလဲဆိုတာ သဘောပေါက်လာတယ်။ ဒါပေမဲ့ မရှင်းတာ ရှိလို့ ဒေါက်တာဘက်တာဟမ်ကို ဆက်မေးမိတယ်။

'ဒေါက်တာဖြူလီက အပြင်ကလာတဲ့ဧည့်သည်၊ ကဲရိုလင်းက ဒီဌာနမှာ လုပ်နေတဲ့အိမ်ရှင်၊ စီနီယာလက်ချာရာတစ်ယောက်လည်းဖြစ်တယ်၊ ကဲရို လင်းကိုယ်တိုင်က ဘာဖြစ်လို့ တွဲဖက်ပါမောက္ခနဲ့ဥက္ကဋ္ဌ(ဌာနမှူး)ရာထူးအတွက် မကြိုးစားတာလဲ၊ ဘာကြောင့်ဧည့်သည်တစ်ဦးကို ဝိုင်းတင်နေတာလဲ'

ဒေါက်တာဘက်တာဟမ်က ပြုံးပြီးပြန်ဖြေတယ်။ 'ကဲရိုလင်းက ဖြစ်လို့ မရဘူး။ ဒီတစ်ဌာနလုံးမှာ တစ်ဦးတည်းသောအမျိုးသမီးဖြစ်ပေမဲ့ သူ့မှာ ပထမ ဘွဲ့တစ်ဘွဲ့(First Degree)ပဲရထားတယ်။ မဟာဘွဲ့လည်းမရထားဘူး။ ဒေါက်တာဘွဲ့လည်း ရမထားဘူး။ ဒါကြောင့် သူစီနီယာလက်ချာရာကနေ မတက်နိုင်တော့ဘူး။ ဒါကြောင့် သူတို့နဲ့အလွမ်းသင့်ပြီး ထင်သလိုခြယ်လှယ် နိုင်မယ့် ဖြူလီလိုလူကိုတင်တာပေါ့။ ဖြူလီသာ ဥက္ကဋ္ဌဖြစ်လာရင် ကဲရိုလင်းတို့ ပိုပိုပြီး ခြယ်လှယ်လို့ရပြီပေါ့။ မစ္စတာစိုးလည်း သတိပြုမိမှာပေါ့၊ ဩစီတွေက အင်္ဂလန်က ဒေါက်တာဘွဲ့ရ၊ အင်္ဂလိပ်လူမျိုးဆို ဇွတ်အထင်ကြီးတာလေ၊ ငါလည်း အင်္ဂလိပ်လူမျိုးပါ၊ ဒါပေမဲ့ ကဲရိုလင်းထက် အသက်လည်းကြီး၊ ဝါလည်း ရင့်တော့ သူတို့ထင်တိုင်း ခြယ်လှယ်လို့မရဘူး၊ ဌာနကိစ္စတွေ၊ သင်ကြားရေး ကိစ္စ၊ သုတေသနကိစ္စတွေ အမြင်မတော်ရင် ငါက မညှာမတာပြောတတ်တယ်၊ အထူးသဖြင့် ကဲရိုလင်းက ဘာသုတေသနမှ မည်မည်ရရမလုပ်ဖူးဘူး၊ စာတမ်း တွေ publish မလုပ်ဖူးဘူး၊ ဒါကြောင့် ငါ့ကိုမကြည်ဘူး၊ အခု မစ္စတာစိုးကို ဖျက်မြင်းအဖြစ် မြင်သွားပြီမို့ ကဲရိုလင်းရော၊ ဖြူလီပါ ပိုပြီးမကြည်ဖြစ်တော့မှာ' တဲ့။ ဒေါက်တာဘက်တာဟမ်က ပြုံးရယ်ခဲတဲ့ပုဂ္ဂိုလ်။ ဒီတစ်ခါတော့ ပြုံးဖြီးဖြီးနဲ့ ဖြေတယ်။ သူ့ကြည့်ရတာ ဖြူလီနဲ့ ကဲရိုလင်း အခုလိုဖြစ်တာ အတော်ကျေနပ်

နေပုံပဲ။ ဩော်. . . ကြောက်စရာကောင်းတဲ့ campus politics (တက္ကသိုလ် ပရဝဏ်နိုင်ငံရေး)ပါလား။ ရင့်ကျက်လှပြီလို့ထင်တဲ့သူတို့ဆီမှာလည်း ဒါတွေ ရှိပါလား။

ဩော်. . . ဒါနဲ့ ဆစ်ဒနီ တက္ကသိုလ်ကသင်ကြားရေးဌာနတွေမှာ ဥက္ကဋ္ဌ (ဌာနမှူး)ဖြစ်ဖို့ ပါမောက္ခဖြစ်စရာမလိုဘူး။ တွဲဖက်ပါမောက္ခဖြစ်ရင်ရပြီ။ ဒေါက်တာဘွဲ့တော့ရှိရမယ်။ တကယ့်ဝါရင့်ပါမောက္ခကြီးအတော်များများက ပညာရှင်အဖြစ်ပဲ နေလိုကြတယ်။ ဌာနမှူးမလုပ်ချင်ကြဘူး။ ဌာနမှူးလုပ်ရင် စီမံပိုင်းလုပ်ပိုင်ခွင့်တွေရှိလို့ မက်မောသူတွေလည်း ရှိကြတယ်။ ဒါပေမဲ့ သူတို့ဆီမှာတော့ စီမံပိုင်းမှာလုပ်တဲ့ဝန်ထမ်း(ပါမောက္ခချုပ်အပါအဝင်)တွေကို အထင်မကြီးကြဘူး၊ ဂုဏ်မရှိကြဘူး။ ပညာရှင်၊ ပါမောက္ခတွေသာ ဂုဏ်ရှိပြီး လူတွေလည်း အထင်ကြီးလေးစားကြတယ်။

ကြီးကြပ်သူပြဿနာ အထွတ်အခေါင်အတွင်း ထိုးဖောက်နိုင်ခဲ့ခြင်း

၂၀-၉-၈၉ခုနှစ်(ဗုဒ္ဓဟူးနေ့)ကဲရိုလင်းက သူ့ရုံးခန်းမှာ လာတွေ့ပါဆိုလို့ သွားတယ်။ သူ့အခန်းထဲမှာ Sub-Dean Prof.Dr. Campbell၊ ရွှန်ဖြူလီနဲ့ ကဲရိုလင်းတို့ တိုင်ပင်ဆွေးနွေးနေကြတယ်ဆိုလို့ အပြင်မှာနာရီဝက်လောက် စောင့်ပြီးမှ ဝင်တွေ့ရတယ်။ ကျန်နှစ်ယောက် ပြန်ထွက်သွားကြပြီးဖြစ်လို့ ကဲရိုလင်းတစ်ယောက်တည်းနဲ့တွေ့တာပါ။ ကဲရိုလင်းက ဒီနေ့ညနေ ၃နာရီ၄၅ မိနစ်မှာ Sub-Dean Prof.Dr.Campbell နဲ့ သူ့ရုံးခန်းမှာသွားတွေ့ပါ။ ပြဿနာ တွေပြေလည်ပြီး ဘွဲ့ရနိုင်မယ့်နည်းလမ်းဆွေးနွေးမယ်လို့ဆိုတယ်။

ညနေ ၃နာရီ ၄၅မိနစ်မှာ Sub-Dean ရုံးခန်းမှာ Prof.Dr.Campbellနဲ့ သွားတွေ့တယ်။ သူပြောပြတာတွေက ရွှန်ဖြူလီက econometrics ဘာသာမှာ လေ့ကျင့်ခန်း(exercise)တွေလုပ်ခိုင်းတာက econometrics အခြေခံသဘော နားလည်အောင်တဲ့၊ မစ္စတာစိုးက econometrics စာမေးပွဲလည်းကျထားတယ် လို့ ရွှန်ကပြောတယ်တဲ့၊ ဒါကြောင့် ရွေးစရာ(option) အနေနဲ့(၁)အခုအတိုင်း ရွှန်ရဲ့ ကြီးကြပ်မှုနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လုပ်မလား ဒါမှမဟုတ် (၂)ကျမ်း ကြီးခေါင်းစဉ်ပြောင်းမလားတဲ့။ ကြားရသမျှ မယုံနိုင်စရာပါလား။ ရွှန်ဖြူလီနဲ့ ကဲရိုလင်းတို့နားသွင်းထားသမျှ Sub-Dean ကလက်ခံယုံကြည်ထားပုံပဲ။ သူတို့ဘက်က ချောက်တွန်းထားတဲ့ ဗလောင်းဗလဲတင်ပြချက်လည်းပါဝင်နေ တယ်။ ကျွန်တော့်မာနက ဒါကို လုံးဝလက်မခံနိုင်။ ဒါကြောင့် တည်တည်

ငြိမ်ငြိမ်ပေမဲ့ ပြတ်ပြတ်သားသားပဲ Sub-Dean ကို ပြန်ချေပပြောဆိုခဲ့တာက

'ကျွန်တော် econometrics စာမေးပွဲကိုမကျဘူး။ တစ်ခါမှလည်း မကျခဲ့
ဘူး၊ အမြဲ good pass နဲ့အောင်ခဲ့တယ်။ ဒါကို ဘောဂဗေဒဌာန(Economics
Dept.) က Econometrics ပါမောက္ခကိုမေးကြည့်နိုင်သလို မော်ကွန်းထိန်း
ရုံးမှာအောင်စာရင်းကိုလည်း စစ်ဆေးနိုင်ပါတယ်။ ဒါကို ဗြူလီမသိနိုင်ဘူး၊
ကယ်ရိုလင်းချောက်ချတာပဲ။ လူကြီးအဖြစ် ကြည်ညိုခဲ့တာ အခုလို ဗလောင်း
ဗလဲလုပ်တတ်၊ ပြောတတ်လိမ့်မယ်လို့မထင်ခဲ့မိဘူး။ (Econometrics ဘာသာ
ရပ်ကို ဘောဂဗေဒဌာနမှာ အတန်းသွားတက်ရတယ်။ ဘောဂဗေဒဌာနက
စာမေးပွဲ စစ်ပါတယ်)

Econometricsဘာသာကို prelim မှာတုန်းက စာမေးပွဲသာမက
assignments တိုင်းမှာလည်း အမှတ်ကောင်းကောင်းနဲ့ အောင်မြင်ခဲ့တာချည်း
ပဲ။ မှတ်တမ်းအပြည့်အစုံရှိတယ်။ ဒါကြောင့် ရှန်ပေးတဲ့exercise တွေ မလိုအပ်
ဘူး။ တန်ဖိုးရှိတဲ့ ကျွန်တော့်အချိန်တွေဖြုန်းတာပဲ။ ကျမ်းကြီးနဲ့ပတ်သက်လို့
သုတေသနနဲ့ပတ်သက်လို့ ရှန်ဆီက အခုအထိ ဘာမှအထောက်အကူမရသေး
ဘူး။ ကျွန်တော်လိုအပ်နေတာက တိကျတဲ့ဝေဖန်သုံးသပ်လမ်းညွှန်မှုဖြစ်တယ်။
လေ့ကျင့်ခန်းလုပ်ပြီး အချိန်ကုန်စေဖို့မဟုတ်ပါဘူး။

ကျွန်တော့်ဘက်မှာ အချိန်ကန့်သတ် ချက်ရှိနေလို့အချိန်မဖြုန်းနိုင်ပါဘူး။
ရှန်အနေနဲ့လမ်းညွှန်မှုအစီအစဉ်(guidance plan)ရှိပုံမရဘူး၊ ကျွန်တော့်လို
အပ်ချက်ကို သူမသိဘူး၊ သူဘာလိုချင်မှန်းလည်း ကျွန်တော်မသိဘူး။ ကျွန်တော်
တို့နှစ်ယောက်ကြား ဆက်သွယ်ရေးပြဿနာ(communication problem)
ရှိနေပါတယ်။

ကျွန်တော်ပြုစုနေတဲ့ကျမ်းကြီးတစ်ခုလုံးဟာ econometrics ချည်းပဲ
မဟုတ်ပါဘူး။ အရေအတွက်လေ့လာမှုရော၊ အရည်အသွေးပိုင်းလေ့လာမှု
(both quantitative and qualitative aspects)ပါဝင်နေပါတယ်။ အရေ
အတွက်ပိုင်းနဲ့အကျုံးဝင်တဲ့ econometrics အခန်း ကြီးကြီးမားမားနှစ်ခန်းသာ
ပါဝင်တယ်။ မြန်မာနိုင်ငံရဲ့ အစားအစာစားသုံးမှုအပေါ် အကျိုးသက်ရောက်
စေနိုင်တဲ့ပြဋ္ဌာန်းတဲ့အင်အားစုတွေ(influencing or dertermining factors)
ထဲမှာ ဈေးနှုန်းအလျှော့အတင်း၊ ဝင်ငွေအလျှော့အတင်း၊ အပြန်အလှန်အလျှော့

အတင်းစတဲ့အလျှော့အတင်းတွေက ဘယ်လောက်အတိုင်းအတာအထိအရေး
ပါသလဲဆိုတာ တစ်ခုအပါအဝင်ဖြစ်တာပါ။ ဒီအလျှော့အတင်းလောက်ကိုသာ
econometrics နည်းနဲ့ တွက်ချက်တိုင်းတာရမှာပါ။ ဒါပေမဲ့ အရေအတွက်
နည်းနဲ့ရှင်းပြလို့မရတာ ပိုများပြီး အဲဒီအပိုင်းကျတော့ အရည်အသွေးနည်း
လမ်းတွေသုံးပြီး ရှင်းပြရမှာဖြစ်တယ်။ ဒါကြောင့်ရှန်နဲ့မဖြစ်နိုင်ဘူးလို့ ယူဆ
ပါတယ်။

ကျွန်တော့်အခက်အခဲတွေပြေလည်ဖို့ အားလုံးမျက်နှာစုံညီဆွေးနွေး
ညှိနှိုင်းမယ်လို့ထင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုလို သီးခြားစီတွေ့တော့ ရှန်က သူ့
အပြစ်တွေ၊ ချို့ယွင်းချက်၊ အားနည်းချက်တွေကို ကျွန်တော့်အပေါ် တစ်ဖက်
သတ်ပုံချသွားတယ်လို့ပဲ ကျွန်တော်ခံစားမိတယ်။ Sub-Dean ရှေ့မှာ အားလုံး
မျက်နှာစုံညီပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းကြည့်ရင် ပိုကောင်းမယ်လို့အကြံ
ပြုပါတယ်။ အဲဒီလိုညှိနှိုင်းရင် ရှန်က ကျွန်တော့်အတွက် အရည်အချင်းပြည့်မီ
တဲ့ ကြီးကြပ်သူတစ်ယောက် ဟုတ်၊ မဟုတ် ပီပီပြင်ပြင်ပေါ်လွင်သိသာလာ
နိုင်မှာဖြစ်တယ်။'

Dr.Campbellက သူ့လူတွေအကြောင်း သိပုံရတယ်။ မျက်နှာစုံညီတွေ့
ဆွေးနွေးဖို့လုံးဝမဟဘဲ ဒေါက်တာဘက်တာဟမ်နဲ့ဆွေးနွေးညှိနှိုင်းပါ့မယ်။
ဒီကိစ္စ အောက်တိုဘာ ဒုတိယပတ်မတိုင်မီ ပြီးပြတ်အောင် ဆောင်ရွက်ပေးမယ်
လို့ပြောတယ်။ ကျွန်တော်နဲ့ Dr.Campbell တွေ့ဆုံပွဲဟာ ၄၅မိနစ်ခန့်ကြာပါ
တယ်။ ညနေ ၄နာရီ၄၅မိနစ်မှာ Dr.Campbellက ဒေါက်တာဘက်တာဟမ်နဲ့
လာတွေ့တာမြင်လိုက်တယ်။ Dr.Campbell ပြန်ထွက်သွားပြီး မကြာမီ ဒေါက်
တာဘက်တာဟမ်က ကျွန်တော့်အခန်းကိုလာပြီးတွေ့တယ်။ သူနဲ့ Dr.
Campbell တို့ ပြောကြ၊ ဆွေးနွေးကြတာတွေကို ပြန်ရှင်းပြတယ်။ ကျွန်တော်
သိထားခဲ့တာတွေချည်းပါပဲ။ ဒါပေမဲ့ Dr.Campbell က Dr.Fisher နဲ့ ဆွေးနွေး
မယ်ဆိုပြီး တယ်လီဖုန်းနဲ့ဆက်သွယ်ပြောဆိုဖို့လုပ်နေကြောင်း၊ Dr.Fisherရဲ့
တုံ့ပြန်မှုရပြီးရင် ဒေါက်တာဘက်တာဟမ်နဲ့ရှန်ဗြူလီ၊ Dr.Campbell တို့နဲ့
ဆက်ဆွေးနွေးညှိနှိုင်းမယ့်အကြောင်းပါ သိလိုက်ရတယ်။

တိုက်ပွဲကမပြီးသေးဘူး။ သူမနိုင်၊ ကိုယ်မနိုင်တင်းနေကြပေမဲ့ တကယ်
ရှုံးနေတာက ကျွန်တော်ပါ။ အချိန်တွေတရွေ့ရွေ့နဲ့ကုန်နေပြီး ပညာသင်

ခွင့်ပြုကာလတွေထဲက အလဟဿပါကုန်ပြီ။ အလုပ်လုပ်မယ်လို့စိတ်ကူးပေမဲ့ လုပ်ချင်စိတ်မရှိ၊ အလုပ်အရှိန်ရမယ်ကြံတိုင်း အရှိန်ကပျက်၊ စိတ်ပျက် လက်ပျက်ပဲ။

နောက်နေ့(၂၁-၉-၈၉ခုနှစ်၊ ကြာသပတေး)မနက်ပိုင်းမှာ ဒေါက်တာဘက်တာဟမ်က ကျွန်တော့်ကိုလာတွေ့တယ်။ အခြေအနေတွေရှုပ်ထွေးပြီး မတင်မကျဖြစ်နေကြောင်း၊ Thesis topic ပြောင်းလို့မဖြစ်နိုင်ကြောင်း၊ လိုအပ်ရင် သူကိုယ်တိုင် econometrics ကိုလေ့လာပြီး supervise လုပ်ပေးမယ်၊ ချာလီ၊ ရိုဘင်၊ ဖရီဒွန်(Fredoun)တစ်ယောက်ယောက်ဆီက အကူအညီတောင်းဖို့လိုရင် တောင်းပြီးဖြေရှင်းမယ်လို့ မခံချင်စိတ်နဲ့အားပေးတယ်။ (ချာလီဆိုတာ ကျွန်တော့်ထက်စောပြီး ဒေါက်တာဘွဲ့ရသွားသူ၊ ရိုဘင်ဆိုတာက မဟာဘွဲ့လုပ်နေတဲ့ ကနေဒါနိုင်ငံက ပညာသင်ကျောင်းသူ၊ ဖရီဒွန်က ဌာနမှာ ကထိကလုပ်နေတဲ့အီရန်လူမျိုး၊ သုံးယောက်စလုံး econometrics ကျွမ်းကျင်ကြတယ်)။ ဒီလောက်အချိန်တွေကြာပြီး လုပ်စရာတွေတော်တော်လုပ်ပြီးမှ topic ပြောင်းရမှာကို ငါ့(ဘက်တာဟမ်)အနေနဲ့လည်းသဘောမတူကြောင်း၊ နောက်ဆုံး Associate Supervisor(A/S)ခေါ် တွဲဖက်ကြီးကြပ်သူမပါဘဲနဲ့ဖြစ်ဖြစ် ဆက်လုပ်မယ့်အကြောင်းတွေ ဒေါက်တာဘက်တာဟမ်က ပြောလာတယ်။

ကျွန်တော်ညနေပိုင်းမှာ ဒေါက်တာဘက်တာဟမ်နဲ့သွားတွေ့တယ်။ သူကဲရိုလင်းနဲ့တွေ့ဖို့ရှိတယ်လို့ပြောထားလို့ ကယ်ရိုလင်းနဲ့တွေ့ရင် ကျွန်တော် topic မပြောင်းဘူး၊ A/S မပါဘဲ ဆက်လုပ်မယ့်အကြောင်း ကျွန်တော့်ကိုယ်စား ပြောပေးပါလို့မေတ္တာရပ်ခံခဲ့တယ်။ ၄နာရီလောက်မှာ ဌာနရဲ့ ဆရာ၊ ဆရာမများ နားနေ၊ စားသောက်ခန်းမှာ ရွှန်နဲ့တွေ့တယ်။ ကျွန်တော်မသိချင်ယောင်ဆောင်နေခဲ့တယ်။ သူက စနှုတ်ဆက်ပြီး assignment ကိစ္စ နက်ဖြန်တွေ့ချင်တယ်ဆိုပြီးချိန်းတယ်။ ကျွန်တော်က ခေါင်းလည်းမညိတ်၊ခေါင်းလည်းမခါဘဲ မသိကျိုးကျွံပြုနေလိုက်တယ်။ ကဲရိုလင်းအကြောင်း ကြာလေပိုသိလာရလေဖြစ်ပေမဲ့ အကောင်းတော့ သိပ်မပါဘူး။ ရိုဘင်ကဆိုရင် နောက်ကွယ်မှာ Carolyn Tanner အစား Carolyn Cat လို့ခေါ်တယ်။

၂၂-၉-၈၉ခုနှစ်(သောကြာနေ့)မနက် ၁၁း၃၀နာရီလောက် ဝူလီအဆောက်အအုံ (Wolly Building)ရှေ့မှာ Carolyn နဲ့ဆုံတယ်။ လာမယ့်အပတ်မှာ ကျွန်

တော့်ကိစ္စ၊ ပြဿနာဖြေရှင်းဖို့တွေ့ဆုံဆွေးနွေးကြမယ်။ လောလောဆယ်တော့ econometrics နဲ့မဆိုင်တဲ့အပိုင်းကိုအသုံးဝင်ဝင် ဆက်လုပ်ပါလို့ မျက်နှာထားတင်းတင်းနဲ့အမိန့်ပေးသလိုပြောတယ်။ ကျွန်တော်ကလည်း ခပ်တည်တည်နဲ့ လုပ်စရာရှိတာ ဘယ်သူမှမပြောဘဲ နေ့တိုင်းဆက်လုပ်နေတယ်လို့ဖြေလိုက်တယ်။ ဌာနက မိမိရုံးခန်းရောက်တော့ ဒေါက်တာဘက်တာဟမ်စောင့်နေတာ တွေ့ရတယ်။ သူက မနက်ကCarolyn နဲ့ဆွေးနွေးခဲ့ကြောင်း၊ ဖစ်ရှာနဲ့လည်း ဖုန်းနဲ့စကားပြောခဲ့ကြောင်း၊ ဖစ်ရှာအနေနဲ့ A/S အဖြစ် တရားဝင်ရှိနေဆဲဖြစ်ကြောင်း၊ တစ်ပတ်၊ နှစ်ပတ်အတွင်း A/S ကိစ္စပြေလည်မယ်လို့မျှော်လင့်ကြောင်းတွေ သတင်းပေးတယ်။

ညနေ၅နာရီလောက်မှာ ဘွဲ့လွန်ဆိုင်ရာ Sub-Dean Dr.Campbell ထံမှ ၂၂-၉-၈၉ခုနှစ်နေ့စွဲပါ စာတစ်စောင်လက်ခံရရှိတယ်။ စာထဲမှာအဓိကအချက်နှစ်ချက်ပါတယ်။ (၁)ဘွဲ့ကျမ်းကြီးရဲ့ econometrics အပိုင်းကို ကြီးကြပ်ရေးကိစ္စဆွေးနွေးဖို့ ဒေါက်တာဘက်တာဟမ်၊ ဒေါက်တာမြူလီနဲ့ကျွန်တော်တို့သုံးပွင့်ဆိုင်ဆွေးနွေးညှိနှိုင်းဖို့ Sub-Deanကမေတ္တာရပ်ခံကြောင်း၊ (၂) စကောလားရှစ်ကာလ(duration of scholarship)နဲ့ပတ်သက်ပြီးသြစတြေးလျအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးထောက်ပံ့ကူညီရေးဗျူရို(AIDAB)နဲ့မြန်မာနိုင်ငံအစိုးရ၊ ပညာရေးဝန်ကြီးဌာနနဲ့ပြောဆိုညှိနှိုင်းရေးအတွက် ချက်ချင်းဆောင်ရွက်ဖို့ မေတ္တာရပ်ခံကြောင်းတို့ဖြစ်ကြပါတယ်။

စာကိုဖတ်ပြီး ကျွန်တော်သုံးသပ်မိတာက ဒီ Sub-Dean ဆိုတာကလည်း အူလယ်လယ်နဲ့ပြဿနာရဲ့အရင်းခံအကြောင်းရင်းကို သဘောမပေါက်၊ နားမလည်သူလို့။

ကျွန်တော့်ကိစ္စကို ဒေါက်တာဘက်တာဟမ်လည်း အပြင်းအထန်ကြိုးစားလှုပ်ရှားဆောင်ရွက်ပေးပါတယ်။ ၂၆-၉-၈၉ခုနှစ် (အင်္ဂါနေ့)မှာ ဒေါက်တာဘက်တာဟမ်က မဟာဌာနအတွင်းရေးမှူးရောဘတ်ဂျဲဖ် (Robert Jeffs)နဲ့တွေ့ပြီး ဖစ်ရှာရဲ့ A/S ခန့်ထားမှုကိုမပယ်ဖျက်သေးဘဲ မြူလီကို A/S ခန့်ထားတဲ့ကိစ္စ မေးမြန်းတယ်။ မြူလီကို A/S ခန့်ဖို့အဆိုပြုတဲ့အဆင့်သာဖြစ်ပြီး မဟာဌာနကော်မတီ(Faculty Committee)က အတည်မပြုရသေးပါ။ ဒါကြောင့် ဖစ်ရှာသာလျှင် အခုထိ တရားဝင် A/Sအဖြစ် ရှိနေဆဲဖြစ်တယ်လို့ ဂျဲဖ်ကဖြေတယ်

တဲ့။ အဲဒါသိရပြီး ဒေါက်တာဘက်တာဟမ်က ချာလီဆီကိုဖုန်းဆက်တယ်။ ကျွန်တော်လာတွေ့မယ့်ကိစ္စ၊ ဆွေးနွေးမယ့်အကြောင်းအရာတွေပြောတယ်။ တွေ့မယ့်နေ့နဲ့အချိန်၊ နေရာတွေပြောပြီးချိန်းတယ်။ ချာလီက ကျွန်တော့် စီနီယာပါ။ အခု Dr.Charles Wall ဖြစ်နေပါပြီ။ သူ့ကိုတွေ့မယ့် အဓိက အကြောင်းက ကျွန်တော့်Thesis ရဲ့ econometrics အပိုင်းကို ကူညီကြီးကြပ်ပေးနိုင်၊ မနိုင်ကိစ္စပါ။ သူနဲ့ ၂၇-၉-၈၉ခုနှစ်(ဗုဒ္ဓဟူးနေ့)နေ့ခင်းမှာ သွားတွေ့တယ်။ ချာလီက သူ econometrics နဲ့ကင်းကွာနေတာ ၂နှစ်ခွဲလောက်ရှိပြီးဖြစ်ရုံမက အခုလုပ်နေတာလည်းeconometricsနဲ့မဆိုင်တဲ့stock brokerage research(စတော့ပွဲရုံ၊ ပွဲစားသုတေသန)ဖြစ်နေလို့ econometrics ရဲ့ နည်းပညာပိုင်းအသေးစိတ် (technical details) တွေ မေ့နေပြီဖြစ်ကြောင်း၊ ဒါပေမဲ့ အားလုံးခြုံ အထွေထွေလမ်းညွှန်မှု(overall general guidance) တော့ပေးနိုင်မယ်၊ ကူညီနိုင်မယ်လို့ထင်ကြောင်း၊ model specification စာရင်းအင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှု၊ တွက်ချက်မှု အသေးစိတ်အတွက်တော့ ကျွမ်းကျင်သူ တခြားတစ်ယောက်ယောက်ကို အကူအညီတောင်းဖို့အကြံပေးတယ်။

ချာလီက ကျွန်တော်နဲ့ရင်းနှီးရုံမက အခက်အခဲတွေကိုလည်း နားလည်သူ၊ ဒေါက်တာဖစ်ရှာ၊ ဒေါက်တာဘက်တာဟမ်တို့ကိုလေးစားရိုသေချစ်ခင်သူလည်းဖြစ်၊ သူ့ဒေါက်တာဘွဲ့ကျမ်း ကြီးကြပ်သူမှာလည်း ဒေါက်တာဖစ်ရှာဖြစ်ခဲ့တာတွေကြောင့် အခု ကျွန်တော့်ကိုမကူညီချင်လို့ လုပ်ကြံပြောတာမဟုတ်ကြောင်း ကျွန်တော်လုံးဝယုံကြည်တယ်။ သူပြောတဲ့အကြောင်းတွေလည်း ယုတ္တိရှိတယ်လေ။ ဒီတော့ သူပြောတဲ့အတိုင်းပဲပေ့ါ။ ကျွန်တော်အကြမ်းပြုစုထားတဲ့ကျမ်းကြီး အခန်း၇ကိုဖတ်ပြီး ဝေဖန်သုံးသပ်ချက်ပေးဖို့ ချာလီလက်ထဲပေးခဲ့တယ်။

အောက်တိုဘာလ ပထမပတ်ထဲမှာ ချာလီဆီက ဝေဖန်ချက်နဲ့တကွပြန်ရတယ်။ ဒေါက်တာဘက်တာဟမ်ကိုပြတယ်။ သူကြည့်ပြီး သုံးသပ်ဝေဖန်ချက်ထပ်ပေးတယ်။ ဘယ်ပညာရှင်ရဲ့ဘယ်စာတမ်းပေါ် အခြေခံပြီး model ကိုစမ်းသပ်ပါ (test run လုပ်ပါ)၊ test run လုပ်ပြီးတိုင်း diagnostic test လို့ခေါ်တဲ့ ဘာရောဂါလဲ၊ ဘာပြဿနာလဲ ရှာဖွေစစ်ဆေးပြီး ရောဂါ၊ ပြဿနာကိုဖော်ထုတ်ပါ၊ model running or testing procedure (မိုဒယ်စမ်းသပ်စစ်ဆေးတဲ့အစီအစဉ်)ဒီလို ဒီလိုရှိတယ် စတဲ့လက်တွေ့လုပ်ဆောင်ရမယ့်အစီအစဉ်တွေ ရှင်းပြ

တယ်။ သူအကြံပြုလမ်းညွှန်တဲ့အတိုင်း ကျွန်တော်ဇွဲနပဲနဲ့လုပ်တယ်။ ကြိုးစားခဲ့တယ်။ အခုမှ econometric model ရဲ့သဘောကို ပိုပိုနားလည်လာတယ်။ ပရိလင်းတုန်းက သင်ခဲ့ရတဲ့သီအိုရီတွေကို လက်တွေ့ဘယ်လိုသုံးရတယ်ဆိုတာ သိလာတယ်။ ကျွန်တော် တကယ်လိုအပ်တာ၊ လိုချင်တာက အဲဒီလိုတိကျပြီး လက်တွေ့အသုံးဝင်တဲ့လမ်းညွှန်မှုဖြစ်တယ်။ လမ်းကြောင်းမှန်ကိုတွေ့သိပြီးမို့ ၅ာနမှာ ညဉ့်၁၀ နာရီ၊ ၁၁နာရီအထိနေပြီး အသည်းအသန် ကြိုးစားလုပ်တယ်။ ၁၉၈၉ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်မှာ အခန်း၇ဒုတိယမူကြမ်းကို ပြန်လည်ပြုစုလို့ပြီးတယ်။ ၁၁-၁၂-၈၉ခုနှစ် (တနင်္လာနေ့)မှာ ဒေါက်တာဘက်တာဟမ်လက်ထဲအပ်ခဲ့တယ်။ သူက အင်္ဂလိပ်စာအရေးအသားကိုသာ ကြည့်ရှုတည်းဖြတ်ပြီး ဘာသာရပ်ဆိုင်ရာအကဲဖြတ်ဖို့အတွက် ဘာသာရပ်(econometrics) ပိုမိုကျွမ်းကျင်သူ ဒေါက်တာဖရူဒွန်ဖတ်ဖို့ပေးထားကြောင်း၊ ကျွန်တော့်ရဲ့ အင်္ဂလိပ်စာအရေးအသား တော်တော်တိုးတက်ကောင်းမွန်လာကြောင်း နောက်နေ့မှာပြောပါတယ်။

ဒီအခန်း၇ဟာ ကျမ်းကြီးရဲ့အဓိက အခန်းကြီးတစ်ခန်းဖြစ်လို့ ကျွန်တော့်အတွက်ရော၊ ဒေါက်တာဘက်တာဟမ်တို့ဘက်ပိုင်းအတွက်ပါ အရေးကြီးပါတယ်။ ဒီအခန်းကို ကြီးကြပ်သူတွေလက်ခံပြီဆိုရင် ကျွန်တော့်အတွက် ကျမ်းကြီးပြီးသလောက်ပါပဲ။ ကျန်တဲ့အခန်းတွေအနက် အခန်း၈က အခန်း၇မှာ တွက်ချက်တွေ့ရှိတာတွေကို အဓိပ္ပာယ်ဖွင့်၊ အဓိပ္ပာယ်သက်ရောက်မှုကို သုံးသပ်တာတွေလုပ်ပြီး အခန်း၉နဲ့ နိဂုံးချုပ်မှာဖြစ်တယ်။ အဲဒီအခန်းတွေက သရုပ်ခွဲဆန်းစစ်မှုနဲ့ အရည်အသွေးဆိုင်ရာ ဝေဖန်သုံးသပ်မှုတွေဖြစ်လို့ ကျွန်တော့်အတွက် အခက်အခဲမရှိတော့ပါဘူး။

အားတက်လိုက်၊ စိတ်မောလိုက်နဲ့ ကြီးကြပ်သူတွေကြား ပိပြားနေအောင် ကြိုးစားခဲ့ရခြင်း

ကျမ်းကြီး အခန်း၇ ဒုတိယမူကြမ်းကို ဒေါက်တာဘက်တာဟမ်က အင်္ဂလိပ်စာသာ တည်းဖြတ်တယ်။ ဘာသာရပ်ပိုင်းကိုတော့ ဘာသာရပ်ကျွမ်းကျင်သူ ဒေါက်တာဖရူဒွန်ဖတ်ပြီး ဝေဖန်ချက်ပေးဖို့ ဒေါက်တာဖရူဒွန်လက်ထဲပေးထားကြောင်း၊ ဒီအခန်း၇ဟာ ကျွန်တော့်ကျမ်းကြီးအတွက် အရေးပါကြောင်း ရှေ့ပိုင်းမှာ ရေးခဲ့ပြီးဖြစ်ပါတယ်။ ၁၄-၁၂-၈၉ခုနှစ်(ကြာသပတေးနေ့)မှာ ဒေါက်တာဖရူဒွန်က ဒေါက်တာဘက်တာဟမ်ရှေ့မှာပဲ သူ့ဝေဖန်ချက် ပေးတယ်။ အဓိက နှစ်ချက်ထောက်ပြတယ်။

(၁) သီအိုရီသုံးသပ်ချက်(theory review)က အကျဉ်းချုပ် (synopsis)ဖော်ပြချက်လိုဖြစ်နေတယ်။ အသေးစိတ်ဖော်ပြဖို့လိုမယ်။ အထူးသဖြင့် regression equation(ကိန်းရှင်တွေရဲ့ဆက်စပ်မှုပြ ညီမျှခြင်း)တွေအပေါ် restriction (ကန့်သတ်ချက်)တွေထည့်သွင်းပြီး တွက်ချက်ရတာ(regression run လုပ်ရတာ)နဲ့ ပတ်သက်တဲ့နောက်ခံ ပြည့်ပြည့်စုံစုံဖော်ပြဖို့လိုမယ်။

(၂) အခုထိ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ဝယ်လိုအား လေ့လာမှုဖြစ်ရပ်တွေမှာသာ ကန့်သတ်ချက်(restriction)တွေသုံးပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဝယ်လိုအားလေ့လာမှုဖြစ်ရပ်တွေမှာတော့ restriction မသုံးကြသေးဘူး။ အခု မစ္စတာစိုးက ဖွံ့ဖြိုးဆဲနိုင်ငံရဲ့ဝယ်လိုအားလေ့လာမှုဖြစ်ရပ်မှာ restriction သုံးစွဲတွက်ချက်ရင်

ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို ပထမဆုံးစမ်းသပ်စစ်ဆေးလေ့လာတာဖြစ်တယ်။ ဒါကြောင့် ဒီအချက်ဟာ ဒီကျမ်းကြီးအတွက် အင်မတန်အရေးပါတဲ့စွမ်းဆောင်ထောက်ကူပြုမှုကြီး(contribution) ဖြစ်လာနိုင်တယ်။ ဒါကြောင့် စနစ်တကျနဲ့ မှန်မှန်ကန်ကန်ဖြစ်ဖို့လိုတယ်။ အခုထိ မစ္စတာစိုးရဲ့ model specification imposing restrictions (ကန့်သတ်ချက်များသုံးစွဲပုံ)၊ statistical tests(စာရင်းအင်းဆိုင်ရာ စစ်ဆေးမှု)စတာတွေမှာ အမှားအယွင်းမတွေ့ရလို့ အားရကျေနပ်ပါတယ်။ ဆက်လုပ်ပါတဲ့။

ကျွန်တော် တော်တော်လေး အားတက်ကျေနပ်ရပါတယ်။ theory review ကအကျဉ်းချုပ်(synopsis) လိုဖြစ်ရတာက ပါမောက္ခဖစ်ရှာ(အဓိကကြီးကြပ်သူ)က လိုတိုရှင်းပဲရေးပါဆိုလို့ လိုတိုရှင်းလုပ်လိုက်တာ သိပ်တိုလွန်းသွားပါတယ်။ အသေးစိတ်ထပ်ဖြည့်စွက်ပြီး ပြင်ရေးပါ့မယ်လို့ ဒေါက်တာဖရူဒွန်ကို ကျွန်တော်ကတိပေးလိုက်ပါတယ်။

ဒေါက်တာဘက်တာဟမ်က မှတ်ချက် သုံးချက်ပေးပါတယ်။

(၁) နိုဝင်ဘာလနဲ့ဒီဇင်ဘာလ (၁၉၈၉ ခုနှစ်)အတွင်း မစ္စတာစိုးရဲ့ကျမ်းကြီး break-through (အခက်အခဲကျော်လွှားအောင်မြင်မှု)ရပြီလို့ဆိုချင်ပါတယ်။ ကောင်းပါတယ်။

(၂) ဝယ်လိုအားပုံသဏ္ဍာန်ရဲ့ထူးခြားမှု(peculiar demand pattern)၊ ဥပမာ-ဆန်ဝယ်လိုအားရဲ့ဈေးနှုန်းအလျှော့အတင်းဟာ အနုတ် ၁ဒသမ၀(အနုတ်တစ်) ကျော်နေတာမျိုး(အတိအကျက အနုတ် ၁ဒသမ၂၇) ကိုတွေ့ရပါတယ်။ ဒီထူးခြားမှုမျိုးဖြစ်ရတဲ့အကြောင်းနဲ့ပတ်သက်ပြီးရှင်းပြဖို့ ကျမ်းကိုးစာအုပ်စာတမ်း ရှာမရလို့လည်းတွေ့ရှိချက်ကို မထိခိုက်စေနိုင်ပါဘူး။ ဒါဟာ ယဉ်ကျေးမှု၊ အကြိုက်၊ ထုံးတမ်းဓလေ့ စတာတွေနဲ့လည်း ဆက်စပ်နေတာမို့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ စားသုံးမှုနဲ့ပတ်သက်တဲ့အကြိုက်၊ ဓလေ့စရိုက်တွေကို ကိုယ်ပိုင်အတွေ့အကြုံနဲ့ယှဉ်ပြီး ရှင်းပြနိုင်ရင်လည်းဖြစ်ပါတယ်။ (မှတ်ချက်-ဆန်လိုအခြေခံစားကုန်ရဲ့ဈေးနှုန်းအလျှော့အတင်းဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အနုတ် ၀ဒသမ၂မှ အနုတ် ၀ဒသမ၄အတွင်းသာရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတချို့အတွက် တွက်ချက်ထားတာတွေကို လက်လှမ်းမီသရွေ့လေ့လာကြည့်တော့လည်း အနုတ် ၀ဒသမ၆ထက် မပိုဘူး။) မြန်မာနိုင်ငံအတွက် တွက်ချက်မှု ရလဒ်က

အနုတ် ၁ဒသမ၂၇ဖြစ်နေလို့ သိပ်ထူးခြားနေတာလို့ပြောခြင်းဖြစ်ပါတယ်။ ဘာသာရပ်ရဲ့သီအိုရီသဘောအရဆိုရင် ဇိမ်ခံကုန်စည်တွေအတွက်သာ ဈေးနှုန်းအလျှော့အတင်းက အနုတ် ၁ဒသမ၀(အနုတ် တစ်) ကျော်ပါတယ်။ ဒီတော့ ဆန်ဟာ မြန်မာအများစုအတွက် ဇိမ်ခံကုန်စည်ဖြစ်နေသေးတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ကျွန်တော်တွက်ချက်တဲ့ကာလဟာ ဆိုရှယ်လစ်ကာလနဲ့ အများဆုံးအကျုံးဝင်နေတာမို့ ဒီတွေ့ရှိချက်က လက်တွေ့ကျပါတယ်။

(၃) ဝယ်လိုအား(ဝါ)စားသုံးမှုပုံသဏ္ဍာန်ရဲ့ထူးခြားမှု၊ အဲဒီထူးခြားမှုကို စီးပွားရေးနဲ့စီးပွားရေးမဟုတ်တဲ့ လူမှုယဉ်ကျေးမှုရှုထောင့်များ (economic and non-economic, socio- cultural aspects)မှ ချဉ်းကပ်သုံးသပ်တင်ပြနိုင်ခြင်းပင်လျှင် အရေးပါတဲ့စွမ်းဆောင်ထောက်ကူပြုမှု(contribution)တစ်ခုဖြစ်တယ်။ ဒါကြောင့် ဆက်လုပ်စရာတွေကို ဒီအတိုင်း စနစ်တကျဆက်လုပ်ပါ။ အခု ဒီအခန်း၇ကို အချောသတ်ပြီး ပါမောက္ခဖစ်ရှာထံသို့ ပို့ပေးဖို့လိုပါမယ်။ အဲဒီအတွက် အမြန်လုပ်ပေးပါလို့ဆိုပါတယ်။

ကျွန်တော် တော်တော်လေးအားတက်မိတယ်။ ဒီတစ်ခါ ဒေါက်တာဘွဲ့တော့ ပြေးမလွတ်တော့ဘူးလို့ ပထမဆုံးအကြိမ်စိတ်ထဲယုံကြည်ခံစားရတယ်။ ဒီဇင်ဘာ ၁၅၊ ၁၆၊ ၁၇(သောကြာ၊ စနေ၊ တနင်္ဂနွေ)သုံးရက် မနားမနေကြိုးစားပြီး အခန်း၇အချောသတ်တယ်။ ၁၈-၁၂-၈၉ခုနှစ်(တနင်္လာနေ့)မှာ ကြိုတင်ပေးအမြန်စာပို့(prepaid express) နဲ့ပါမောက္ခဖစ်ရှာရုံးထိုင်တဲ့ ကင်ဘာရာမြို့ကို ပို့ပေးလိုက်ပါတယ်။

အခန်း၇ကိစ္စ ကိုယ်တိုင်လာတွေ့ဖို့ခေါ်လို့ ၂၀-၁၂-၈၉ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ကင်ဘာရာမြို့၊ Northborne Avenue လမ်းမကြီးဘေးရှိ မက်အာသာအဆောက်အအုံ(Mac Arthur House Building)ရုံးခန်းမှာ မနက် ၁၀း၄၅နာရီမှ ၁၁း၃၀နာရီအထိ ပါမောက္ခဖစ်ရှာနဲ့တွေ့ခဲ့တယ်။ သူက အရေးကြီးပုဂ္ဂိုလ် (VIP) ဖြစ်နေပြီဖြစ်လို့ တွေ့ချင်တဲ့ဧည့်သည်များတယ်။ ဒါကြောင့် ကြိုတင် appointment နဲ့တွေ့ရတာတောင် ၄၅မိနစ်သာတွေ့ရတယ်။စင်စစ် ကျွန်တော့်အတွက်ပေးတဲ့အချိန်ကအများဆုံးပါပဲ။ ဒါပေမဲ့ အဲဒီနေ့ကကျမ်းကြီး အခန်း၇ကို မနေ့ကမှရလို့ မဖတ်ရသေးဘူးတဲ့။ ကင်ဘာရာမှာ ပြည့်ပြည့်ဝဝနားပါ။ နေ့တွက်နဲ့ခရီးစရိတ်(TA, DA) ကို AIDAB (စပွန်ဆာ)ကထုတ်ပေးမှာဖြစ်လို့ ငွေကြေး

ကိစ္စမစိုးရိမ်ပါနဲ့။ နှစ်သစ် ၁၉၉၀ပြည့်နှစ်၊ ဇန်နဝါရီလ ၃ရက်နေ့မှာမှ ထပ်တွေ့မယ့်အကြောင်းပြောတယ်။ ဩစီတွေက ခရစ်စမတ်အကြို (Christmas Eve)နေ့ ညနေကစပြီး နှစ်ဆန်း၄ရက်နေ့အထိ ၁၀ရက်တိတိ အပြည့်အဝနားကြတယ်။ မိသားစုနဲ့ဖြစ်ဖြစ်၊ မိတ်ဆွေတွေနဲ့ဖြစ်ဖြစ် ပင်လယ်ကမ်းခြေ သွားအပန်းဖြေတာများတယ်။ သူတို့ဆီမှာ ဒီရက်သတ္တပတ်ကို ရွှေရက်သတ္တပတ် (Golden Week) လို့ ခေါ်ကြတယ်။ ကျွန်တော့်ကို သူက ဇန်နဝါရီ ၃ရက်နေ့တွေ့ခွင့်ပေးတာဟာ သူ့ကိုယ်ပိုင်အချိန်ထဲက ဖဲ့ပေးတာဖြစ်တယ်။ သူကပြောလိုက်သေးတယ်၊ ‘ရောက်တုန်းရောက်ခိုက် အပြည့်အဝနားပါ၊ အပန်းဖြေပါ။ မစ္စတာစိုးရဲ့ အခန်း၇နဲ့တွက်ချက်မှုအသေးစိတ် ကွန်ပျူတာ print-out တွေကို ခရစ်စမတ်ကာလအတွင်း သူကြည့်မယ်၊ ဖတ်မယ်၊ အကြောင်းရှိရင် ဖုန်းဆက်ပါ’ ဆိုပြီး သူ့အိမ်ဖုန်းနံပါတ်ပေးတယ်။ အခုလို ကင်ဘာရာမှာ ရက်ကြန့်ကြာတဲ့ကိစ္စ ဆစ်ဒနီမှာရှိတဲ့ AIDAB က တာဝန်ရှိသူကိုတင်ပြဖို့ စာတစ်စောင်လောက်ထုတ်ပေးပါလို့တောင်းတော့ ချက်ချင်းပဲ သူ့အတွင်းရေးမှူးဗစ်ကီ(Vicki) ကို ကွန်ပျူတာနဲ့ရိုက်ခိုင်း၊ သူလက်မှတ်ထိုးပြီး ကျွန်တော့်ကိုစာထုတ်ပေးတယ်။

ကျွန်တော်လည်း အကျိုးအကြောင်း အပြည့်အစုံရှင်းပြထားတဲ့စာတစ်စောင်ကို ဆစ်ဒနီရှိ ဒေါက်တာဘက်တာဟမ်ကိုရေးပို့တယ်။ ဒေါက်တာဖစ်ရှာထံမှရတဲ့စာကိုတော့ AIDAB ရုံး(ဆစ်ဒနီ)ကိုပို့လိုက်တယ်။ဒေါက်တာဖစ်ရှာနဲ့တွေ့ဖို့ အကြာကြီးစောင့်ရဦးမှာမို့ ဆစ်ဒနီလည်းမပြန်တော့ပဲ ကင်ဘာရာရှိ ဩစတြေးလျအမျိုးသားတက္ကသိုလ်(Australian National University)မှ ပါမောက္ခဒေါက်တာဂျယ်ရီဝ့ါဒ်နဲ့ဇနီးဒေါက်တာမယ်ရီယံဝ့ါဒ်တို့အိမ် သွားလည်တယ်။ ဒေါက်တာမယ်ရီယံဝ့ါဒ်နဲ့ကျွန်တော် ၁၉၈၄ ခုနှစ်၊ ပုသိမ်-မုံရွာလမ်းမကြီးကိစ္စနဲ့တွေ့ဆုံမိတ်ဆွေဖြစ်ခဲ့ကြသူဖြစ်ပါတယ်။ ပုသိမ်-မုံရွာလမ်းကြီး ဒုတိယအဆင့်လုပ်ငန်းအကောင်အထည်ဖော်ပြီးစီးမှုအခြေအနေကိုစစ်ဆေးဖို့လာတဲ့ ဩစတြေးလျစစ်ဆေးရေးအဖွဲ့မှာဘောဂဗေဒပညာရှင်အဖြစ် ပါဝင်လာတာဖြစ်ပြီး သူနဲ့ပူးပေါင်းဆောင်ရွက်ဖို့ မြန်မာဘက်က ဘောဂဗေဒပညာရှင်အဖြစ် ကျွန်တော့်ကို တာဝန်ပေးလို့ ဒေါက်တာမယ်ရီယံဝ့ါဒ်နဲ့ဆုံတွေ့ရင်းနှီးခဲ့တာပါ။ ကျွန်တော် ဆစ်ဒနီတက္ကသိုလ်စရောက်တဲ့ ၁၉၈၆ခုနှစ်၊ ဇွန်၊ ဇူလိုင်လောက်မှာ သူတို့ဇနီးမောင်နှံကသတင်းရလို့ဆိုပြီး ဆစ်ဒနီအထိ လာတွေ့တယ်။ သူတို့

အိမ်ကို အလည်ခေါ်တယ်။ အဲဒီကတည်းက ခရစ်စမတ်၊ နှစ်သစ်ကူးနေ့တွေမှာ သူတို့ အိမ်ကိုကျွန်တော်အလည်သွားလေ့ရှိပါတယ်။ သွားတိုင်းလည်းပဲ South Coast(တောင်ပိုင်းပင်လယ်ကမ်းရိုးတန်း)မှာရှိတဲ့နာမည်ကြီး လီလီပလီကမ်းခြေ (Lilli Pilli Beach)ကို အပန်းဖြေခေါ်သွားလေ့ရှိပါတယ်။ အခုတစ်ကြိမ်လည်း ခရစ်စမတ်ကာလနဲ့ဆုံပြန်တာမို့ သူတို့အိမ်မှာ တစ်ရက်၊ နှစ်ရက်နေပြီး လီလီပလီကမ်းခြေကို အပန်းဖြေသွားရောက်ခဲ့ပါတယ်။ ကမ်းခြေမှာ သူတို့ဇနီးမောင်နှံ ကိုယ်ပိုင်ဘန်ဂလိုရှိတာမို့ အလွန်အဆင်ပြေပါတယ်။ သူတို့မိသားစုက နှစ်သစ်ကူးပြီး နှစ်ဆန်း၄ရက်နေ့အထိ လီလီပလီမှာ နေကြမှာဖြစ်တယ်။

ဒါပေမဲ့ ကျွန်တော် အဲဒီလောက်အထိ မနေနိုင်ဘူး။ ကျမ်းကြီးအမြန်ပြီးချင်တယ်။ တင်ပြထားတဲ့အခန်း၇ အခြေအနေသိချင်တယ်။ ဒါကြောင့် ၂၇-၁၂-၈၉ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ လီလီပလီကမ်းခြေမှ ကင်ဘာရာမြို့ကိုပြန်တယ်။ ပါမောက္ခဒေါက်တာဖစ်ရှာအိမ်ကို ဖုန်းဆက်တယ်။ နောက်နေ့ညနေ ၃နာရီ MacArthur House မှာရှိတဲ့ သူ့ရုံးခန်းမှာ လာတွေ့ပါတဲ့။ ကျွန်တော် ကင်ဘာရာမှာနေဖို့ ကြိုတင်စီစဉ်ပေးထားတဲ့ ဩစတြေးလျအမျိုးသားတက္ကသိုလ်၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများအဆောင်(Graduate House)မှာ တည်းခိုတယ်။ စရိတ်သက်သာပြီး အဆင်ပြေရုံမက နိုင်ငံတကာက ပညာသင်၊ ပညာရှင်တွေနဲ့မိတ်ဆွေဖြစ်ရတာလည်း အမြတ်ပါပဲ။

၂၈-၁၂-၈၉ခုနှစ်(ကြာသပတေးနေ့) ညနေ ၃နာရီမှာ ဒေါက်တာဖစ်ရှာနဲ့ သူ့ရုံးခန်းမှာ သွားတွေ့တယ်။ ဝါနဲ့ သမ္မာနဲ့ပညာပြည့်စုံရင့်ကျက်တဲ့ပညာရှင်တစ်ဦးဖြစ်တာမို့ ဒေါက်တာဘက်တာဟမ်၊ ဒေါက်တာဖရူဒွန်တို့ ဝေဖန်သုံးသပ်ထားပြီးဖြစ်ပေမဲ့ အခုသူက ပိုပြီးလည်းပြည့်စုံ၊ အသေးစိတ်လည်းကျ၊ ဘက်စုံထောင့်စုံလည်းပါဝင်အောင် သုံးသပ်ချက်၊ ဝေဖန်ချက်၊ အကြံပြုချက်၊ လမ်းညွှန်ချက်တွေပေးတယ်။ ပထမဆုံး အခန်းတစ်ခန်းလုံးခြုံပြီး ကောင်းတာ၊ လိုအပ်နေတာတွေထောက်ပြတယ်။ ကျွန်တော့်ကျမ်းကြီးအတွက် တွက်ချက်မှုပုံစံအနေနဲ့ AIDS model (အပြည့်အစုံက <u>A</u>lmost <u>I</u>deal <u>D</u>emand <u>S</u>ystem ဖြစ်ပါတယ်။ အခုခေတ် ဆေးလောက၊ လူမမာလောကမှာသုံးနေတဲ့ AIDS မဟုတ်ပါ) သုံးစွဲထားပါတယ်။ AIDS model မှာ အားသာချက်တွေရှိသလို အားနည်းချက်တွေလည်းရှိတယ်။ အဲဒီအားနည်းချို့ယွင်းချက်တွေနဲ့ပတ်သက်ပြီး မည်သို့မည်ပုံ

ဖြေရှင်းကျော်လွှားနိုင်ပုံ နည်းလမ်းတွေကို သူကရှင်းပြတယ်။ AIDS model နဲ့တွက်ချက်လို့ရတဲ့အဖြေတွေနဲ့ နှိုင်းယှဉ်သုံးသပ်ပြနိုင်ဖို့ လူသုံးများတဲ့ double-log model ကိုလည်း သုံးထားတယ်။ ဒီ model တွေကိုမှ ဘာကြောင့် ရွေးသုံးရတာလဲ။ တခြား model တွေ ဘာကြောင့်မသုံးရတာလဲဆိုတာ ရှင်းပြဖို့လိုကြောင်း၊ တွက်ချက်လို့ရတဲ့အဖြေ(ဝါ)ရလဒ်တွေ ဘယ်လောက်အတိုင်းအတာအထိ အားထားနိုင်သလဲ၊ စိတ်ချရသလဲဆိုတာတွေသိအောင် diagnostic test လို့ခေါ်တဲ့ ပြဿနာ၊ ရောဂါရှာဖွေစစ်ဆေးတဲ့သဘောမျိုးဖြစ်တဲ့ စမ်းသပ်မှုအရေးပါပုံနဲ့ အဲဒီစမ်းသပ်မှုမျိုး လိုအပ်တဲ့အခြေအနေနဲ့မလိုအပ်တဲ့အခြေအနေတွေကို ရှင်းပြဖို့(ဝါ)စမ်းသပ်မှုလုပ်ဖို့အရေးကြီးကြောင်း၊ ဘယ်model မဆို အရေအတွက်ပိုင်းဆိုင်ရာဆက်စပ်မှုကိုတောင် ၁၀၀ ရာခိုင်နှုန်း ရှင်းပြနိုင်တာမဟုတ်ဘူး။ ရှင်းမပြနိုင်တာတွေရှိမယ်။ အထူးသဖြင့် အရည်အသွေးပိုင်းဆိုင်ရာဆက်စပ်မှုတွေကိုရှင်းမပြနိုင်ဘူး။ အဲဒီလို model က ရှင်းမပြနိုင်တဲ့ဆက်စပ်မှုတွေ ဘယ်လောက်ထိရှိသလဲ၊ ဘယ်လောက်အရေးပါသလဲဆိုတာတွေ ခန့်မှန်းသိရှိနိုင်အောင် dummy variables လို့ခေါ်တဲ့ ကိန်းရှင်အတုတွေ ထည့်ပေးရသေးတယ်။ ရှင်းပြဖို့လည်းလိုမယ်စသည်ဖြင့်လမ်းညွှန်ရှင်းပြတယ်။

Econometric modeling အပိုင်းတစ်ခုလုံး ခြုံပြီးရေးသားတင်ပြရာမှာ လုပ်ရမယ့်အစီအစဉ်နဲ့ပတ်သက်ပြီး ပါမောက္ခဖစ်ရှာရဲ့အကြံပြုလမ်းညွှန်ချက်တွေကလည်း ကျွန်တော့်အတွက်သာမက မြန်မာနိုင်ငံမှာဘွဲ့လွန်ဘွဲ့ အထူးသဖြင့် ဒေါက်တာဘွဲ့ကျမ်းပြုစုနေသူတွေနဲ့ကြီးကြပ်သူတွေအတွက်ပါအင်မတန်အသုံးဝင်နိုင်ပါတယ်။ Econometric modeling ပိုင်း တစ်ခုလုံးခြုံပြီး present လုပ်တဲ့အခါ အောက်ပါအစီအစဉ်အတိုင်း လုပ်ရမယ်တဲ့။

(၁) Theoretical issues(သီအိုရီပိုင်းဆိုင်ရာ ပြဿနာ)တွေကိုချည်း အခန်းတစ်ခန်းမှာ ဆွေးနွေးသုံးသပ်ပေးရပါမယ်။

(၂) ကိန်းရှင်တွေရဲ့ဆက်စပ်မှုကို ခန့်မှန်းတွက်ချက်မှုရဲ့လက်တွေ့အခက်အခဲပြဿနာတွေ(practical issues in estimation)ချည်း တစ်ခန်းသီးသန့်ခွဲပြီး ဆွေးနွေးတင်ပြရပါမယ်။

(၃) ခန့်မှန်းတွက်ချက်ပုံနဲ့ခန့်မှန်းတွက်ချက်လို့ရတဲ့အဖြေရလဒ်တွေချည်း အခန်းတစ်ခန်းသပ်သပ်ဖော်ပြရပါမယ်။

(၄) ခန့်မှန်းတွက်ချက်လို့ရတဲ့ရလဒ်တွေကို အဓိပ္ပာယ်ဖွင့်၊ အဓိပ္ပာယ်သက်ရောက်မှုတွေ သုံးသပ်၊ ကောက်ချက်ဆွဲတာတွေအခန်းတစ်ခန်းမှာ သီးသန့်ဖော်ပြရပါမယ်။

(၅) ခန့်မှန်းတွက်ချက်ရတာ သိပ်မများရင်တော့ ၃နဲ့၄ ပေါင်းပြီး တစ်ခန်းတည်းမှာ သုံးသပ်ဖော်ပြလို့ရပါတယ်။

ဒီအဆင့်၊ အစီအစဉ်အားလုံးအတွက် အရေးကြီးဆုံးက စာရင်းအင်းကိန်းဂဏန်းအချက်အလက်တွေညီညွတ်မှုရှိဖို့(data consistency) ဖြစ်တယ်။ ဒါကြောင့် data consistency ရှိ၊ မရှိ အရင်စစ်ဆေးဖို့ ပါမောက္ခဖစ်ရှာက အကြံပြုပါတယ်။

သုံးသပ်ချက်ဖြစ်စေ၊ သရုပ်ခွဲဆန်းစစ်မှုဖြစ်စေ၊ ရေးသားတင်ဆက်မှုဖြစ်စေ၊ အထူးဂရုပြုဖို့၊ သတိထားဖို့ ဖစ်ရှာကမှာကြားတဲ့အထဲမှာ

(၁) အခြားပုဂ္ဂိုလ်တွေရဲ့ရေးသားချက်၊ စကားလုံးကအစ တိုက်ရိုက်ကူးယူဖော်ပြတာမျိုး လုံးဝ(လုံးဝ)မလုပ်မိပါစေနဲ့။ မိမိကိုယ်ပိုင်အရေးအသား၊ အသုံးအနှုန်းအဖြစ်ရေးသားတင်ပြရန်။

(၂) အခြားပုဂ္ဂိုလ်များရဲ့ရေးသားချက်၊ အသုံးအနှုန်းတွေထဲက ထုတ်နုတ်ကိုးကားနိုင်ပါတယ်။ ဒါပေမဲ့ ထုတ်နုတ်ကိုးကားချက်တိုင်းအတွက် ကျမ်းကိုး(reference)ပေးဖို့လိုတယ်။

(၃) ထုတ်နုတ်ကိုးကားချက်(quotation)ကလည်း သိပ်ပြီး စပ်ဆိုင်မှုရှိမှ ထုတ်နုတ်ကိုးကားရန်၊ မကြာခဏ quote လုပ်ခြင်း၊ quotationအမြောက်အမြားပေးခြင်းတို့မလုပ်သင့်ပါ။

(၄) အောက်ခြေမှတ်စု(foot note)လည်း လိုသလောက်သာပေးပါ။ မလိုအပ်ဘဲအရှည်ကြီးမပေးပါနဲ့။ မလိုတာတွေမပါစေပါနဲ့။

ဒီအချက်တွေကလည်း ကျွန်တော်တို့နိုင်ငံက ဒေါက်တာဘွဲ့ရဖို့ ကြိုးစားလုပ်ကိုင်နေကြသူတွေအတွက် အရေးကြီးပါတယ်။ အလွယ်လိုက်၊ ဖြတ်လမ်းလိုက်၊ ဟိုကယူ၊ ဒီကယူပြီး ကျမ်းကိုးမပေးဘဲ ကိုယ်ပိုင်ဟန်မျိုးနဲ့ ကလိမ်ကျတာ၊ စာခိုးတာ၊ ပညာရပ်နဲ့ပညာရှင်တွေအပေါ် သစ္စာမဲ့တာတွေဟာ အင်မတန်မလုပ်သင့်၊ မလုပ်ထိုက်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။

ကျွန်တော့်ကျမ်းကြီး အခန်း၇အပေါ် အားလုံးခြုံပြီး ဖစ်ရှာက ပြောရာမှာ

မစ္စတာစိုးရဲ့ အခန်း၇ကို ယေဘုယျအားဖြင့်လက်ခံပါတယ်။ အမှားမပါပေမဲ့ ပြည့်စုံမှုမရှိသေးတာတွေ့ရတယ်။ လမ်းကြောင်းမှန်နေပြီးတွေ့ရှိချက်တွေလည်း အဖိုးတန်ပါတယ်။ ဒါပေမဲ့ သုံးသပ်ချက်တွေ၊ ကောက်ချက်တွေကိုတော့ ဘက်စုံ၊ ထောင့်စုံအောင် လေ့လာဆန်းစစ်ပြီးမှ လုပ်ရပါမယ်။ သူစောစောက ဝေဖန်သုံးသပ်ပြီး လမ်းညွှန်ထားချက်တွေအတိုင်း ဖြည့်စွက်စရာတွေဖြည့်စွက်ပြီး အချောသတ်လို့ရပါပြီ၊ နောက်တစ်ခန်းကိုလည်း ဆက်ရေးလို့ ရပါပြီတဲ့။ ဒါပေမဲ့ ဒါအပြီးသတ်မဟုတ်သေးဘူး။ Thesisအဖြစ် အသေအချာ organize လုပ်ပြီး အချောရေးတင်ပြရမှာဖြစ်တယ်။ အဲဒီအချော တစ်ခန်းပြီးတစ်ခန်း ကြီးကြပ်သူတွေက pass လုပ်မှ နောက်ဆုံး ကျမ်းကြီးအဖြစ် စာအုပ်ချုပ်၊ ကျမ်းကြီးစစ်ဆေးဖို့ စာစစ်သူ(အတွင်းနဲ့ပြင်ပ)ခန့်ပြီး စစ်ဆေးမှာဖြစ်တယ်တဲ့။ ဒေါက်တာဘွဲ့ ခရီးကရှည်လျားသလို ကြမ်းတမ်းပါဘိ။

ကြီးကြပ်သူတွေကြား ဗျာများခဲ့ရတဲ့ကာလ

ကျွန်တော့်ဒေါက်တာဘွဲ့ကျမ်းကြီး အခန်း၇နဲ့ပတ်သက်ပြီး ဆစ်ဒနီတက္ကသိုလ်ရှိ အနီးကပ်ကြီးကြပ်သူ ဒေါက်တာဘက်တာဟမ်နဲ့ ဒေါက်တာဖရူဒွန်၊ ကင်ဘာရာမြို့တော်သို့ ရာထူးအဆင့်တိုးမြှင့်ပြောင်းရွှေ့သွားတဲ့ ကနဦးကြီးကြပ်သူ ပါမောက္ခဒေါက်တာဖစ်ရှာတို့အကြား လူးလားဆန်ခတ် ရုန်းကန်ကြိုးစားရပုံ၊ ဘက်တာဟမ်နဲ့ဖရူဒွန်တို့က ကိုယ့်သဘောနဲ့ကိုယ် မဆုံးဖြတ်ရဲပဲ ဒေါက်တာဖစ်ရှာရဲ့ဆုံးဖြတ်ချက်သာအတည်ဖြစ်လို့ ဘက်တာဟမ်နဲ့ဖရူဒွန်တို့ရဲ့ဝေဖန်သုံးသပ်လမ်းညွှန်ချက်တွေနဲ့ဖစ်ရှာရဲ့ဝေဖန်သုံးသပ်လမ်းညွှန်ချက်တွေမတူတဲ့အခါ ကျွန်တော့်မှာ ကြားထဲက သောကဒုက္ခရောက်ရပုံ၊ ဖစ်ရှာရဲ့ ဝေဖန်သုံးသပ်လမ်းညွှန်ချက်တွေရဖို့ စောင့်ဆိုင်းရပုံတွေကို ဆွေးနွေးဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ကံဆိုးတယ်ပဲဆိုရမလား၊ အတွေ့အကြုံရတယ်ပဲပြောရမလား၊ ကြီးကြပ်သူပြဿနာကြောင့် ကျွန်တော်ပင်ပန်းဆင်းရဲခဲ့တာတော့ အမှန်ပဲ။

၂၈-၁၂-၈၉ခုနှစ်(ကြာသပတေးနေ့)မှာ ကင်ဘာရာရောက် ပါမောက္ခဖစ်ရှာထံမှ အခန်း၇နဲ့ပတ်သက်ပြီးတော့ရော ကျမ်းကြီးတစ်အုပ်လုံးနဲ့ပတ်သက်ပြီးတော့ပါ ဝေဖန်၊ သုံးသပ်၊ အကြံပြုလမ်းညွှန်ချက်တွေရပြီးနောက် ဆစ်ဒနီသို့ ပြန်ခဲ့ပါတယ်။

အခုဆိုရင် ကျွန်တော့်ကျမ်းကြီးရဲ့ အခန်း၁နိဒါန်းနဲ့ အခန်း၈ နိဂုံး၊ အခန်း

နှစ်ခန်းသာရေးဖို့ကျန်ပြီး ကျန်တဲ့အခန်းတွေ ပြီးပြီလို့ဆိုနိုင်ပေမဲ့ မူကြမ်းသာပြီးတာဖြစ်ပါတယ်။ အတည်ဖြစ်ပြီလို့ မဆိုနိုင်သေးပါဘူး။ ကျမ်းကြီးပြုစုရတဲ့ အလုပ်သဘောအရ ကြီးကြပ်သူတွေဖတ်ဖို့ကျမ်းကြီးအခန်း တစ်ခန်းပြီး တစ်ခန်း မူကြမ်းရေးပြီး ကျွန်တော်တင်ပြတယ်။ ကြီးကြပ်သူတွေဖတ်ပြီး သုံးသပ်အကြံပြု လမ်းညွှန်ချက်တွေနဲ့အတူ ပြန်ချပေးတယ်။ အဲဒီအကြံပြုလမ်းညွှန်ချက်တွေ အတိုင်း ကျွန်တော်ကပြင်ဆင်ပြီး ပြန်တင်ရတယ်။ တစ်ခန်းတင်ထားဆဲ ကျန် အခန်းတွေကို မူကြမ်းဆက်ရေးတယ်။ အဲဒီလို တင်လိုက်၊ ပြင်လိုက်နဲ့ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလအကုန်လောက်မှာ အခန်း ၂၊ ၃၊ ၄ သုံးခန်း အချောသတ်ပြီးစီးတယ်။ ဒီလိုအချောသတ်ပြီးတာတောင် ကျန်တဲ့အခန်းတွေ(၅၊ ၆၊ ၇)မှာ ကြီးကြီးမားမားပြင်ရမယ်ဆိုရင် အဲဒီပြင်ဆင်ချက်တွေနဲ့လိုက်လျောညီထွေဖြစ်အောင် အခန်း(၂၊ ၃၊ ၄) တို့ကိုလည်း နည်းနည်းပါးပါးပြန်ပြင်ချင် ပြင်ရပါဦးမယ်။ မပြင်ရဘူးဆိုရင်တော့ ကံကောင်းတာပေါ့။

ဒီဇင်ဘာလ ၂၄ရက်မှ နှစ်သစ် ဇန်နဝါရီလ ၄ရက်နေ့အထိဟာ ဩစတြေးလျနိုင်ငံမှာ အလုပ်ပိတ်ရက်ကာလဖြစ်တယ်။ ရွှေရက်သတ္တပတ်(Golden Week)လို့ တင်စားခေါ်ဝေါ်ကြတယ်။ အခုကျွန်တော်ရေးနေ၊ ပြောနေတဲ့ကာလဟာ အဲဒီ 'ရွှေ' ကာလထဲမှာပါ။ ကျွန်တော်က ကာယကံရှင်မို့ မနားရ၊ မအားရတာ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကြီးကြပ်သူတွေက သူတို့ရဲ့ 'ရွှေ' ကာလထဲကအချိန်ကို ကျွန်တော့်အတွက် ဖဲ့ပေးနေရတာဖြစ်ပါတယ်။ သူတို့အတွက် အားနာပေမဲ့ သူတို့တစ်တွေ စေတနာထားပြီး ကူညီတာကိုတော့ တစ်သက်မမေ့နိုင်စရာပါပဲ။

ကျွန်တော် ဆစ်ဒနီကိုပြန်ရောက်ပြီးလည်း မအားရ၊ မနားရပါဘူး။ ကျမ်းကြီးကိစ္စကိုလည်း သုံးပတ်လောက်ပစ်ထားခဲ့ရတယ်။ အရေးကြီးကိစ္စသုံးခုလုပ်စရာပေါ်လာလို့ပါ။ ပထမတစ်ခုက ပညာသင်ကာလ တိုးချဲ့ပေးဖို့ လျှောက်ထားရေးကိစ္စပါ။ ၁၉၉၀ပြည့်နှစ်၊ စက်တင်ဘာလမှာ ကျွန်တော့်အတွက် တရားဝင်ပညာသင်ခွင့်ပြုကာလ ပြီးဆုံးမှာဖြစ်တယ်။ အခု ၁၉၈၉ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းဆိုတော့ ၉လပဲကျန်တယ်။ ပညာသင်ကာလတိုးချဲ့မပေးရင် ကျမ်းကြီးမပြီးနိုင်ဘူး။ ဒုတိယကိစ္စတစ်ခုက ကွင်းစ်လန်း(Queensland)ပြည်နယ်၊ ဘရစ်ဘိန်းမြို့(Brisbane)မှာ ဖေဖော်ဝါရီလကုန်ပိုင်းမှာကျင်းပမယ့် ကွန်ဖရင့်

မှာဖတ်ဖို့ တင်ပြထားတဲ့စာတမ်းကိုလက်ခံအတည်ပြုလိုက်လို့ စာတမ်းအချော ပြုစုပေးရမယ့်ကိစ္စနဲ့ တတိယက ကျွန်တော် ဦးနှောက်သွေးကြောပေါက်လို့ ခွဲစိတ်ကုသမှု တစ်နှစ်ပြည့်လို့ ပြန်ပြီးစစ်ဆေးရမယ့်ကိစ္စတွေပါ။ ဒီအလုပ် သုံးခုစလုံးကို ၁၈-၁-၉၀ပြည့်နှစ်(ကြာသပတေးနေ့)မှာ ပြီးပြတ်အောင် လုပ်ခဲ့ ပါတယ်။

နောက်နေ့ကစပြီး ပါမောက္ခဖစ်ရှာရဲ့ လမ်းညွှန်အကြံပြုချက်အတိုင်း ကျမ်းကြီး အခန်း၇ကို ပြန်လည်ပြင်ဆင်ဖြည့်စွက်တာတွေလုပ်တယ်။ ဒီမှာ ဝါကျတစ်ကြောင်းတည်းနဲ့ရေးရ ပြောရပေမဲ့ တကယ်လက်တွေ့မှာတော့ အစ၊ အဆုံးပြန်လုပ်ရတဲ့သဘောပါပဲ။ AIDS model နဲ့ပတ်သက်ပြီး သီအိုရီပိုင်း ဆိုင်ရာ ဖြည့်စွက်မှုတွေကို ဖြည့်စွက်ဖို့ ဖတ်မှတ်ထုတ်နုတ်ရ၊ ပြန်ရေးရ လုပ်ရ သလို ကိန်းဂဏန်းအချက်အလက်တွေကိုလည်း ပြန်လည်စစ်ဆေးရတယ်။ အားလုံးပြီးတော့ modelကို ပြန်လည် run လုပ်ရပါတယ်။ အလားတူပဲ double- log model အတွက်လည်း ဖြည့်စွက်ပြုပြင်ပြီး ပြန်လည် run လုပ်ရ ပါတယ်။ ဒီတစ်ခါ ထွက်လာတဲ့အဖြေ(ရလဒ်)တွေက အရင်ကတွက်ချက် run လုပ်ထားခဲ့တဲ့အဖြေတွေနဲ့အများကြီးကွဲလွဲလာတာတွေ့ရပါတယ်။ အဖြေ၊ ရလဒ်တွေ ပိုကောင်းလာတယ်။ ဒီပြုပြင်ပြီး model တွေနဲ့ ဝယ်လိုအားခန့်မှန်း ချက်(demand estimation)တွေရတဲ့အထိ နှစ်လနီးပါးကြာအောင် လုပ်ခဲ့ရ တယ်။ အဖြေ၊ ရလဒ်တွေကို ဇယားဖွဲ့အကျဉ်းချုပ်စုစည်းဖော်ပြချက်(summary table of estimated results)နဲ့ ရလဒ်တွေရဲ့စိတ်ချနိုင်မှု၊ အားထားနိုင်မှု၊ ညီညွတ်မှု စတဲ့စာရင်းအင်းနည်းလမ်းတွေနဲ့စမ်းသပ်စစ်ဆေးမှု (diagnostic test)တွေ ပြီးတဲ့အထိ နောက်ထပ်နှစ်ပတ်လောက်လုပ်ခဲ့ရတယ်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လတတိယပတ်ထဲမှာပြီးတယ်။ အဖြေ၊ ရလဒ်တွေရဲ့ဆိုလိုချက် အဓိပ္ပာယ်တွေ၊ သက်ရောက်မှုတွေကိုတော့ အကျဉ်းလောက်ပဲ တို့ထား၊ မှတ် ထားပြီး စနစ်တကျဖိုင်နဲ့တွဲထားလိုက်တယ်။ ဒီလိုနဲ့ မတ်လကုန်ပါလေရော။

၁၉၉၀ပြည့်နှစ်၊ ဧပြီလ ပထမပတ်မှာ ကျမ်းကြီး အခန်း၅ကို ပြန်ဖတ်ဖြည့် စွက်စရာရှိတာ ဖြည့်စွက်ပြင်ဆင်တယ်။ အခန်း ၅က စားသုံးမှုကိုခန့်မှန်း တွက်ချက်ရာမှာ အသုံးပြုမယ့် မိုဒယ်တွေကို ဝိသေသပြု အစီအစဉ်ချဖော် ပြခြင်း(model specification)နဲ့ လက်တွေ့ခန့်မှန်းခြင်းဆိုင်ရာ သီအိုရီပိုင်း

ရှင်းလင်းချက်(Theory of empirical estimation of food demand) တို့နဲ့
သက်ဆိုင်ပါတယ်။ သူတို့နိုင်ငံမှာ Good Friday ခေါ် Easter Holiday က
၁၃-၄-၁၉၉၀ပြည့်နှစ်၊ သောကြာနေ့ စတင်ပါတယ်။ ရက်အတန်ကြာအထိ
ဝန်ထမ်းတွေအတွက် အားလပ်ရက်ဖြစ်လို့ အလုပ်မလုပ်ဘဲ နားလေ့ရှိကြပါ
တယ်။ ဒါကြောင့် ကျွန်တော်က အခန်း ၅ကို ၁၂-၄-၉၀ပြည့်နှစ်(ကြာသပတေး
နေ့) နောက်ဆုံးထားပြီး Print-out ထုတ်တယ်။ ကျွန်တော့်ပြဿနာအခက်
အခဲကပါမောက္ခဖစ်ရှာဆီမပို့မီ ဆစ်ဒနီတက္ကသိုလ်မှာတင် ဒေါက်တာဘက်
တာဟမ်၊ ဒေါက်တာဖရူဒွန်နဲ့ဒေါက်တာဒရိုင်နန်ဆိုတဲ့သုံးဦးက အရင်ဖတ်တာမို့
ကော်ပီထုတ်တိုင်း(ကျွန်တော့်အတွက် လက်ခံတစ်စုံအပါအဝင်) အနည်းဆုံး
လေးစုံထုတ်ရပါတယ်။ ၁၂-၄-၉၀ခုနှစ်(ကြာသပတေးနေ့)၊ ညနေ ၄နာရီခွဲမှာမှ
Print-out တွေပြီးစီးအောင်ထုတ်ပြီး သူတို့သုံးယောက်လက်ထဲအပ်ခဲ့တယ်။
Print-out copy တွေ ပြန်ဖတ်ချိန်တောင် မရခဲ့ဘူး။

အလုပ်တွေက လက်ဝင်တယ်၊ စေ့စပ်သေချာရတယ်၊ မှန်ကန်ရတယ်။
ဒါကြောင့် ဘယ်နေ့ပြီးရမယ်လို့ ဇယားချလုပ်ပေမဲ့ ပြီးချင်မှပြီးတယ်။ မြန်မာ
နိုင်ငံ ပညာရေးဝန်ကြီးဌာနကခွင့်ပြုထားတဲ့ပညာသင်ကာလကုန်ဆုံးဖို့လည်း
နီးသည်ထက်နီးလာပြီး ပညာသင်ကာလတိုးချဲ့ခွင့်ပြုဖို့ လျှောက်ထားပြီးဖြစ်ပေမဲ့
ခွင့်ပြု၊ မပြုက မသေချာမရေရာ။ ဒါကြောင့် ရှိတဲ့အချိန်အတွင်းမှာပဲ မနား
မနေ အလုအယက်လုပ်ရတာမို့ အချိန်မပေးနိုင်လို့ နေ့လယ်စာနဲ့ ညနေစာကို
တစ်နပ်တည်းပေါင်းစားရတဲ့ ရက်တွေလည်း မမှတ်မိတော့လောက်အောင်ပါပဲ။
မြန်မာပညာသင်အထူးသဖြင့် ပါရဂူဘွဲ့ပညာသင်တို့အပေါ် ဖိအား၊ တင်းအား
တွေများလွန်းပါတယ်။

အခန်း၅ကိုဖတ်ဖို့ ကြီးကြပ်သူတွေဆီ တင်ပြထားပြီးဖြစ်ပေမဲ့ ပိတ်ရက်
ကာလနဲ့ ကြုံကြိုက်နေလို့ တော်ရုံနဲ့ကျလာဦးမှာမဟုတ်ဘူး။ ဒါကြောင့် ကျမ်း
ကြီးတစ်အုပ်လုံးချုပ်နိုင်ဖို့ ပြင်ဆင်တဲ့အနေနဲ့အချောသတ်ထားတဲ့ အခန်း ၂၊
၃၊ ၄တို့ကို ပြန်ဖတ်တယ်။ အမှားတွေ၊ စာကျတွေ၊ စာကျန်တွေ တွေ့လာရင်
ထပ်ပြင်တယ်။ ပြီးတော့ အခန်း၁နဲ့ နိဂုံးအခန်း၈တို့ကိုမူကြမ်း စတင်ရေးတယ်။
နှစ်လကျော်ကြာပြီး ၂၅-၇-၁၉၉၀ ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ ဒေါက်တာ
ဘက်တာဟမ်ကခေါ်တွေ့ပြီး အခန်း၅ရေးထားတာ မကြိုက်သေးဘူးတဲ့။ အခန်း

၅ကိုပဲ အခန်း၅နဲ့၆ ထပ်ခွဲလိုက်ပါတဲ့။ အခန်း၅မှာ model specification ကိစ္စတစ်ခုတည်းကိုရေး၊ အခန်း၆မှာ Theory of Empirical Estimation ကို ရေးပါတဲ့။ စိတ်ဓာတ်ကျသလားတော့မမေးနဲ့။ မော်လမြိုင်လေသံနဲ့ပြောရရင် ကျမှကျပဲ။ ပြဿနာက ဒေါက်တာဖရူဒ္ဒန်နဲ့ဒေါက်တာဒရိုင်နန်တို့ဆီက ပြန်မကျသေးတော့သူတို့နှစ်ယောက် ဘာပြောမယ်မသိသေး။ ဒေါက်တာဘက်တာဟမ်က သူတို့နှစ်ယောက်ကိုပြောထားတယ်ထင်ပါရဲ့။ ၂-၈-၁၉၉၀ပြည့်နှစ် (ကြာသပတေးနေ့)မှာ ကျွန်တော့်ကိုခေါ်တွေ့ပြီး ဒေါက်တာဘက်တာဟမ် အကြံပြုတဲ့အတိုင်း ဆက်လုပ်ပါတဲ့။ ဘယ်တတ်နိုင်မလဲ၊ လုပ်ပေါ့။

တစ်ခုကံကောင်းတာက အကြောင်းအရာကို သိပ်မပြင်ရဘဲ ဖွဲ့စည်းမှု (organization)အပိုင်းကိုသာ ပြင်ရတာဖြစ်လို့ သုံး၊ လေးရက်အတွင်း ပြီးအောင် လုပ်ပြီးပြန်တင်လိုက်ပါတယ်။ ၉-၈-၉၀ပြည့်နှစ်(ကြာသပတေးနေ့)မှာ ကြီးကြပ်အဖွဲ့ကခေါ်လို့သွားတွေ့တယ်။ အခန်း၅၊ ကျေနပ်တယ်။ အခန်း၆က အခန်း ၇နဲ့ချိတ်ဆက်ရမှာမို့ ထပ်ပြင်ဦးတဲ့။ စီးပွားရေးအရ သရုပ်ခွဲဆန်းစစ်မှု (economic analysis)အားနည်းနေတယ်။ အဲဒါကို ပိုပြီး ပီပြင်ထိရောက်အောင်ရေးပါတဲ့။ ကြိုးစားပြီး ပြင်တယ်။ ၂၀-၈-၉၀ပြည့်နှစ်(တနင်္လာနေ့)မှာ ထပ်တင်တယ်။ ၂၃-၈-၉၀ပြည့်နှစ်(ကြာသပတေးနေ့)မှာ ကျွန်တော့်ကိုခေါ်တွေ့ပြီး မကြိုက်သေးဘူးထပ်ပြင်ပါတဲ့။ ပညာသင်ခွင့်ပြုကာလတစ်လသာ ကျန်တော့တာမို့ စိုးရိမ်စိတ်တွေ၊ သောကတွေ ဖိစီးလာပြန်တယ်။ ဒီသုံးယောက်က အိုကေဆိုမှ ပါမောက္ခဖစ်ရှာဆီပို့ရမှာဖြစ်ပြီး ဖစ်ရှာလက်ထဲ ဘယ်လောက်ကြာလို့ ဘာတွေပြင်ခိုင်းဦးမယ်မသိဘူးလေ။ analysis (သရုပ်ခွဲဆန်းစစ်မှု)အပိုင်းရော၊ presentation (တင်ပြပုံ)အပိုင်းပါ ပြင်ခိုင်းတယ်။ ကျွန်တော့်ဘက်က ပြီးချင်ဇောနဲ့တက်သုတ်ရိုက်ရေးရလို့ အဆင့်မမီတာတွေပါနိုင်သလို သူတို့က အိုကေပြီး ဖစ်ရှာဆီ ရောက်ခါမှပယ်ချရင် သူတို့သုံးဦးသိက္ခာကျမှာ စိုးရိမ်လို့ ဝက်အူတင်းတာလည်းပါတယ်။ ဒါကြောင့် စံချိန်အဆင့်အတန်း(standard)ကို သိပ်ထိန်းတာပါ။

လုပ်ပေးရမှာက ကျွန်တော့်တာဝန်။ ဒါကြောင့် ကျွန်တော့်စီနီယာဖြစ်တဲ့ ချာလီရဲ့ဘွဲ့ကျမ်းကြီးအပါအဝင် မကြာမီက ပြီးခဲ့တဲ့ဘွဲ့ကျမ်းကြီး နှစ်စောင်၊ သုံးစောင်ကို စာကြည့်တိုက်သွားပြီးဖတ်တယ်။ သူတို့ရဲ့ analysis နဲ့ တင်ပြပုံ

တွေကိုလေ့လာတယ်။ ပြီးမှ ကျွန်တော့်ကို ပြင်ခိုင်းတာကို ပြင်တယ်။ ပြန်ရေးသင့်တာပြန်ရေးတယ်။ ၃၀-၁၀-၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာမှ ပြီးလို့ အဲဒီနေ့ပဲ တင်လိုက်တယ်။ ၁-၁၁-၉၀ပြည့်နှစ်(ကြာသပတေးနေ့)မှာ ဒေါက်တာဘက်တာဟမ်နဲ့အဖွဲ့က ကျွန်တော့်ကို ခေါ်တွေ့တယ်။ ကြိုက်တယ်၊ လက်ခံတယ်။ ဖစ်ရှာဆီအမြန်ဆုံး ဆက်လက်တင်ပြပေးမယ်တဲ့။ ဒီအတောအတွင်း အခန်း၁နဲ့၈ ဆက်ရေးပါတဲ့။ စင်စစ် အဲဒီနှစ်ခန်းက မူကြမ်းရေးထားပြီးပြီ။ ဒါပေမဲ့ အခန်း ၅၊ ၆၊ ၇တို့မှာ ပြင်ထားတာတွေနဲ့ညီညွတ်အောင် အခန်း၁နဲ့ ၈မှာ ပြင်စရာရှိတာ ပြင်ဆင်ပြီး ပြန်တင်လိုက်ပါတယ်။ ၇-၁၁-၉၀ ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ အခန်း၅၊ ၆နဲ့၇ကို အမြန်စာပို့နဲ့ ပါမောက္ခဖစ်ရှာဆီ ပို့တယ်လို့သိရတယ်။

စိတ်တထင့်ထင့်နဲ့ ပါမောက္ခဖစ်ရှာဆီက အကြောင်းပြန်ချက်ကိုမျှော်တယ်။ ၁၉၉၀ပြည့်နှစ်၊ စက်တင်ဘာလကုန်မှာ ကျွန်တော့်အတွက် ပညာသင်ခွင့်ပြုကာလကုန်ဆုံးမှာဖြစ်တယ်။ ဖစ်ရှာကလည်း အလုပ်များလွန်းတဲ့သူဖြစ်လို့ အချိန်မီဖတ်မှဖတ်နိုင်ပါ့မလား၊ စိတ်တိုင်းကျပါ့မလားဆိုတဲ့စိုးရိမ်စိတ် ဖိစီးမှုများနဲ့စောင့်မျှော်ရတော့တယ်။

ပညာသင်ကာလ သက်တမ်းတိုးရေးပြဿနာ

၁၉၉၀ပြည့်နှစ်၊ စက်တင်ဘာလကုန်မှာ ကျွန်တော့်ပညာသင်ခွင့်ပြုကာလကုန်ဆုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ပညာသင်ကာလနောက်ထပ်တစ်နှစ် တိုးချဲ့ခွင့်ပြုပေးဖို့ လျှောက်လွှာကို ၂-၁-၁၉၉၀ပြည့်နှစ် (အင်္ဂါနေ့)မှာ ပညာသင်ဆုကာလတိုးချဲ့ခွင့်ပြုကြောင်း စပွန်ဆာ AIDAB ထံမှထောက်ခံစာနဲ့အတူ ပူးတွဲပြီး ကင်ဘာရာရှိမြန်မာသံရုံးသို့ပို့ခဲ့တယ်။ ကျွန်တော်က ကိုလံဘိုစီမံကိန်းအစီအစဉ်အရ ပညာသင်ခွင့်ရခြင်းဖြစ်ပါတယ်။ ဒီအတွက် အကောင်အထည်ဖော်ပေးသူ စပွန်ဆာအဖြစ် Australian International Development Assistance Bureau(AIDAB)ကတာဝန်ယူခဲ့ပါတယ်။ ပညာသင်ဆုကြေးငွေကိစ္စကို AIDAB က တာဝန်ယူရပါတယ်။ ဒါကြောင့်ပညာသင်ကာလ(study period)တိုးချဲ့ခွင့်ပြုဖို့မလျှောက်မီ ပညာသင်ဆုကာလတိုးချဲ့ခွင့်ပြုဖို့ အတည်ပြုချက်(award extension approval)ကို အရင်ရယူရပါတယ်။ ကျွန်တော်ဆေးရုံတက်ခဲ့စိတ်ကုသခဲ့ရတဲ့ ကာလက(ဆေးရုံအတွင်းလူနာကာလ၊ အပြင်လူနာကာလ၊ နာလန်ထကာလ) အားလုံးစုစုပေါင်း ၈လလောက်ကြာခဲ့ပါတယ်။ အဲဒီ

အတွက်လည်း AIDAB က မဖြတ်တောက်ဘဲပညာသင်ဆုငွေဆက်ပေးခဲ့တယ်။
အခုလည်း ပညာသင်ကာလ တိုးချဲ့ခွင့်ပြုဖို့လျှောက်လွှာနဲ့ပူးတွဲတင်ပြလို့ ပညာ
သင်ဆုကာလ တိုးချဲ့ခွင့်ပြုကြောင်း စာထုတ်ပေးပါတယ်။

ကြီးကြပ်သူ ပြဿနာပေါ် လို့အခက်အခဲပေါင်းစုံကို ကိုယ်ရောစိတ်ပါ
ကြံ့ကြံ့ခံပြီး ရုန်းကန်ကြိုးစားနေရဆဲ အခုတစ်ခါ ပညာသင်ကာလပြဿနာ
ပေါ်ပြန်ပြီ။ ၇-၄-၁၉၉၀ပြည့်နှစ်(စနေနေ့)မှာ ရန်ကုန်နေအိမ် ဇနီးသည်ဆီက
တယ်လီဖုန်းဆက်တယ်။ ပညာသင်ကာလတိုးချဲ့ပေးဖို့ လျှောက်ထားတာခွင့်
မပြုဘူးတဲ့။ အချိန်စေ့ရင် တစ်ရက်မစွန်း ပြန်ရမယ်တဲ့။ ကင်ဘာရာ မြန်မာ
သံရုံးမှလည်း ပညာသင်ကာလ တိုးချဲ့တောင်းဆိုတာကို ခွင့်မပြုကြောင်း
တရားဝင်အကြောင်းကြားစာကို ၁-၅-၁၉၉၀ ပြည့်နှစ်(အင်္ဂါနေ့)မှာ လက်ခံ
ရရှိပါတယ်။ ဒေါက်တာဘက်တာဟမ်နဲ့တွေ့ပြီး အကျိုးအကြောင်းတင်ပြ
တယ်။ ဒေါက်တာဘက်တာဟမ်ကလည်း တော်တော်စိတ်ပျက်ပြီး 'မစ္စတာစိုး
ဒေါက်တာဘွဲ့အတွက် ပညာသင်လာတာကို သူတို့ရဲ့တရားဝင်ခွင့်ပြုချက်နဲ့
လာတာမဟုတ်လား၊ ဒါဆို ဒေါက်တာဘွဲ့အတွက် ဘာတွေလုပ်ရတယ်၊
ဘယ်လိုအခက်အခဲတွေရှိတတ်တယ်ဆိုတာ သူတို့မသိဘူးလား' တဲ့။ ကျွန်တော်
လည်း အကြီးအကျယ် စိတ်ပျက်မိတာမှန်ပေမဲ့ အခုလက်တွေ့ကျကျ စဉ်းစား
ဆုံးဖြတ်ရမှာ မို့ 'ဒေါက်တာဘက်တာဟမ် ဒီအကြောင်းတွေရှင်းပြရရင် အရှည်
ကြီးရှင်းပြရလိမ့်မယ်၊ အဓိကက စီမံပိုင်းကပုဂ္ဂိုလ်တွေဟာ အုပ်ချုပ်ရေးအမြင်နဲ့
သာ ဆုံးဖြတ်တာပါ။ အထက်အမိန့်ဟာသူတို့အတွက် အရေးကြီးဆုံးပါပဲ။
ဒါတွေ ထားလိုက်ပါတော့၊ အခု ကျွန်တော့်အခြေအနေအရ ဇွန်လအတွင်း
ပြီးအောင်ကြိုးစားကြည့်မယ်၊ ဖြစ်နိုင်မလား' လို့ သူ့သဘောဆန္ဒကို တီးခေါက်
ကြည့်တယ်။ သူက 'ဘယ်ဖြစ်နိုင်မလဲ၊ အခုပဲ မေလထဲရောက်နေပြီလေ။
လုပ်စရာတွေများသလို ကြီးကြပ်မှုကလည်း အဆင့်ဆင့်ဖြစ်နေတော့ ဘယ်လိုမှ
မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီမှာ ပြီးသလောက်လုပ်၊ ကျန်တာရန်ကုန်ပြန်ပြီး ဆက်
လုပ်နိုင်အောင် စီစဉ်ပေးမယ်' တဲ့။ စိတ်ပျက်ခံပြင်း ဒေါသထွက်တာတော့
မပြောနဲ့တော့။

ဒီအတောအတွင်း AIDAB မှ ကျွန်တော်တို့အတွက် ကိစ္စအဝဝ ကူညီ
ဆောင်ရွက်ပေးဖို့ တာဝန်ပေးထားတဲ့ ကြီးကြပ်သူမစ္စတာကီရန်(Kiran)နဲ့

ဆက်သွယ်ပြီး ပညာသင်ကာလတိုးချဲ့လျှောက်ထားခွင့်မပြုလို့ အိမ်ပြန်ခရီး
အတွက် လေယာဉ်လက်မှတ်စီစဉ်ပေးဖို့တင်ပြတယ်။ အလားတူ စာတစ်စောင်
ကို ကင်ဘာရာရှိ မြန်မာသံအမတ်ကြီးထံသို့ ၁၀-၅-၁၉၉၀ပြည့်နှစ်ကပို့တယ်။
ပြန်ချိန်တန်မှ ပြန်ရောပဲ၊ လောလောဆယ်တော့ အချိန်ရသရွေ့ ကျမ်းကြီးကိစ္စ
လုပ်နိုင်သရွေ့ ဆက်လုပ်နေခဲ့တယ်။ ၂၁-၅-၁၉၉၀ပြည့်နှစ်(တနင်္လာနေ့)မှ
ရန်ကုန်ရှိ ဇနီးက ဖုန်းဆက်ပြီး ပညာသင်ကာလတိုးချဲ့ခွင့်ပြုဖို့ **အသနားခံစာ**
တင်ပါတဲ့။ အောက်ကျခံရေးပါတဲ့။ ကျန်းမာရေးမကောင်းလို့ဆေးရုံတက်ခဲ့ရတဲ့
ကိစ္စဖော်ပြပါတဲ့။ လျှောက်တဲ့သူတိုင်းကို ၃လစီတိုးပေးတယ်တဲ့။ ဩော် . . .
အသင်လောကဆိုပြီး 'ဖာတစ်လုံးခေါင်းကျား' ထဲက မင်းသားကြီးခင်မောင်ရင်
အော်သလို အော်လိုက်ချင်ပါရဲ့။ အသနားခံရမယ်တဲ့။ ဘာဖြစ်လို့လဲ။ ဘာ
ကြောင့် အသနားခံရမှာလဲ။ ပညာသင်ခရီးကအပျော်ခရီးမှမဟုတ်ဘဲ။ နိုင်ငံ
တော်က တာဝန်ပေးအပ်လို့လာရတာလို့ အမိန့်ကြော်ငြာစာမှာရော ထွက်မလာ
မီက ပညာရေးဝန်ကြီးနဲ့ဂါရဝပြုတွေ့ဆုံစဉ်မှာပါ အသေအချာရေးခဲ့၊ ပြောခဲ့
တာကို မှတ်မိနေပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်မာနကို ကိုယ့်ဘာသာ ချိုးနှိမ်
မျိုသိပ်ရတယ်။ နောက်၃လရရင်ပဲ ဘွဲ့ကျမ်းကြီးပြီးလောက်တယ်။ နေ့မအား
ညမနား ဆက်ကြိုးစားရဦးမှာပေါ့လေ။ အောင့်အည်းသည်းခံပြီး **အသနားခံစာ**
တင်ဖို့ဆုံးဖြတ်တယ်။ တွဲဖက်ကြီးကြပ်သူ ဒေါက်တာဘက်တာဟမ်နဲ့ဌာနမှူး
ဒေါက်တာဒရိုင်နန်တို့ဆီမှာ ထောက်ခံစာတောင်းတယ်။ ကျန်းမာရေးကိစ္စ
မဖော်ပြပါနဲ့လို့ မေတ္တာရပ်ခံပြီး ဖော်ပြရမယ့်အချက်တွေကို ရှင်းပြအကူအညီ
တောင်းတယ်။

ဒီမှာတင် အခြေအတင်ဖြစ်ကြရပြန်တယ်။ သူတို့အမြင်နဲ့သဘောက
ဒီမှာဆေးရုံတက်ခဲ့စိတ်ရလို့ အချိန်ကြန့်ကြာသွားတာ၊ ဒါကြောင့် ခွဲစိတ်ကုသ
မှုကိုဖော်ပြရမယ်၊ ဒါအရေးကြီးတယ်။ ဂရောင်း(ground)လည်းကောင်းတယ်
တဲ့။ ကျွန်တော့်ဘက်က ဘယ်လိုရှင်းပြရှင်းပြ သူတို့က နားမလည်နိုင်ဘူး။
ဒါကြောင့် 'ငါလည်း သိပ်မျှော်လင့်ချက်မှ မထားတော့တာ ရေးချင်သလို ရေး
ကြတော့' လို့ပြောလိုက်မိတယ်။ အဲဒီညနေမှာ ဒေါက်တာဒရိုင်နန်ဆီက
ထောက်ခံစာရပြီး နောက်နေ့မနက်မှာ ဒေါက်တာဘက်တာဟမ်ဆီကရတယ်။

ဖတ်ကြည့်လိုက်တော့ ဒီ့ထက်ပိုကောင်းအောင် ဘယ်လိုပုဂ္ဂိုလ်ကမှ ရေးနိုင်မှာ မဟုတ်ဘူးလို့ဆိုရမလောက်ကောင်းအောင် ရေးထားတာတွေ့ရတယ်။

ကျွန်တော့်မှာ အသနားခံလွှာဆိုတဲ့ စာကိုရေးလိုက်၊ ဖျက်လိုက်၊ ပြန်ရေးလိုက်နဲ့ တစ်နေကုန်ရော။ ကိုယ့်ဘက်က မှန်လည်းမှန်နေတယ်၊ တိုးချဲ့ပညာသင်ကာလ တကယ်လည်းလိုအပ်နေတယ်၊ အထောက် အထားလည်းပြည့်စုံတယ်၊ ဒါနဲ့များ အသနားခံရမယ်၊ အောက်ကျခံရေးရမယ်တဲ့။ မှန်တဲ့အကြောင်းကို မှန်ကန်ပါလျက်နဲ့ အသနားခံရေးရတာ တကယ်မလွယ်ပါ လား၊ တကယ်စိတ်ဆင်းရဲစရာပါလား။ တစ်နေကုန် နေ့ဘက်မပြီး ညဘက်ဆက်စဉ်းစားရေးတယ်။ ညဉ့်နက်သန်းခေါင်လောက်မှ နောက်ဆုံးအချောသတ်ပြီးတယ်။ လက်ခံချင်ခံ မခံချင်နေတော့ သဘောထားလိုက်တယ်။

အကုသိုလ်ဆိုတာ တစ်ခုတည်းမလာတတ်ဘူး၊ အစုလိုက် အပြုံလိုက်လာတယ်ဆိုတဲ့စကား တယ်မှန်ပါလား။ အသနားခံစာကို အဆင်သင့်လုပ်ထားပြီး မတင်ပို့ရသေးမီ ၂၂-၅-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာ ကင်ဘာရာမြန်မာသံရုံးကပို့လိုက်တဲ့စာတစ်စောင်ရတယ်။ ၁၉၉၀ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ စာအမှတ် ၂၃၃/၃၉-၁ တဲ့။ စာကို စဖတ်လိုက်တာနဲ့ စာပိုဒ်၁မှာ '. . . သံအမတ်ကြီးထံသို့လိပ်မူပေးပို့သော ၁၀-၅-၁၉၉၀ပြည့်နှစ်ရက်စွဲပါ **အသနားခံစာ** ကို လက်ခံရရှိကြောင်း ပြန်ကြားအပ်ပါသည်' တဲ့။ စိတ်ညစ်လိုက်ရ၊ ဒေါသထွက်လိုက်ရတာ။ ကျွန်တော်ပို့ခဲ့တဲ့ ၁၀-၅-၁၉၉၀ပြည့်နှစ်ရက်စွဲပါစာက အသနားခံစာမဟုတ်၊ ၃လတစ်ကြိမ် သံရုံးကိုပို့ရတဲ့ ပညာရေးတိုးတက်မှုအစီရင်ခံစာနဲ့ပူးတွဲပြီး ပညာသင်ကာလတိုးချဲ့ပေးဖို့လျှောက်ထားခဲ့တာ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနမှ ခွင့်မပြုလို့ မြန်မာနိုင်ငံသို့ ဘယ်နေ့ဘယ်ရက် ပြန်ပါမည့်အကြောင်း သတင်းပို့အစီရင်ခံတဲ့စာဖြစ်ပါတယ်။ ဒါကိုရှင်းဖို့လိုလာပြန်တယ်။ ကျွန်တော်က ပညာသင်ကာလ တိုးချဲ့ခွင့်ပြုဖို့ အသနားခံစာအစစ်ကိုပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနသို့မတင်ပြရသေးဘူး။ မနက်ဖြန်မှတင်ပြဖို့ စီစဉ်ထားတာ၊ အခုတော့ အသနားခံစာအစစ်မရောက်မီ အစီရင်ခံစာကိုအသနားခံစာအဖြစ် သံရုံးကမှားယွင်းရေးတဲ့စာမိတ္တူအဆင့်မြင့်ပညာဦးစီးဌာနကိုရောက်သွားမယ်၊ ဒါဆို အဆင့်မြင့်ပညာဦးစီးက ကျွန်တော့်အပေါ် ဘယ်လိုမြင်၊ဘယ်လိုသဘောထားမလဲ။ ဒါကြောင့် ရှင်းလင်း

ချက်စာတစ်စောင် ထိုင်ရေးရပြန်တယ်။ အချိန်ကအလုအယက်ကြားမှာ မလိုအပ်တဲ့မှားယွင်းမှုတွေကြောင့် ပိုပြီးအလုပ်ပျက်ရတယ်၊ စိတ်ညစ်ရတယ်။

၂၃-၅-၁၉၉၀ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ ပညာသင်ကာလ တိုးချဲ့ခွင့်ပြုဖို့ အသနားခံစာကို ပါမောက္ခတွေဆီကရတဲ့ထောက်ခံစာများနဲ့ သံရုံးရဲ့စာအပေါ် ရှင်းလင်းစာကိုပါ ပူးတွဲပြီး ကင်ဘာရာ မြန်မာသံရုံးသို့ စာတိုက်နဲ့ပို့လိုက်တယ်။ ၃၀-၅-၁၉၉၀ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ ၂၃-၅-၁၉၉၀ပြည့်နှစ်ကပို့လိုက်တဲ့ အသနားခံလွှာနဲ့ရှင်းလင်းချက်စာတွေလက်ခံရရှိကြောင်း၊ အသနားခံလွှာမူရင်းနဲ့ရှင်းလင်းစာမိတ္တူတို့ကိုပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနသို့ပို့လိုက်ပြီးဖြစ်ကြောင်း၊ ကင်ဘာရာ မြန်မာသံရုံးမှအကြောင်းပြန်ကြားစာ လက်ခံရရှိတယ်။ ဒီတစ်ခါတော့ အသုံးအနှုန်းတွေ အတော်အဆင်ပြေ ချောမွေ့စွာ ရေးထားတာတွေ့ရတယ်။ အကြောင်းအရာမှာ အသနားခံစာကိုတောင် အသနားခံစာလို့မဖော်ပြပဲ ပညာသင်ကာလသက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းကိစ္စတဲ့။ ကျွန်တော့်ရှင်းလင်းချက်စာထဲ နည်းနည်းပွဲကြမ်းထားခဲ့တာထိရောက်ပုံရတယ်။

အလိုလေး၊ တစ်ပတ်တောင် မစောင့်လိုက်ရဘူး၊ ၆-၆-၁၉၉၀ပြည့်နှစ် (ဗုဒ္ဓဟူးနေ့)မှာ ကင်ဘာရာ မြန်မာသံရုံးက ဒုအတွင်းဝန်ကိုယ်တိုင် ကျွန်တော့်ဌာနရုံးခန်းကို ဖုန်းဆက်ပြီး ဦးတင်စိုး(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးချစ်သန်း(ရန်ကုန်ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်)နဲ့ဦးချစ်ထွန်း(ရန်ကုန်စက်မှုတက္ကသိုလ်) တို့အား ၃လစီ ပညာသင်ကာလတိုးချဲ့ခွင့်ပြုဖို့ သဘောတူကြောင်း ရန်ကုန်ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ဦးစီးဌာနက telex ဝင်တဲ့အကြောင်း၊ စာနောက်မှ ဆက်ပို့လာမယ့်အကြောင်း သတင်းပေးပြောပြတယ်။ ဒီလောက်မြန်လိမ့်မယ်လို့မမျှော်လင့်ခဲ့ဘူး။ တကယ်လည်း ဒီလောက်မြန်မြန်အကြောင်းပြန်တာ ကျွန်တော့်တစ်သက်မှာ ပထမဆုံးလို့ပဲ ဒိုင်ယာရီမှာရေးထားမိတယ်။

နည်းနည်းအသက်ရှူချောင်သွားရလို့ ဝမ်းသာရပါတယ်။ ဒေါက်တာဘက်တာ ဟမ်နဲ့ဒေါက်တာဒရိုင်နန်တို့ကိုအသိပေးရင်း ကျေးဇူးတင်စကားပြောပါတယ်။ နယူးဆောက်သ်ဝေးတက္ကသိုလ်(University of New South Wales)မှာ တက်နေတဲ့ ဦးချစ်ထွန်းသို့ဖုန်းဆက်အသိပေးတယ်။ တစ်ဆောင်တည်းအတူနေတဲ့ ဦးချစ်သန်းကို ညဘက်ကျောင်းကပြန်ချိန်မှာပြောတယ်။ ညဘက်မှာပဲ ရန်ကုန်

နေအိမ်သို့ဖုန်းဆက်ပြီး ဇနီးကိုအသိပေးတယ်။ ဖုန်းထဲမှာပဲ ဇနီးသည်က သူ့အမေ(ကျွန်တော့်ယောက္ခမ)အသည်းအသန် နေမကောင်းဖြစ်နေကြောင်း၊ ကျွန်တော် extension မရလို့ စိတ်ညစ်နေချိန်မို့ အသိမပေးဘဲထားခြင်းဖြစ်ကြောင်း၊ အခု ဆရာဝန်ကြီးတွေနဲ့ပြပြီး ဆေးဝါးကုသနေကြောင်းတွေပြောတယ်။ သူ့ခမျာမှာလည်း စိတ်မောလူမောနဲ့စိတ်ဓာတ်ကျနေပုံရလို့ သနားမိပေမဲ့ ဖုန်းထဲကနှုတ်နဲ့အားပေးရုံကလွဲပြီးဘာမှမတတ်နိုင်ခဲ့ပါဘူး။ စိတ်မကောင်းဖြစ်ရတယ်။ ဆုတောင်းမှုပဲလုပ်ပေးနိုင်တယ်။ ဒါဟာ နိုင်ငံခြားပညာသင်အတော်များများကြုံရလေ့ရှိတဲ့ လူမှုစရိတ်(social cost)တစ်မျိုးပါပဲ။ ငွေကြေးနဲ့တိုင်းတာလို့မရပါဘူး။

ကံနဲ့ဆိုင်၊ မဆိုင်တော့ မသိပါ။ ၂၀-၈-၁၉၉၀ ပြည့်နှစ်(တနင်္လာနေ့)မှာ ဦးချစ်သန်းနဲ့ဆုံတယ်။ သူ့ကို ပညာသင်ကာလ ၆လတိုးချဲ့ခွင့်ပြုတယ်တဲ့။ ၃လစီ ရကြကြောင်း ကင်ဘာရာသံရုံးကို telex ဝင်တဲ့ကိစ္စ၊ ဒု-အတွင်းဝန် ဖုန်းဆက်တာ ၃လတောင်မပြည့်သေးဘူး၊ ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်က ဒီအကြောင်းကို AIDABက ကျွန်တော်တို့ရဲ့စီမံကြီးကြပ်သူအသစ် မိုရာ(Moya)နဲ့ ပညာရေးပိုင်းကြီးကြပ်သူဒေါက်တာဘက်တာဟမ်တို့ကို ဖွင့်ဟတိုင်ပင်တယ်။ သူတို့ခွင့်ပြုတဲ့ ၃လက အခုကုန်တော့မယ်။ ၅လလျှောက်ပါ အကြံပြုလို့ ထောက်ခံစာ ထပ်တောင်းပြီး ၅လတိုးပေးဖို့ ၃၁-၈-၁၉၉၀ပြည့်နှစ်မှာ တင်လိုက်ရပြန်တယ်။ ၅လ ခွင့်မပြုနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက စာကို ၁၅-၁၀-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာလက်ခံရရှိပြီး ၅လတိုးချဲ့ခွင့်ပြုကြောင်း ၂၅-၁၀-၁၉၉၀ပြည့်နှစ်(ကြာသပတေးနေ့)မှာ ဇနီးသည်ထံမှဖုန်းဆက်အကြောင်းကြားတယ်။ ဘယ်ဟာအမှန်လဲ။ ဦးတင်စိုးရဲ့ပညာသင်ကာလကို ၂၈-၂-၁၉၉၁ခုနှစ်အထိ ၅လတိုးချဲ့ခွင့်ပြုကြောင်း AIDAB မှ အရာရှိ ဂျန်လွတ်(Jan Luk)ဆီက သိရတော့မှ ၅လခွင့်ပြုကြောင်း စိတ်ချရတော့တယ်။ ၃၀-၁၀-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)ကင်ဘာရာ သံရုံးကလည်း ဖုန်းဆက်ပြောတယ်။

ပညာသင်ကာလကန့်သတ်ချက်နဲ့ကြီးကြပ်သူ မအားလပ်တဲ့အခက်အခဲ

ကျွန်တော့်အတွက် ခွင့်ပြုထားတဲ့ ပညာသင်ကာလက ၁၉၉၀ပြည့်နှစ်၊ စက်တင်ဘာလအကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ဆေးရုံတက်ခွဲစိတ်ကုသမှု မလုပ်ခဲ့ရရင်တော့ သတ်မှတ်ကာလအတွင်းကျမ်းကြီးပြီးနိုင်တာမို့ ပညာသင်

ကာလသက်တမ်းတိုးပေးဖို့လျှောက်စရာမလိုဘူးပေ့ါ။ အခုတော့ ခွဲစိတ်ကုသဖို့ ဆေးရုံတက်ရတာရယ်၊ ခွဲစိတ်ကုသပြီး နာလန်ထကာလအတွက် အနားယူရတာရယ်နဲ့အချိန်ဇလလောက်ကြာသွားတယ်။ ဒါကြောင့် ခွဲစိတ်ဆရာဝန်ကြီးက စာရေး၊ စာဖတ်၊ သုတေသနစတဲ့အလုပ်တွေပြန်လုပ်လို့ရပြီလို့ခွင့်ပြုချိန်မှာ ပညာသင်ခွင့်ပြုကာလကသိပ်မကျန်တော့လို့ သက်တမ်းတိုးလျှောက်ရတော့တာပါပဲ။ နိုင်ငံခြားပညာသင်သွားသူအားလုံးအတွက် ကျန်းမာရေးဟာ အင်မတန်အရေးကြီးပြီး မမြင်သာတဲ့ကံကြမ္မာကြောင့် မမာမကျန်းဖြစ်ခဲ့ရင် ပညာသင်ကာလသက်တမ်းတိုးရေးပြဿနာကြုံတတ်ကြောင်းသိစေချင်လို့ ကြိုတင်ပြင်ဆင်ထားနိုင်အောင် ရေးရတာပါ။

ပညာသင်ကာလသက်တမ်းတိုးလျှောက်ထားဖို့ ကျွန်တော့်ပညာသင်ကြားရေးအတွက် ငွေကြေးထောက်ပံ့တဲ့စပွန်စာ Australian International Development Assistance Bureau(AIDAB) ထံမှ ထောက်ခံစာတစ်စောင်၊ ပညာရေးကြီးကြပ်သူထံမှ ထောက်ခံစာတစ်စောင်၊ ဌာနမှူးထံမှထောက်ခံစာတစ်စောင်အသီးသီးလိုအပ်ပါတယ်။

ကျွန်တော် ပညာသင်ကာလ သက်တမ်းတိုးလျှောက်ခဲ့စဉ်ကလိုအပ်မယ့်အချိန်ကာလကို ကြီးကြပ်သူတွေနဲ့ညှိနှိုင်းပြီး၅လ တိုးမြှင့်ပေးဖို့လျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်။ အခု ၃လခွင့်ပြုတယ်ဆိုတော့ ၁၉၉၀ပြည့်နှစ်၊ ဒီဇင်ဘာလကုန်အထိ ဆက်နေခွင့်၊ လုပ်ခွင့်ရသွားတာပေ့ါ။ ရတဲ့ကာလအတွင်း အားကြိုးမာန်တက်ကြိုးစားလုပ်ကိုင်ခဲ့ပေမဲ့ ရှေ့ပိုင်းမှာ ဖော်ပြခဲ့တဲ့အတိုင်း ကျွန်တော့်မှာ အဓိက ကြီးကြပ်သူက ကင်ဘာရာမြို့မှာ၊ အနီးကပ်ကြီးကြပ်သူသုံးဦးက ဆစ်ဒနီမြို့မှာနေကြတယ်။ အခန်းတစ်ခန်း သို့မဟုတ် အခန်းခွဲတစ်ခု စာမူအကြမ်းပြုစုပြီးတိုင်း အနီးကပ်ကြီးကြပ်သူတွေအရင်ဖတ်ကြတယ်။ သုံးယောက်စလုံးဖတ်ဖို့ စာမူကြမ်းကိုတစ်ရက်တည်းမှာပေးပေမဲ့ ဖတ်ပြီးချိန်၊ သဘောထားမှတ်ချက်ရချိန်ကတော့ တစ်ရက်တည်းမဟုတ်ဘူး။ တစ်ဦးစီရဲ့ အလုပ်များမှု၊ နည်းမှု၊ အချိန်ပေးနိုင်မှုတွေပေါ် မူတည်ပြီး သူတို့ဆီက ပြန်ရချိန်မတူခြင်းဖြစ်ပါတယ်။ အဲဒီအတွက်စောင့်ရပါတယ်။ သုံးယောက်စလုံးဆီက ရပြီဆိုမှ သူတို့ရဲ့ သဘောထားမှတ်ချက်အတိုင်း ပြင်၊ ပြုပြီးမှ ကင်ဘာရာရှိ ကြီးကြပ်သူပါမောက္ခဖစ်ရှာသို့ပို့ပြီး အပြီးသတ်မှတ်ချက်နဲ့ဆုံးဖြတ်ချက်ကို

စောင့်ဆိုင်းရပါတယ်။ ဖစ်ရှာကလည်း အလုပ်များသူမို့ တစ်ခါတစ်ခါ အတော်ကြာအထိ စောင့်ဆိုင်းရပါတယ်။ ဒီလိုနဲ့ ကြိုးစားရေးပြီး တင်လိုက်၊ စောင့်လိုက်၊ ပြင်လိုက်နဲ့၁၉၉၀ပြည့်နှစ်၊ စက်တင်ဘာလလယ်ရောက်လာချိန်မှာ ပြီးစီးမှုတွေ ပြန်သုံးသပ်ကြည့်တော့ ဒီဇင်ဘာလကုန် (သက်တမ်းတိုးနောက်ဆုံးကာလ)တောင် ပြီးဖို့မလွယ်ကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော့်ဘက်က ချို့ယွင်းချက်မဟုတ်ဘဲ အလုပ်သဘာဝအရ ကြီးကြပ်သူနဲ့ကြီးကြပ်မှုအနေအထားအရဖြစ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအကျိုးအကြောင်းတွေအကုန် အစုံဖော်ပြ၊ ထောက်ခံစာတွေပူးတွဲပြီး မူလလျှောက်ထားခဲ့တဲ့အတိုင်းပညာသင်ကာလ သက်တမ်း ၅လတိုးချဲ့ပေးဖို့(အခု ၃လတိုးချဲ့ပေးပြီးဖြစ်လို့ နောက် ၂လတိုးချဲ့ပေးဖို့) အသနားခံစာထပ်တင်လိုက်ပါတယ်။ ကံကောင်းပါတယ်။ ၃၀-၁၀-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာလျှောက်ထားတဲ့ပညာသင်သက်တမ်း၅လတိုးချဲ့ခွင့်ပြုကြောင်းကင်ဘာရာမြန်မာသံရုံးကတစ်ဆင့်သိခဲ့ရပါတယ်။

ကျမ်းကြီးလည်း အခန်း၆အထိ အနီးကပ်ကြီးကြပ်အဖွဲ့ကအတည်ပြုလက်ခံထားပြီး ဒေါက်တာဘက်တာဟမ်ရဲ့အမှာစာနဲ့အတူ ကင်ဘာရာနေ ပါမောက္ခဖစ်ရှာထံသို့ အမြန်စာပို့နဲ့ ၇-၁၁-၁၉၉၀ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ ပို့ထားခဲ့ပြီးဖြစ်တယ်။ အခန်း၇ပြင်ထားတဲ့ကိစ္စ ၈-၁၁-၁၉၉၀ ပြည့်နှစ်(ကြာသပတေးနေ့)မှာ ဒေါက်တာဘက်တာဟမ်နဲ့ ဒေါက်တာဖရူဒွန်တို့ ကျွန်တော့်ကိုခေါ်တွေ့တယ်။ အခန်း၇ ရေးသားတင်ပြချက်တွေ၊ သုံးသပ်ချက်တွေကိုလက်ခံကြောင်း၊ ဒါပေမဲ့ အဓိပ္ပာယ်သက်ရောက်မှု(Implication) အပိုင်းမှာ ပြောစရာရှိကြောင်း၊ အခန်း၇ လေ့လာတွေ့ရှိချက်တွေရဲ့ဘောင်အတွင်းမှာသာ အကျိုးသက်ရောက်မှုကိုသုံးသပ်ရမှာဖြစ်ကြောင်း၊အခု implication က findings တွေထက် ပိုပြီးများနေလို့ ဘောင်ကျော်ကြောင်း၊ ဒါကြောင့် implication ပိုင်းကို ပြန်ပြီးပြင်ရမှာဖြစ်ကြောင်း၊ အဲဒီလို ပြန်ပြင်ရေးတဲ့အခါ စုစုစည်းစည်းနဲ့အစီအစဉ်တကျရှိဖို့ သက်ရောက်မှုအားကောင်းဖို့ ပထမမူဝါဒဆိုင်ရာကောက်ချက်များ(policy conclusions)၊ ဒုတိယ မိမိ၏လေ့လာတွေ့ရှိချက်များသည် သီအိုရီနဲ့သော်လည်းကောင်း၊ အခြားနိုင်ငံအတွေ့အကြုံများနဲ့သော်လည်းကောင်း ညီညွတ်မှု၊ စပ်ဆိုင်မှု(consistency and relevancy) ရှိကြောင်းတွေကို အစီအစဉ်အလိုက် သုံးသပ်ဖော်ပြပြီးမှ အခုလေ့လာနေတဲ့

အကြောင်းအရာနဲ့ပတ်သက်ပြီး ဆက်လုပ်သင့်တဲ့သုတေသနကိုဖော်ညွှန်းပေးပါလို့အကြံပြုပါတယ်။ ကျမ်းကြီးရဲ့ ဦးတည်ချက်၊ ဖွဲ့စည်းမှု၊ တွက်ချက်လေ့လာဆန်းစစ်မှုများအရ မီးမောင်းထိုးပြရမယ့်အကြောင်းအရာတွေ၊ အချက်အလက်တွေ ပီပီပြင်ပြင်ရှိရေးနဲ့ပတ်သက်ပြီးလည်း အကြံပေးတာတွေရှိပါတယ်။

၉-၁၁-၁၉၉၀ပြည့်နှစ်(သောကြာနေ့)ကစပြီး အခန်း၇ကို အနီးကပ်ကြီးကြပ်သူတွေရဲ့အကြံပြုလမ်းညွှန်ချက်အတိုင်း ပြင်စရာတွေရှိတာ၊ ဖြည့်စွက်စရာရှိတာတွေ ပြင်ဆင်ဖြည့်စွက်ပါတယ်။ ၁၃-၁၁-၁၉၉၀ ပြည့်နှစ်(အင်္ဂါနေ့)မှာပြီးလို့ အနီးကပ်ကြီးကြပ်သူတွေလက်ထဲအပ်ခဲ့တယ်။ ဒီအတောအတွင်း ကျမ်းကြီးအချောသတ်ပြီး စာအုပ်ပုံစံချုပ်တဲ့အခါ ထည့်ပေးရမယ့်မြေပုံတွေ၊ အညွှန်းတွေရှာဖွေစုစည်းထားရပါတယ်။

ပါမောက္ခဖစ်ရှာဆီတင်ပြထားတာ ဘာမှအကြောင်းပြန်ချက်မရလို့ ၂၈-၁၁-၁၉၉၀ပြည့်နှစ်(ဗုဒ္ဓဟူးနေ့)မှာ ဒေါက်တာဘက်တာဟမ်နဲ့တွေ့ပြီး အကျိုးအကြောင်း ဖုန်းဆက်မေးပေးဖို့ ပူဆာရတယ်။ ဒေါက်တာဘက်တာဟမ် ဖုန်းဆက်မေးတော့ ဖစ်ရှာနိုင်ငံခြားခရီးသွားနေကြောင်း၊ တစ်ပတ်ကြာမယ့်အကြောင်း၊ သူဖတ်ပြီးမှ မှတ်ချက်ပေးရမယ့်ကျမ်းကြီး အခန်း၇မူကြမ်းကိုပါထည့်သွားကြောင်းတွေ ဖစ်ရှာရဲ့အတွင်းရေးမှူးကပြောကြောင်းတွေသိရပါတယ်။ ၄-၁၂-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာ အခန်း ၆ရဲ့ implication အပိုင်းပြင်ဆင်ပြီး တင်ပြထားတာကြိုက်ကြောင်း၊ လက်ခံကြောင်း၊ လုပ်စရာကျန်တာဆက်လုပ်ဖို့ ဒေါက်တာဘက်တာဟမ် ခေါ်ပြောပါတယ်။ အဲဒါပြောပြီး သူကဒီနေ့ ကင်ဘာရာသွားမယ့်အကြောင်း၊ ဒေါက်တာဖစ်ရှာ ၁၀-၁၂-၁၉၉၀ပြည့်နှစ်(တနင်္လာနေ့)ပြန်ရောက်မယ်လို့သိရတဲ့အကြောင်း၊ သူနဲ့တွေ့နိုင်ရင် တွေ့ပြီး ကျမ်းကြီးကိစ္စမေးခဲ့မယ့်အကြောင်းတွေလည်းပြောပါတယ်။ ဒါပေမဲ့ သူက ကင်ဘာရာမှာ တစ်ရက်တည်းနေပြီး ၅-၁၂-၁၉၉၀ပြည့်နှစ်(အင်္ဂါနေ့)မှာ ဆစ်ဒနီကိုပြန်လာလို့ ဒေါက်တာဖစ်ရှာနဲ့မတွေ့ခဲ့ရဘူးလို့သိရပါတယ်။

ကြီးကြပ်သူရဲ့ စီမံချက်နဲ့ညွှန်ကြားချက်များ

၁၉၉၀ပြည့်နှစ်၊ ဒီဇင်ဘာ၁၃ရက်(ကြာသပတေးနေ့)မှာ ပါမောက္ခဖစ်ရှာထံမှ ဒေါက်တာဘက်တာဟမ်ဆီကို ဖက်စ်တစ်စောင်ဝင်လာပါတယ်။ ကျွန်တော်နဲ့ပတ်သက်တဲ့ဖက်စ်ဖြစ်ပေမဲ့ တင်ပြထားတဲ့ ကျမ်းကြီးအခန်းနဲ့ပတ်သက်ပြီး ဘာတစ်ခုမှမပါဘဲ ကျမ်းကြီးပါခွဲတမ်းစနစ်(rationing)နဲ့ဆိုင်တဲ့ကျမ်းကိုးစာရင်း(reference list)ကိစ္စသာ ပါနေတာတွေ့ရလို့ နားမလည်နိုင်အောင်ဖြစ်ရတယ်။ ဘာအဓိပ္ပာယ်လဲလို့ ဒေါက်တာဘက်တာဟမ်ကိုပဲပြန်မေးရတယ်။ သူ့အတွေ့အကြုံအရပြောရရင် တင်ပြထားတဲ့အခန်း၇နဲ့ကျမ်းကြီးဆိုင်ရာအခြားကိစ္စတွေ ပြဿနာမရှိလို့ပါတဲ့။ ဒါကြောင့် တို့ဘာသာတို့ ဆက်လုပ်စရာရှိတာလုပ်ရမယ်တဲ့။ ကျွန်တော့်စိတ်ထဲတော့ ဘဝင်မကျဘူး။ စိတ်ထဲမတင်မကျဖြစ်ရတယ်။

နောက်နေ့မှာ ဒေါက်တာဘက်တာဟမ်နဲ့ကျွန်တော်ပြန်တွေ့တယ်။ ဒေါက်တာဖရူဒွန်လည်း အတူရှိနေတယ်။ ကျွန်တော့်ကျမ်းကြီးဆိုင်ရာတင်ပြထားတဲ့အခန်းအပေါ် နည်းနည်းတိတိကျကျသိနိုင်အောင် ဒေါက်တာဖစ်ရှာထံသို့ ဖက်စ်ထပ်ပို့ပြီးမေးပေးဖို့ ဒေါက်တာဘက်တာဟမ်ကိုမေတ္တာရပ်ခံကြည့်တယ်။ ဒေါက်တာဘက်တာဟမ်ကလုပ်ချင်ပုံမပေါ်ဘူး။ မနေ့ကဝင်တဲ့ဖက်စ်ထဲမှာ ဒေါက်တာဖစ်ရှာရဲ့သဘောထားဖော်ပြထားပြီးပြီပဲလို့ဒေါက်တာဘက်တာ

ဟမ်ကယူဆတယ်။ ဒါကြောင့် ထပ်မမေးချင်တဲ့ပုံပါပဲ။ ဘေးနားထိုင်နေတဲ့ ဖရူဒွန်က 'ဒါဆို၊ မစ္စတာစိုးအနေနဲ့ ပို့ရင်ရော' လို့ ဝင်ထောက်တယ်။ ဒါကိုတော့ ဒေါက်တာဘက်တာဟမ်ကမကန့်ကွက်ဘူး။ 'ပို့ချင် ပို့ကြည့်ပါ၊ ဒါပေမဲ့ ဖစ်ရှာကို သိပ်တွန်းအားပေးတာမျိုးမဖြစ်စေပါနဲ့' တဲ့။ မျက်နှာဖြူတွေနဲ့ဆက်ဆံလုပ်ကိုင်ရတာ protocol (လိုက်နာရတဲ့ကျင့်ဝတ်စည်းမျဉ်းစနစ်)တွေ၊ etiquette(အက်တီကက်-လောကဝတ်)တွေ တော်တော်ဂရုစိုက်ရပါတယ်။ ကျွန်တော်ကြားမညပ်မိဖို့လည်း သတိထားရသေးတယ်။ ကိုယ်ဖြစ်ချင်တာတစ်ခုတည်းကြည့်ပြီး ဒေါက်တာဘက်တာဟမ်ကိုကျော်ပြီးလုပ်လို့မဖြစ်ဘူး။ ဒေါက်တာဖစ်ရှာ ငြိုငြင်လို့မဖြစ်သလို၊ ဒေါက်တာဘက်တာဟမ် ငြိုငြင်လို့လည်းမဖြစ်ဘူး။

ဒါကြောင့် ဖက်စ်ပို့ဖို့ အသေအချာ စာစီပြီး စာချောမရိုက်မီ ဒေါက်တာဘက်တာဟမ်ကိုပြတယ်။ ဖတ်ကြည့်ပါ။ ဒေါက်တာဖစ်ရှာဆီကိုမပို့သင့်ဘူးဆိုရင်လည်း မပို့ဘဲထားလိုက်ပါ့မယ်လို့ဒေါက်တာဘက်တာဟမ်ကျေနပ်အောင် ပြောရပါတယ်။ ကျမ်းကြီးကိစ္စသိချင်တာမို့ ပို့ချင်မေးချင်တာတော့အမှန်ပါပဲ။ သူက ဖက်စ်စာကိုဖတ်ကြည့်ပြီး ပါမောက္ခဖစ်ရှာဟာ မစ္စတာစိုးရဲ့ကြီးကြပ်သူလည်းဖြစ်တယ်၊ မစ္စတာစိုးက သူကြီးကြပ်တဲ့ကျောင်းသားဖြစ်ရုံမက အချိန်ကန့်သတ်ချက်နဲ့လုပ်နေရတာလည်းဖြစ်လို့ ဒီတစ်ခါတော့ပို့လိုက်ပါ။ သူ့ဘက်က ဘာပဲဖြေဖြေ နောက်ထပ်တွန်းအားတော့မပေးပါနဲ့တဲ့။ ဖက်စ်ကို အချောကူး ရိုက်ပြီး ၁၄-၁၂-၁၉၉၀ပြည့်နှစ်(သောကြာနေ့)မှာ ပို့လိုက်ပါတယ်။ (အဲဒီအချိန်က အီးမေးလ်မသုံးနိုင်ကြသေးလို့ ဖက်စ်ပဲ သုံးရခြင်းဖြစ်ပါတယ်။)

ဒေါက်တာဖစ်ရှာတစ်ယောက် ဘာတွေဘယ်လောက်အလုပ်များနေတယ်မသိပါဘူး။ ဒီဇင်ဘာလ ၂၄ရက်နေ့ ခရစ်စမတ် အကြိုရက်အထိ ဘာမှအကြောင်းမပြန်ဘူး။ ဩစတြေးလျနိုင်ငံမှာက ဒီဇင်ဘာလ ၂၄ရက်နေ့ကစပြီး နောက်နှစ်သစ် ဇန်နဝါရီလ ၄ရက်နေ့အထိ ၁၁ရက်တိတိ ပိတ်ရက်ဖြစ်တယ်။ ရွှေရက်သတ္တပတ်(golden week)လို့လည်းခေါ်တယ်။ စနေ၊ တနင်္ဂနွေကလွဲရင် အများပြည်သူရုံးပိတ်ရက်(public holiday)အလွန်နည်းပါးလို့ အဲဒီရွှေရက်သတ္တပတ်မှာအပြည့်အဝအပန်းဖြေကြတယ်။ ပင်လယ်ကမ်းခြေတွေဆိုလူသိန်းနဲ့ချီပြီးပြည့်ကျပ်နေတတ်တယ်။ ကျွန်တော် စိတ်ပျက်စ၊ စိတ်ဓာတ်ကျစပြုလာတယ်။ ဒီဇင်ဘာလ ၂၄ရက်အထိ ဘာမှမသိရလေတော့ နှစ်သစ်၊

ဇန်နဝါရီလ ၅ရက် ရုံးတွေပြန်ဖွင့်မယ့်ရက်ကိုမျှော်ရတော့မယ်။ ရုံးပြန်ဖွင့်ဖွင့်ချင်းလည်း ကျွန်တော့်ကျမ်းကြီးကိစ္စ သူဦးစားပေးနိုင်ချင်မှပေးနိုင်မှာ။ ကျွန်တော့်နိုင်ငံတော်ဘက်က ကျွန်တော့်ကိုပညာသင်ကာလ သက်တမ်း၅လတိုးပေးထားပြီးပြီ။ ထပ်တောင်းဖို့ လွယ်မှာမဟုတ်သလို သင့်လည်း မသင့်တော့ဘူး။ နှစ်သစ်ဖေဖော်ဝါရီလကုန်အထိ သက်တမ်းတိုးပေးထားတာဆိုတော့ နှစ်သစ်ဇန်နဝါရီလကုန်လောက်မှသိရရင် ပြင်ဆင်ချိန်ကအရမ်းတိုတောင်းကျပ်တည်းမှာဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တတ်နိုင်တဲ့ကိစ္စမဟုတ်တော့ ဘာမှလုပ်လို့မရဘူးဖြစ်နေတယ်။ စိတ်ဓာတ်ကျ၊ စိတ်ပျက်တာပဲရှိတယ်။

ဒီနှစ် ခရစ်စမတ်မှာတော့ ဘယ်မှမသွားတော့ပဲ ကျမ်းကြီးကိစ္စ အချောသတ်၊ အပြီးသတ်စရာတွေ၊ တိုလီမိုလီ လုပ်စရာတွေအားလုံး အဆင်သင့်ဖြစ်နေအောင် အလုပ်ပဲလုပ်နေလိုက်တယ်။ တစ်နိုင်ငံလုံး ဘယ်သူမှ အလုပ်မလုပ်၊ မြို့ထဲက စားသောက်ဆိုင်၊ လက်ဖက်ရည်၊ ကော်ဖီဆိုင်တွေ၊ ဘီယာဆိုင်တွေအတော်များများတောင် ပိတ်ထားကြချိန်မှာ ကျွန်တော်တစ်ယောက် ဆစ်ဒနီတက္ကသိုလ်ကကျွန်တော့်ကိုပေးထားတဲ့ရုံးခန်း နေ့တိုင်းရောက်တယ်။ မိုးလင်းမှမိုးချုပ် တကုပ်ကုပ်နဲ့ အလုပ်လုပ်နေတာကိုမြင်ရတဲ့လုံခြုံရေးဝန်ထမ်းတွေက အံ့အားသင့်တဲ့မျက်နှာမျိုးနဲ့ကြည့်ကြတယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိမို့ မတတ်နိုင်ဘူးလေ။ ဒီလိုနဲ့ နှစ်သစ်ဇန်နဝါရီလ ၅ရက်နေ့ရောက်လာတယ်။ တက္ကသိုလ်မှာ လူစုံတက်စုံနဲ့ပြန်လည်စည်ကားစပြုလာတယ်။ သက်ဝင်လှုပ်ရှားလာတယ်။ တမျှော်မျှော်နဲ့ ဇန်နဝါရီ ၁၀ရက်ကျော်တဲ့အထိ ဖစ်ရှာဆီက ဘာမှမသိရဘူး။ ဒေါက်တာစိတ်ခံစားမှုကိုစာနဲ့မဖော်ပြတတ်လောက်အောင်ဖြစ်လာတယ်။ ဒေါက်တာဘက်တာဟမ်ကိုမေးတော့လည်း ဘာမှမသိရဘူးတဲ့။ ဖြစ်ချင်ရာဖြစ်တော့ ဒေါက်တာဘက်တာဟမ်ကိုအသိမပေးဘဲ ကျွန်တော် ဒေါက်တာဖစ်ရှာရုံးခန်းကို ဖုန်းဆက်မိတော့တယ်။ ဖုန်းထဲမှာ ပက်ပင်းတိုးတယ်။ ဖစ်ရှာနည်းနည်း အံ့အားသင့်ပုံရပေမဲ့ ကျွန်တော့်ကိုပဲ အားနာလို့လားမသိပါ၊ စကားကိုအချိုသာဆုံးပြောပြီး ၁၇-၁-၁၉၉၁ခုနှစ်(ကြာသပတေးနေ့)မှာ သူ့ကို လာတွေ့ပါတဲ့။

ဒေါက်တာဘက်တာဟမ်ကိုအသိမပေးဘဲ ကင်ဘာရာသွားဖို့ကလည်း မဖြစ်ပြန်တာမို့ ဒေါက်တာဖစ်ရှာဆီ ဖုန်းဆက်တဲ့အကြောင်းနဲ့ဖစ်ရှာက လာတွေ့ဖို့မှာတဲ့အကြောင်းတွေပြောပြလိုက်တယ်။ ကျွန်တော့်အပေါ် အမြဲ

ကောင်းခဲ့တဲ့ဒေါက်တာဘက်တာဟမ်က ဒီတစ်ခါလည်း ကောင်းစွာပဲတုံ့ပြန်တယ်။ တွေ့ခွင့်ရတာကောင်းတယ်။ သွားတွေ့ပါ။ အခက်အခဲတွေတင်ပြပါ စသည်ဖြင့်အကြံပေးတယ်။ ၁၆-၁-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့)ညနေမှာ ကင်ဘာရာကို အဝေးပြေးဘတ်စ်ကားနဲ့သွားတယ်။ ဩစတြေးလျအမျိုးသားတက္ကသိုလ်(ANU)လက်အောက်ခံ ဘွဲ့လွန်ကျောင်းဆောင်(Graduate House)မှာပဲ တည်းခိုပြီး နောက်နေ့မနက် ၉နာရီမှာ ဒေါက်တာဖစ်ရှာကို သွားတွေ့တယ်။ ၁၀း၃၀နာရီအထိ တစ်နာခွဲတိတိတွေ့ခဲ့ရပါတယ်။ အလုပ်သဘောအရ ပြောတာတွေ အများကြီးပါ။ ဒါပေမဲ့ ကျွန်တော့်အတွက် ရင်မောစရာတွေပါပဲ။ သူပြောသမျှ အကျဉ်းချုံ့လိုက်ရင်

(၁) ကျမ်းကြီး(Thesis)ကို လက်ခံတယ်၊ လက်ခံမယ်။ ဒါပေမဲ့ တင်ခွင့်မပြုနိုင်သေးဘူး။ လုပ်စရာတွေကျန်သေးတယ်။

(၂) အချိန်ကတစ်လကျော်လောက်ပဲကျန်တာမို့ ဒီကနေ ဆစ်ဒနီပြန်ရောက်တာနဲ့ ဘွဲ့ကျမ်းကြီးကို စာအုပ်ပုံစံဖြစ်အောင် အကြမ်းချုပ်ပါ။

(၃) လေး၊ ငါးအုပ်လောက်ချုပ်ပါ။ ဒေါက်တာဘက်တာဟမ်၊ ဒေါက်တာဖရှုဒ္ဒန်၊ ဒေါက်တာဒရိုင်နန်တို့ကို တစ်အုပ်စီပေးပြီး အနုစိတ်ဝေဖန်ပြီး ချောလာအောင်လုပ်ပါ(polish up)။ ငါလည်း သူတို့ကိုဖုန်းဆက်ပြောမယ်။

(၄) အယ်ဒီတာကို တစ်အုပ်ပေးပါ။ သူက အင်္ဂလိပ်စာအရေးအသားကို edit လုပ်(တည်းဖြတ်)ပေးမယ်။ ဒါကမစ္စတာစိုးကိုမှ လုပ်တာမဟုတ်ဘူး။ ပါရဂူဘွဲ့ ကျောင်းသူ၊ ကျောင်းသားတိုင်းရဲ့ဘွဲ့ကျမ်းကြီးကိုမတင်သွင်းမီ edit လုပ်တာ သတ်မှတ်ချက်ပဲ။ အခု မစ္စတာစိုးအတွက် အင်္ဂလိပ်စာအယ်ဒီတာအဖြစ် ကယ်ရိုလင်းတင်နာကိုခန့်ထားတယ်။ (စာဖတ်သူများ မှတ်မိကြမလားမသိဘူး။ ဒေါက်တာရွှန်ဗြူလီနဲ့ပေါင်းပြီး ကျွန်တော့်ကိုနှိပ်ကွပ်ခဲ့တဲ့၊ လုံးဝမျက်နှာကျောမတည့်တဲ့ ကယ်ရိုလင်းလေ။)

(၅) Polish-up နဲ့ editing ပြီးရင် အတွင်းစာစစ်(internal examiner)နဲ့ ပြင်ပစာစစ်(external examiner)တွေ ခန့်ရမယ်။

(၆) ကျမ်းကြီးအချောချုပ်ပြီး အဲဒီစာစစ်တွေဆီပို့ပေးရမယ်။ အဲဒီစာစစ်တွေက ဘွဲ့ကျမ်းကြီးကို ဖတ်မှတ်စစ်ဆေးပြီး 'စာစစ်သူရဲ့အစီရင်ခံစာ' (Examiner's Report) ပို့ပေးမယ်။ အဲဒီ report တွေရဖို့ အနည်းဆုံး ၃လလောက် အချိန်ပေးရ

တယ်။ ဒါပေမဲ့ မစ္စတာစိုးကိစ္စကို အထူးကိစ္စသဘောထားပြီးစောနိုင်သမျှ ဆောလျင်စွာ ဖတ်မှတ်စစ်ဆေးပြီး အစီရင်ခံစာ ပို့ပေးဖို့ ငါစာရေးမယ်၊ ဖုန်းဆက်ပြီးလည်း မေတ္တာရပ်ခံပေးမယ်။

(၇) စာစစ်သူ အစီရင်ခံစာတွေရပြီး သူတို့တွေရဲ့အကဲဖြတ်မှတ်ချက်နဲ့အမှတ်ပေးမှုကိုကြည့်ပြီး ပြင်စရာနည်းလား၊ များလားအပေါ် မူတည်ပြီး လူတွေ့စစ်ဆေးဖို့ လို၊ မလို၊ လိုရင် ဘယ်နေ့၊ ဘယ်ရက် သတ်မှတ်ပေးမယ်။

(၈) ပြင်စရာများရင်တော့ ရန်ကုန်ရောက်မှပြင်ပြီး သံရုံးကတစ်ဆင့်ဖြစ်စေ၊ တခြားနည်းနဲ့ဖြစ်စေ ပြန်ပို့ပေးရမယ်။

(၉) ပြင်ခိုင်းတဲ့အတိုင်း ပြင်မပြင်ကိုတော့ ဒေါက်တာဘက်တာဟမ်တို့ သုံးယောက်ကိုပဲ စစ်ဆေးအတည်ပြုခိုင်းမယ်။ အဲဒီလိုဖြစ်ခဲ့ရင် လူတွေ့စစ်ဆေးရေးကို ဘယ်လိုလုပ်မယ်ဆိုတာ နောက်မှစဉ်းစားပြီးစီစဉ်ပေးမယ်။

(၁၀) ငါ့မှာလည်း တစ်နေ့တခြား အလုပ်တာဝန်တွေများလာလို့ ကျမ်းကြီးအချောပြင်တည်းဖြတ်ပြီးသား အချောချုပ်တစ်အုပ်သာပို့ပေးပါ။ အတွင်းစာစစ်နှစ်ဦးထားတယ်။ ငါက တစ်ဦးဖြစ်မယ်၊ နောက်တစ်ဦးက ဩစတြေးလျနိုင်ငံထဲကအခြားတက္ကသိုလ်တစ်ခုခုကဖြစ်တယ်။ ပြင်ပစာစစ်ကတော့ နိုင်ငံခြားတက္ကသိုလ်တစ်ခုခုကဖြစ်မယ်။ နှစ်ဦးစလုံးအတွက် ငါ့ခေါင်းထဲ စဉ်းစားထားတာရှိတယ်။

(၁၁) ဒီထက် ကူညီချင်ပေမဲ့ နောက်ထပ် extension ရဖို့ကလည်း မလွယ်လေတော့ အခုပြောသလိုပဲ ကူညီနိုင်တော့မယ်။ ဆစ်ဒနီအမြန်ပြန်ပြီး ငါပြောတဲ့အတိုင်း လုပ်ပေတော့။ ဒီစာကို ဒေါက်တာဘက်တာဟမ်ကိုပေးလိုက်ပါ။ ငါဖုန်းလည်း ဆက်ပါ့မယ်ဆိုပြီး ပိတ်ထားတဲ့စာတစ်စောင် ထုတ်ပေးတယ်။ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိပြီ။ ကံကိုပဲပုံချပြီး ရှိန်းကန်ကြည့်ရတော့မယ်။

ဒေါက်တာဘွဲ့အတွက် နောက်ဆုံးရုန်းကန်ရက်များ(၁)

ကင်ဘာရာမြို့နေ ကြီးကြပ်သူ ပါမောက္ခဖစ်ရှာထံသို့တင်ပြထားတဲ့ကျမ်းကြီးအခန်းတွေနဲ့ပတ်သက်ပြီး အဖြူ အမည်း တိတိကျကျ ထင်မြင်ချက်၊ ဆုံးဖြတ်ချက်ကိုစောင့်မျှော်ရင်းနဲ့ ၁၉၉၁ခုနှစ်၊ ဇန်နဝါရီလလယ်ထဲ ရောက်လာတဲ့အထိ ဘာမှမသိရဘူး။ ဖေဖော်ဝါရီလအကုန်မှာ ပညာသင်ကာလလည်း ပြီးဆုံးမှာဖြစ်ပြီး နောက်ထပ်ပညာသင်ကာလတိုးချဲ့ခွင့်လည်း ကျွန်တော်တို့ဘက်အပိုင်းက ဘယ်လိုမှရနိုင်မှာမဟုတ်လို့ အချိန်တစ်လပဲကျန်တော့တာမို့ ၁၆-၁-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ သွားခဲ့ပါတယ်။ ၁၇-၁-၁၉၉၁ခုနှစ် (ကြာသပတေးနေ့)မနက်မှာ Mac Arthur House ရှိ သူ့ရုံးခန်းမှာ ပါမောက္ခဖစ်ရှာနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

သူက ကျွန်တော်တင်ပြထားတဲ့ အခန်းအားလုံး ယေဘုယျအားဖြင့်ကောင်းမွန်ကြောင်း ဒါပေမဲ့ အသေးအမွှားတချို့ ပြင်စရာရှိကြောင်း၊ အထူးသဖြင့်(၁)ခွဲတမ်းချစနစ်(rationing)နဲ့ပတ်သက်ပြီး လက်တွေ့ခန့်မှန်းတွက်ချက်မှုမရှိဘဲ သီအိုရီသဘောအရ ရှင်းလင်းသုံးသပ်မှုတစ်ခုတည်းနဲ့ကောက်ချက်ဆွဲတာ အဓိပ္ပာယ်ရှိနိုင်၊ မရှိနိုင်၊ (၂)Model specification မှာ သုံးထားတဲ့ subscript notation တွေ၊ universal(ကမ္ဘာသုံး)နဲ့တစ်ပြေးညီ ဖြစ်၊ မဖြစ်၊ (၃)ဝယ်လိုအားခန့်မှန်းမှု(procedure) ပြည့်စုံထိရောက်မှုရှိ၊ မရှိ ဆိုတဲ့အချက်သုံးချက်ကို

အသေအချာပြန်လည်ဆန်းစစ်ပြီး ခိုင်ခိုင်မာမာအတည်ပြုပေးဖို့ လိုမှာဖြစ်ကြောင်း၊ သူ့(ဖစ်ရှာ)မှာလည်း အလုပ်များလွန်းပြီး အသေးစိတ် ဝေဖန်ချိန်မရလို့ အခုပြောတာတွေ ပြင်ဆင်ပြီးရင် ကျမ်းကြီးတစ်အုပ်လုံး အပြီးသတ်အချော (hard copy) (print-out ထုတ်ပြီး ကော်ပီ)တစ်စုံနဲ့ အဲဒီကျမ်းကြီးဖိုင်တစ်ခုလုံးကို disket ထဲ save လုပ်ပြီး ဒစ်ကတ်တစ်ခု သူ့ဆီပို့ပေးပါ။ အဲဒါ သူဖတ်ပြီးမှ စာအုပ်ပုံစံ(book form)အဖြစ်ချုပ်ပြီးတင်ပါ၊ သူ ဖေဖော်ဝါရီလ ၁၁ရက်နဲ့ ၁၂ ရက်မှာ နယူးဇီလန် ခရီးသွားဖို့ရှိတယ်။ အဲဒီခရီးမသွားမီ အပြီးဖတ်ပေးပါ့မယ်တဲ့။

သူ့ဘက်ကပြောတာတော့ ဟုတ်ပါရဲ့။ ကျွန်တော့်ဘက်မှာတော့ ရင်တုန်စရာချည်းပဲ။ သူက အလုပ်များလွန်းသူဖြစ်တယ်။ နယူးဇီလန်မသွားမီ ကျွန်တော့် Thesis ကိုဖတ်ဖို့ အချိန်ရရင်ကောင်းပါရဲ့။ အဲဒီအချိန်မပြီးဘဲ နယူးဇီလန်ကပြန်ရောက်မှဆိုရင် ကျွန်တော့်ဘက်ကအလျှင်မီ၊ အချိန်မီ Thesis ချုပ်ဖို့၊ တင်ဖို့ မလွယ်တော့ဘူး။ ကျွန်တော်က ဖေဖော်ဝါရီလကုန်မှာ မြန်မာနိုင်ငံကို ပြန်ရတော့မှာလေ။ ကျွန်တော် ဘာမှမတတ်နိုင်ဘူးလေ။ အဲဒီညနေမှာပဲ ကင်ဘာရာမှ ဆစ်ဒနီသို့ပြန်ခဲ့တယ်။

နောက်နေ့မှာ ဌာနရှိ ဒေါက်တာဘက်တာဟမ်နဲ့တွေ့ပြီး ဖစ်ရှာပြင်ခိုင်း၊ လုပ်ခိုင်းတာတွေကိုတင်ပြညှိနှိုင်းတယ်။ ဒါတွေကို ဖစ်ရှာနယူးဇီလန်မသွားမီ တစ်ပတ်ကျော်အလို(ဥပမာ-ဖေဖော်ဝါရီလ ၄ ရက်နေ့)မှာ ပြီးနိုင်ပါ့မလားလို့ တီးခေါက်ကြည့်တော့ ဒေါက်တာဘက်တာဟမ်က ‘မစ္စတာစိုးရယ် ဒီနေ့ပဲ ဇန်နဝါရီလ ၁၈ ရက်ရှိသွားပြီ၊ သူပြင်ခိုင်းတာပြင်ဖို့ စာအုပ်စာတမ်းတွေ ဖတ်ရဦးမယ်၊ တွက်ချက်စရာရှိတာတွေ တွက်ချက်ရဦးမယ်၊ ပြင်ရ၊ ရေးရဦးမယ်၊ နောက်နှစ်ပတ်လောက်အချိန်မှာ ပြီးချင်မှပြီးမယ်၊ ခင်ဗျားအပေါ် စိတ်ဖိစီးမှုကလည်း များလွန်းနေတော့ စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝနဲ့ထိထိရောက်ရောက်လုပ်နိုင်ဖို့ကလည်း သိပ်လွယ်မယ်မထင်ဘူး။ ဒါကြောင့် စိတ်ကိုလျှော့ပါ။ လုပ်သင့်တာကို ခေါင်းအေးအေးနဲ့လုပ်ပါ။ ခင်ဗျားပြန်ချိန်မှာ စာအုပ်ပုံစံချုပ်ပြီး တင်သွားဖို့လောက်သာ အာရုံထားလုပ်ပါ။ အောင်စာရင်းသိရတဲ့အထိတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ကျမ်းကြီးတင်ဖို့ လက်ခံပြီ ဆိုကတည်းက ဘွဲ့ရဖို့ ၉၀ ရာခိုင်နှုန်းမျှော်လင့်လို့ရပါပြီ၊ သိပ်လည်းအစိုးရိမ်မလွန်ပါနဲ့။ စာအုပ်ပုံစံချုပ်ပြီး

တင်တာကိုလက်ခံတာဟာ Thesis ကို လက်ခံတာပါပဲ။ ဒါတင်ပြီးလို့ စာစစ်သူတွေ(Examiners)ဖတ်ပြီး ကြီးကြီးမားမားပြင်စရာမရှိဖို့သာ အရေးကြီးတာပါ။ ဒါကြောင့် အခု ဒီမှာဆက်နေရမယ့်အချိန်အတွင်း ပါမောက္ခဖစ်ရှာပြင်ခိုင်းတာတွေ အကောင်းဆုံးဖြစ်အောင် ခေါင်းအေးအေးထားပြီး ဖတ်မှတ်ထုတ်နုတ်ပြင်ဆင်ပါ။ ကျွန်တော့်အထင်တော့ ပါမောက္ခဖစ်ရှာက မစ္စတာစိုးရဲ့ကျမ်းကြီးကို လက်ခံပြီးနေပါပြီ။ ဒါပေမဲ့ ပြင်ပစာစစ်သူတွေ(External examiners)ကကျမ်းကြီးကို စစ်ဆေးတဲ့အခါ ထောက်ပြစရာကြီးကြီးမားမားမရှိအောင် သို့မဟုတ် ထောက်ပြစရာ လုံးဝမရှိအောင် အကောင်းဆုံးဖြစ်စေချင်တဲ့သဘောဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့သိထားတာက ပါမောက္ခဖစ်ရှာဟာ အရည်အသွေးနဲ့ စံချိန်(quality and standard)ကို အင်မတန်ထိန်းတဲ့ပုဂ္ဂိုလ်ပါ။ ဘက်လိုက်မှုမရှိတာလည်း ဂျွန်ကဲန်ဘဲလ်(John Campbell)ကိစ္စကထင်ရှားနေတာပဲ။’ (ဂျွန်ကဲန်ဘဲလ်ဆိုတာက အမေရိကန်နိုင်ငံ တက္ကသိုလ်ကြီးတစ်ခုက ပါမောက္ခကြီးကဲန်ဘဲလ်ရဲ့သားဖြစ်ပြီး ပါမောက္ခ ကဲန်ဘဲလ်နဲ့ ပါမောက္ခဖစ်ရှာတို့ကလည်း ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်တယ်။ ဂျွန်ကဲန်ဘဲလ်က ကျွန်တော်တို့နဲ့အတူ ဒေါက်တာဘွဲ့ဝင်ခွင့်ဖြေစဉ်က စာမေးပွဲကျခဲ့တယ်။ မေတ္တာရပ်ခံ အသနားခံပေမဲ့ ဖစ်ရှာက လက်မခံခဲ့တာကို ရည်ညွှန်းခြင်းဖြစ်ပါတယ်)။

ဒေါက်တာဘက်တာဟမ်ရဲ့ပြောပြချက်တွေ၊ အကြံပြုချက်တွေလည်း ကျွန်တော့်ဘက်ကငြင်းစရာမရှိ၊ ဆင်ခြေပေးစရာမရှိလေတော့ ကျေးဇူးတင်စကားပြောပြီး ထွက်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖေဖော်ဝါရီလ ၄ရက်မတိုင်မီအတွင်း ပြီးအောင်ပြင်မယ်၊ ဖစ်ရှာလက်ထဲရောက်အောင်ပို့မယ်လို့ ကြိတ်ပြီး အားခဲထားခဲ့ပါတယ်။

စိတ်ထဲ အားခဲတဲ့အတိုင်း ပါမောက္ခဖစ်ရှာပြင်ခိုင်းတဲ့ကျမ်းကြီး အခန်း၃ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ rationing(ခွဲတမ်းစနစ်)၊ အခန်း၄ထဲက model specification မှာသုံးထားတဲ့ notation တွေနိုင်ငံတကာသုံးနဲ့လိုက်လျောညီထွေဖြစ်ရေးတွေကို အဓိကဦးစားပေးပြီး မနားမနေလုပ်ခဲ့တယ်။ ဇန်နဝါရီ နောက်ဆုံးပတ်မှာ ဒေါက်တာဘက်တာဟမ်ဆီသို့တင်ပြခဲ့တယ်။ သူလည်း အမြန်ဆုံးဖတ်ပေးပါတယ်။ ဖေဖော်ဝါရီလဆန်းတစ်ရက်(သောကြာနေ့)မှာ သူ့ဆီက မှတ်ချက်နဲ့တကွ ပြန်ရတယ်။ ကြည့်လိုက်တော့ အခြေအနေကောင်းတယ်။

ကျန်တဲ့ကျေးဇူးတင်လွှာလို ကျမ်းကြီးထဲ သုံးနှုန်းထားတဲ့အတိုမှတ်တွေရဲ့ အပြည့်အစုံစာရင်း၊ ဇယားနဲ့ပုံစာရင်းတို့လို ကျမ်းကြီးရှေ့ပိုင်းမှာ ထည့်ပေးရတဲ့ စာရင်း၊ Abstract လို့ခေါ်တဲ့ ကျမ်းကြီးရဲ့အကျဉ်းချုပ်၊ content ခေါ် မာတိကာ၊ ကျမ်းကြီးထဲထည့်ရမယ့်မြေပုံတွေ၊ အညွှန်းတွေ၊ ကျမ်းကိုးစာရင်းစတာတွေ ပြည့်ပြည့်စုံစုံဖြစ်အောင် အချောသတ်၊ အောက်ခြေမှတ်စုအပါအဝင် ကျမ်းကြီးတစ်အုပ်လုံးပြန်ဖတ်တယ်။ ၁၀၀ရာခိုင်နှုန်းကျေနပ်ပြီး မဟုတ်ပေမဲ့ ဒီထက်ပိုလည်းမလုပ်နိုင်တော့ဘူး။ ဒါကြောင့် ဒေါက်တာဘက်တာဟမ် မှာထားတဲ့အတိုင်းကျမ်းကြီးအပြည့်အစုံကို စာအုပ်ပုံစံမချုပ်သေးမီ ဖိုင်တွဲပြီး သူ့ဆီတင်ပြဖို့ သူ့အခန်းသွားတယ်။ မတွေ့ဘူး၊ မရှိဘူး။ ဒါနဲ့ မဟာဌာနရုံးက အတွင်းရေးမှူးမော်နီကာနဲ့တွေ့မေးတော့ ဒေါက်တာဘက်တာဟမ် အာမီဒေးမြို့(Armidale) ကို သွားတယ်တဲ့။ ဒါပေမဲ့ စောစောလေးကပဲ သူ့ဆီက ဖုန်းဝင်တယ်။ မစ္စတာစိုးကို ခိုင်းထားတာလုပ်ပြီးရင်တော့ ဒေါက်တာဘက်တာဟမ်အခန်းထဲ ထိုးထည့်ထားပါတဲ့။ အဲဒီလိုပဲ လုပ်ရတော့တာပေါ့။

ကျွန်တော် ရုံးခန်းပြန်၊ ကော်ဖီတစ်ခွက်ဖျော်သောက်ရင်း အလေးအနက်စဉ်းစားရတော့တယ်။ ဒေါက်တာဘက်တာဟမ်လည်း ခရီးသွားနေတယ်။ ဘယ်နေ့ ပြန်ရောက်ပြီး ကျွန်တော်တင်ပြထားတာ ဘယ်နေ့ဖတ်ပြီး ဘယ်နေ့ ဒေါက်တာဖစ်ရှာဆီပို့မလဲ။ဒေါက်တာဖစ်ရှာဆီကရော ဘယ်တော့ပြန်ကျမလဲ။ ဘယ်တော့စာအုပ်ပုံစံချုပ်ပြီး ဘယ်တော့ကျမ်းကြီးတင်ပြရမလဲ။ အခုပဲ ဖေဖော်ဝါရီ ပထမပတ်ကုန်ပြီ။ နောက်သုံးပတ်ပဲကျန်တော့တယ်။ ငါ ဘာလုပ်ရမလဲ၊ ဘယ်သူနဲ့တွေ့ရမလဲ။ လောလောဆယ် ဒေါက်တာဖစ်ရှာကလည်း နယူးဇီလန်ကပြန်မရောက်သေး။ ဒါကြောင့် ဖုန်းနဲ့ပြောဖို့တောင်မလွယ်။ စဉ်းစားရင်းစဉ်းစားရင်း ဒေါက်တာဖစ်ရှာနဲ့ကင်ဘာရာမှာ တွေ့စဉ်က ဖေဖော်ဝါရီလ ၁၁၊ ၁၂၊ ၁၃၊ ၁၄ရက်အတွင်း နယူးဆောက်သ်ဝေးတက္ကသိုလ်(University of New South Wales-UNE)မှာ ၃၅ကြိမ်မြောက် ဩစတြေးလျစိုက်ပျိုးရေးဘောဂဗေဒအသင်း(AAES)ရဲ့ ကွန်ဖရင့်ရှိတယ်။ သူအဲဒီကိုလည်း တက်ရဦးမယ်လို့ ပြောတာကို သတိရတယ်။ ကင်ဘာရာရှိ ဒေါက်တာဖစ်ရှာ ရုံးခန်းအတွင်းရေးမှူးဆီသို့ဖုန်းဆက်ပြီး ဒေါက်တာဖစ်ရှာ UNE မှာလုပ်မယ့် AAES တက်ဖို့ အစီအစဉ်ရှိသေးလား၊ နယူးဇီလန်သွားနေတဲ့အတွက် အဲဒီအစီအစဉ်ဖျက်

သလား သိချင်လို့ပါမေးတော့ မပျက်ပါဘူး၊ တက်မှာပါ၊ စိုက်ပျိုးရေးဝန်ကြီးပါ တက်မှာမို့ သူကဝန်ကြီးနဲ့အတူ လိုက်တက်မှာပါလို့ပြန်ဖြေတယ်။ ကောင်းပြီ။ ဒါဆို ကျွန်တော်လည်း UNE ကွန်ဖရင့်ကိုသွားမယ်၊ ဖစ်ရှာနဲ့တွေ့မယ်၊ ကျမ်းကြီးနဲ့ပတ်သက်ပြီး သူ့ရဲ့အစီအစဉ်ကို အတိအကျမေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ UNE က ဆစ်ဒနီနဲ့အတော်ဝေးပါတယ်။ ဒါပေမဲ့ ဖုန်းဆက်ပြီးမှတ်ပုံတင်တယ်၊ နေစရာအတွက်ဘွတ်ကင်လုပ်လိုက်ပါတယ်။

ဒေါက်တာဘွဲ့အတွက် နောက်ဆုံးရုန်းကန်ရက်များ(၂)

ဆစ်ဒနီနဲ့UNEတည်ရှိရာ အာမီဒေးမြို့ကအတော်ဝေးလို့ အချိန်မီရောက်ဖို့ လေယာဉ်နဲ့ ၁၁-၂-၁၉၉၁ခုနှစ်(တနင်္လာနေ့)မနက်ကထွက်ခဲ့ပါတယ်။ လေဆိပ်ကနေ UNE ပရဝဏ်အတွင်းရှိ သတ်မှတ်တည်းခိုဆောင်သွားပြီး check-in လုပ်တယ်။ အထုပ်အပိုးတွေနေရာချ ခဏနားပြီး UNE သွား၊ ကွန်ဖရင့်အတွက် မှတ်ပုံတင်တယ်။ ဒီညနေ social mixer လို့ ခေါ်တဲ့အချင်းချင်း သိကျွမ်းရေးပါတီရှိတယ်။ ဒါပေမဲ့ ငွေချေတာတဲ့အနေနဲ့ အဲဒီပါတီမတက်တော့ပါဘူး။ နောက်နေ့မှာ ကွန်ဖရင့်တရားဝင်ဖွင့်မှာဖြစ်ပါတယ်။

ဒါကြောင့် ၁၂-၂-၁၉၉၁ခုနှစ်(အင်္ဂါနေ့)မနက်အစောကြီး ကွန်ဖရင့်ကျင်းပရာနေရာကိုသွားတယ်။ စာတမ်းနားထောင်ဖို့ထက် ပါမောက္ခဖစ်ရှာကို တွေ့ရဖို့လာစောင့်တာပါ။ ကောင်းနိုးရာရာ စာတမ်းခေါင်းစဉ်တွေရွေးပြီး တက်နားထောင်တယ်။ နေ့ခင်းထမင်းစားချိန်နားတဲ့အချိန်အထိ ပါမောက္ခဖစ်ရှာကို မတွေ့ရသေး။ ဒါကြောင့် UNE ကကွန်ဖရင့်တာဝန်ရှိ ပုဂ္ဂိုလ်(ရင်ထိုးတံဆိပ်အရသိရ)တစ်ဦးကိုမေးကြည့်တယ်။ ဒီနေ့လာဖို့မသေချာဘူး။ ဝန်ကြီးနဲ့သူ အလုပ်သိပ်များနေတယ်တဲ့။ ညဘက်မှာ ကွန်ဖရင့်ဒင်နာ(ညစာစားပွဲ)ကိုတော့ တက်မယ်ထင်ပါတယ်တဲ့။

ဒီတော့ စိတ်မပါပေမဲ့ ညနေပိုင်းမှာ စိတ်ဝင်စားစရာစာတမ်းတချို့

တက်ရောက်နားထောင်ပြီး တည်းခိုဆောင်ပြန်တယ်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဒင်နာကျင်းပမယ့် မြက်ခင်းထိပ်ဂိတ်အဝင်ဝနား ပါမောက္ခဖစ်ရှာတို့ဝင်လာရင် မြင်နိုင်မယ့်၊ အခွင့်သာရင် စကားပြောနိုင်မယ့် တစ်နေရာကနေရပ်စောင့်တယ်။ ဝန်ကြီးနဲ့အဖွဲ့လာဖြစ်တာ သေချာပြီထင်ပါရဲ့။တက္ကသိုလ်ကအာဏာပိုင်တွေ၊ ပြည်နယ်အစိုးရဝန်ကြီးတချို့တွေပါ ဝန်ကြီးနဲ့အဖွဲ့ကို ကြိုဆိုဖို့တန်းစီစောင့်နေတာတွေ့ရပါတယ်။ ကျွန်တော့်အဆင့်အတန်းက သူတို့လိုအရေးကြီးပုဂ္ဂိုလ်(VIP)တန်းထဲ ဝင်တန်းစီလို့လည်းမဖြစ်၊ ပါမောက္ခဖစ်ရှာတည်းခိုတဲ့နေရာ သွားတွေ့ခွင့်လည်း မရှိပါဘူး။ ဒါကြောင့် ဒီVIP တန်းနဲ့လွတ်လွတ်ကျွတ်ကျွတ်တစ်နေရာ၊ ဒါပေမဲ့ မီးထိန်ထိန်လင်းပြီး မြင်နိုင်လောက်၊ သတိပြုမိနိုင်တဲ့နေရာလောက်မှာ တစ်ယောက်တည်း ရပ်နေမိတယ်။ ကွန်ဖရင့်တက်ခွင့်ရ ရင်ထိုးချိတ်ထားလို့လားမသိ၊ အဲဒီနေရာမှာ မနေရလို့တော့ဘယ်သူမှမတားပါဘူး၊ မနှောင့်ယှက်ပါဘူး။

ပါမောက္ခဖစ်ရှာက စိုက်ပျိုးရေးဝန်ကြီး မစ္စတာကီရန်(Kiren)နဲ့အတူ အထူးလေယာဉ်နဲ့လာတယ်။ ပြီးတော့ အထူးယာဉ်တန်းနဲ့လာတယ်။ ဂိတ်ဝထိပ်နားကားတန်းရပ်ပြီး ဝန်ကြီးနဲ့ရှေ့ဆင့် နောက်ဆင့် ပါမောက္ခဖစ်ရှာကပ်ပြီး ပါလာတာကို ကျွန်တော်လှမ်းမြင်လိုက်တယ်။ ဝန်ကြီးဦးဆောင်ပြီး ကြိုဆိုနေသူတွေကိုလက်ဆွဲနှုတ်ဆက်ပြီး စကားပြောစင်မြင့်ရှိရာဘက်သို့ ဆက်ဝင်သွားတယ်။ ကျွန်တော်က အားလုံးကိုမြင်တယ်။ ဒါပေမဲ့ ဖစ်ရှာအပါအဝင် ဘယ်သူမှ ကျွန်တော့်ကို မြင်ပုံမရဘူး။ ဝန်ကြီးမိန့်ခွန်းပြောပြီးချိန်မှာ ည ၁၁နာရီထိုးပြီ။ ဂိတ်ဝမှာ ကြိုဆိုသူတွေလည်း ဝန်ကြီးနဲ့အတူ အထဲကိုရောက်နေကြပြီဖြစ်လို့ ကျွန်တော်ကလွဲလို့ ဘယ်သူမှမရှိကြတော့ဘူး။ ကျွန်တော် ဇွဲနပဲကြီးကြီးနဲ့ ခြေတောင့်ဆီးအောင့်ခံပြီး အဲဒီနေရာမှာပဲ ရပ်စောင့်တယ်။ တစ်ယောက်တည်း ပေါ်ပေါ်ထင်ထင်ပဲ။ ကျွန်တော့်ရည်မှန်းချက်က ပါမောက္ခဖစ်ရှာကိုတွေ့ဖို့ အဓိကမဟုတ်လား။

ဝန်ကြီးနဲ့အဖွဲ့စားသောက်ဖို့ နေရာသီးသန့်စီစဉ်ထားတယ်ထင်ပါရဲ့။ မိန့်ခွန်းပြောပြီး မြက်ခင်းပေါ်မှာခင်းထားတဲ့စားပွဲမှာမထိုင်ဘဲ ထွက်လာတယ်။ သူနဲ့အတူ ပါတဲ့အဖွဲ့ထဲမှာ ပါမောက္ခဖစ်ရှာလည်းပါတာ တွေ့လိုက်တယ်။ ဒါကြောင့် ကျွန်တော်နည်းနည်းရှေ့တိုးပြီး ရပ်စောင့်တယ်။ ကျွန်တော်ရောက်

နေတယ်ဆိုတာသိအောင် ကျွန်တော့်ကိုမြင်ဖို့အဓိကပါ။ ကံအားလျော်စွာ ကျွန်တော့်ရှေ့ကဖြတ်အသွားမှာ ပါမောက္ခဖစ်ရှာကကျွန်တော့်ကို လှမ်းမြင်လိုက်တယ်။ စကားပြောဖို့၊ နှုတ်ဆက်ဖို့ အခွင့်မသာလို့ ပြုံးပြခေါင်းညိတ်ပြတယ်။ ကျွန်တော်လည်း လူရောစိတ်ပါပင်ပန်းပေမဲ့ကျေနပ်သွားတယ်။ သူနဲ့တွေ့အောင် တစ်နည်းနည်းစီစဉ်ရမှာပဲပေါ့။ ထမင်းစားပွဲခုံတိုင်း လူစုံတက်စုံနဲ့ပြည့်နေပြီး စားသောက်နေကြပြီဖြစ်တယ်။ ကျွန်တော်လည်း လူလွတ်နေတဲ့ ကျွန်တော်ရပ်နေတဲ့နေရာနဲ့အနီးဆုံးခုံမှာဝင်ထိုင်တယ်။ ဘာမှ မကြာလိုက်ဘူး၊ ပါမောက္ခဖစ်ရှာတစ်ယောက်တည်း ထွက်လာတာမြင်လိုက်တယ်။ ကျွန်တော့်ကို တွေ့ဖို့ထွက်လာတာလို့တွက်လိုက်တယ်။ ကျွန်တော်လည်း ထမင်းမစားတော့ဘဲ သူ့ဘက်ကို ခပ်သွက်သွက်လျှောက်သွားပြီး နှုတ်ဆက်တယ်၊ ပြောချင်တာတွေ နိဒါန်းပျိုးမနေတော့ဘဲ၊ သူ့ဆီကခွင့်ပြုချက်လည်းမတောင်းတော့ဘဲ လိုတိုရှင်း ပြောပြီးမေးလိုက်တယ်။ ကျွန်တော့်ဘက်က အခက်အခဲတွေကိုလည်း တင်ပြလိုက်တယ်။

ပါမောက္ခဖစ်ရှာကလည်း လိုတိုရှင်း ပြန်ဖြေတယ်။ သူက ကိုယ့်ရဲ့အခက်အခဲတွေကို ကိုယ်ချင်းစာတယ်တဲ့။ ဒါပေမဲ့ တစ်ဖက်ကလည်း လိုအပ်ချက်တွေ ဖြည့်ဆည်းပေးရမှာတွေကို လျှော့လို့မရဘူးတဲ့။ ဒါကြောင့် သူပြင်ခိုင်းတာတွေ ပြင်၊ ကျန်တဲ့အသေးစိတ်တွေ လုပ်၊ ကျမ်းကြီးကိုစာအုပ်ပုံစံချုပ်ပြီး တင်ပါတဲ့။ အဲဒီအဆင့်အထိ အလုပ်တွေကို ဒေါက်တာဘက်တာဟမ်နဲ့ ညှိနှိုင်းတိုင်ပင်ပြီး လုပ်ပါတဲ့။ စာအုပ်ချုပ်ပြီးရင် သူ့(ပါမောက္ခဖစ်ရှာ)အတွက်တစ်အုပ်ပို့ပေးပါ၊ မစ္စတာစိုးအတွက် ပြင်ပစာစစ်သူနှစ်ဦး ရွေးချယ်ခန့်ထားရဦးမယ်။ အဲဒါ ဘယ်သူတွေကိုခန့်ထားမယ်ဆိုတာ စဉ်းစားထားပြီးပြီ။ အဲဒီပုဂ္ဂိုလ်တွေတော့ ခင်ဗျားသိခွင့်မရှိဘူး။ ဝန်ကြီး မနက်ဖြန်ပြန်တဲ့အခါ ငါလည်းလိုက်ပြန်ရမယ်၊ ကင်ဘာရာ ပြန်ရောက်ရောက်ချင်း ပြင်ပစာစစ်နှစ်ဦး ခန့်ထားပေးဖို့ ဆစ်ဒနီ တက္ကသိုလ်ဆီးနိတ်(ပညာရေးအဖွဲ့ ဥက္ကဋ္ဌ)ဆီကို ငါပို့မယ်၊ သူတို့ကသက်ဆိုင်ရာ စာစစ်သူကိုခန့်စာပို့ပေးမယ်။ အဲဒီစာစစ်သူတွေကို ကျမ်းစာအုပ်ပို့ပေးဖို့ ဒေါက်တာဘက်တာဟမ်ကစီစဉ်ပေးပါ့မယ်၊ ဒေါက်တာဘက်တာဟမ်လည်း ကြီးကြပ်သူတစ်ယောက်ဖြစ်လို့ အတွင်းစာစစ်(internal examiner)တစ်ဦး အဖြစ်ပါမယ်။ ဒါကြောင့် သူ့ကိုလည်း ကျမ်းစာအုပ်ပေးပါ။ အဲဒီအတွင်းစာစစ်၊

အပြင်စာစစ်တွေက မစ္စတာစိုးရဲ့ကျမ်းကြီးကိုစစ်ဆေးပြီး အစီရင်ခံစာ (examiner's reports) တွေ ဆစ်ဒနီတက္ကသိုလ် ဆီးနိတ်ဉက္ကဋ္ဌဆီကိုပို့ပေးမယ်။ အဲဒီ report တွေ ကြည့်ပြီးမှ မစ္စတာစိုးကို ဒေါက်တာဘွဲ့ ပေးသင့်၊ မပေးသင့် ဆုံးဖြတ်ရမှာဖြစ်တယ်။ ပေးမယ်ဆိုရင်လည်း ခြွင်းချက်ရှိလား၊ နောက်ထပ်ပြင်စရာတွေပြင်ရမယ့်အခြေအနေတွေနဲ့လား စတဲ့မှတ်ချက်တွေပေါ် မူတည်ဆုံးဖြတ်ရမှာပါ။

အဲဒီ examiner's report တွေရဖို့ အနည်းဆုံး၃လလောက်ကြာတတ်တယ်။ အထူးသဖြင့် ပြင်ပစာစစ်နှစ်ဦးထဲက တစ်ဦးက ပြည်ပနိုင်ငံတစ်ခုခုက ဖြစ်လို့ ပိုကြာတတ်တယ်။ ပြင်ပစာစစ်နောက်တစ်ဦးကလည်း ဆစ်ဒနီတက္ကသိုလ်ကမဖြစ်စေရပဲ ဩစတြေးလျနိုင်ငံအတွင်းရှိ အဆင့်အတန်းရှိ အခြားတက္ကသိုလ်တစ်ခုခုကဖြစ်ရတယ်။ သူလည်း ကြာတတ်တာပဲ။ ဒါကြောင့် မစ္စတာစိုး အောင်စာရင်းကို ဒီမှာနေပြီး စောင့်လို့မဖြစ်တော့ဘူး။ မြန်မာပြည်ပြန်ပြီးစောင့်ပါ။ ဒါပေမဲ့ မပြန်ခင်ကျမ်းကြီး (Dissertation)တင်သွားပါ။ တင်သွားကြောင်းအထောက်အထားလက်ခံပြေစာယူသွားပါ။ စီမံပိုင်းနဲ့တခြားအရေးအရာ ကိစ္စတစ်ခုပေါ် လာရင် မစ္စတာစိုးလာရောက်လုပ်ကိုင်၊ လက်မှတ်ထိုး စတာတွေလုပ်ဖို့ လွယ်မှာမဟုတ်လို့ ကိုယ်စားလုပ်နိုင်အောင် ဒေါက်တာဘက်တာဟမ်ကို ကိုယ်စားလှယ်လွှဲစာတစ်စောင်ရေးပေးသွားပါ။ မစ္စတာစိုး extension သာဆက်ရရင် ဒီပြဿနာ တွေမရှိနိုင်ဘူးပေါ့။ ဒါပေမဲ့ ဒါက ငါတို့တတ်နိုင်တဲ့ကိစ္စမဟုတ်တော့ စိတ်မကောင်းရုံကလွဲလို့ ဘာမှမတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ သိပ်စိတ်ဓာတ်မကျပါနဲ့၊ မစ္စတာစိုးရဲ့ကြိုးစားမှုနဲ့ ကျမ်းကြီးအရည်အသွေးကို ငါတို့အသေအချာသိထားလို့ ဆိုးဆိုးဝါးဝါးဖြစ်စရာအကြောင်းမရှိလောက်ပါဘူး။ ငါလည်း ခဏလေးဆိုပြီး ထွက်လာတာ မိနစ်၂၀လောက်ရှိသွားပြီ ငါပြန်ဝင်လိုက်ဦးမယ်၊ ငါ ဒေါက်တာဘက်တာဟမ်ကို ဖုန်းဆက်ပြီး မှာစရာတွေမှာထားပါ့မယ်။ မစ္စတာစိုးအတွက် အကောင်းဆုံးဖြစ်ပါစေလို့ ဆန္ဒပြုလိုက်တယ်ဆိုပြီး VIP အခန်းထဲ ပြန်ဝင်သွားတယ်။

ဒေါက်တာဘွဲ့အတွက် အောင်စာရင်းထွက်ပြီး အောင်ပြီဟော့လို့ ကြွေးကြော်ပြီးမှ ရန်ကုန်ပြန်ချင်ပေမဲ့ အခြေအနေမပေးဘူး။ ကျမ်းကြီးကို ဆစ်ဒနီတက္ကသိုလ် နေစဉ်အတွင်းမှာပဲ စာစစ်သူတွေဆီက အစီရင်ခံစာထွက်လာရင်

အဲဒီအစီရင်ခံစာမှာပါတဲ့အတိုင်း ပြင်တာ၊ ဆင်တာလုပ်ပြီး အပြီးသတ် ပြန်တင်ပြဖို့လည်းမဖြစ်တော့ဘူး။ ပြင်စရာတွေရှိရင် ရန်ကုန်မှာနေပြီး ပြင်ရမယ်၊ ပြန်တင်ရမယ်။ လူတွေ့စစ်ဆေးရမယ့်ကိစ္စ(viva)လည်း ဘယ်လိုလာမယ် မသိသေးဘူး။ စိတ်ပေါ့ပါးမှု၊ အေးချမ်းမှုတော့မရသေးဘူး။ ဒါပေမဲ့ ပါမောက္ခဖစ်ရှာရဲ့စကားထဲမှာ အားတက်စရာ၊ အာမခံတဲ့သဘောပါတဲ့စကားတွေပါနေလို့ ဒေါက်တာဘွဲ့မရစရာမရှိဘူးလို့ ကိုယ့်ဘာသာကိုယ် အားပေးရတော့တယ်။

ဒေါက်တာဘွဲ့အတွက် နောက်ဆုံးရုန်းကန်ရက်များ(၃)

ပါမောက္ခဖစ်ရှာနဲ့တွေ့ပြီးပြီ။ သူမှာစရာရှိတာလည်း ပြည့်ပြည့်စုံစုံမှာပြီးပြီ။ အခက်အခဲကြားထဲကထွက်လာပြီး ကျွန်တော်နဲ့စကားပြောတာကိုပဲ စိတ်ထဲက အထူးလေးစားကြည်ညိုကျေးဇူးတင်ရပါတယ်။ သူနဲ့နောက်ထပ်တွေ့ဖို့လည်း လွယ်မှာမဟုတ်သလို တွေ့လည်း သူဒါပဲပြောမှာဖြစ်တယ်။ ကွန်ဖရင့်က နက်ဖြန်တစ်ရက်နဲ့သန်ဘက်ခါနေ့တစ်ဝက်မှာပိတ်ပွဲရှိပေမဲ့ ကျွန်တော့်လာရင်းကိစ္စက ကွန်ဖရင့်တက်ဖို့မဟုတ်လို့ နောက်နေ့(၁၃-၂-၁၉၉၁ ခုနှစ်၊ ဗုဒ္ဓဟူးနေ့) မနက် လေယာဉ်ခေါက်(morning flight)နဲ့ပဲ ဆစ်ဒနီပြန်ခဲ့တယ်။ UNE တည်းခိုဆောင်မှာ သုံးရက်တည်းဖို့ ငွေသွင်းထားခဲ့ရပေမဲ့(သတ်မှတ်ချိန်အတွင်း ကြိုမပြောလို့)ကျန်နှစ်ရက်အတွက် ပြန်အမ်းငွေ(refund)မရဘဲ ဆုံးရှုံးခံလိုက်ရတယ်။ မနက် ၁၁နာရီခွဲလောက် ဆစ်ဒနီနေအိမ်ကိုပြန်ရောက်တယ်။ ကျောင်း၊ ဌာနသွားချင်စိတ်လည်းမရှိတာနဲ့ခဏနားပြီး အခန်းနီးချင်းမိတ်ဆွေတွေဖြစ်ကြတဲ့ဆလိုင်းမိုးအောင်၊ ကိုပီတာဆိုသူတို့နဲ့ Paddy Market ကိုသွားကြတယ်။ Paddy Market ကို တိုက်ရိုက်မြန်မာပြန်ရင် 'စပါးဈေး' လို့ဆိုရမှာပေါ့။ ဒါပေမဲ့ စပါးရောင်းတဲ့ဈေးမဟုတ်ဘဲ ဟင်းသီးဟင်းရွက်၊ သားငါး၊ သစ်သီးဝလံအစုံရောင်းတဲ့ဈေးမကုန်စိမ်းဈေးကြီးဖြစ်တယ်။ ကျွန်တော်တို့လို ငွေကိုချင့်ချိန်ပြီးသုံးစွဲရတဲ့လူတွေအားလုံး အဓိကအားထားရာဈေးလည်းဖြစ်ပါတယ်။ ကုန်စိမ်း

အဓိကဆိုပေမဲ့ အလှကုန်၊ အထည်အလိပ်၊ လူသုံးကုန်ပစ္စည်းလည်းပေါင်းစုံ ရောင်းပါတယ်။ ရန်ကုန် ကီလီဈေးထက် နှစ်ဆလောက်ပိုကြီးမယ်ထင်ပါတယ်။ ဟိုးအရင်က ဒီနေရာဟာ စပါးတွေလှောင်တဲ့ ဂိုဒေါင်တွေဖြစ်ခဲ့လို့ ပက်ဒီမားကက်(Paddy Market) (စပါးဈေး)လို့ခေါ်တာဖြစ်ကြောင်း သိရှိရပါတယ်။

၁၈-၂-၁၉၉၁ခုနှစ်(တနင်္လာနေ့)မှာ ကျောင်း၊ ဌာနကိုသွားတယ်။ ကျမ်းကြီးအပြီးသတ်စာအုပ်ပုံစံချုပ်ဖို့အတွက် လိုအပ်တာတွေဆက်လုပ်တယ်။ ပါမောက္ခဖစ်ရှာလုပ်ခိုင်းတာတွေလည်း ဆက်လုပ်တယ်။ နေ့ခင်းလောက်မှာ စိုက်ပျိုးရေးဘောဂဗေဒမဟာဌာနအတွင်းရေးမှူး(မစ္စတာ)ရောဘတ်ဂျက်ဖ်(Robert Jeffs)နဲ့သွားတွေ့ပြီး လကုန်ရင် မြန်မာနိုင်ငံပြန်ရတော့မှာဖြစ်လို့ အလုပ်သဘောအရလိုအပ်ချက်တွေ၊ လုပ်ရမှာတွေ ဘာတွေရှိသလဲမေးမြန်းတယ်။ ကျွန်တော်ပြန်ရမယ့်အချိန်ဟာ ကျွန်တော်တက်ရောက်ဆည်းပူးနေတဲ့ ဒေါက်တာဘွဲ့သင်တန်းမပြီးဆုံးသေးလို့ လာမယ့်ပညာသင်နှစ်မှာ ပြန်ပြီးဝင်ခွင့်လျှောက်လွှာ(enrolment form)တင်ရ၊ မတင်ရ သက်ဆိုင်ရာကိုမေးပြီး တင်ရမယ်ဆိုရင် အချိန်မီအလွယ်တကူတင်နိုင်အောင် ပုံစံတစ်စုံဖြည့်ထားခဲ့ပါဆိုပြီး ပုံစံတစ်စုံထုတ်ပေးတယ်။ (ကျောင်းလခနဲ့တခြားငွေကြေးတွေကို စပွန်စာက ပေးသွင်းတာမို့ ကျွန်တော်စိုးရိမ်စရာမရှိပါ)။ ပြီးတော့ ပါမောက္ခဖစ်ရှာဆီက ဒေါက်တာဘက်တာဟမ်ထံသို့ပေးပို့လိုက်တဲ့မစ္စတာစိုးရဲ့ကျမ်းကြီးဆိုင်ရာ အခန်းတချို့ကိုလက်ခံရရှိကြောင်း၊ ဒေါက်တာဘက်တာဟမ်ခရီးသွားနေလို့ သူပြန်ရောက်တာနဲ့ပေးလိုက်မယ့်အကြောင်းတွေသိရလို့ နည်းနည်းစိတ်အေးခဲ့ရတယ်။

အဲဒီကပြီးတော့ ကျမ်းကြီးချုပ်ဖို့ ဒေါက်တာဘက်တာဟမ်ဆီက လိပ်စာနဲ့ ဖုန်းနံပါတ်ရထားတဲ့ဆစ်ဒနီ West Ryde ရှိ စာအုပ်ချုပ်ဆိုင်ကို ဖုန်းဆက်မေးတယ်။ ကျမ်းကြီးခေါင်းစဉ်၊ ကျမ်းကြီးပြုစုသူအမည်၊ တက္ကသိုလ်အမည်တွေကို ရွှေစာလုံးနဲ့ရေးပြီး အဝတ်ကတ်ထူဖုံးအထူ(ကြိုက်ရာအရောင်)တစ်အုပ်ကို A$ ၁၅. ၆၀ ကျမယ်တဲ့။ဆစ်ဒနီတက္ကသိုလ်ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ အသင်း(SUPRA) ကလည်း ကျမ်းကြီးချုပ်ပေးတယ်သိထားလို့ ဖုန်းဆက်မေးတော့ စောစောကအခြေအနေအတိုင်း တစ်အုပ်ကို A$ ၂၄ ယူတယ်တဲ့။ အချိန်ကာလက နှစ်ရက်မှသုံးရက်အတွင်းကြာမယ်တဲ့။ အနည်းဆုံး ၇အုပ်

အပ်ရမှာမို့ အသေအချာစဉ်းစားပြီး West Ryde မှာအပ်ဖို့ဆုံးဖြတ်လိုက်တယ်။ အဲဒီမှာ အရင်ကချုပ်ထားတဲ့ကျမ်းကြီးတွေ စာကြည့်တိုက်မှာကြည့်ထားတော့ တော်တော်လေးသပ်သပ်ရပ်ရပ်နဲ့လှလှပပရှိတယ်။ ၇အုပ်ဆိုရင်ပဲ A$၁၀၉. ၂၀ ကျမယ်။ (အခုအချိန်မှာ ဩစတြေးလျတက္ကသိုလ်တွေမှာ ပညာသင်နေသူတွေ ပေးရတဲ့ကျမ်းကြီး ချုပ်ခနဲ့နှိုင်းယှဉ်ကြည့်လို့ရအောင် စရိတ်ကိုဖော်ပြပေးတာပါ။ မြန်မာနိုင်ငံမှ ကျမ်းကြီးချုပ်ခနဲ့လည်း ယှဉ်ကြည့်လို့ရတာပေါ့)။

ဒေါက်တာဘွဲ့ကြီးရမယ်လို့ ယုံကြည်မှုရှိနေပါတယ်။ ဘယ်တော့လောက်ရမယ်ဆိုတာသာ အတပ်မပြောနိုင်သေးတာပါ။ အခက်အခဲတွေရှိနေသေးပေမဲ့ အနှေးနဲ့အမြန်ရမယ်လို့တော့ ယုံကြည်နေပါတယ်။ ဒါကြောင့် ရန်ကုန်မပြန်ခင် ဒေါက်တာဘွဲ့ဝတ်စုံကိုပါ တစ်သက်တာအမှတ်တရအနေနဲ့ ဒီဆစ်ဒနီတက္ကသိုလ်ကပဲ ဝယ်သွားဖို့စိတ်ကူးမိတယ်။ ဘွဲ့ဝတ်စုံကိုတော့ ကျောင်းသားစင်တာ(Student Centre)မှာ ဖွင့်ထားတဲ့စူပါမားကက် မြေအောက်ခန်းမှာ ရောင်းတယ်။ ဒါကြောင့် အဲဒီသွားကြည့်တယ်။ Hood(ဝတ်ရုံနက်အပေါ်က ပခုံးနှစ်ဖက်သိုင်းဝတ်ရတဲ့စလွယ်လိုမျိုး)သက်သက်တစ်စုံ A$ ၈၀၊ hood အပါအဝင် ဘွဲ့ဝတ်စုံအပြည့်အစုံ(ဦးထုပ်မပါ) A$ ၃၄၅တဲ့။ အသေအချာကြည့်တော့ ဝတ်ရုံအနက်(ကတ္တီပါအနက်)မှာ ဝတ်ရုံရှေ့ဘက်ရင်ဖုံးဘယ်၊ ညာနှစ်ဖက်ခြမ်းမှာ အပြားလက်လေးလုံးခန့်(လေးလက်မခန့်)ရှိ အနီရောင်ကတ္တီပါကို လည်ပင်းအောက်နားကစပြီး ဒူးဆစ်အောက်နားထိ ကပ်ပြီးချုပ်ထားတာဖြစ်ကြောင်း တွေ့ရတယ်။ ဒါကို A$ ၃၄၅ဆို ကျွန်တော့်အတွက်များတယ်။ ကတ္တီပါအနီစနဲ့ အနက်စဝယ်ပြီး ရန်ကုန်ရောက်မှချုပ်မယ်လို့ဆုံးဖြတ်လိုက်တယ်။ hood တစ်မျိုးတည်းကိုပဲ A$ ၈၀ပေးပြီး ဝယ်လိုက်တယ်။ ဝတ်ရုံတစ်ခုလုံးကိုတော့ ရန်ကုန်ပြန်ရောက်လို့ ချုပ်ဆိုင်အပ်တဲ့အခါ မမှားအောင် ဓာတ်ပုံရိုက်ထားလိုက်တယ်။ ဆောင်းတဲ့ဦးထုပ်ကိုလည်းမဝယ်တော့ဘဲ ဓာတ်ပုံရိုက်ယူပြီး ရန်ကုန်ရောက်မှအပ်မယ်လို့ဆုံးဖြတ်လိုက်ပါတယ်။ ဆစ်ဒနီတက္ကသိုလ်ရဲ့သတ်မှတ်ချက်အရတော့ သိပ္ပံဖြစ်စေ၊ ဝိဇ္ဇာဖြစ်စေ ဘယ်ဘာသာနဲ့ ဘွဲ့ရရ ဒေါက်တာဘွဲ့အားလုံးရဲ့hood နဲ့ gown ခေါ် ဝတ်ရုံအနက်၊ ရှေ့ဝဲယာခြမ်းမှာ ကပ်ချုပ်တဲ့ လက်လေးလုံးခန့်အပြားက အနီရောင်ဖြစ်ပါတယ်။

အဲဒီကိစ္စပြီးတော့ ကျွန်တော့်ရဲ့ငွေကြေးဆိုင်ရာ စပွန်စာဖြစ်တဲ့

ဩစတြေးလျအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုထောက်ပံ့ရေးဗျူရို(AIDAB) မှ ခရီးသွားကိစ္စဆောင်ရွက်တဲ့အရာရှိ(Travel Officer)ဆီကို ဖုန်းဆက်ပြီး မြန်မာနိုင်ငံပြန်ဖို့ လေယာဉ်လက်မှတ်စီစဉ်ပြီး၊ မပြီးမေးတယ်။ အဲဒီအရာရှိ မရှိလို့ မနက်ဖြန်မှ ပြန်ဆက်ပါလို့စာရေးမကဖြေတယ်။ ဒီနေ့အဖို့ အထွေထွေ ကိစ္စအနေနဲ့ ခရစ်စမတ်ကာလအတွင်း ကင်ဘာရာနေ အသိမိတ်ဆွေ ဒေါက်တာဂျယ်ရီဝှါဒ်တို့ဇနီးမောင်နှံထံမှ လက်ဆောင်အဖြစ်ပို့ပေးတဲ့ 'လက်ဆောင်ဘောက်ချာ' (Gift Voucher)နဲ့ဆစ်ဒနီတက္ကသိုလ်သမဝါယမ စာအုပ်ဆိုင်သွားပြီး ကျွန်တော့်အတွက်အသုံးဝင်မယ့် ဖွံ့ဖြိုးရေးဘောဂဗေဒ(Development Economics)နဲ့ဆိုင်တဲ့ စာတစ်အုပ်ဝယ်တယ်။ ကျွန်တော်ရတဲ့ Gift Voucher က A$ ၃၀လို့ရေးထားတယ်။ စာအုပ်ဖိုးက A$ ၃၅ကျသင့်လို့ A$ ၅ အိတ်စိုက်ရတာပေ့ါ။ နှစ်စဉ် ခရစ်စမတ်ရောက်တိုင်း အဲဒီလိုပဲ ခင်ရာမင်ရာတွေဆီက ခရစ်စမတ်ကတ်တို့၊ Gift Voucher တို့ လက်ဆောင်ရတတ်ပါတယ်။ အမှတ်တရအဖြစ် ကျေနပ်ဝမ်းသာရသလို ကျောင်းသား၊ ကျောင်းသူတွေအတွက် တစ်ဖက်တစ်လမ်းကလည်း အထောက်အကူရပါတယ်။ ချစ်စရာကောင်းတဲ့ဓလေ့ထုံးတမ်းတစ်ခုပါပဲ။

နောက်နေ့(၁၉-၂-၁၉၉၁ခုနှစ်၊ အင်္ဂါနေ့)မနက် ကျောင်း၊ ဌာနသွားပြီး ခရီးကပြန်ရောက်နေပြီးဖြစ်တဲ့ ဒေါက်တာဘက်တာဟမ်နဲ့တွေ့တယ်။ သူဖတ်ပြီးတဲ့ အခန်း၁နဲ့ဒါန်းနဲ့အခန်းစနိဂုံးတို့ကို ပြန်ပေးတယ်။ အိုကေပါတယ်။ အယ်ဒီတာ ကဲရိုလင်းဆီတင်ထားတဲ့အခန်း၇လည်း အင်္ဂလိပ်စာတည်းဖြတ်ပြီးလို့ပြန်ပေးတယ်။ အဲဒါတွေ ကျွန်တော့်ရုံးခန်းမှာ အသေအချာသိမ်းထားပြီး ဆစ်ဒနီမြို့ထဲရှိ AIDAB ရုံး မှ 'ခရီးအရာရှိ' ထံသို့သွားတယ်။ 'ခရီးအရာရှိ'က အတည်ပြုပြီး လေယာဉ်ခရီးစဉ်နဲ့ လေယာဉ်လက်မှတ်တစ်ခါတည်းထုတ်ပေးတယ်။ ကွမ်တာ့စ်(Qantus)လေကြောင်းနဲ့ ဖေဖော်ဝါရီလ ၂၆ရက်(အင်္ဂါနေ့) ညနေ တစ်နာရီခွဲ ဆစ်ဒနီကထွက်၊ အဲဒီနေ့ဒေသအချိန် ညနေ၆နာရီ၂၅မိနစ် စင်ကာပူ ရောက်၊ စင်ကာပူမှာ ဈေးဝယ်ဖို့ ၂၇၊ ၂၈ နှစ်ရက်နေပြီး မတ်လ ၁ရက်(သောကြာနေ့)ဒေသအချိန် နေ့ခင်း ၁၂း၅၀နာရီမှာ မြန်မာလေကြောင်းနဲ့ စင်ကာပူကထွက်၊ အဲဒီနေ့ ရန်ကုန်အချိန် ညနေ ၂နာရီ၂၀ မိနစ်မှာ ရန်ကုန်ရောက် စတဲ့ခရီးစဉ်ကို ဖတ်လိုက်မိတယ်။ ရန်ကုန်ကိုတိုက်ရိုက်ပို့မယ့်ပစ္စည်း

တွေ(unaccompanied baggage)ကို ၂၂-၂-၁၉၉၁ခုနှစ် (သောကြာနေ့) ညနေ ၂နာရီအရောက် လေဆိပ်ရဲ့သတ်မှတ်နေရာကိုပို့ပေးဖို့လည်း ညွှန်ကြားလိုက်တယ်။ စာအုပ်စာတမ်းနဲ့ကိုယ်ပိုင်သုံးပစ္စည်းတွေ သူတို့စရိတ်နဲ့ပို့ဖို့အတွက် အလေးချိန်သတ်မှတ်ပေးထားတယ်။ အဲဒီအလေးချိန်သတ်မှတ်ချက်ဘောင်အတွင်းဆိုရင် AIDAB ကကျခံပေးပြီး အဲဒါထက်ပိုရင် မိမိအိတ်စိုက်ပေးရပါတယ်။ သူတို့ခွင့်ပြုအလေးချိန်က ကီလို ၁၀၀ဖြစ်တယ်။ အဲဒီကိစ္စပြီးတော့ Training Officer(သင်တန်းအရာရှိ)နဲ့တွေ့ပြီး Armidaleရှိ UNE ကွန်ဖရင့် တက်ခဲ့စဉ်က အိပ်စိုက်ကျခံထားခဲ့ရတဲ့ ကွန်ဖရင့် registration fees လေယာဉ်ခရီးစရိတ်၊ တည်းခိုစရိတ် စတာတွေနဲ့ပတ်သက်တဲ့အထောက်အထားပြေစာတွေ၊ လေယာဉ်လက်မှတ်လက်ခံကော်ပီတွေပြပြီး ငွေထုတ်ပါတယ်(တည်းခိုစရိတ်တော့ တစ်ရက်ပဲတည်းပြီး ပြန်လာလို့ တစ်ရက်အတွက်ပဲရတယ်၊ ကျန်တာတွေတော့ ကုန်ကျစရိတ်အတိုင်း အပြည့်အဝရပါတယ်)။

AIDAB မှာ လုပ်စရာကိစ္စတွေပြီးတာနဲ့ ကျောင်း၊ ဌာနကိုအမြန်ပြန်ပြီး ဒေါက်တာဘက်တာဟမ်နဲ့ ကဲရိုလင်းတို့ နည်းနည်းပါးပါးပြင်ဆင်ထားတာကို ကွန်ပျူတာဖိုင်ထဲပြင်၊ print-out ထုတ်ရတယ်။ ကျမ်းကြီးစာအုပ်ပုံစံချုပ်ဖို့ အနည်းဆုံးသုံးရက်ကြာမှာမို့ ဒီနေ့အပ်မှ ၂၃-၂-၁၉၉၁ ခုနှစ်လောက်မှာရမယ်။ ၂၆ရက်နေ့မှာ ဆစ်ဒနီကစထွက်ရတော့မှာမို့ စာအုပ်ချုပ်အမီအပ်ဖို့ အရေးကြီးလာပြန်ပါတယ်။ ဖိအားတွေ၊ စိုးရိမ်စိတ်တွေ(pressure and anxiety)အပြည့်နဲ့ပဲ ဆက်လုပ်ရတော့တာပဲ။ ဒါပေမဲ့ စိတ်အေးလက်အေးနဲ့လုပ်ရတာမဟုတ်လို့ ပြင်တာတောင် ချောချောမွေ့မွေ့မဖြစ်ဘူး။ အမှားမှားအယွင်းယွင်းနဲ့ပါ။ အချိန်မီ စာအုပ်မချုပ်၊ မတင်ပြနိုင်လို့ ဘွဲ့ရရေးမှာအဟန့်အတားဖြစ်မှာလည်း စိုးရိမ်ရတာအလွန်ပါပဲ။ ဒါကြောင့် ပြီးအောင် ဖိလုပ်ပါတယ်။ နေ့ခင်းလက်ဖက်ရည်သောက်ချိန်(သူတို့ဆီမှာ ညနေ ၂နာရီလောက်မှာ လက်ဖက်ရည်သောက်ချိန်ဆိုပြီး လက်ဖက်ရည်သောက် ခဏတစ်ဖြုတ်နား၊ စကားစမြည်ပြောကြပါတယ်)မှာ ဒေါက်တာဘက်တာဟမ် ကျွန်တော့်အခန်းလာပြီး ဒီနေ့ကျမ်းကြီးချုပ်ဖို့၊ အပ်ဖို့အချိန်မီမှာမဟုတ်တော့လို့ ကြာသပတေးနေ့(၂၁-၂-၁၉၉၁ခုနှစ်)မှာမှသွားအပ်ပါ၊ အမြန်ကြေးပေးရင် အချိန်မီချုပ်လုပ်ပေးပါတယ်လို့ပြောတယ်။ နည်းနည်းသက်ပြင်းချချိန်ရလိုက်ပါတယ်။

ဒေါက်တာဘွဲ့အတွက် နောက်ဆုံးရှန်းကန်ရက်များ(၄)

၁၉-၂-၁၉၉၁ခုနှစ်(အင်္ဂါနေ့)နေ့ခင်း လက်ဖက်ရည်သောက်ချိန်(ညနေ ၂နာရီ)မှာ ဒေါက်တာဘက်တာဟမ် ကျွန်တော့်အခန်းလာပြီး 'ဒီနေ့ မမီနိုင်တော့ဘူး၊ ကျမ်းကြီးစာအုပ်ချုပ်ဖို့ ကြာသပတေးနေ့(၂၁-၂-၁၉၉၁ခုနှစ်)ညနေမှ သွားအပ်ပါ' လို့ပြောပြီး လက်ဖက်ရည်သောက်ဖို့ ဆရာများနားနေခန်းဘက် ထွက်သွားတယ်။ ကျွန်တော်တို့လို ဒေါက်တာဘွဲ့ကျောင်းသား၊ ကျောင်းသူတွေ(မဟာဘွဲ့တွေမပါ)လည်း အဲဒီဆရာများကလပ်မှာ ကော်ဖီ(ဝါ)လက်ဖက်ရည် ဝင်သောက်ခွင့်ရှိပါတယ်။ အပြင်ဈေးနဲ့ယှဉ်ရင် အင်မတန်မပြောပလောက်တဲ့ထည့်ဝင်ကြေးသာပေးရပါတယ်။ ဒါပေမဲ့ ကျွန်တော်ကော်ဖီသွားမသောက်ဘူး။ အခုအချိန်အထိ နေ့လယ်စာတောင် မစားရသေးပါဘူး။ အချိန်လုပြီး အလုပ်လုပ်နေရချိန်မို့ အချိန်မပေးနိုင်လို့ပါ။

ကျွန်တော့်ရုံးခန်းထဲထိုင်ပြီး လုပ်စရာတွေကိုဆက်လုပ်တယ်။ ညနေ၄နာရီလောက်မှာ ကျွန်တော့်ဌာနနဲ့မလှမ်းမကမ်းမှာရှိတဲ့ကန်တင်း(canteen)မှာ ဒိုးနတ် ခေါ် မုန့်လက်ကောက်လိုမျိုး နှစ်ခု၊ ကော်ဖီတစ်ခွက်ဝယ်ပြီး အညောင်းအညာလည်း ဖြေ၊ ဗိုက်လည်းနည်းနည်းဖြည့်ရင်း ထိုင်စားသောက်တယ် (ဒီအချိန်က ဆရာတွေရဲ့ ကလပ်ပိတ်ပြီးဖြစ်တယ်)။နာရီဝက်လောက် နားပြီး ရုံးခန်းပြန်အလုပ်ဆက်လုပ်တယ်။ ကျမ်းကြီးတစ်အုပ်လုံးအတွက် အချောသတ်

print-out တွေထုတ်ပါတယ်။ ကျွန်တော့်ရုံးခန်းမှာ ကိုယ်ပိုင်သုံးဖို့ကွန်ပျူတာနဲ့ ပရင်တာပေးထားတာမို့ လုပ်ရကိုင်ရတာအဆင်ပြေပါတယ်။ မနားတမ်းအလုပ် ဆက်လုပ်လိုက်တာ ၂၀-၂-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့) မနက်တစ်နာရီခွဲမှ အိမ် ခန်းကိုပြန်တယ်။ လူက နုံးချည့်နေပြီဖြစ်ပေမဲ့ အိပ်လို့မဖြစ်သေးပါ။

၂၂-၂-၁၉၉၁ခုနှစ်(သောကြာနေ့) ညနေ ၂နာရီမတိုင်မီ လေဆိပ်ပစ္စည်း လက်ခံဌာနကိုပို့ပေးရမယ့် စာအုပ်စာတမ်းနဲ့ ကိုယ်ပိုင်ပစ္စည်းတွေလုံးဝမသိမ်း ဆည်း၊ မထုပ်ပိုးရသေးလို့ နိုင်သလောက် တချို့တစ်ဝက်သိမ်းဆည်းတယ်။ မနက်၃နာရီလောက်မှာမှ အိပ်ရတော့တယ်။ မနက်၆ နာရီအိပ်ရာကထ၊ ရေမိုး ချိုး၊ မနက်စာ ကမန်းကတမ်းစားပြီး ကျောင်း၊ ဌာနသွား၊ print-out ထုတ်ဖို့ ကျန်တာဆက်ထုတ်တယ်။ ထုတ်ပြီးသားတွေပြန်ဖတ်ပြီး အမှားအယွင်းပါ၊ မပါ စစ်ဆေးတယ်။ နောက်ဆက်တွဲဖော်ပြမယ့်ဇယားတွေ၊ ဖော်မြူလာတွေ၊ မြေပုံ တွေ၊ စာတွေအားလုံး print-out မထုတ်မီ ပြန်စစ်၊ ပြန်ဖတ်ပြီးမှ print-out ဆက်ထုတ်တယ်။ အားလုံးအစီအစဉ်တကျ စီစဉ်သိမ်းဆည်းရတယ်။

အရေးထဲအရာပေါ်ပြန်တယ်။ ကွန်ပျူတာပရင်တာစက်ကြီးက စာရိုက် ထုတ်နေတုန်း ရပ်သွားတယ်။ သာမန်လောက်ထင်ပြီး ကိုယ့်ဘာသာကိုယ် ကြိုးစားပေမဲ့ မရလို့ ဒေါက်တာဘက်တာဟမ်ကိုပဲ အကူအညီတောင်းရတယ်။ နေ့ခင်း၁၂နာရီလောက်မှာ ပရင်တာပြန်ကောင်းသွားတယ်။ ပရင်တင်းစက္ကူ မလောက်လို့ စက္ကူသွားထုတ်တော့ စက္ကူဗီရိုသော့ကိုင်စာရေးမအပြင်သွားနေလို့ စိတ်မောရတာမျိုး အခက်အခဲလေးတွေအကျယ်မချဲ့တော့ပါဘူး။ ညနေ ၂နာရီမှာ ကျမ်းကြီးတစ်အုပ်လုံး print-out ထုတ်ပြီးတယ်။ ဒီနေ့လည်း နေ့လယ် စာထမင်းငတ်တယ်။ ကော်ဖီတစ်ခွက်၊ မုန့်တစ်ခုနဲ့ပဲပြီးရတယ်။ ညနေ ၂နာရီခွဲ ကျော်မှာ အားလုံးအဆင်သင့်ဖြစ်ပြီ။

စာအုပ်ချုပ်ဆိုင်ရာ West Ryde ကို ကျွန်တော်တစ်ခါက်မှမရောက်ဖူး ဘူး။ လိပ်စာလက်ထဲရှိပေမဲ့ စမ်းတဝါးဝါးနဲ့မေးမြန်းရှာဖွေရမှာပါ။ ဒေါက်တာ ဘက်တာဟမ်ကသိတယ်။ ပြီးတော့ နေ့တိုင်းသူ့ကိုယ်ပိုင်ကားနဲ့ ကျောင်းသွား ကျောင်းပြန်မှာ အဲဒီဘက်ကဖြတ်ရကြောင်း သူပြောထားဖူးတယ်။ ဒါကြောင့် ဒေါက်တာဘက်တာဟမ်ကျောင်းကပြန်ချိန်မှာ ကားကြုံလိုက်မယ်စိတ်ကူးပြီး သူ့ကိုတွေ့ပြီးပြောတယ်။ ဒေါက်တာဘက်တာဟမ်ကလည်း မညည်းမညူကူညီ

ရှာတယ်။ All Book Bindery(စာအုပ်ချုပ်ဆိုင်နာမည်)က ညနေ၄နာရီခွဲ ပိတ် တယ်။ ၃နာရီလောက်ဆိုရင် ရုံးဆင်း၊ ကျောင်းဆင်း လူတိုးချိန်(rush-hour) စပြီမို့ အခုပဲသွားကြစို့ဆိုတယ်။ ယူစရာရှိတာယူပြီး ဒေါက်တာဘက်တာဟမ် ကားနဲ့ လိုက်သွားတယ်။ All Book Bindery ဆိုင်ရှေ့ ကားရပ်ပေးတယ်။ ကျွန် တော်ဆင်းပြီးတာနဲ့ သူ့ကားဆက်မောင်းပြီး ထွက်သွားတယ်။ ဆိုင်မန်နေဂျာက အသက်ကြီးကြီး အဘိုးကြီးတစ်ယောက်ဖြစ်ပြီး ကျွန်တော့်ကိုမြင်တာနဲ့ (ဒေါက် တာဘက်တာဟမ်ပြောထားတဲ့ မစ္စတာစိုးထင်ပါရဲ့လို့ဆီးကြိုတယ်။ ဒေါက်တာ ဘက်တာဟမ်ရဲ့စေတနာထားမှုကို တကယ်ပဲကျေးဇူးတင်ရတယ်။ အရေးပေါ် အမြန်ချုပ်အဖြစ်အပ်တယ်။ ချုပ်ခ A$ ၂၂ပေးရတယ်။ တနင်္လာနေ့(၂၅-၂- ၁၉၉၁ခုနှစ်)မနက်မှာ ရမယ်တဲ့။ သီသီလေးပါလား။ ကျွန်တော်က ၂၆-၂- ၁၉၉၁ခုနှစ်(အင်္ဂါနေ့)ဆစ်ဒနီက စထွက်ရတော့မှာဖြစ်လို့ပါ။ ဘာပဲဖြစ်ဖြစ် ကျမ်းကြီးချုပ်ဖို့ အပ်ပြီးပြီ၊ မပြန်ခင်တစ်ရက်အလိုမှာ ရမှာမို့ စိတ်ထဲနည်းနည်း ပေါ့သွားတယ်။

ကျွန်တော် ဆစ်ဒနီတက္ကသိုလ်ရောက်နေခဲ့တာ ၂၁-၂-၁၉၉၁ခုနှစ် (မနေ့က)၄နှစ်နဲ့၈လတင်းတင်းပြည့်တဲ့နေ့ဖြစ်တယ်။ ဆေးရုံတက်ခွဲစိတ်ကုသ ခဲ့ရတာ၊ ခွဲစိတ်ပြီး အထူးကြပ်မတ်ခန်း(IC unit) ထဲ နေခဲ့ရတာ၊ အဲဒီအခန်းက ထွက်ပြီး နာလန်ထပြုစုကာလအားလုံး ၈လခန့်ကြာတယ်။ ဒီကြားထဲ ကျွန်တော့် အဓိကကြီးကြပ်သူ ပါမောက္ခဒေါက်တာဖစ်ရှာကို နိုင်ငံတော်အကြံပေးအဖြစ် ခေါ်လိုက်လို့ ကြီးကြပ်သူမရှိဘဲ၊ ဘွဲ့ကျမ်းကြီးလုံးဝမလုပ်နိုင်ဘဲနေခဲ့ရတာ ၄လ၊ ဖစ်ရှာနဲ့အကြိမ်ကြိမ်ဆက်သွယ်အကူအညီတောင်း၊ ဆစ်ဒနီတက္ကသိုလ်၊ စိုက်ပျိုး ရေးဘောဂဗေဒမဟာဌာန၊ ဘွဲ့လွန်မဟာဌာနမှူးနဲ့ အကြိမ်ကြိမ်တွေ့ပြီး ကြီး ကြပ်သူအသစ်ခန့်ထားရေးစီစဉ်ပေးဖို့ ပူဆာပေမဲ့ အသစ်တစ်ယောက် တရား ဝင် ခန့်မပေးသေးဘဲ ဥပုသ်လပိတ်ရက်(sab-batical holiday)ခံစားရင်း ရောက်လာတဲ့ အင်္ဂလိပ်ကြီးဒေါက်တာရွှန်ဗျူလီကို စမ်းသပ်ခန့်ပေးခဲ့တယ်၊ သူနဲ့မပြေလည်လို့ ကုန်လွန်ခဲ့တဲ့ကာလက ၃လကျော်တယ်။ ဒီလိုနဲ့ အားလုံး ပေါင်းလိုက်တော့(၈+၄+၃=)၁၅လခန့် အချိန်တွေပုပ်ခဲ့တယ်။ ဒေါက်တာ ဘက်တာဟမ်ဦးဆောင်တဲ့အဖွဲ့ကို တရားဝင်ကြီးကြပ်သူခန့်ပေးပြီးနောက်မှ အချိန်ပြည့်ပြန်လုပ်ကိုင်နိုင်ခဲ့တယ်။ ဒေါက်တာဖစ်ရှာက တက္ကသိုလ်ပါမောက္ခ

မဟုတ်တော့လို့ မူအရ အဓိကကြီးကြပ်သူ(Principal Supervisor)အဖြစ် ဆက်လုပ်ခွင့်မရှိတော့တဲ့အတွက် ဒေါက်တာဘက်တာဟမ်ကို အဓိကကြီးကြပ်သူ ခန့်လိုက်ရခြင်းဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်ပြုစုတဲ့ကျမ်းကြီးရဲ့ဘာသာရပ်၊ ပညာရပ်လိုင်းမှာတော့ ဖစ်ရှာက ပိုပြီး ဝါနဲ့သမ္ဘာရင့်တယ်။ ဂုရုကြီးပေါ့။ ဒါကြောင့် ကျွန်တော်ရေးသားပြုစုပြီးသမျှကို ဒေါက်တာဘက်တာဟမ်နဲ့အဖွဲ့က ဖတ်ပြီး အိုကေဆိုတာနဲ့မပြီးသေးဘဲ ဖစ်ရှာဆီဆက်ပို့၊ ဖစ်ရှာဖတ်ပြီး အိုကေမှ ပြီးတာဖြစ်လို့ ကြားထဲက စိတ်မောလူမောနဲ့ ဒုက္ခရောက်ရ၊ သောကဖြစ်ရတာက ကျွန်တော်ပါ။ ဒါပေမဲ့ အဆိုးထဲကအကောင်းက ကျွန်တော့်ဒုက္ခနဲ့သောကကို သူတို့တွေ နားလည်ပေးတာပါပဲ။ အထူးသဖြင့် ဒေါက်တာဘက်တာဟမ်လို လူမျိုးကတော့ တကယ်ရှာမှ ရှားပါပဲ။ မျိုးရိုးအားဖြင့် အင်္ဂလိပ်လူမျိုးဖြစ်ပေမဲ့ အင်မတန်ကို ကြင်နာမှု၊ စိတ်ကောင်းစေတနာရှိမှုနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီလောက်ဒုက္ခ၊ သောကတွေကြားထဲက(ပရီလင်းကာလကိုနုတ်လိုက်ရင်)ကျမ်းကြီးပြုစုဖို့ ရတဲ့အသားတင်အချိန်ကာလက(၄နှစ်၈လ အနုတ် ၁၅လ၊ အနုတ်၁၂လ=)၂နှစ်နဲ့၅လသာရှိတဲ့ကာလအတွင်း ဘွဲ့ကျမ်းကြီးကို စာအုပ်ပုံစံချုပ်ဖို့ ဒီနေ့အပ်နိုင်ခဲ့တာဖြစ်ပါတယ်။ West Ryde ဘူတာက ရထားစီးပြီး အပြန်မှာ ရထားပေါ်ထိုင်ရင်း ပြန်လည်တွေးတော စဉ်းစားလာခဲ့တာပါ။

တကယ်တော့ ကြီးမားတဲ့အလုပ်ကြီးတစ်ခု ပြီးမြောက်ခဲ့ပြီမို့ ဆစ်ဒနီကမ်းနားရှိ အော်ပရာဇာတ်ရုံဘက် အပန်းဖြေနေရာသွား၊ ဘီယာတစ်ဝကြီးသောက်၊ ဆိပ်ကမ်းတစ်ကြော အပျော်စီးသင်္ဘောစီးပြီး ငြိမ့်နေရမှာဖြစ်တယ်။ သို့သော် ကျွန်တော်မငြိမ့်အားပါ။ ဇိမ်ခံအပန်းဖြေတာမလုပ်နိုင်ပါ။ အိမ်ခန်းတန်းပြန်ပြီးပစ္စည်းတွေ၊ စာအုပ်စာတမ်းတွေ သိမ်းဆည်းထုပ်ပိုးဆက်လုပ်ရတယ်။ မနက်ဖြန်(၂၂-၂-၁၉၉၁ခုနှစ်) ညနေ၂နာရီမထိုးမီ သွားပို့အပ်နှံရဦးမှာမဟုတ်လား။ အိမ်ခန်းက ပစ္စည်းတွေသိမ်းဆည်းပြီး ခဏနား၊ ရေမိုးချိုးတယ်။ ဒီလောက် နှစ်ပေါင်းအကြာ မိသားစုနဲ့ခွဲနေခဲ့ရလို့ အိမ်အပြန်မှာ ဇနီး၊ သမီး၊ သားတို့အတွက် ဘာလက်ဆောင်မှမပါလို့မဖြစ်ပြန်တာမို့ ဆစ်ဒနီမြို့လယ်ရှိ Wool Worth Department Store, Victoria Building အတွင်းရှိ စူပါမားကက်သွားတယ်။ တော်သေးရဲ့။ ဒီည late night shopping(ညဉ့်နက်ရောင်းဝယ်)ရက်ဖြစ်နေလို့ ကောင်းနိုးရာရာလက်ဆောင်ပေးစရာအပါအဝင် ရှာဖွေဝယ်

ရတယ်။ စုံစုံစေ့စေ့မဟုတ်ပေမဲ့ အတော်အတန်စုံအောင် ဝယ်နိုင်ခဲ့တယ်။ အဲဒါပြီးတော့ အိမ်မပြန်သေးဘဲ ဘတ်စ်ကားစီးပြီး ကျောင်း၊ ဌာနကိုသွားတယ်။ ကျွန်တော့်ရုံးခန်းမှာ သိမ်းဆည်းထုပ်ပိုးစရာစာအုပ်စာတမ်းတွေတစ်ပုံတစ်ပင်ကြီးကျန်နေသေးလို့ပါ။

ပစ္စည်းတွေ မသိမ်းဆည်းမီ ဝယ်ခြမ်းခဲ့တာတွေ အခန်းထဲထားပြီး ကန်တင်းမပိတ်ခင် ညစာအပြေးအလွှားသွားစားတယ်။ ကန်တင်းအလွန်နားရှိ ဩစီကျောင်းသား၊ ကျောင်းသူတွေကစားတဲ့ ဘော့စ်ဘောကစားကွင်းထဲ အညောင်းဆန့် အပန်းဖြေလမ်းခဏလျှောက်ပြီး ကျွန်တော်ရုံးခန်းပြန်တယ်။ စာအုပ်စာတမ်းတွေသိမ်းဆည်းထုပ်ပိုးတယ်။ အဲဒီအထုပ်အပိုးတွေကိုတော့ အိမ်မသယ်တော့ဘူး။ မနက်ဖြန် လေယာဉ်ကွင်းသို့ပစ္စည်းပို့ချိန်မှာ အိမ်ကထုပ်ပိုးပစ္စည်းတွေ တက္ကစီနဲ့တင်ပြီးမှ ကျောင်း၊ ဌာနဘက် ပတ်မောင်းခိုင်းပြီး ကျောင်း၊ဌာနကပစ္စည်းတင်ဖို့ဆုံးဖြတ်ထားတယ်။ ထုပ်ပိုးစရာနည်းနည်းကျန်သေးပေမဲ့ မနက်၁နာရီခွဲနေပြီးဖြစ်လို့ အိမ်ပြန်တယ်။ စီပြုထားတဲ့ပစ္စည်းတွေ၊ စာအုပ်စာတမ်းတွေနဲ့ဒီညနေက ဝယ်ခဲ့တဲ့လက်ဆောင်ပစ္စည်းတွေ ဆက်ပြီးထုပ်ပိုးတယ်။ မနက်၃နာရီလောက်မှာ အလုပ်ရပ်ပြီး ရေနွေးနဲ့ရေချိုးပြီးအိပ်လိုက်တယ်။

၂၂-၂-၁၉၉၁ခုနှစ် မနက်၇နာရီ အိပ်ရာကထ၊ ရေမိုးချိုး၊ မနက်စာပေါင်မုန့်နဲ့ကော်ဖီသောက်ပြီး ကျောင်း၊ ဌာနသွား၊ ဒေါက်တာဘက်တာဟမ်နဲ့တွေ့တယ်။ သူတို့တစ်တွေ မနက်၇နာရီခွဲလောက်ဆို ဌာနရောက်နေကျဖြစ်တယ်။ မနေ့ညနေက အပ်ခဲ့တဲ့ကျမ်းစာအုပ် တနင်္လာနေ့မနက်ရမယ်၊ အားနာပေမဲ့ ကျွန်တော်အချိန်မပေးနိုင်လို့ ဒေါက်တာဘက်တာဟမ် တနင်္လာမနက်ကျောင်းလာတဲ့အခါ ဝင်ရွေးပေးဖို့ မေတ္တာရပ်ခံရတယ်။ ဘောက်ချာနဲ့ငွေသူ့လက်ထဲအပ်တယ်။ သူလည်း ရွေးခဲ့ဖို့ကတိပေးပါတယ်။ ကျွန်တော့်ရုံးခန်းမှာ ထုပ်ပိုးထားတာ ကျန်၊ မကျန်နောက်ဆုံးစစ်ဆေးပြီး အိမ်ပြန်တယ်။ အိမ်မှာကျန်တာထုပ်ပိုးပြင်ဆင်တယ်။ ၁နာရီခွဲလောက်မှာအားလုံးပြီးတယ်။ အခန်းထဲကရေခဲသေတ္တာထဲရှိတဲ့မုန့်တစ်ခုစားပြီး လေဆိပ်လိုက်ပို့နိုင်မယ့် အဖော်ရှိလေမလားကြည့်တော့ အခန်းနီးဖော် ကိုရဲတင့်တွေ့တယ်။ အဖော်လိုက်ပေးမယ်တဲ့။ တက္ကစီခေါ်မယ်လုပ်တော့ ဆရာရဲ့AIDAB က ကားမပို့ဘူးလား၊ သူတို့ကား ကူညီနေကျပဲမဟုတ်လားဆိုတော့မှ သတိရလို့ဖုန်းဆက်မေးတော့

၂ နာရီအတိရောက်မယ်တဲ့။

ပြောတဲ့အတိုင်း ညနေ ၂နာရီ AIDABကလွှတ်လိုက်တဲ့ထရပ်ကားအသေး တစ်စီးရောက်လာတယ်။ ကိုရဲတင့်ပါ ဝိုင်းကူပြီး ပစ္စည်းတွေတင်၊ ပြီးတော့ ကျောင်း၊ ဌာနဆက်မောင်းခိုင်းပြီး ကျွန်တော့်ရုံးခန်းထဲက အထုပ်အပိုးတွေ ဆက်ပြီးတင်တယ်။ လေဆိပ်ပစ္စည်းအပ်ဌာနရောက်တော့ ၃နာရီခွဲတော့မယ်။ ပစ္စည်းအပ်ဌာနကဝန်ထမ်းတွေက ကားပေါ်ကချပေးသမျှအထုပ်တွေကို ကတ္တားပေါ်တင်ချိန်လိုက်တာ အားလုံးစုစုပေါင်း ၉၉၁သမ၅ကီလိုရှိတယ်။ သတ်မှတ်ခွင့်ပြုကီလို ၁၀၀မကျော်လို့ ဝမ်းသာမိတယ်။ ကီလို ၁၀၀ကျော်ရင် ကျော်တဲ့ တစ်ကီလိုတိုင်းအတွက် A$ ၃၁သမ၂၉ပေးရမှာဖြစ်တယ်။ လေကြောင်းစာတိုက် ပါဆယ်နဲ့ပို့ရင် ပိုတောင်ကုန်ကျမယ်၊ တစ်ကီလို A$ ၁၁၁သမ၅တဲ့။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုပြီးသွားပြန်ပြီဖြစ်လို့ ကိုရဲတင့်နဲ့အတူ အိမ်ပြန်ပြီးနားလိုက်ပါတယ်။

ဌာနမှ အံ့အားသင့်နှုတ်ဆက်ပွဲနေ့လယ်စာနဲ့ မိတ်ဆွေအပေါင်းအသင်းတွေရဲ့ နှုတ်ဆက်ပွဲပါတီများ

Surprise Party တို့၊ Surprise Farewell တို့ဆိုတာကလည်း ကာယကံရှင်ကို အံ့အားသင့်စေတဲ့သဘောနဲ့ ကြိုတင်အသိမပေးဘဲ လုပ်ရတဲ့၊ လုပ်ကြတဲ့သဘောရှိပါတယ်။ ကျွန်တော်အချိန် လုံးဝမအားတာ၊ tight ဖြစ်နေတာ၊ ဘယ်အချိန် ဘာအစီအစဉ်တွေရှိတယ်ဆိုတာ တခြားလူတွေ ဘယ်သိနိုင်မလဲ။ ကျွန်တော့်ဘွဲ့ကျမ်းကြီး စာအုပ်ပုံစံချုပ်နေပြီ။ ဒီကျမ်းကြီးတင်ပြပြီး ဖေဖော်ဝါရီ ၂၆ရက်နေ့မှာ ပြည်တော်ပြန်တော့မယ်ဆိုတဲ့အခြေအနေနဲ့ သတင်းကိုတော့ ကျွန်တော်တက်နေရတဲ့ဌာနနဲ့မဟာဌာနကဆရာ၊ ဆရာမတွေ၊ ဘွဲ့လွန်ကျောင်းသားတွေတော့ သိနေကြတာပေါ့။

၂၂-၂-၁၉၉၁ခုနှစ်(သောကြာနေ့)မနက် ကျောင်း၊ ဌာနမှာ ပစ္စည်းတွေသိမ်းဆည်းထုပ်ပိုးနေဆဲ မနက်၁၁နာရီလောက်မှာ ဒေါက်တာဘက်တာဟာမ်ရောက်လာပြီး နေ့ခင်း၁၂နာရီမှာ Holme Building ရှိ Garden Restaurant မှာ မစ္စတာစိုးအတွက် စိုက်ပျိုးရေးဘောဂဗေဒဌာန ဆရာကြီး၊ ဆရာမကြီးတွေက Surprise Farewell Lunch နဲ့ဧည့်ခံနှုတ်ဆက်ဖို့ အစီအစဉ်ရှိတာဖြစ်လို့ ၁၂နာရီတိတိ ဆက်ဆက်တက်ဖြစ်အောင်တက်ပါတဲ့။ တကယ်ပဲ အံ့အားသင့်ရပါတယ်။ ကိုယ့်အလုပ်တွေနဲ့ပိနေခဲ့လို့ ဒီကိစ္စတွေ ခေါင်းထဲတွေးမထားမိခဲ့ဘူး။ ဒေါက်တာဘက်တာဟာမ်ထွက်သွားမှ နေ့ခင်း၂နာရီမှာ unaccom-

panied baggages တွေကို ဆစ်ဒနီလေဆိပ်၊ ကုန်လက်ခံဌာနကိုသွားပို့ရမှာကို သတိရတယ်။ အဲဒီကို အချိန်မီမရောက်မှာစိုးရိမ်လို့ ဌာနမှူးဒေါက်တာဒရိုင်နန်နဲ့ အပြေးအလွှားသွားတွေ့ပြီး အကျိုးအကြောင်း ပြောပြတယ်။ Farewell Lunchကို တနင်္လာနေ့ရွှေ့လို့မရဘူးလားမေးတော့ တနင်္လာနေ့မှာ အစည်းအဝေးရှိလို့ ရွှေ့လို့မဖြစ်ပါဘူး၊ လေဆိပ်ပစ္စည်းပို့တာ အချိန်အတိအကျဖြစ်ဖို့ မလိုပါဘူး၊ နာရီဝက်၊ တစ်နာရီလောက်နောက်ကျလည်း ပြဿနာမရှိပါဘူးလို့ ဖြေပါတယ်။

ဒါကြောင့် ၁၂နာရီတိတိမှာ Holme Building ရှိ Garden Restaurant ကိုသွားခဲ့ပါတယ်။ ဌာနကလူကြီးပိုင်းဆရာ၊ ဆရာမကြီးများဖြစ်ကြတဲ့ဌာနမှူး ဒေါက်တာဒရိုင်နန်၊ ဒေါက်တာဘက်တာဟမ်၊ ဒေါက်တာဖရူဒွန်၊ မစ္စစ်ကယ်ရိုလင်းတဲနာနဲ့ ဌာနအတွင်းရေးမှူး Monicaတို့ တက်ရောက်ကြကြောင်း တွေ့ရတယ်။ ဒီ Garden Restaurant က ဆစ်ဒနီတက္ကသိုလ်ပရဝဏ်ထဲမှာပဲရှိပြီး အပြင်ပုဂ္ဂလိကက လာရောက်ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။အဆင့်အတန်းမြင့်တယ်၊ အစားအသောက်တွေကောင်းတယ်၊ ဒါပေမဲ့ ဈေးကြီးလွန်းလို့ ကျွန်တော် ၄နှစ်နဲ့ ၈လကာလအတွင်း ကိုယ့်ဘာသာကိုယ် တစ်ခါမှမစားဖူးပါ။ တက္ကသိုလ်ကို VIP(အရေးကြီးပုဂ္ဂိုလ်)တွေလာတဲ့အခါမျိုး၊ တက္ကသိုလ်ဘက်က အရေးကြီး အစည်းအဝေး၊ ကွန်ဖရင့် စသည့်အခမ်းအနားတွေလုပ်တဲ့အခါမျိုးတွေမှာ ညှော်ခံပွဲလုပ်လေ့ရှိတဲ့နေရာလည်းဖြစ်တယ်။ အရင် စားကြတယ်။ ယူနီဖောင်းခံ့ညားလှပစွာ ဝတ်ထားတဲ့စားပွဲထိုးတွေက အဆင့်မြင့်ရှန်ပိန်ကို လိုက်ထည့်ပေးတယ်။ ဒေါက်တာဒရိုင်နန်က ခွက်မြှောက်ပြီး cheers လုပ်တယ်။ ပြီး course by course စားစရာတွေချပေးတယ်။ ကျွန်တော့်မှာ ဘွဲ့ကျမ်းကြီးအလုပ်နဲ့ ပိနေခဲ့လို့ နေ့လယ်စာမစားခဲ့ရတာ တစ်ပတ်ကျော်လောက်ရှိပြီဆိုတော့ ဘယ်ပြောကောင်းမလဲ၊ ရှန်ပိန်သောက်လိုက်၊ ပုစွန်ထုပ်ကြီးတွေအပါအဝင် ပင်လယ်စာအမျိုးမျိုးနဲ့ထူးရှယ်စားဖွယ်တွေကို ထမင်းတစ်လှည့်၊ lunch ပေါင်မုန့်လုံးလေးတွေတစ်လှည့် တစ်ဝကြီး စားပစ်လိုက်ပါတယ်။ စားသောက်ရင်း စကားစမြည်လည်းပြောရင်းပေါ့။ စားသောက်ပြီး အချိုပွဲ(dessert)ချချိန်မှာမှ ဌာနမှူးဒေါက်တာဒရိုင်နန်က နှုတ်ဆက်စကားပြောတယ်။ ၄နှစ်နဲ့ ၈လတိတိ အတူတကွအလုပ်လုပ်၊ ဆက်ဆံခဲ့ရတဲ့ဆရာသမားတွေ၊ ပုဂ္ဂိုလ်တွေမို့ သံယောဇဉ်

တွယ်နေကြဖြစ်လို့ သူ့စကားသံမှာခံစားမှုပါဝင်နေကြောင်း ပေါ်လွင်သလို ကျွန်တော်လည်းခံစားရပါတယ်။ နှုတ်ဆက်စကားပြောပြီးတော့ အသေအချာထုပ်ပိုး၊ ပက်ကင်လုပ်ထားတဲ့အထုပ်တစ်ထုပ်နဲ့ သူတို့အားလုံးစုပေါင်းလက်မှတ်ထိုးထားတဲ့ ကတ်တစ်စောင်တို့ကို အမှတ်တရအဖြစ် ကျွန်တော့်ကိုလက်ဆောင်ပေးပါတယ်။ အထုပ်ကိုဖွင့်ကြည့်လိုက်တော့ The University of Sydney Photographic Essay(Raymond de Berquelle)ဆိုတဲ့ စာအုပ်ဖြစ်ကြောင်း တွေ့ရတယ်။ စာအုပ်တန်ဖိုး $ ၂၀လို့ တစ်နေရာမှာ ဈေးနှုန်းကပ်ထားတာလည်း တွေ့ပါတယ်။ ဒါပေမဲ့ ဒီလိုစာအုပ်မျိုးကို ဈေးနှုန်းနဲ့တန်ဖိုးဖြတ်လို့မရပါဘူး။ အဖိုးတန်ရှားပါးမှတ်တမ်းစာအုပ်ဖြစ်ရုံမက ကျွန်တော် ဒေါက်တာဘွဲ့အတွက် ငါးနှစ်နီးပါး ပညာဆည်းပူးခဲ့တဲ့ ဆစ်ဒနီတက္ကသိုလ် သမိုင်းသရုပ်ဖော်စာအုပ်ဖြစ်နေလို့ အမြတ်တနိုးနဲ့ ဒီနေ့အထိ သိမ်းထားဆဲပါ။ နောက်ဆုံး ကျွန်တော်က ကျေးဇူးတင်စကားကိုပြောပြီး နှုတ်ဆက်ပွဲအခမ်းအနားပြီးဆုံးခဲ့ပါတယ်။

အဲဒီအခမ်းအနားပြီးလို့ ရုံးခန်းပြန်ရောက်တော့ မဟာဌာနမှာ အတူပညာဆည်းပူးနေကြတဲ့ဖိလစ်ပိုင်နိုင်ငံကကျောင်းသား၊ ကျောင်းသူအချို့နဲ့ ဩစီမိတ်ဆွေအဖွဲ့က ညနေ၆နာရီမှာ နယူးတောင်းမြို့ (Newtown)ရှိ SAFARI Indonesian Restaurant မှာ နှုတ်ဆက်ညစာနဲ့ညှော်ခံချင်လို့ ကြွခဲ့ပါလို့ ဖိတ်ကြားပါတယ်။ ပြီးတော့ ဌာနမှအိမ်ပြန်၊ ညနေ ၂နာရီမှာ အခန်းနီးချင်း ကိုရဲတင့် အတူလိုက်ပါပြီး ပစ္စည်းတွေ လေဆိပ်လိုက်ပို့၊ အဲဒီလေဆိပ်က အပြန်ခရီးမှာ ကိုရဲတင့်က 'ဆရာစိုး၊ ည၉နာရီမှာ ရှဲပွါဒ်လမ်း (Shepherd Street)အိမ်က ကိုညီညီ၊ ကိုမြင့်ဆွေနဲ့ကျွန်တော်တို့ဦးဆောင်ပြီး ဆရာစိုးကို နှုတ်ဆက်ပွဲလုပ်ဖို့ စီစဉ်ထားပါတယ်၊ တက်ဖြစ်အောင် တက်ပါနော်'တဲ့။ အဆောက်အအုံတစ်ခုတည်းမှာ အခန်းနီးချင်းတွေအဖြစ် အတူနေရုံမက အမြဲတမ်းအကူအညီပေးနေသူတွေလည်းဖြစ်လို့ မငြင်းသာဘူး။ ညနေ၆နာရီ ဖိလစ်ပိုင်နဲ့ ဩစီတွေဖိတ်ထားတဲ့အကြောင်းကိုလည်း မပြောတော့ဘူး၊ နှစ်ဖွဲ့စလုံးရဲ့ဖိတ်ကြားချက်အတိုင်းတက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

၂၆-၂-၁၉၉၁ခုနှစ်မှာ ဆစ်ဒနီကထွက်ခွာရတော့မှာဖြစ်လို့ အချိန်သုံးရက်သာ ကျန်တော့တယ်။ ဒါကြောင့် ဒီနေ့ (၂၃-၂-၁၉၉၁ခုနှစ်၊ စနေနေ့)မနက်ပိုင်း စင်ကာပူမှာမရနိုင်ဘူး၊ ရရင်လည်း ဈေးကြီးမယ်ထင်ရတဲ့အိမ်အတွက် ပစ္စည်း

တချို့ ထွက်ဝယ်တယ်။ နေ့လယ် အိမ်ပြန်၊ ထမင်းစား၊ ခဏနားပြီး ကျောင်း၊ ဌာနသွားတယ်။ ဒေါက်တာဘက်တာဟမ်လက်ထဲအပ်ခဲ့ဖို့ ကျွန်တော့်ရုံးခန်း ကွန်ပျူတာဖိုင်ထဲကကျမ်းကြီးတစ်အုပ်လုံး(စာအုပ်ချုပ်တဲ့အထဲပါသမျှ အားလုံး) ကို ဒစ်ကတ်တွေထဲပြောင်းရွှေ့ထည့်တယ်။ (အဲဒီအချိန်တုန်းက အခုခေတ် သုံးနေကြတဲ့ CD ဓာတ်ပြားတွေမပေါ်သေး၊ မသုံးကြသေးပါဘူး) စာတွေ(text) အားလုံးပြီးပေမဲ့ ပုံတွေ၊ ဇယားတွေကျန်တယ်။ လူတစ်ကိုယ်လုံး နုံးချည့်နေလို့ အိမ်ပြန်ပြီး ခဏအိပ်လိုက်ပါတယ်။ ညနေ၅နာရီမထိုးမီ ထ၊ ရေမိုးချိုးပြီး ဖိလစ်ပိုင်နဲ့ ဩစီမိတ်ဆွေတွေဖိတ်ကြားတဲ့ နယူးတောင်းမြို့ရှိ SAFARI Indonesian စားသောက်ဆိုင်ထွက်ခဲ့ပါတယ်။ ကျွန်တော် အခုနေထိုင်တဲ့ ရှဲပွါဒ်လမ်းမှာမနေခင် အဲဒီစားသောက်ဆိုင်အနောက်လမ်းက အိမ်ခန်းတစ်ခန်း မှာ တစ်နှစ်နီးပါးနေခဲ့လို့ နေရာကို ကျွမ်းပါတယ်။

ဖိလစ်ပိုင်နဲ့ဩစီမိတ်ဆွေတွေဖြစ်လို့ ဝီစကီလို အရက်ပြင်းမျိုး ပါမယ်လို့ ထင်ထားခဲ့ပေမဲ့ အင်ဒိုနီးရှားစားသောက်ဆိုင်ဖြစ်လို့ ဒါမှမဟုတ် မိန်းကလေး တွေပါလို့ပဲလားမသိပါ၊ အရက်ပြင်းမပါဘဲ ဝိုင်အရက်လောက်သာပါပြီး အစား အစာအဓိကဖြစ်နေကြောင်းတွေ့ရပါတယ်။ စကားဖောင်ဖွဲ့ကြ၊ စားကြနဲ့ပျော် စရာကောင်းပါတယ်။ ညစာအတွက်ရွေးချယ်ထားတဲ့ အစားအစာအတွဲ (course)တွေလည်းကောင်းပါတယ်။ အင်ဒိုနီးရှားအစားအစာမှာ များသော အားဖြင့် အုန်းနို့ဖြစ်ဖြစ်၊ အပူအစပ်နဲ့ဟင်းခတ်အမွှေးအကြိုင်တွေဖြစ်ဖြစ် ပုံအောသုံးလေ့ရှိပါတယ်။ ဒါပေမဲ့အခုစားသောက်ဆိုင်က ဩစီတွေအကြိုက် လုပ်ထားတယ်ထင်ပါရဲ့။ စားရတာအဆင်ပြေပါတယ်။ ညစာစားသောက် အပြီးမှာတက်လာတဲ့ဖိလစ်ပိုင်မိတ်ဆွေတွေ စုပေါင်းလက်မှတ်ထိုးထားတဲ့ Kahlil Gibranရေးတဲ့ The Prophet ဆိုတဲ့စာတစ်အုပ်ကို အမှတ်တရလက်ဆောင် ပေးပါတယ်။ (ဒီစာအုပ်ကိုလည်း အမြတ်တနိုးနဲ့ယနေ့တိုင်သိမ်းဆည်းထားပါ တယ်၊ ဖတ်လည်းဖတ်ဖြစ်ပါတယ်)

Safari Restaurant မှ ညစနာရီကျော်လောက် ပြန်ပါတယ်။ ရှဲပွါဒ်လမ်း အဆောက်အအုံနေ အခန်းနီးချင်းမြန်မာမိတ်ဆွေ(ညီညီ၊ ရဲတင့်၊ မြင့်ဆွေ)တွေ လုပ်တဲ့ နှုတ်ဆက်ညစာစားပွဲတက်ပါတယ်။ ဒီမြန်မာမိတ်ဆွေတွေကလူငယ် လေးတွေပါ။ တချို့က ကျောင်းလာတက်တာ၊ တချို့က အလုပ်လာလုပ်တာ

ပါ။ မိဘမျိုးရိုးကောင်းကြပြီး စိတ်ထားဖြူစင်ကြတဲ့လူငယ်တွေ(ကျွန်တော့်တူ၊ သားအရွယ်တွေ)ဆိုပေမဲ့ ကျွန်တော်က သူတို့ကို လေးလေးစားစား ရင်းရင်းနှီးနှီး ခင်သလို သူတို့ကလည်း ကျွန်တော့်ကိုလေးစားရိုသေကြပါတယ်။ အဆောက် အအုံရဲ့ထမင်းစားခန်းမှာလုပ်တာဖြစ်လို့ လွတ်လွတ်လပ်လပ်နဲ့သီးသီးသန့်သန့် ရှိပါတယ်။ မြန်မာထမင်းဟင်းဖြစ်လိမ့်မယ်လို့မျှော်လင့်ထားခဲ့ပေမဲ့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ လီဘနွန်ပေါင်မုန့်အပြား၊ ကဘတ်ကျော်နဲ့ဘီယာတွေပြင် ဆင်ထားကြောင်းတွေ့ရတယ်။ ကိုရဲတင့် စီစဉ်တာလို့သိရပါတယ်။ Safari Restaurant မှာ စားသောက်ခဲ့လို့ သိပ်မဆာပေမဲ့ အားရပါးရ ပါဝင်စားသောက် ခဲ့ပါတယ်။ စကားတွေ ဖောင်ဖွဲ့၊ ရယ်မောပြောဆိုကြတယ်။ ဩစီအကြောင်း အတွေ့အကြုံတွေပြောရင်း ဟားကြတယ်၊ မြန်မာပြည်အကြောင်းပြောရင်း ဆွေးကြ၊ ငေးကြတယ်။ ဩော်. . . ဒါဟာ လူ့ဘဝပဲမဟုတ်လား။

ဘွဲ့မျှော်အိမ်ပြန်ခရီး(၁)

တကယ်ဖြစ်သင့်တာက ဒေါက်တာဘွဲ့အောင်စာရင်းကြေညာတဲ့အထိ စောင့်ပြီး ဘွဲ့ပိုက်အိမ်ပြန်တာမျိုးကို တမ်းတမျှော်လင့်ခဲ့တာပါ။ ဖြစ်လည်းဖြစ်သင့်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ အဲဒီလိုစောင့်နိုင်တဲ့အခြေအနေ မရှိခဲ့ပါဘူး။ နောက်သုံးရက်ဆိုရင် ပြန်ရတော့မှာဖြစ်လို့ အပြန်ခရီးအတွက် ပြင်ဆင်ရတော့တယ်။ unaccompanied baggages တွေပို့ပြီးပြီ။ နှုတ်ဆက်ပွဲတွေတက်ပြီးပြီ။ ဘာတွေလုပ်ဖို့ကျန်သလဲဆိုတာ ဖော်ပြတဲ့အလုပ်စာရင်း (check-list)တစ်ခုရေးပြီး ဆက်လုပ်စရာတွေလုပ်တယ်။

၂၄-၂-၁၉၉၁ခုနှစ်၊ တနင်္ဂနွေနေ့မနက်ပိုင်း ကိုဆလိုင်း၊ ကိုပီတာတို့နဲ့အတူ Paddy Market သွားပြီး ချက်ပြုတ်စရာတွေနဲ့ အိမ်ပြန်လက်ဆောင်တချို့ ဝယ်တယ်။ အိမ်ပြန်ချက်ပြုတ်စားသောက်ပြီး ညနေပိုင်း ကျောင်း၊ ဌာနသွားခဲ့ပါတယ်။ ဒေါက်တာဘက်တာဟမ်ကို ပေးအပ်သွားရမယ့် အလုပ်လက်ကျန်တွေ ဆက်လုပ်ပြီး ညနေ၆နာရီကျော်လောက် အိမ်ပြန်ပါတယ်။ ချက်ပြုတ်စားသောက်ပြီး အပြန်ခရီးအတွက် ပစ္စည်းတွေစသိမ်းဆည်း၊ လျှော်စရာရှိတာ စက်ထဲထည့်လျှော်၊ ပြီးတော့ ရှိတဲ့ခရီးဆောင်သေတ္တာနဲ့အိတ်သုံးလုံးထဲထည့်ပါတယ်။ ကိုဆလိုင်းက ဝိုင်းကူလုပ်ပေးပါတယ်။ အဝတ်အစားတွေနဲ့အခြား ပစ္စည်းတွေ အိတ်ထဲထည့်တော့မှ ခရီးဆောင်သေတ္တာအိတ်သုံးလုံးနဲ့မဆံ့ကြောင်း

တွေ့ရလို့ နောက်နေ့မှ ဈေးထဲက အိတ်တစ်လုံးထပ်ဝယ်မယ်ဆုံးဖြတ်ပြီး မနက် ၁နာရီလောက်မှာအိပ်လိုက်ပါတယ်။

၂၅-၂-၁၉၉၁ခုနှစ်၊ တနင်္လာနေ့မနက် ကျောင်း၊ ဌာနသွားပြီး ဒေါက်တာဘက်တာဟမ်နဲ့တွေ့တော့ သူရွေးလာတဲ့စာအုပ်ပုံစံချုပ်ဖို့အပ်ထားခဲ့တဲ့ ကျမ်းကြီးစာအုပ်တွေ ပြပါတယ်။ ချုပ်ပြီးသားကျမ်းစာအုပ်ကြီး မြင်ရတော့လည်း ကြည်နူးပီတိဖြစ်လိုက်ရတာ မဖော်ပြနိုင်အောင်ပါပဲ။ ဒေါက်တာဘက်တာဟမ်လည်းသဘောကျပါတယ်။ ကျွန်တော့်အတွက် ရန်ကုန်ပြန်ရင် သယ်သွားဖို့ တစ်အုပ်ယူထားပြီး ကျန်တဲ့လေးအုပ်ကို ဒေါက်တာဘက်တာဟမ်ဆီမှာ ထားခဲ့ပါတယ်။ သူ့အတွက် တစ်အုပ်၊ ဒေါက်တာဒရိုင်နန်၊ ဒေါက်တာဖရူဒွန်နဲ့ ဒေါက်တာဖစ်ရှာတို့အတွက် တစ်အုပ်စီပေးဖို့ဖြစ်ပါတယ်။ ပါမောက္ခဒေါက်တာဖစ်ရှာဆီကို သူကအမြန်စာပို့နဲ့ပို့ပေးမှာဖြစ်ပါတယ်။ အခုထိ ပြင်ပစာစစ်မခန့်ရသေးဘူး။ အခုချုပ်ပြီး စာအုပ်တွေကို ဒေါက်တာဘက်တာဟမ်နဲ့နှစ်ဦးတို့က အသေးစိတ်ဖတ်ဦးမယ်၊ အနုစိတ်စစ်ဆေးမယ်။ ပြီးမှ ကင်ဘာရာရှိ ပါမောက္ခဖစ်ရှာဆီကလည်း အလားတူ ဖတ်မှတ်စစ်ဆေးပြီး ပြင်စရာရှိရင် ရန်ကုန်ပြန်ရောက်နေမယ့် ကျွန်တော့်ထံသို့ပြင်ဖို့ပို့ပေးမယ်။ စာလုံးပေါင်းမှားတာမျိုး၊ စာကျစာကျန်လိုမျိုး အသေးအမွှားလောက်ဆိုရင်တော့ ကျွန်တော့်ဆီမပို့တော့ဘဲ ဒေါက်တာဘက်တာဟမ်ကပဲ ပြင်ပေးလိုက်မယ်။ သူတို့ ဖတ်နေစဉ်၊ စိစစ်နေစဉ်အတွင်း ပြင်ပစာစစ်ခန့်ထားမယ်။ ပြင်ဆင်ပြီး ကျမ်းကြီးကို ပြင်ပစာစစ်တွေဆီပို့ပေးပြီး စစ်ဆေးစေမယ်။ သူတို့ဆီက အစီရင်ခံစာစောင့်မယ်။ ပြင်ပစာစစ်နဲ့အတွင်းစာစစ်များရဲ့အစီရင်ခံစာပါ သုံးသပ်ချက်နဲ့မှတ်ချက်တွေ ကြည့်ပြီးမှ အောင်စာရင်းထုတ်ပြန်မှာဖြစ်တယ်တဲ့။

ဒါဆို အောင်စာရင်းသိရဖို့ အကြာကြီးစောင့်ရဦးမှာပေါ့နော်လို့ ကျွန်တော်ကညည်းညူမေးမြန်းတာကို ဒေါက်တာဘက်တာဟမ်က သိပ်ကြာမယ်မထင်ပါဘူး၊ ပြင်ပစာစစ်တွေကို မြန်မြန်ဖတ်ပေးဖို့၊ အစီရင်ခံစာ မြန်မြန်တင်ဖို့ကိုတော့ ဒေါက်တာဖစ်ရှာက ဩဇာသုံးပါလိမ့်မယ်၊ အဓိကအနေနဲ့ မစ္စတာစိုးရဲ့ကျမ်းကြီးက အဆင့်အတန်းအရည်အသွေးမီနေပါပြီ၊ ပိုကောင်းအောင်၊ စင်းလုံးချောဖြစ်အောင် ဖစ်ရှာအပါအဝင် ကျွန်တော်တို့က တွန်းနေတာပါ။ ပြီးတော့ ခင်ဗျားရဲ့ကျမ်းကြီးပြုစုခဲ့ရတာကိုက ထူးခြားတယ်လေ။ ကြီးကြပ်သူပြဿနာ

ပေါ်တယ်။ မရှိစဖူးအတွင်းစာစစ်က ဖစ်ရှာနဲ့ပါဆို လေးယောက်တောင် ဖြစ်နေတယ်။ ဖစ်ရှာကတက္ကသိုလ်ကမဟုတ်တော့ဘဲ ပြင်ပအဖွဲ့အစည်း၊ ဌာနကို ပြောင်းရွှေ့သွားပြီး ပူးတွဲကြီးကြပ်သူ(co-supervisor)အဖြစ်သာ တရားဝင်ရပ်တည်နေခဲ့ရတာမို့ ငါတို့မဟာဌာနပညာရေးဘုတ်အဖွဲ့က သူ့ကိုပြင်ပစာစစ်ခန့်မယ်ဆိုရင် မူအရခန့်လို့ရတယ်။ ဒါဆိုရင် ပြည်ပက ပြင်ပစာစစ်နောက်တစ်ဦးသာ ခန့်ရတော့မယ်။ ဒါက ငါ့အထင်နဲ့ခန့်မှန်း ကြည့်ရတာနော်။ တကယ်ဖြစ်ချင်မှလည်း ဖြစ်လာမှာပါ။ ဒါပေမဲ့သေချာတာကတော့ အတွင်းစာစစ်အစီရင်ခံစာမြန်မြန်ထွက်မယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဘာတွေ လုပ်ထားတယ်၊ ဘယ်လိုလုပ်ခဲ့ရတယ်၊ ဘာတွေရေးထားတယ်ဆိုတာရော ကြိမ်ဖန်များစွာ ကောင်းသည်ထက်ကောင်းအောင် ပြင်ရတာတွေရော၊ အရေးကြီးအခန်းအချို့ကို presentation and defend(တင်ပြထုချေကာကွယ်)ထားတာတွေပါ အကုန်သိထားလို့ပါပဲ။ အခက်အခဲလေးတစ်ခုရှိနိုင်တာက နောက်ဆုံးလူတွေ့စစ်ဆေးတဲ့ viva voce လိုမယ်၊ မလိုဘူးဆိုတာပဲ။ တကယ်လို့ စာစစ်သူတွေ၊ အထူးသဖြင့် ပြင်ပစာစစ်သူတွေရဲ့ အစီရင်ခံစာတွေမှာ(သုံးသပ်ချက်၊ ဝေဖန်ချက်တွေပေးပြီးရင်) သဘောထားမှတ်ချက်ပေးရတယ်။ အဲဒီသဘောထားမှတ်ချက်မှာ နောက်ထပ်တစ်စုံတစ်ရာထပ်မံစစ်ဆေးရန်မလိုဘဲ ဒေါက်တာဘွဲ့ပေးသင့်သည်လို့ ပါလာရင်တော့ လူတွေ့စစ်ဆေးမှု(viva voce) လည်းမလိုတော့ဘူး။ ဒါကြောင့် သိပ်ပြီးအစိုးရိမ်မလွန်ပါနဲ့၊ ရန်ကုန်ပြန်ပြီး စိတ်အေးလက်အေးနဲ့စောင့်ပါလို့ တော်တော်လေး ပြည့်ပြည့်စုံစုံရှင်းပြပြီး အားပေးနှစ်သိမ့်ပါတယ်။

စိုးရိမ်စိတ်က ရှိနေမြဲဖြစ်ပေမဲ့ အားတက်မိတာတော့အမှန်ပါပဲ။ မျှော်လင့်ချက်လည်းအပြည့်အဝထားမိပါတယ်။ ဆစ်ဒနီမြို့မှာ ဒီနေ့တစ်ရက်ပဲ နေရတော့မှာဖြစ်လို့ ဒေါက်တာဘက်တာဟမ်ကို ကျေးဇူးတင်စကားပြောပြီး ကျွန်တော့်ရုံးခန်းပြန်တယ်။ အခန်းမှာ ရှင်းလင်းစရာတွေရှင်းလင်းပြီးရင် အခန်းသော့နဲ့ဗီရို၊ လော်ကာသော့တွေကို ဒေါက်တာဘက်တာဟမ်ကို အပ်ခဲ့ဖို့ပါ။ ဒါပေမဲ့ ရှင်းလို့မပြီးနိုင်ဘူး၊ တခြားလုပ်စရာတွေလည်းရှိနေသေးလို့ မနက်ဖြန်မနက်မှ သော့အပ်မယ့်အကြောင်း ဒေါက်တာဘက်တာဟမ်ကို သွားပြောရတယ်။

ကျွန်တော်ရုံးခန်းကထွက်ပြီး ကျွန်တော့်ငွေစာရင်းရှိတဲ့တက္ကသိုလ်ပရဝဏ် အတွင်းရှိ ဘဏ်ကငွေထုတ်တယ်။ ငွေတချို့တစ်ဝက်ကို A$ မှ US$ လဲတယ်။ မြို့ထဲသွားပြီး အိမ်ကပစ္စည်းတွေပက်ကင်လုပ်ဖို့ US$ 50နဲ့ suit case တစ်လုံး ဝယ်တယ်။ နေ့လယ်စာ မစားအားသေးဘဲ အိမ်ပြန်ပြီး ပက်ကင်ဆက်လုပ်ပါတယ်။ ကိုဆလိုင်းကဝိုင်းကူပါတယ်။ ပက်ကင်ပြီးလို့ချိန်ကြည့်တော့ အများကြီးပိုနေပါတယ်။ ဒါကြောင့် ဆစ်ဒနီမှာနေစဉ်ကာလအတွင်း လိုအပ်လို့ တတိတိဝယ်ထားသမျှ စားပွဲတင်လျှပ်စစ်မီးကအစ အပူပေးဟီတာ(heater) အဆုံး ထားပစ်ခဲ့ရမှာ နှမြောတယ်။ ဒါကြောင့် ပက်ကင်လုပ်တဲ့အခါ အကုန်ထည့်တော့ အလေးချိန်တအားများနေတာပေါ့။ ဒီတော့ အချိန်ကိုလုနေရပြီ၊ အပိုကြေးပေးရတာလည်း ဈေးကြီးလေတော့ နှမြောတာ၊ လောဘကြီးတာကို တုံးတိတိဖြတ်ပြီး လေးတာအကုန်ထုတ်ပြီးမှ ပက်ကင်ပြန်လုပ်ရတယ်။ ဒီလိုပြန်ပြီးပက်ကင်လုပ်တာတောင် လေကြောင်းလိုင်းက ခွင့်ပြုအလေးချိန်ထက် ပိုနေသေးတယ်။ ချန်ခဲ့သမျှပစ္စည်းအားလုံးကို ကိုဆလိုင်းကိုပဲပေးထားခဲ့လိုက်တယ်။ အားလုံးထုပ်ပိုးပြီးချိန်မှာ မနက် ၂နာရီကျော်နေပါပြီ။ နာရီနိုးစက်ပေးပြီး အိပ်ရာဝင်ရပါတော့တယ်။

မနက်အစောကြီးထပြီး ကျောင်း၊ ဌာန အပြေးအလွှားသွားတယ်။ ရှင်းစရာအကုန် အမြန်ရှင်းပြီး ဒေါက်တာဘက်တာဟမ်ကို သော့တွေအပ်ပြီး နှုတ်ဆက်တယ်။ ပြီးတော့ စင်ကာပူရောက်ရင် ကွန်ပျူတာပရင်တာဝယ်ဖို့ ကြိုတင်မေးမြန်းပြီး ဘယ်မှာဝယ်ပါလို့အကြံပေးတဲ့ ယခင်ရန်ကုန်စီးပွားရေးတက္ကသိုလ် လုပ်ဖော်ကိုင်ဖက်ဆရာကိုသတိရလို့ စင်ကာပူက သူ့အိမ်ဖုန်းဆက်ပါတယ်။ အဆင်ပြေရင်တော့ သူ့အိမ်မှာပဲတည်းခိုမယ်လို့လည်း ရည်ရွယ်တာပေါ့လေ။ ဒါပေမဲ့ အဲဒီဆရာ ခရီးထွက်နေကြောင်း သူ့ဇနီးဖြေလို့ အစီအစဉ်ပြောင်းလိုက်တယ်။ စင်ကာပူရောက်မှတက္ကစီဒရိုင်ဘာကို အဆင်ပြေမယ့်ဟိုတယ် ဖြစ်ဖြစ်၊ တည်းခိုခန်းဖြစ်ဖြစ် ပို့ခိုင်းရတော့မှာပဲပေါ့။

မနက် ၁၀း၃၀နာရီမှာ ကျောင်း၊ ဌာနမှ နေအိမ်ပြန်ပြီး တက္ကစီနဲ့ပစ္စည်းတွေတင်၊ လေဆိပ်ကိုစထွက်ပါတယ်။ ကိုပီတာနဲ့ ကိုကျော်သူရတို့ လိုက်ပါပို့ဆောင်ပါတယ်။ ၁၁း၃၀နာရီမှ ဆစ်ဒနီလေဆိပ် check-in ကောင်တာမှာ check-in လုပ်ပါတယ်။ accompanied baggage အဖြစ် သေတ္တာတစ်လုံးနဲ့

အိတ်တစ်လုံးချိန်လိုက်တော့ ၃၄ကီလိုတဲ့။ လက်ဆွဲအိတ်မပါသေးပါ။ ၁၄ကီလို ပိုနေလို့ ဒုက္ခပါပဲလို့တွေးလန့်ခဲ့ပေမဲ့ ကောင်တာထိုင်တဲ့လူက သဘောကောင်းလို့တော်ပါသေးရဲ့။ အပိုကြေးတစ်ပြားမှမယူဘဲ pass လုပ်လိုက်တယ်။ hand carry ခေါ် လက်ဆွဲအိတ်ကလည်း သုံးလုံး၊ ချိန်မယ်ဆိုရင် အလေးချိန်ပိုမှာသေချာတယ်။ ဒါပေမဲ့ မချိန်ပါဘူး။ အဲဒီ သုံးလုံးကို တစ်လုံးလွယ်၊ နှစ်လုံးဆွဲနဲ့ကိုးရိုးကားရား လေယာဉ်ပေါ်တက်ခဲ့ရပါတယ်။ မတားဆီးလို့တော်ပါသေးရဲ့။ ၁၂း၃၀နာရီမှာ ထွက်ခွာခန်းမထဲဝင်ရပြီး ၁၃း၄၅နာရီမှာ ကွမ်တာ့စ်ခရီးစဉ်အမှတ်၃၁(QF 31)လေယာဉ်ဟာ ဆစ်ဒနီအပြည်ပြည်ဆိုင်ရာ လေဆိပ်က စတင်ထွက်ခွာခဲ့ပါတော့တယ်။ စင်ကာပူ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို(စင်ကာပူဒေသအချိန်)၁၈း၂၅နာရီ ဆိုက်မယ်လို့ လေယာဉ်လက်မှတ်မှာ ဖော်ပြထားပါတယ်။ လေယာဉ်ပျံသန်းနေချိန်ဆို ကြည့်စရာ ကောင်းကင်ရယ်၊ တိမ်ရယ်ကလွဲလို့ ဘာမှမရှိတော့ မျက်စိစုံမှိတ်အနားယူရင်း စင်ကာပူတွေးလိုက်၊ ရန်ကုန် တွေးလိုက်နဲ့ခရီးနှင်ခဲ့ပါတယ်။

ဘွဲ့မျှော်အိမ်ပြန်ခရီး(၂)

ကျွန်တော်စီးလာတဲ့ Qantus လေကြောင်းခရီးစဉ် QF 31 လေယာဉ်ဟာ စင်ကာပူအချိန် ညနေ၆နာရီမှာ အီကွေတာမျဉ်းကိုကျော်ဖြတ်ခဲ့ပြီး ၆နာရီ ၂၅မိနစ်မှာ စင်ကာပူအပြည်ပြည်ဆိုင်ရာ ချန်ဂီလေဆိပ်ကို ဆင်းသက်ခဲ့ပါတယ်။ ရွေးရမယ့်ပစ္စည်းတွေရွေး၊ လက်တွန်းလှည်းပေါ် ပစ္စည်းတွေတင်ပြီး တက္ကစီစတင်းအထိသွားတယ်။ ဈေးသက်သာပြီး လုံလုံခြုံခြုံနဲ့ စိတ်ချလက်ချ နေနိုင်မယ့် ဟိုတယ်ဖြစ်ဖြစ်၊ တည်းခိုခန်းဖြစ်ဖြစ် တစ်ခုခုကိုမောင်းပါ၊ အခန်းကြိုတင်ဘွတ်ကင်လုပ်မထားဘူး၊ ကြုံရာတည်းရမယ့်သဘောပါလို့တက္ကစီဒရိုင်ဘာကိုပြောရတယ်။ တက္ကစီဒရိုင်ဘာလည်း သဘောကောင်းပုံရတယ်။ လေဆိပ်မှ မြို့ထဲရောက်အောင်မောင်းပြီး(ရပ်ကွက်နာမည်တော့မသိပါ) Moulmein Road (မော်လမြိုင်လမ်း)လို့ ဆိုင်းဘုတ်တွေ့ရတဲ့ လမ်းထဲချိုးဝင်ပြီး ကမ်လင်းဟိုတယ်(Kam Leng Hotel)ရှေ့ရပ်ပေးတယ်။ တက္ကစီဒရိုင်ဘာ ကိုယ်တိုင်လိုက်ဆင်းလာပြီး အခန်းလွတ်ရှိ၊ မရှိ တရုတ်လိုမေးပြီး ဟိုဘက်က ပြန်ဖြေတာကို ကျွန်တော့်ကိုပြောတယ်။ နှစ်ယောက်ခန်းတစ်ခန်းတည်း ကျန်တယ်။ နှစ်ယောက်ခန်းဖြစ်လို့ စင်ကာပူဒေါ်လာ(S$) ၂၄ကျမယ်၊ ယူမလားတဲ့။ ညဘက်ကျမှ တခြားနေရာသွားရှာနေပြန်ရင်လည်း အခန်းလွတ်မရှိရင် တက္ကစီခမီတာ တက်မှာတွေးလိုက်တော့ S$ ၂၄ ဒေါ်လာနဲ့ပဲ နှစ်ယောက်ခန်း

ယူလိုက်တယ်။ ရတဲ့အခန်းက သုံးထပ်မှာ၊ အခန်းနံပါတ်က ၃၅ဖြစ်ပါတယ်။ ရေချိုးခန်းတွဲလျက် ကုတင်၊ စာရေးစားပွဲ၊ ဗီရိုတွေပါတယ်။ မဆိုးပါဘူး။ ဒီထက်ပိုအဆင်ပြေတာက ဟိုတယ်ပိုင်ရှင်တရုတ်ကြီးက သဘော်လိုက်ရင်း ရန်ကုန်ကိုသုံး၊ လေးခေါက်ရောက်ဖူးတယ်၊ လိုတာရှိရင် ပြောလို့ဆိုပြီး ရေနွေးကြမ်းကို အခန်းထဲအထိ ပို့ပေးပါတယ်။ ခရီးလည်းပန်းတော့ ခဏနား၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး အပြင်ထွက်၊ ဟိုတယ်နဲ့မလှမ်းမကမ်းမှာမြင်ရတဲ့ ညဈေးတန်းဝင် ထမင်းစား၊ ပြန်လာပြီးတာနဲ့ အိပ်လိုက်ပါတယ်။

နောက်နေ့(၂၇-၂-၁၉၉၁ခုနှစ်၊ ဗုဒ္ဓဟူးနေ့)မနက် ၉နာရီလောက်မှာ တည်းခိုတဲ့ကမ်လင်းဟိုတယ်ကထွက်၊ နော့သ်ဘရစ်လမ်း(North Bridge Rd.)မှာရှိတဲ့ ဖုနန်စင်တာ(Funan Centre)သွားခဲ့ပါတယ်။ ကွန်ပျူတာဝယ်ထားခဲ့ပြီး ပရင်တာ မဝယ်ရသေးလို့ ပရင်တာတစ်လုံးဝယ်မလို့ပါ။ ဒါပေမဲ့ မနက် ၁၀နာရီအထိ ကုန်တိုက်တွေကမဖွင့်သေးဘူး။ စားသောက်ဆိုင်တွေလည်း မနက်စောစော မဖွင့်ကြဘူး။ ဖွင့်တဲ့ဆိုင်ဝင်ပြီး မနက်စာစားတယ်။ ၁၁ နာရီလောက်မှ ဖုနန်စင်တာပေါ်ပြန်တက်ပြီး ပရင်တာတွေလျှောက်ကြည့်ပါတယ်။ HP Desk Writer တစ်လုံးဝယ်ဖြစ်တယ်။ အိမ်အတွက် လက်ဆောင်ပစ္စည်းတွေဝယ်ဖို့ ဆစ်ဒနီမှာတုန်းက ကိုရဲတင့်ပေးလိုက်တဲ့လိပ်စာအတိုင်း မဝင်းဝင်းနုတို့ ညီအစ်မဖွင့်ထားတဲ့ ရောင်ခြည်ဆိုင်သွားတယ်။ ဝယ်ချင်တဲ့၊ လိုချင်တဲ့အဝတ်အထည်အပါအဝင် အခြားပစ္စည်းတွေ စိတ်တိုင်းကျမတွေ့လို့ အော့ချဒ်လမ်း (Orchard Rd.) ရှိ လပ်ကီးပလာဇာ(Lucky Plaza)ဆက်သွားပြီး ဝယ်ချင်တာလေးတွေ ရှာဝယ်တယ်။ အခုဝယ်ပြီးသလောက်(ပရင်တာ အပါအဝင်)ချိန်ကြည့်တော့ ၁၂ကီလိုလောက်ရှိနေပြီ။ နဂိုကတည်းက သတ်မှတ်အလေးချိန်ထက် ပိုနေတာ။ အခုထပ်ဝယ်တာနဲ့ဆို စင်ကာပူကအထွက် လေဆိပ် check-in မှာ ပြဿနာတက်မှာစိုးလို့ ဈေးဝယ်ရပ်ပြီး တက္ကစီနဲ့ကမ်လင်းဟိုတယ်ပြန်ခဲ့ပါတော့တယ်။

၂၈-၂-၁၉၉၁ခုနှစ်(ကြာသပတေးနေ့)မနက်ပိုင်းမှာတော့ စင်ကာပူမြေအောက်ရထားနဲ့ ဘတ်စ်ကားတွေ စီးဖူးတယ်ရှိအောင် စီးပြီး ဟိုနားဒီနားကြည့်တယ်။ နေ့လယ်စာ ကြုံရာစားပြီး ညနေခင်းလောက်မှာ တည်းခိုတဲ့ဟိုတယ်ပြန်တယ်။ ပစ္စည်းတွေ သိမ်းဆည်းပြီး ချိန်ကြည့်တော့ အများကြီး

ပိုနေပြန်တယ်။ မတတ်နိုင်တော့ဘူး။ လျှော့စရာလည်းမရှိ၊ လေဆိပ်ရောက်မှပဲကြည့်ရှင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

၁-၃-၁၉၉၁ခုနှစ်(သောကြာနေ့)မနက်၉နာရီခွဲမှာ ကမ်လင်းဟိုတယ်မှ check-out လုပ်ပြီး တက္ကစီနဲ့လေဆိပ်ကို ထွက်ခဲ့ပါတယ်။ ၁၁နာရီ လေဆိပ်ရောက်၊ check-in လုပ်တော့ အလေးချိန်ပိုတာအတွက် အပိုကြေးပေးခဲ့ ရပါတယ်။ ဘယ်လောက်ပေးခဲ့ရမှန်း မမှတ်မိတော့ပါဘူး။ စင်ကာပူမှ ရန်ကုန်ခရီးကိုတော့ Trade Winds လေကြောင်းခရီးစဉ် MI 512 (အမ်အိုင် ၅၁၂)နဲ့ပြန်ခဲ့ပါတယ်။ MI 512 ဟာ ချန်ဂီလေဆိပ်မှ စင်ကာပူအချိန် ၁၂း၅၀နာရီထွက်ပြီး ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ ရန်ကုန်အချိန် ၁၄း၁၅နာရီ ဆိုက်ရောက်ပါတယ်။ ဇနီးနဲ့သမီး၊ သားတို့ လေဆိပ်လာကြိုကြလို့ စိတ်ပန်း၊ လူပန်းခဲ့သမျှမေ့ပြီး ပျော်ရွှင်ကြည်နူးစွာနဲ့ ၅၃လမ်း၊ ပုဇွန်တောင်နေအိမ်သို့ ၁၇း၀၀နာရီမှာ ရောက်ခဲ့ပါတော့တယ်။

၁၉၈၆ခုနှစ်၊ ဇွန်လ ၂၁ရက်နေ့က ဒီနေအိမ်က စထွက်ခဲ့ပြီး ဒီနေ့ ဒီနေအိမ် ပြန်ရောက်တဲ့အထိ ၄နှစ်၊ ၈လနဲ့ ၈ရက် ကြာမြင့်ခဲ့တဲ့ ဩစတြေးလျနိုင်ငံ ပညာသင်ခရီး ပြီးဆုံးခဲ့ပါပြီ။

ဒါပေမဲ့ ကျွန်တော် ဒေါက်တာဘွဲ့မရသေးပါဘူး။ မျှော်ရပါဦးမယ်။

နောက်နေ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်သွားပြီး ပြန်ရောက်ကြောင်း တရားဝင်သတင်းပို့ပါတယ်။ တစ်ဆက်တည်း လုပ်သက်ခွင့်တစ်ပတ်တင်ခဲ့ပါတယ်။ ၅နှစ်နီးပါး ခွဲခွာနေခဲ့ရတဲ့ မိခင်နဲ့ မောင်နှမသားချင်းတွေကို တွေ့ဆုံဖို့ ဇနီး၊ သမီးနဲ့သားတို့ကိုပါခေါ်ပြီး မော်လမြိုင်နဲ့ ကျိုက်မရော ခရီးထွက်ခဲ့ပါတယ်။ အဲဒီခရီးက ပြန်ရောက်ပြီးမှ ဌာနတာဝန်တွေ ပုံမှန်ဆက်လုပ်ရင်း ဒေါက်တာဘက်တာဟမ်ဆီက သတင်းမျှော်နေခဲ့ပါတယ်။ ဆစ်ဒနီက ပြန်ရောက်ပြီး သုံးလနီးပါးအကြာမှာ ဒေါက်တာဘက်တာဟမ်ထံမှ စာတစ်စောင်ရပါတယ်။ ၁၁-၅-၁၉၉၁ခုနှစ် ရက်စွဲပါ သူ့စာအရ ကျွန်တော်ထင်ထားခဲ့တဲ့ ကျမ်းကြီးကို သူရယ်၊ ဒေါက်တာဒရိုင်နန်ရယ်၊ ဒေါက်တာဖရူဒွန်ရယ်တို့က ဖတ်တယ်၊ ဘာမှ ကြီးကြီးမားမားပြင်စရာမရှိလို့ ကယ်ရိုလင်းကို အင်္ဂလိပ်စာတည်းဖြတ်ဖို့ ဖတ်ခိုင်းတယ်။ အခု သူလည်း ဖတ်ပြီးပြီမို့ ၁၃-၅-၁၉၉၁ခုနှစ်က ဒေါက်တာဖစ်ရှာထံသို့ သဘောထားမှတ်ချက်နဲ့တကွ ပို့လိုက်ပြီဖြစ်ကြောင်း၊ သူတို့ဘက်က

နည်းနည်းမရှင်းမလင်းဖြစ်နေတဲ့ကျမ်းကိုးစာရင်းပါ ကျမ်းကိုးသုံးခုနဲ့ပတ်သက်ပြီး မေးထားတာကို ဒေါက်တာဖစ်ရှာဖတ်လို့မပြီးခင် ကျွန်တော့်ဘက်က ရှင်းလင်းပြန်ကြားပေးစေလိုကြောင်း၊ ဒေါက်တာဘွဲ့ရမယ်လို့ သူလုံးဝမျှော်လင့်ကြောင်း၊ အဲချိန်ဘယ်လောက် ကြာမယ်ဆိုတာသာ သူမပြောနိုင်ကြောင်း စတာတွေ ဖတ်ရပါတယ်။ သိပ်ကိုဝမ်းသာရပါတယ်။ ကျမ်းကိုးကိစ္စမေးထားတာကို ရှင်းလင်းထားတဲ့စာကို အမြန်ပို့ပေးလိုက်ပါတယ်။ တစ်လလောက်အကြာမှာ ကျွန်တော် ဒေါက်တာဘက်တာဟမ်ထံသို့ ဖုန်းဆက်မေးပါတယ်။ ကျွန်တော်ပို့လိုက်တဲ့ ကျမ်းကိုးရှင်းလင်းချက်ရရှိကြောင်း၊ ပြည့်စုံကြောင်း၊ ဒေါက်တာဖစ်ရှာ အလုပ်သိပ်များနေလို့ ကျမ်းကြီးကို အသေးစိတ်ဖတ်လို့ မပြီးသေးကြောင်းတွေ သိရပါတယ်။ စိတ်မောပေမဲ့ ကျွန်တော် ဘာမှမတတ်နိုင်တဲ့အခြေအနေပါ။

ပြန်လာခဲ့တာ လေးလပြည့်လာတဲ့အထိ ကျမ်းကြီးကိစ္စအဖြေမသိရသေးလို့ စောင့်မျှော်နေရဆဲဖြစ်ပေမဲ့ ကျွန်တော့်ဌာနမှာတော့ 'ဒီလူ ဒေါက်တာဘွဲ့မရခဲ့ပါဘူး' ဆိုတဲ့ အုပ်စုနဲ့ 'ကျွန်တော် ဘွဲ့ရလာခဲ့ပါတယ်' ဆိုတဲ့အုပ်စုတွေ အငြင်းပွားနေကြောင်း ကြားရပါတယ်။ ကျွန်တော်မသိသလို၊ မကြားသလိုပဲ နေလိုက်ပါတယ်။

၅-၈-၁၉၉၁ခုနှစ်(တနင်္လာနေ့)ဒေါက်တာဘက်တာဟမ်ရေးလိုက်တဲ့ ၂၃-၇-၁၉၉၁ခုနှစ်ရက်စွဲပါစာကို လက်ခံရရှိပါတယ်။ ဘွဲ့ကျမ်းကြီးကို ဒေါက်တာဖစ်ရှာက အိုကေဆိုပြီး မှတ်ချက်နဲ့တကွ ပြန်ပို့လာလို့ ဆစ်ဒနီတက္ကသိုလ်၊ အုပ်ချုပ်ရေးဌာနက တာဝန်ရှိပုဂ္ဂိုလ်မှတစ်ဆင့် ပြင်ပစာစစ်နှစ်ဦးဆီသို့ ပို့လိုက်ပြီးဖြစ်ကြောင်း၊ ဒေါက်တာဖစ်ရှာ သူ့ဆီသီးသန့်ရေးလိုက်တဲ့စာထဲမှာ သူ(ဖစ်ရှာ)အလုပ်သိပ်များနေလို့ အချိန်ယူပြီး အသေးစိတ် မဖတ်နိုင်တော့ဘူး၊ ခပ်မြန်မြန်ပဲဖတ်လိုက်ရတယ်၊ ဒါပေမဲ့ ကြီးကြီးမားမားပြင်စရာတော့ မတွေ့ဘူး။ ပြင်ပစာစစ်တွေဖတ်ပြီး အစီရင်ခံစာ တင်လာတဲ့အခါ သူတို့မှတ်ချက်တွေအရ ပြင်စရာလိုမှပဲမစ္စတာစိုးကို အကြောင်းကြားပြီး ပြင်ခိုင်းပါလို့ ပါတဲ့အကြောင်း သူ့စာထဲ ရေးထားတာ ဖတ်လိုက်ရလို့ ဝမ်းသာအားတက်မိပါတယ်။ ဒါပေမဲ့ ပြင်ပစာစစ်တွေဆီမှာ ဘယ်လောက်ကြာဦးမှာလဲ၊ ဒီ ၁၉၉၁ ခုနှစ်ထဲမှာ အောင်စာရင်းထွက်မှ ထွက်နိုင်ပါ့မလား စိုးရိမ်စိတ်မောနေရတာ

တော့အမှန်ပါပဲ။ ဒီအတောအတွင်း ကျွန်တော် ဒေါက်တာဘက်တာဟမ်ဆီသို့ ကျေးဇူးတင်ကြောင်း စာတစ်စောင်နဲ့ ဆစ်ဒနီမှ ပြန်ရောက်ပြီးကတည်းက စာလုံးဝ မရေးဖြစ်သေးတဲ့ ဌာနမှူးဒေါက်တာဒရိုင်နန်နဲ့ ဒေါက်တာဖရူဒွန်တို့ဆီသို့ စာတစ်စောင်ဆီရေးထည့်ခဲ့ပါတယ်။

နောက်ထပ် နှစ်လကျော်ကြာပြီး ၉-၁၀-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ဒေါက်တာဘက်တာဟမ်ထံမှ မမျှော်လင့်တဲ့ဖုန်း ဝင်လာပါတယ်။ ပြင်ပစာစစ်နှစ်ဦးစလုံးထံမှ အစီရင်ခံစာတွေ လက်ခံရပြီးဖြစ်ကြောင်း၊ Thesis outcome very favourable(ကျမ်းကြီးအခြေအနေ အလွန်ကောင်းမွန်ကြောင်း)၊ အင်မတန်မပြောပလောက်တဲ့ အသေးအမွှားတွေလောက်သာ ပြင်ဆင်ဖို့လိုကြောင်း၊ အရေးကြီးဆုံးကကျမ်းကြီးနဲ့ပတ်သက်ပြီး နောက်ထပ်စစ်ဆေးမှု(စာမေးပွဲ)တစ်စုံတစ်ရာမလုပ်ဘဲ ဒေါက်တာဘွဲ့ပေးရန်ထောက်ခံကြောင်းလို့ အစီရင်ခံစာမှာပါတဲ့ သဘောထားမှတ်ချက်ဖြစ်ကြောင်း၊ ငါတို့အစီရင်ခံစာအတွက်တော့ စိုးရိမ်စရာမရှိကြောင်း၊ သိသိချင်း ဖုန်းဆက်အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြောပါတယ်။ ဝမ်းသာရပါတယ်။ ဖစ်ရှာက အလုပ်များတာကလွဲရင် ကျွန်တော့်ကျမ်းကြီးကို ပယ်ချစရာအကြောင်းမရှိဘူးလို့ အပြည့်အဝယုံကြည်ပါတယ်။ ကျွန်တော်လည်း ဒေါက်တာဘက်တာဟမ်ကို ကျေးဇူးတင်စကားပြောရပါတယ်။

အမျှော်ကြီးမျှော်ခဲ့ရတဲ့ ဒေါက်တာဘွဲ့ရပြီ

၉-၁၀-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ဒေါက်တာဘက်တာဟမ်ထံမှ ဖုန်းဆက်ပြောလို့ ပြင်ပစာစစ်နှစ်ဦးစလုံးဆီက စာစစ်အစီရင်ခံစာရရှိပြီး နှစ်ဦးစလုံးက ကျွန်တော့်ကျမ်းကြီးကို သဘောကျထောက်ခံကြောင်း အားတက်စရာသတင်းစကားကြားခဲ့ရပြီး နောက်သုံးပတ်အကြာ ၃၀-၁၀-၁၉၉၁ခုနှစ်(ဗုဒ္ဓဟူးနေ့)မှာ ဆစ်ဒနီတက္ကသိုလ်၊ မော်ကွန်းထိန်း Keith Jennings ကိုယ်စား စိုက်ပျိုးရေးသိပ္ပံ မဟာဌာနရုံးအဖွဲ့အတွင်းရေးမှူး Robert Jeffs လက်မှတ်ရေးထိုးပြီးပို့တဲ့စာတစ်စောင် လက်ခံရရှိပါတယ်။ စာထဲမှာ ပြင်ပစာစစ်တစ်ဦးက ကျွန်တော့်ကျမ်းကြီးတစ်စောင်ကို သူ့ကိုယ်ပိုင်စာကြည့်တိုက်မှာထားဖို့ အပိုင်တောင်းခံလာပါတယ်။ အဲဒါပေးခွင့်ပြု၊ မပြု မစ္စတာစိုးရဲ့သဘောထားမေးတာပါတဲ့။ ကျွန်တော့်ဘွဲ့ကျမ်းကြီးကို သဘောကျလို့ တောင်းတာပဲလို့ ဝမ်းသာတွေးပြီး တစ်အုပ်ပေးလိုက်ပါ၊ သဘောတူပါတယ်လို့ ကျွန်တော်စာပြန်လိုက်ပါတယ်။ ဒေါက်တာဘွဲ့ကြီးပြေးမလွတ်တော့ဘူးလို့ တွက်ဆမိစေကာမူ တရားဝင်အောင်စာရင်းမထွက်သေးသရွေ့တော့ စိတ်မော၊ လူမောစွာ စောင့်မျှော်နေရဆဲပါပဲ။

ဒေါက်တာဘက်တာဟမ်ထံမှ နောက်ထပ် ဘာသတင်းတွေများကြားရမလဲလို့မျှော်နေဆဲ ၁၆-၁၁-၁၉၉၁ခုနှစ်(စနေနေ့)မနက် ၉း၃၀နာရီလောက်မှာ

ဒေါက်တာဘက်တာဟမ်ဆီက ဖုန်းလက်ခံရရှိပါတယ်။ သူ့ဖုန်းသတင်းအရ နောက်ဆုံးစာစစ်ပုဂ္ဂိုလ်တစ်ဦးဆီက စာစစ်သူအစီရင်ခံစာပါရပြီးဖြစ်လို့ စာစစ်သူ အစီရင်ခံစာတွေ စုံလင်သွားပါပြီ။ ဝမ်းသာစရာက စာစစ်ပုဂ္ဂိုလ်သုံးဦးစလုံးရဲ့အစီရင်ခံစာတွေထဲမှာ သုံးသပ်ချက်တွေနဲ့ သဘောထားမှတ်ချက်တွေ ထောက်ခံချက်တွေအားလုံး 'အလွန်အခွင့်သာ' (very favourable)တဲ့ အချ ဖြစ်ကြောင်း၊ ကြီးကြီးမားမား ပြင်စရာ ဘာမှမရှိဘဲ စကားလုံးအသုံးအနှုန်း (wording)နဲ့ အသေးအမွှားပြင်စရာ(very minor revision)တချို့သာ ရှိကြောင်း၊ အစီရင်ခံစာသုံးခုစလုံးမှာ အရေးအသား အသုံးအနှုန်းသာ ကွဲပြားပေမဲ့ အနှစ်ချုပ်လိုက်ရင် တစ်သဘောတည်းတွေ့ရကြောင်း၊ 'နောက်ထပ် မည်သည့်စစ်ဆေးမှု တစ်စုံတစ်ရာမျှ ပြုလုပ်ရန်မလိုအပ်ဘဲ သင်တန်းသား ဦးတင်စိုးအား ဒေါက်တာဘွဲ့ ချက်ချင်းပေးအပ်ရန် ထောက်ခံပါသည်' လို့ ဆိုထားပါကြောင်း၊ ဒါကြောင့် ဂုဏ်ပြုချီးကျူးပါကြောင်း၊ ပြင်ရမယ့် wording နဲ့ minor revision အနည်းအကျဉ်းကိစ္စကိုလည်း ပါမောက္ခဒေါက်တာဖစ်ရှာနဲ့ ညှိနှိုင်းချက်အရ မစ္စတာစိုးဆီပို့ပြီး ပြင်ခိုင်းရင် ပို့လိုက်၊ ပြန်ပို့လိုက်နဲ့ အချိန်ကြန့်ကြာနေမှာဖြစ်လို့ ဒေါက်တာဘက်တာဟမ်ကို ပြင်လိုက်ပါပြောလို့ ကွန်ပျူတာဖိုင်ထဲမှာပြင်ပြီး ပြင်ရတဲ့စာမျက်နှာတွေလောက်ပဲ print-out ထုတ်ကာ ကျမ်းကြီးအပြီးသတ် အချောပြန်ချုပ်ဖို့လည်း မစ္စတာစိုးကိုယ်စား ဒေါက်တာဘက်တာဟမ်ကပဲ အပ်ပေးပါ့မယ်။ စာစစ်သူများရဲ့အစီရင်ခံစာတွေပေါ် အခြေခံပြီး ဌာနမှူးဒေါက်တာဒရိုင်နန်က မစ္စတာစိုးအတွက် အောင်စာရင်းထုတ်ပြန်ပေးဖို့ ဆစ်ဒနီတက္ကသိုလ်စာမေးပွဲဘုတ်အဖွဲ့(Sydney University Examination Board)ကို အစီရင်ခံစာရေးတင်ထားပြီး ဖြစ်ကြောင်း၊ ခရစ္စမတ်မတိုင်မီအောင်စာရင်းထွက်ပြီး မစ္စတာစိုးဆီ အကြောင်းကြားမယ့်အကြောင်း တွေသိရပါတယ်။

ကျွန်တော်ဝမ်းသာရဆုံးက ဒေါက်တာဘွဲ့ရပြီသိရလို့သာမဟုတ်ဘဲ စာစစ်ပုဂ္ဂိုလ်များရဲ့အစီရင်ခံစာထဲမှာ 'နောက်ထပ် မည်သည့်စစ်ဆေးမှု တစ်စုံတစ်ရာမျှပြုလုပ်ရန်မလိုအပ်ပဲ' ဆိုတဲ့အချက်လည်း ပါဝင်ပါတယ်။ ဒီအချက်သာမပါရင် ကျွန်တော်လူတွေ့စစ်ဆေးမှုလို့ခေါ်တဲ့ viva voce အတွက် ဆစ်ဒနီတက္ကသိုလ် တစ်ခေါက်ထပ်သွားဖို့လိုပါမယ်။ အဲဒီအတွက် ကျွန်တော်

တို့ဘက်က သွားခွင့်ပြု မပြု မသေချာပါဘူး။ သွားခွင့်သာမပြုခဲ့ရင် ဘွဲ့ရရေး နောက်ဆုံးအဆင့်မှာ တစ်ချင်တစ်နေပါဦးမယ်။ အခု အဲဒီကိစ္စလည်း စိတ်အေးရပါပြီ။ ဒီတစ်ခါတော့ တကယ်ပဲပျော်ရ စိတ်အေးရပါပြီ။ အောင်စာရင်း ထုတ်ပြန်ပေးဖို့ တင်ပြထားပြီးဆိုတော့ အလွန်ဆုံးစောင့်ရ တစ်ပတ်၊ ဆယ်ရက်ပေါ့။

၂၈-၁၁-၁၉၉၁ခုနှစ်(ကြာသပတေးနေ့)ညနေ ၅း၃ဝနာရီလောက်မှာ ဒေါက်တာဘက်တာဟမ်ဆီက ဖုန်းဆက်လာပြန်တယ်။ 'Congratulation Dr.Tin Soe' လို့ ဒေါက်တာတပ်နှုတ်ဆက်တာ ကြားလိုက်ရကတည်းက ဒီနေ့ အောင်စာရင်းထုတ်ပြန်ပြီးလို့ ခန့်မှန်းနားလည်လိုက်ပါတယ်။ ဒီနေ့ပဲ အောင်စာရင်းထုတ်ပြန်ကြောင်း၊ အောင်စာရင်းကော်ပီတစ်စောင်နဲ့ အခြားစာရွက်စာတမ်းမှတ်တမ်းမှတ်ရာ(documents)တွေကို မော်ကွန်းထိန်းရုံးက ပို့ပေးမယ့် အကြောင်းတွေပြောပြပါတယ်။ ဘွဲ့ကျမ်းကြီးတင်ပြခဲ့တဲ့နေ့ကနေ ဒီနေ့ အောင်စာရင်းထုတ်ပြန်တဲ့အချိန်အထိ ၉လကြာခဲ့ပါတယ်။ ဒုက္ခအမျိုးမျိုး၊ အခက်အခဲပြဿနာအမျိုးမျိုးဆုံကြုံခဲ့သမျှကို ဇွဲနပဲကြီးစွာနဲ့ ပင်ပန်းဆင်းရဲခံ ကြိုးစားခဲ့ရတဲ့ရလဒ်အဖြစ် အင်မတန် လိုလားတောင့်တခဲ့တဲ့ ဒေါက်တာဘွဲ့ကြီးကိုရပါပြီ။

ဘွဲ့ကျမ်းကြီး စတင်ပြုစုလို့ အရှိန်ရခါနီးမှာ ဦးနှောက်သွေးကြောပေါက်လို့ ဆေးရုံတက်ခဲ့စိတ်ကုသခဲ့ရတယ်။ သေကံမရောက်သေးလို့ အသက်မပျောက်ခဲ့ပေမဲ့ ရောဂါ နာလန်ထပြီး အလုပ်ပြန်လုပ်နိုင်တဲ့အထိ ၈လ နီးပါးလောက်ကြာမြင့်ခဲ့တယ်။ အဲဒီတုန်းကတော့ အခုခေတ်ကာလပညာသင်တွေလို ဇနီးသားသမီးတွေကို ခေါ်ယူခွင့်မရှိခဲ့ပါဘူး။ ဒါ့ကြောင့် ခန္ဓာကိုယ်အင်အား၊ စိတ်ဓာတ်အင်အားတွေ တော်တော်ဆုတ်ယုတ်လာတဲ့အခြေအနေနဲ့ပဲ အားတင်းမကြိုးစားခဲ့ရင် ဒီရလဒ် ရခဲ့မှာမဟုတ်ပါဘူး။ မူလကနဦး ကြီးကြပ်သူပါမောက္ခဖစ်ရှာတစ်ယောက် ကင်ဘာရာမြို့ကို ပြောင်းရွှေ့သွားပြီး ကြီးကြပ်သူအသစ်မခန့်ထားမီ အချိန်တွေ ၄လလောက်ကုန်ခဲ့ပြန်တယ်။ ကြီးကြပ်သူရမယ့်ရပြန်တော့လည်း ဘယ်လိုမှ လက်တွဲလုပ်လို့မဖြစ်တဲ့ ရွှန်ဗျူလီ။ သူ့ဒဏ်ကိုလည်း ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရပြန်တယ်။ သူနဲ့ ကိစ္စပြတ်အောင် သက်ဆိုင်ရာအာဏာပိုင်တွေက ဖြေရှင်းပေးပြီးနောက် ကြီးကြပ်သူ ထပ်ရပြန်တော့လည်း

မူလကနဦး ကြီးကြပ်သူ ပါမောက္ခဖစ်ရှာကို ပူးတွဲကြီးကြပ်သူ(Co-supervisor)၊
ဒေါက်တာဘက်တာဟမ်နဲ့အဖွဲ့ကို မူလပင်မကြီးကြပ်သူ(Principal Super-
visor)အဖြစ်နဲ့ ရှုန်းကန်ခဲ့လိုက်ရတာ၊ အခုတော့ အားလုံးပြီးဆုံးသွားပါပြီ။

၁၇-၁၂-၁၉၉၁ခုနှစ်(အင်္ဂါနေ့)မှာ မဟာဌာန ရုံးအဖွဲ့အတွင်းရေးမှူး
ရောဘတ်ဂျဲဖ် ပို့လိုက်တဲ့ ပါဆယ်ထုပ်ပုံစံစာအိတ်ထုပ်ကြီးတစ်ခု စာတိုက်မှ
တစ်ဆင့်လက်ခံရရှိပါတယ်။ စာအိတ်ဖွင့်ကြည့်လိုက်တော့-

(၁) ၂-၁၂-၁၉၉၁ခုနှစ်ရက်စွဲနဲ့ မော်ကွန်းထိန်းကိုယ်စား ရောဘတ်ဂျဲဖ်က
လက်မှတ်ရေးထိုးထားတဲ့စာစစ်သူများက ဘွဲ့ကျမ်းကြီးကို စစ်ဆေးပြီးစီး၍
ဒေါက်တာဘွဲ့ပေးအပ်ရန် ဆုံးဖြတ်ကြောင်း အကြောင်းကြားပါသည်ဆိုတဲ့
စာတစ်စောင်၊

(၂) စာစစ်ပုဂ္ဂိုလ်များရဲ့အစီရင်ခံစာများအပေါ် သုံးသပ်ပြီး စိုက်ပျိုးရေးဘောဂ
ဗေဒဌာန ဌာနမှူးဒေါက်တာဒရိုင်နန်က စာစစ်ဘုတ်အဖွဲ့သို့ အောင်စာရင်း
ထုတ်ပြန်ပေးရေး အစီရင်ခံစာမိတ္တူတစ်စောင်၊

(၃) စာစစ်ပုဂ္ဂိုလ်သုံးဦးရဲ့ ၂၈-၈-၁၉၉၁ ခုနှစ်ရက်စွဲ၊ ၇-၁၀-၁၉၉၁ခုနှစ်
ရက်စွဲနှင့် ၁၄-၁၁-၁၉၉၁ခုနှစ်ရက်စွဲ အသီးသီးပါ အစီရင်ခံစာမိတ္တူများ၊

(၄) ဒေါက်တာဘွဲ့အောင်စာရင်းမိတ္တူတစ်စောင်၊

(၅) ဘွဲ့နှင်းသဘင်ကိုယ်တိုင်တက်မည်၊ သို့မဟုတ် အဝေးရောက်ဘွဲ့ယူမည်
ဖြည့်စွက်ဖော်ပြပြီး ပြန်ပို့ပေးရမည့်ပုံစံတစ်စုံ၊

(၆) ဘွဲ့နှင်းသဘင်ကျင်းပပြီးစီးပါက ဘွဲ့လက်မှတ်ကို ရန်ကုန်ရှိ ဩစတြေးလျ
သံရုံးမှတစ်ဆင့် ပို့ပေးမည့်အကြောင်းရေးထားသည့် စာတစ်စောင်နှင့်

(၇) နောက်ဆုံးအချောချုပ်ထားသည့် ဒေါက်တာဘွဲ့ကျမ်းကြီးတစ်အုပ်တို့
ပါရှိကြောင်း တွေ့ရပါတယ်။

ဒါတွေကို တစ်ခုစီကြည့်ရင်း ပီတိတွေဖြစ်ရသလို သူတို့စနစ်ရဲ့ပွင့်လင်း
မှုနဲ့စနစ်ကျမှု၊ စွမ်းဆောင်ရည်ရှိမှုတွေကိုပါ စိတ်ထဲက ချီးကျူးလေးစားရပါ
တယ်။ ဒေါက်တာဘွဲ့ကြီးဟာ ကျွန်တော့်အတွက် ခရစ္စမတ်လက်ဆောင်၊
နှစ်သစ်ကူးလက်ဆောင်ဖြစ်တယ်လို့လည်း ဆိုရပါမယ်။

ဘွဲ့နှင်းသဘင်ကို ကိုယ်တိုင်တက်ရောက်ယူချင်တဲ့ဆန္ဒရှိပေမဲ့ အခြေအနေ
မပေးလို့ အဝေးရောက်ဘွဲ့ပဲယူပါ့မယ်လို့ အကြောင်းပြန်ရပါတယ်။ဘွဲ့နှင်း

သဘင်ကြေးကိုတော့ ကျွန်တော့်စပွန်ဆာ AIDAB က ပေးမှာဖြစ်လို့ ကျွန်တော်
ပူပန်စရာမရှိပါ။

အဲဒီထဲမှာပါတဲ့ ဒေါက်တာဘွဲ့ကျမ်းကြီး စစ်ဆေးသူစာစစ်တွေရဲ့
အစီရင်ခံစာတွေကိုတော့ တစ်သက်တာမှာ တစ်ခါမှမမြင်ဖူး၊ မဖတ်ဖူးလို့
အသေအချာဖတ်ကြည့်ပါတယ်။ ပထမဆုံးရှင်းပြချင်တာတစ်ခုက စာစစ်သူ
သုံးဦးကိစ္စပါ။ ရှေ့ပိုင်းမှာ ဒေါက်တာဘက်တာဟမ်က Principal Supervisor၊
ပါမောက္ခ ဒေါက်တာဖစ်ရှာကို Co-supervisor အဖြစ် ခန့်ထားပေးခဲ့ကြောင်း၊
ဒေါက်တာဘက်တာဟမ်ကို Principal Supervisor ခန့်ထားပေမဲ့ ဌာနမှူး
ဒေါက်တာဒရိုင်နန်၊ ဝါရင့်ကထိက ဒေါက်တာဖရူဒွန်တို့နဲ့တွဲပေးပြီး အနီးကပ်
ကြီးကြပ်အဖွဲ့သဘောမျိုး ခန့်ထားပေးခဲ့ပါတယ်။ ဒါတွေအားလုံးကို ဆစ်ဒနီ
တက္ကသိုလ်ပညာရေးဘုတ်အဖွဲ့က ခန့်ထားခဲ့ခြင်းဖြစ်ပါတယ်။ စာစစ်ခန့်တာကို
တော့ ဆစ်ဒနီတက္ကသိုလ် စာစစ်ဘုတ်အဖွဲ့ကရွေးချယ်ပြီး ပညာရေးအဖွဲ့ကို
တင်ပြအတည်ပြုချက်နဲ့ ခန့်ထားရပါတယ်။ နောက်ပိုင်းမှာ ဒေါက်တာဘက်
တာဟမ်ရဲ့ရှင်းပြချက်အရသိရတာကတော့ ဒေါက်တာဘက်တာဟမ်နဲ့အဖွဲ့ကို
စာစစ်သူတစ်ဦးအဖြစ်သတ်မှတ်ပြီး အတွင်းစာစစ် (internal examiner)ခန့်
ထားတာဖြစ်တယ်။ အဖွဲ့ကို နာမည်တပ်လို့မဖြစ်တာကြောင့် ဌာနမှူးဖြစ်တဲ့
ဒေါက်တာဒရိုင်နန်(တွဲဖက်ပါမောက္ခ)အမည်ကိုပဲ တပ်ပါတယ်။ ပြင်ပစာစစ်
နှစ်ဦးကတော့ သတ်မှတ်မူဘောင်စည်းမျဉ်းအရပဲ ခန့်တာပါ။ ဒါပေမဲ့
ကျွန်တော်ပဲ ကံကောင်းသလားမပြောတတ်ပါ။ စာစစ်အဖွဲ့နဲ့ပညာရေးအဖွဲ့
တို့က ပါမောက္ခဖစ်ရှာကို ပြင်ပစာစစ်တစ်ဦး(external examiner)အဖြစ် ခန့်
ထားပြီး အခြားပြင်ပစာစစ်တစ်ဦးကိုတော့ ပြင်ပ/ပြည်ပက ခန့်ထားခြင်းဖြစ်
ပါတယ်။ အတွင်းစာစစ်သူရဲ့ အစီရင်ခံစာကိုတော့ ဒေါက်တာဘက်တာဟမ်နဲ့
ဒေါက်တာဖရူဒွန်တို့ရဲ့ တစ်ဦးချင်း အစီရင်ခံစာတို့ကိုထည့်သွင်းပြီး ဌာနမှူး
ဒေါက်တာဒရိုင်နန်ရေးတာပါလို့ သိရပါတယ်။

ဘွဲ့ကျမ်းကြီးအပေါ် စာစစ်သူတွေရဲ့ အစီရင်ခံစာတွေက အင်မတန်
စေ့စပ်သေချာတာတွေ့ရပါတယ်။ သတ်မှတ်ပုံစံတကျဖြစ်ရပါတယ်။ ကျမ်းကြီး
တစ်အုပ်လုံးခြုံပြီးသုံးသပ်ချက်ကို ပထမဖော်ပြရပါတယ်။ အဲဒီသုံးသပ်
ချက်မှာတော့ အကြောင်းအရာပိုင်း၊ အယူအဆပိုင်း၊ အယူအဆကို လက်တွေ့

အသုံးချပိုင်း၊ နည်းစနစ်ပိုင်းစတာတွေ ခြုံငုံသုံးသပ်ပါတယ်။ ပြီးတော့မှ အခန်းအလိုက်၊ အခန်းခွဲအလိုက်၊ စာပိုဒ်အလိုက်၊ ဝါကျအလိုက် စာမျက်နှာနဲ့တကွ အသေးစိတ်သုံးသပ်ပြီး မှတ်ချက်တွေပေးပါတယ်။ အားလုံးပြီးတော့မှ အားလုံးခြုံပြီး (A),(B),(C),...စသည်ဖြင့် အချက်ဆယ်ချက်ပါပုံစံမှာ လိုတိုရှင်း သဘောထားမှတ်ချက်နဲ့ထောက်ခံချက်တွေပေးရပါတယ်။ ဒီပုံစံစာရွက်မှာတော့ မေးခွန်းလွှာပုံစံမျိုး ပုံနှိပ်ထားပြီး အဆုံးမှာ ဟုတ်၊ မဟုတ်၊ ထောက်ခံ၊ မထောက်ခံ၊ ကောင်း၊ မကောင်း စသည်ဖြင့် စတုဂံကွက်အသေးလေးတွေမှာ (✔)ပုံစံနဲ့ဖော်ပြရပါတယ်။ အဲဒီမှာ ပထမဆုံး (A)မှာတွေ့ရတာက ဒေါက်တာဘွဲ့ပေးရန် ထောက်ခံ၊ မထောက်ခံဆိုတာပါပြီး ထောက်ခံရင်လည်း နောက်ထပ်တစ်စုံတစ်ရာစစ်ဆေးခြင်းပြုလုပ်ရန်မလိုဘဲ ဘွဲ့ပေးသင့်၊ စာစစ်သူများက ပြင်ခိုင်းသမျှ ကျေနပ်အောင် ပြင်ဆင်ပြီးမှ ဘွဲ့ပေးသင့်၊ ပြန်ရေးပြီး ပြန်လည်တင်ပြသင့်၊ အဆင့်မမီလျှင် ဘွဲ့မပေးသင့်စသည်ဖြင့် အမျိုးအစားငါးမျိုး လောက်ရှိပါတယ်။

အရေးပါတဲ့ တခြားသဘောထားမှတ်ချက်က ယခုဘွဲ့ကျမ်းကြီးတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံနှိပ်ထုတ်ဝေသင့်၊ မသင့်ဆိုတဲ့ ထောက်ခံချက်မျိုးဖြစ်ပါတယ်။ တချို့ကျမ်းကြီးတွေကို ဘွဲ့ပေးသင့်ကြောင်း ထောက်ခံပေမဲ့ ပုံနှိပ်ထုတ်ဝေဖို့ မထောက်ခံတာတွေလည်း ရှိပါတယ်။ ကျွန်တော့်ကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေသင့်ကြောင်း စာစစ်သူသုံးဦးစလုံးက ထောက်ခံထားပါတယ်။ နောက်အရေးကြီးတဲ့အချက်တစ်ချက်က မူရင်းတွေ့ရှိချက်၊ ထောက်ကူပြုချက်(original contribution) ဟုတ်၊ မဟုတ်ဆိုတာကို စာစစ်သူတွေက မှတ်ချက်ပေးရခြင်းဖြစ်ပါတယ်။ စာစစ်သူတစ်ယောက်ယောက်က မူရင်းဖြစ်ကြောင်း သံသယရှိသည်ဆိုတဲ့မှတ်ချက်မျိုး ပါလာရင်လည်း မူရင်းဖြစ်ကြောင်း စာစစ်သူ ယုံကြည်လက်ခံတဲ့အထိ သက်သေထူနိုင်မှ ဘွဲ့ရနိုင်မှာဖြစ်ပါတယ်။ စာခိုးတဲ့ကိစ္စတွေ၊ အခြားတစ်ပါးပညာရှင်တွေ၊ သုတေသီတွေရဲ့ တွေ့ရှိချက်တွေ၊ အဆိုအမိန့်တွေကိုဖော်ပြထားပြီးမှ ဘယ်သူကပြောတာ၊ ဘယ်ဇာစ်မြစ်မှာရှိတာလို့မဖော်ပြရင်လည်း လုံးဝသည်းမခံကြပါဘူး။

ကျွန်တော်ဂုဏ်ယူနိုင်ခဲ့တာက အချက်တိုင်းမှာ စာစစ်သူတွေရဲ့သဘောထားမှတ်ချက်တွေ၊ ထောက်ခံချက်တွေပီပြင်ခြင်း၊ ကောင်းမွန်ခြင်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော့်ဘွဲ့ကျမ်းကြီးအတွက် စာစစ်သူများရဲ့ အစီရင်ခံစာပုံစံဟာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဖွင့်လှစ်သင်ကြားတဲ့ဒေါက်တာဘွဲ့သင်တန်းသား၊ သင်တန်းသူများရဲ့ ဘွဲ့ကျမ်းကြီးကိုစစ်ဆေးဖို့၊ အကဲဖြတ်ဖို့များစွာအသုံးဝင်ခဲ့ပါတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒေါက်တာဘွဲ့ ဦးစီးလမ်းညွှန်ကော်မတီမှာ ပါဝင်ကူညီဖို့ဖိတ်ခေါ်လို့ ပါဝင်ကူညီချိန်မှာ ကျွန်တော့်ဘွဲ့ကျမ်း အကဲဖြတ်ပုံစံတွေကိုပြပြီး မြန်မာ့အခြေအနေနဲ့ကိုက်အောင် ညှိနှိုင်းသုံးစွဲလိုက်တော့မှပဲ တော်တော်လေး ထိရောက်မှုရှိလာခဲ့ပါတယ်။

နိဂုံးကောက်ချက်များနှင့် သင်ခန်းစာများ

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီတက္ကသိုလ်မှ ကျွန်တော်ရယူခဲ့တဲ့ ဒေါက်တာဘွဲ့အတွေ့အကြုံများထဲက မြန်မာနိုင်ငံမှာ ဒေါက်တာဘွဲ့အတွက် ဆည်းပူးနေသူများနဲ့စပ်ဆိုင်မှုရှိမယ့်အတွေ့အကြုံတွေကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအတွေ့အကြုံတွေဟာ မြန်မာနိုင်ငံမှ ဒေါက်တာဘွဲ့သင်တန်းတက်ရန်တာစူနေသူများ၊ ဒေါက်တာဘွဲ့သင်တန်းတက်ရောက်နေသူများ၊ ဒေါက်တာဘွဲ့ကျမ်းကြီးအတွက် သုတေသနလုပ်ပြီး ကျမ်းကြီးပြုစုနေသူများ၊ ဒေါက်တာဘွဲ့ကျမ်းကြီးကြပ်သူများနဲ့ စိတ်ဝင်စားသူများအားလုံးအတွက် တစ်စုံတစ်ရာအတိုင်းအတာထိ အသုံးဝင်အကျိုးပြုစေနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒေါက်တာဘွဲ့ခရီးစဉ်ကို ပြန်သုံးသပ်ရရင် ပရိုလင်းကစပြီး ဘွဲ့ကျမ်းကြီးပြုစုတင်ပြပြီးလို့ အောင်စာရင်းထွက်တဲ့အထိ ပါဝင်တဲ့ အလုပ်အဆင့်တိုင်းအရေးကြီးတာချည်းလို့ မှတ်ယူသင့်ပါတယ်။ ပရိုလင်းအတန်းကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပါဘူး။ အပျင်းပြေ အပျော်သဘော မဖြစ်သင့်ပါဘူး။ ဒီပရိုလင်းတက်တဲ့အချိန်ကာလဟာ စာဖတ်ဖို့အသင့်တော်ဆုံး အချိန်ကာလဖြစ်ပါတယ်။ ဒီအချိန်မှာ များများဖတ်၊ များများမှတ်ထားရင် နောက်ပိုင်းကျမ်းကြီးပြုစုဖို့ သုတေသနလုပ်တဲ့အချိန်၊ ကျမ်းကြီးပြုစုတဲ့အချိန်တွေမှာ အများကြီး အထောက်အကူရသလို ပရိုလင်းပြီးလို့ ဒေါက်တာဘွဲ့ကျမ်းကြီး

အတွက် ခေါင်းစဉ်စဉ်းစားရွေးချယ်တဲ့အခါမှာလည်း များစွာအထောက်အကူပြုပါတယ်။

ဒေါက်တာဘွဲ့သင်တန်းသား၊ သင်တန်းသူတွေအတွက် ၄၊ ၅နှစ်လောက် (တစ်ခါတစ်ရံ ၆နှစ်၊ ၇နှစ်လောက်)မိဘသဖွယ်၊ ဆရာသမားသဖွယ်၊ လမ်းညွှန်သဖွယ်၊ မိတ်ဆွေသဖွယ် အတူလက်တွဲပူးပေါင်းလုပ်ကိုင်သွားရမယ့်ကြီးကြပ်သူရဲ့အခန်းကတော့ အလွန့်အလွန် အရေးပါလှပါတယ်။ ကြီးကြပ်သူဟာ ကြီးကြပ်ခံ သင်တန်းသား၊ သင်တန်းသူတွေရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သူတွေဖြစ်တယ်။ ထူးချွန်အောင်မြင်တိုးတက်အောင် မြှင့်တင်ပေးနိုင်သူတွေဖြစ်ကြသလို ဘဝပျက်သွားအောင် လုပ်နိုင်သူတွေလည်းဖြစ်တယ်။

ပရီလင်းတက်တဲ့ကာလ၊ ဘွဲ့ကျမ်းကြီးအတွက် သုတေသနပြုလုပ်တဲ့ကာလ၊ ဘွဲ့ ကျမ်းကြီးရေးသားပြုစုတဲ့ကာလ၊ ဘွဲ့ကျမ်းကြီးထဲက အခန်းဖြစ်စေ၊ အစိတ်အပိုင်း တစ်ခုခုဖြစ်စေ တင်ပြဆွေးနွေး(seminar and presentation)တဲ့ကာလ၊ သီးသန့်သုတေသနစာတမ်းတွေပြုစုပြီး ကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေ(seminar and symposium)မှာ တင်ပြတဲ့ကာလ၊ အဲဒီလို ကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေ တက်ရောက်ခွင့်ရရေး၊ မရရေး စတဲ့ကိစ္စရပ်အားလုံးမှာကြီးကြပ်သူဟာ အလွန်အရေးကြီးပါတယ်။ ဒေါက်တာဘွဲ့ရရေးမှာ တစ်ဝက်တစ်ပျက်နဲ့ကြီးကြပ်သူအပြောင်းအလဲမရှိဘဲ ကနဦးကြီးကြပ်သူ တစ်ဦးတည်းနဲ့တစ်သမတ်တည်းပြီးဆုံးတဲ့ လုပ်ခွင့်ရခြင်းကလည်း အရေးကြီးပါတယ်။ သာမန်အားဖြင့်တော့ အဲဒီလို ကနဦးကြီးကြပ်သူတစ်ဦးတည်းနဲ့ ပြီးသွားတာရှိပါတယ်။ ဒါပေမဲ့ လူတွေရဲ့ကံကြမ္မာဟာ ကြိုတင်မမြင်ရသလို တစ်ယောက်နဲ့တစ်ယောက်လည်း မတူကြပါဘူး။ ဒါကြောင့် အထူးကိစ္စတွေ (special case)နဲ့ ခြွင်းချက်ကိစ္စတွေ (exceptional case)ပေါ်ပေါက်လာတတ်ပါတယ်၊ ဆုံကြုံရတတ်ပါတယ်။

ကျွန်တော့်လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦးရဲ့ကြီးကြပ်သူဟာ ကြီးကြပ်မှုမပြီးဆုံးမီ လေဖြတ်ပြီး အိပ်ရာထဲလဲသွားလို့ မိတ်ဆွေခမျာ ဒေါက်တာဘွဲ့နဲ့လွဲခဲ့ရသလို နောက်မိတ်ဆွေတစ်ဦးကျပြန်တော့လည်း ကာယကံရှင်ရဲ့ ကျန်းမာရေးအခြေအနေဆိုးဝါးလာမှုကြောင့် ဒေါက်တာဘွဲ့မရဘဲ ပြန်ခဲ့ရတာရှိပါတယ်။ ကျွန်တော်ကတော့ သူတို့တစ်တွေထက် ပိုဆန်းကြယ်၊ ပိုရှားပါးတဲ့

ဦးနှောက်သွေးကြောပေါက်လို့ ခွဲစိတ်ခဲ့ရတဲ့အတွက် ကြိုတင်မမြင်စွမ်းခဲ့တဲ့ကျန်းမာရေးပြဿနာ၊ ကနဦး ကြီးကြပ်သူရာထူး တိုးမြှင့်ပြောင်းရွှေ့သွားလို့ကြီးကြပ်သူ အသစ်ခန့်ထားရေး အဆင်မပြေတဲ့ ပြဿနာ၊ ခွဲခြားမှု၊ နှိပ်ကွပ်မှု၊ အထင်သေး အမြင်သေးဖြင့် စီးပိုးဆက်ဆံမှုများကြောင့် ကြီးကြပ်သူအသစ်နဲ့ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခဲ့ရပြီး ကြီးကြပ်သူအသစ် ထပ်မံပြောင်းပေးရမှု၊ ကနဦး အဓိကကြီးကြပ်သူ(Principal Supervisor)နဲ့ပူးတွဲကြီးကြပ်သူ(Co-super-visor)ဟူ၍ ခန့်ထားပေးရမှု၊ ပူးတွဲကြီးကြပ်သူမှာလည်း တစ်ဦးတည်းမဟုတ်ဘဲ ပူးတွဲကြီးကြပ်သူအဖွဲ့(Co- supervisor Team)ဖြင့် လုပ်ကိုင်ခဲ့ရမှုစသည်ဖြင့် ခက်ခက်ခဲခဲ ကြိုးစားဖြတ်သန်းကျော်လွှားခဲ့ရကြောင်းတွေ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အတွေ့အကြုံက အထူးကိစ္စဖြစ်ရုံမက ခြွင်းချက်ကိစ္စ၊ နှိုင်းစရာမရှိကိစ္စ(unique case)လို့တောင် ဆိုနိုင်ပါတယ်။

ဒါကြောင့် ဘွဲ့ကျမ်းကြီးပြုစုဆဲကာလမှာ ကြီးကြပ်သူမပြောင်းလဲဘဲ တစ်ဦးတည်းနဲ့ တစ်သမတ်တည်းလုပ်နိုင်ဖို့၊ ကြီးကြပ်သူ အလုပ်အပြောင်းအရွှေ့မရှိဖို့၊ ပင်စင်သွားခြင်း၊ အလုပ်ထွက်ခြင်းမရှိဖို့၊ ကြီးကြပ်သူရော၊ သင်တန်းသား၊ သင်တန်းသူပါ ကျန်းမာရေးကောင်းဖို့ လိုအပ်ပါတယ်။ ဒီအခြေအနေတွေပြည့်စုံပြီဆိုရင်တော့ ကာယကံရှင် သင်တန်းသား၊ သင်တန်းသူများဘက်က ဝီရိယစိုက် ကြိုးစားအားထုတ်မှု၊ အလုပ်တွေအပေါ် နှစ်မြှုပ်လုပ်ကိုင်မှု၊ လိုလိုလားလားရှိမှု၊ ပညာအပေါ်၊ သုတေသနလုပ်ငန်းအပေါ် တန်ဖိုးထားမှု၊ အပျော်အပါးမလွန်ကဲပဲ အလုပ်ကို စွဲစွဲမြဲမြဲဇွဲဖြင့် လုပ်ကိုင်မှု၊ မာန်မာနနဲ့ပညာလောဘရှိမှုတို့ အရေးကြီးပါတယ်။ ဒါမှ ကြီးကြပ်သူရဲ့ အထင်ကြီးလေးစားမှုကိုခံယူရရှိရုံမက မိမိကြိုးစားတဲ့အကျိုးရလဒ်ကောင်းတွေကို နောင်သက်တမ်းတစ်လျှောက် ခံစားရမှာဖြစ်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်ကြီးတွေက ကြီးကြပ်သူတွေဟာ ကြိုးစားတဲ့တပည့်၊ ပညာကို တန်ဖိုးထားတဲ့တပည့်တွေရဲ့အရည်အချင်း၊ အရည်အသွေးတွေ တိုးတက်အောင် အခွင့်အလမ်းတွေဖန်တီးပေးတတ်ပါတယ်။ ကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေ၊ ဆီမီနာတွေတက်ဖို့၊ စာတမ်းတင်ပြဖို့ အခွင့်အရေးပေးတာမျိုး၊ တိုက်တွန်းတာမျိုးတွေပါ။ ဒီလိုအခွင့်အလမ်းတွေကို မိမိရရဆုပ်ကိုင်အသုံးချတတ်ဖို့၊ အသုံးချဖို့လိုပါတယ်။ အထူးသဖြင့် ဒေသဆိုင်ရာ ကွန်ဖရင့်တွေ၊ ဆွေးနွေးပွဲတွေ၊ နိုင်ငံတကာကွန်ဖရင့်

တွေ၊ ဆွေးနွေးပွဲတွေ(Regional and International Conferences, Seminars and Symposiums)မှာ အတွေ့အကြုံရဖို့ အရေးကြီးပါတယ်။ မိမိရဲ့အရည်အချင်းနဲ့ အတွေ့အကြုံတွေကို တိုးတက်စေသလို ဘာသာရပ်နဲ့ လူ့အဖွဲ့အစည်းအတွက်လည်း အကျိုးဖြစ်ထွန်းစေပါတယ်။ နိုင်ငံတကာ အဆင့်မီတဲ့ စာတမ်းတစ်စောင်ပြုစုနိုင်ဖို့ အဲဒီစာတမ်းကို နိုင်ငံတကာပညာရှင်တွေ၊ သုတေသီတွေ ရှေ့မှာတင်ပြပြီး သူတို့တစ်တွေမေးမြန်းတဲ့မေးခွန်းတွေ ဖြေကြားနိုင်ဖို့ဆိုတာ နည်းတဲ့အတွေ့အကြုံမဟုတ်သလို လွယ်တဲ့အလုပ်လည်းမဟုတ်ပါဘူး။ ပညာမပြည့်ဝ၊ မရင့်ကျက်သေးတဲ့ ပညာသင်ဘဝမှာ ကြီးမားတဲ့စွမ်းဆောင်မှုကြီးတစ်ရပ်ဖြစ်ပါတယ်။

ဒီလိုစာတမ်းတင်ပြခြင်းမှရလိုက်တဲ့ ပညာတွေ၊ အတွေ့အကြုံတွေဟာ ငွေနဲ့ ဝယ်လို့မရပါဘူး။ ပင်ကိုအရည်အချင်းရှိမှ ဇွဲနဲ့ဝီရိယရှိမှ ဖြစ်နိုင်၊ ရနိုင်တာပါ။ ဒ့ါအပြင် ဒီလိုစာတမ်းတင်ပြနိုင်ခြင်းအားဖြင့် ကြီးကြပ်သူရဲ့အထင်ကြီးလေးစားမှုကိုခံရခြင်း၊ ဒေါက်တာဘွဲ့အတွက် အထောက်အကူရခြင်း၊ ကြီးကြပ်သူများအချင်းချင်းကြားတွင် စာတမ်းတင်ပြနိုင်သည့် သင်တန်းသား၊ သင်တန်းသူ၏ကြီးကြပ်သူအတွက် ဂုဏ်ရှိခြင်း၊ ဂုဏ်တက်ခြင်း စတဲ့အကျိုးကျေးဇူးတွေကိုလည်း ခံစားရရှိနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ စာတမ်းတွေ ပြုစုနိုင်အောင် အားထုတ်ခြင်း၊ ဒေသဆိုင်ရာကွန်ဖရင့်နဲ့နိုင်ငံတကာကွန်ဖရင့်တွေမှာ စာတမ်းတင်ပြခြင်း၊ နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ဂျာနယ်များတွင် ပုံနှိပ်ဖော်ပြနိုင်အောင် အားထုတ်ခြင်းစတာတွေ လုပ်သင့်ပါတယ်။

ဒေါက်တာဘွဲ့ကျမ်းကြီးကြပ်မယ့် ဆရာကြီး၊ ဆရာမကြီးတွေဘက်က ထိရောက်တဲ့ ကြီးကြပ်မှုပေးနိုင်ဖို့အတွက် စာများများဖတ်ရန်နှင့် သုတေသနများများလုပ်ရန် လိုအပ်ပါမယ်။ ကြီးကြပ်သည့်အခါ ဘာသာရပ်ကို ကျွမ်းကျင်သဘောပေါက်အောင် လေ့လာဖတ်မှတ်ခြင်းမပြုဘဲ အလွယ်လွှတ်ပေးခြင်းမျိုးတို့ကို လုံးဝမလုပ်သင့်ပါ။ နိုင်ငံခြားတက္ကသိုလ်ကြီးတွေမှာတောင် မရင့်ကျက်မပြည့်ဝတဲ့ကြီးကြပ်သူတွေ၊ ဘဝင်မြင့် အောက်ခြေလွတ်ပြီး မတူသလို၊ မတန်သလို ဆက်ဆံတတ်တဲ့ကြီးကြပ်သူတွေ၊ ခွဲခြားဆက်ဆံတတ်တဲ့ကြီးကြပ်သူတွေ အနည်းအကျဉ်း ရှိကြပါတယ်။ ဥပမာ-ကျွန်တော်ကြုံခဲ့ရတဲ့ ရွှန်ဗြူလီလို ကြီးကြပ်သူမျိုးပေါ့။ ဒါပေမဲ့ ကြီးကြပ်သူအများစုက မိမိတို့ဖောက်ချလေ့လာတဲ့

ဘာသာရပ်တွေမှာ ဂုရုတွေဖြစ်ကြသလို ရင့်ကျက်ပြည့်ဝသူတွေလည်း ဖြစ်ကြပါတယ်။ တပည့်တွေအပေါ် အလွန်သံယောဇဉ်ရှိကြပြီး နားလည်မှုလည်း ရှိကြသူတွေ များပါတယ်။ အထူးသဖြင့် ကြီးကြပ်မှုမှာ အင်မတန် ထိထိရောက်ရောက်နဲ့ စေတနာပါကြတယ်။ စိတ်ကိုနှစ်မြှုပ်ပြီး ကူညီတတ်ကြတယ်။ စိတ်ဓာတ်တက်ရေး၊ ကြိုးစားလိုစိတ် ရှိရေး၊ ဘွဲ့ရရှိရေးတွေအတွက် ဦးတည်ပြီး အပြုသဘောနဲ့ကူညီကြတာဖြစ်တယ်။ သူတို့တွေ လေ့ကျင့်မွေးထုတ်လိုက်တဲ့ တပည့်တွေ အရည်အချင်းပြည့်မီဖို့၊ တကယ်တတ်ကျွမ်းဖို့၊ မိမိတို့နိုင်ငံ၊ လူ့အဖွဲ့အစည်းအသီးသီးတိုးတက်ရေးကို တကယ်အထောက်အကူပြုနိုင်ဖို့တွေကို ရည်ရွယ်ပြီး ကူညီတာဖြစ်တယ်။

ဒီအပိုင်းမှာတော့ ကျွန်တော်တို့နိုင်ငံက ဒေါက်တာဘွဲ့ကြီးကြပ်သူတွေရဲ့ အရည်အသွေးတွေကိုမြှင့်တင်ဖို့ ကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။ ဒေါက်တာဘွဲ့ သင်တန်းသား၊ သင်တန်းသူများဘက်ကလည်း ဖြတ်လမ်းမလိုက်မိဖို့၊ ရိုးသားကြိုးစားဖို့၊ မလိမ်မညာမိဖို့ အလွန်အရေးကြီးပါတယ်။ ‘ကောင်းကင်စာကြည့်တိုက်’ လို့ တင်စားခေါ်ဝေါ်နေကြတဲ့ အင်တာနက်(internet)ထဲမှာ ကြိုက်တဲ့စာအုပ်စာတမ်းတွေ ရွေးချယ်ဆွဲချ (download)ပြီး ကော်ပီကူးနိုင်သလို ဒေါက်တာဘွဲ့ကျမ်းတွေ၊ သုတေသနစာတမ်းတွေ ဘာသာရပ်အစုံ၊ ခေါင်းစဉ်အစုံကို ရွေးချယ်ဆွဲချပြီး ကော်ပီလုပ်နိုင်ပါတယ်။ အဲဒီလို ကော်ပီလုပ်ပြီး ဟိုနားဖြတ်၊ ဒီနားပြင် စတာတွေလုပ်၊ ကိုယ်တိုင်ပြုစုထားတဲ့ဟန်နဲ့တင်ပြ၊ လိမ်ညာပြီး ဘွဲ့ယူတာတွေ ဒီနေ့ကမ္ဘာအနှံ့ ဖြစ်ပေါ်နေလို့ပါ။ ကြီးကြပ်သူတွေဟာ မိမိတို့ ကြီးကြပ်တဲ့ကျမ်းတိုင်းအတွက် အင်တာနက် ဝင်မွှေနှောက်၊ စစ်ဆေးဖို့ လက်တွေ့မဖြစ်နိုင်ဘူးလေ။

မြန်မာနိုင်ငံရဲ့လက်ရှိပညာပတ်ဝန်းကျင်နဲ့အခြေအနေတွေအောက်မှာ ဒေါက်တာဘွဲ့အတွက် ပရိလင်းတက်ရတာ၊ ကျမ်းကြီးပြုစုဖို့ သုတေသနပြုလုပ်ရတာ၊ ကျမ်းကြီးပြုစုရတာ အခက်အခဲအမြောက်အမြားရှိတာအမှန်ပါ။ ဒီအခြေအနေ ပြောင်းလဲတိုးတက်လာဖို့ တာဝန်ရှိ ဌာနဆိုင်ရာများဘက်မှ တတ်နိုင်သရွေ့ ကြိုးစားဆောင်ရွက်ပေးနေတာလည်းအမှန်ပါ။ ဒါပေမဲ့ မလုံလောက်သေးတာ၊ လိုအပ်နေသေးတာလည်း အမှန်ပါ။ ဒါပေမဲ့ စာသင်သားတွေကလည်း တက္ကသိုလ် ဆရာ၊ ဆရာမတွေဖြစ်တဲ့အတွက် အခြေအနေ

တွေကို နားလည်သဘောပေါက်ပြီး ဖြစ်နိုင်တဲ့ဘောင်ထဲက ဖြစ်နိုင်သရွေ့ အစွမ်းကုန် ကြိုးစားဖို့ပါ။ ၂၀၀၇ခုနှစ်အတွင်းနဲ့ ၂၀၀၇ ခုနှစ်ကစပြီး ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ရာထူးတိုးမြှင့်ပေးတာတွေကြည့်ရင် ဒေါက်တာဘွဲ့ရသူတွေကိုသာ ရာထူးတိုးပေးတယ်၊ အရင်ကလို အချိန်သိပ်လည်း စောင့်စရာမလိုတာတွေကို တွေ့ရမှာဖြစ်ပါတယ်။

ဒေါက်တာဘွဲ့ကျမ်းကြီးအတွက် သုတေသနလုပ်တာဟာ အချိန်ကုန်၊ လူပန်း စိတ်နွမ်းရုံမက ငွေကုန်ကြေးကျလည်း များလှပါတယ်။ ဒီအတွက် နိုင်ငံခြားတက္ကသိုလ်အသီးသီးမှာတော့ ပညာသင်ဆု မျိုးစုံရှိပြီး ငွေကြေးအလုံအလောက် ပံ့ပိုးပေးထားလို့ သုတေသနကို စိတ်အေးလက်အေးလုပ်နိုင်ကြပါတယ်။ ဒါမျိုးက မြန်မာနိုင်ငံမှာ ထိထိရောက်ရောက် မပေးနိုင်သေးပါဘူး။ ဘာ Fund၊ ညာ Fund ဆိုတာတွေ၊ ဖောင်ဒေးရှင်းတွေလည်း သိပ်မရှိကြသေးရုံမက ငွေကြေးအင်အားလည်း သိပ်မတောင့်တင်းကြသေးပါ။ အထူးသဖြင့် သုတေသနအလုပ်ကို ပံ့ပိုးထောက်ကူပြုနိုင်လောက်တဲ့အနေအထား မရှိသေးပါဘူး။ ဒါကြောင့် ဝန်ကြီးဌာန ဘတ်ဂျက်နဲ့မဖြစ်နိုင်ရင် ပုဂ္ဂလိကကဏ္ဍရဲ့ ထည့်ဝင်မှုနဲ့ဖြစ်စေ၊ ပြည်တွင်း ပြည်ပ လုပ်ငန်းအဖွဲ့အစည်းများထံမှ အလှူငွေနဲ့ဖြစ်စေ၊ သုတေသနရန်ပုံငွေထူထောင်ဖို့ စဉ်းစားဆောင်ရွက်သင့်ပါတယ်။

အထူးသဖြင့် ဒေါက်တာဘွဲ့ပညာသင်များအတွက် နောက်ပြဿနာတစ်ခုက ပညာသင်ကာလသတ်မှတ်မှုပြဿနာဖြစ်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်အသီးသီးရှိ မြန်မာပညာသင် ၉၀ရာခိုင်နှုန်းကျော်ဟာ ပညာသင်ကာလကန့်သတ်မှုကြောင့် ကြုံရတဲ့ စိတ်ဖိစီးမှုဟာ ကြီးမားပြင်းထန်လှပါတယ်။ ပြည်တွင်းဒေါက်တာဘွဲ့ပညာသင်အတွက်လည်း ဒီပညာသင်ကာလသတ်မှတ်၊ ကန့်သတ်မှုဟာ အဓိကပြဿနာကြီးတစ်ရပ် ဖြစ်နေပါသေးတယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ ဒေါက်တာဘွဲ့အတွက် တက်ရောက်ဆည်းပူးသူတွေဟာ နိုင်ငံအလိုက်၊ တက္ကသိုလ်အလိုက်၊ ဖောက်ချတဲ့ ဘာသာရပ်အလိုက်၊ ပညာသင်ကာလအတွင်း ဆုံကြုံရတဲ့ အခက်အခဲပြဿနာတွေအလိုက် ကြာမြင့်တဲ့ အချိန်ကာလတွေမတူညီကြပါဘူး။ ဒါကြောင့် ပညာသင်ကာလကို တစ်ပြေးညီ ပုံသေသတ်မှတ်ခွင့်ပြုခြင်းဟာ လက်တွေ့မကျပါဘူး။ ပညာသင်ကာလသတ်မှတ်တာ၊ ပညာသင်ကာလတိုးမြှင့်ခွင့်ပြုတာတွေကို နိုင်ငံတစ်ခုချင်း

အလိုက်၊ တက္ကသိုလ်တစ်ခုချင်းအလိုက်၊ ဖောက်ချလေ့လာတဲ့ဘာသာရပ်အလိုက်၊ စာသင်သားကြုံရတဲ့အခက်အခဲပြဿနာအလိုက် တစ်ဦးချင်းစီ(case by case)ကိစ္စကို စဉ်းစားပြီး ဆုံးဖြတ်သတ်မှတ်သင့်ပါတယ်။

ပြည်တွင်းဒေါက်တာဘွဲ့ ပညာသင်တွေအနေနဲ့ ငွေကြေး၊ အချိန်၊ စာအုပ်စာတမ်း ရရှိနိုင်မှု၊ ပံ့ပိုးထောက်ကူကိရိယာများ(facilities)ရနိုင်မှု၊ ဓာတ်ခွဲခန်းနဲ့စမ်းသပ်ကိရိယာရနိုင်မှု၊ ကျွမ်းကျင်သူ၊ ပညာရှင်၊ သုတေသီရနိုင်မှု၊ ထိရောက်တဲ့ကြီးကြပ်သူရရှိနိုင်မှုနဲ့အကြံဉာဏ်ရယူနိုင်မှုစတဲ့ အရာအားလုံး ဒေါက်တာဘွဲ့အတွက် ကြိုးစားနေရတာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်တွင်း ဒေါက်တာဘွဲ့ပညာသင်တွေဟာ နိုင်ငံခြားပညာသင်တွေလို deputation တာဝန်နဲ့ပညာသင်ကြားရတဲ့အခွင့်အရေးမရှိကြပါဘူး။ တစ်ဖက်က ဒေါက်တာဘွဲ့လုပ်ရင်း အခြားတစ်ဖက်က မိမိအား တာဝန်ချထားတဲ့အတန်းတွေမှာ စာသင်ကြားပို့ချရတာတွေရှိပါတယ်။ ဒါကြောင့် စာကြည့်တိုက်အချိန်ပြည့်ဝင်ဖို့ မဖြစ်နိုင်တော့ဘူး။ သုတေသနအချိန်ပြည့်လုပ်ဖို့ အခြေအနေမရှိဘူး။ အရည်အသွေးကျတာ ဒီအချက်လည်း အရေးကြီးတဲ့အချက်တစ်ချက်အဖြစ် ပါပါတယ်။ စင်စစ် ပြည်တွင်း ဒေါက်တာပညာသင်တွေကို သုတေသန ဖိဖိစီးစီး လုပ်နိုင်ဖို့ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် အလုပ်တွေလုပ်ရခြင်းမှ လွတ်ငြိမ်းခွင့်ပေးသင့်ပါတယ်။

နိုင်ငံတော်တိုးတက်ရေးအတွက် အဆင့်မြင့်အရည်အသွေးမြင့်သုတေသနတွေ အများအပြားလုပ်ဖို့လိုပါတယ်။ အရည်အချင်းရှိ အဆင့်မီဘွဲ့ရတွေ လေ့ကျင့်မွေးထုတ်နိုင်ဖို့ ဆရာ၊ ဆရာမတွေက သင်ကြားပို့ချလေ့ကျင့်ပေးဖို့ လိုပါတယ်။ ဒီရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် တကယ်တတ်ကျွမ်းပြီး အတွေ့အကြုံရင့်ကျက်ပြည့်ဝတဲ့ ဒေါက်တာဘွဲ့ရတွေအများကြီးလိုပါတယ်။ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်တိုးတက်အောင် လေ့ကျင့်မြှင့်တင်ရေးမှာလည်း ဒေါက်တာဘွဲ့ရတွေလိုပါတယ်။ မိမိနိုင်ငံနဲ့ အခြားနိုင်ငံတွေ ယှဉ်တွဲလုပ်ကိုင်ရာမှာ၊ ယှဉ်ပြိုင်လုပ်ကိုင်ရာမှာလည်း ဒေါက်တာတွေ အရေးပါလှပါတယ်။

■


ပါမောက္ခ ဒေါက်တာတင်စိုး
ဘာလဲဟဲ့ ဒေါက်တာဘွဲ့
ပါမောက္ခ ဒေါက်တာတင်စိုး • ဘာလဲဟဲ့ ဒေါက်တာဘွဲ့